
www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြု | - | ၈၂/၂၀၀၄ (၁) |
| မျက်နှာဖုံးခွင့်ပြု | - | ၁၁၉/၂၀၀၄ (၂) |
| ထုတ်ဝေခြင်း | - | ၂၀၀၄ ခုနှစ်၊ မတ်လ၊<br>ဒုတိယအကြိမ် |
| ထုတ်ဝေသူ | - | ဦးခင်မောင်သန်း<br>သန်းစာပေ (၀၁၄၅၄)<br>၆၃၊ ၁-လမ်း၊ ၁၁-ရပ်ကွက်၊<br>တောင်ဥက္ကလာပ၊ ရန်ကုန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးဇော်မင်းအေး<br>'ဇော်' ပုံနှိပ်တိုက် (၀၇၁၂၅)<br>၃၈၆၊ အင်ကြင်းမြိုင်လမ်း၊<br>သုဝဏ္ဏ၊ ရန်ကုန်။ |
| မျက်နှာဖုံးပန်းချီ | - | သိန်းသိန်း |
| ဖြန့်ချိရေး | - | မရမ်းတလင်းစာပေ<br>၁၄၊ ကျောက်ရေတွင်းလမ်း၊<br>ကျောက်မြောင်း၊ တာမွေ၊<br>ဖုန်း - ၅၄၃၂၉၇<br>မျက်ပွင့်စာပေ<br>၃၆၇၊ ဗိုလ်ချုပ်လမ်း (ဗိုလ်ဆွန်ပက်လမ်းထိပ်)၊ ရန်ကုန်။<br>ဖုန်း - ၇၀၀၅၇၉ |
| ကွန်ပျူတာစာစီ | - | **UNION DTP**<br>၃၁၁၊ ဗညားဒလမ်း၊ တာမွေ၊ |
| တန်ဖိုး | - | ၁၂၀၀ ကျပ်၊ [redacted]၊<br>~~Ph-292231~~ |


# မင်းသိခ

# ပြည်ကြီးမလျှိုင် မြကြီး

ဒုတိယအကြိမ်


တအုပ်တိုက်

အမှတ် (၁၄)၊ ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်

ဖုန်း - ၅၄၃၂၉၇ ၇၁၀၄၀၅


www.burmeseclassic.com

www.burmeseclassic.com



## အရက်သောက်ခြင်း အပြစ် ၆ ပါး

ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းရာ၊ ဤ ၆ ပါးကား သောက်စား သေစာ အပြစ်တည်း။



BURMESE CLASSIC .com

ပြည်ကြီးမလှိုင်မြကြီး

**DRUNKNNESS IS TEMPORARY SUICIDE. THE HAPPINESS THAT IT BRINGS IS MERELY NEGATIVE, A MOMENTARY CESSATION OF UNHAPPINESS.**

**(BERTRAND RUSSELL)**

အရက်မူးခြင်းသည် မိမိကိုယ်မိမိ ယာယီသတ်သေခြင်းပင် ဖြစ်သည်။

အရက်မူး၍ရရှိသော ပျော်ရွှင်မှုမှာကား အဆိုးသက်သက်မျှသာ ဖြစ်၏။

အမှန်တကယ်အားဖြင့် အရက်မူးခြင်းသည် မပျော်ရွှင်မှုများမှ တခဏမျှ အဆုံးသတ်ထားခြင်းသာ ဖြစ်ပေသည်။

(ဘာထရန်ရပ်ဆဲလ်)

မဂ္ဂမိုးတာလင်းစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



AT THE FIRST CUP A MAN DRINKS WINE, AT THE SECOND CUP WINE DRINKS WINE, AT THE THIRD CUP WINE DRINKS MAN.

(ANON)

ပထမတခွက်သောက်ခြင်းသည် လူက အရက်ကို သောက်၏။

ဒုတိယတခွက်သောက်ခြင်းသည် အရက်က အရက်ကို သောက်၏။

တတိယတခွက်သောက်ခြင်းသည် အရက်က လူကို သောက်ခြင်းတည်း။

(အမည်မသိ)





THE AUTHOR WHO SPEAKS ABOUT HIS OWN BOOKS IS ALMOST AS BAD AS A MOTHER WHO TALKS ABOUT HER OWN CHILDREN.

(DISRAELI)

စာရေးဆရာတယောက် အနေဖြင့် မိမိရေးသားထားသော စာအုပ်အကြောင်းကို ပြောဆိုခြင်းသည် မိခင်တ သူ၏ သားသမီးအကြောင်းကို ပြောဆိုနေခြင်းထက်ပင် ပို၍ ဆိုးရွားလှပေ၏။

(ဒစ္စရေလီ)

သဗ္ဗေသတ္တာကမ္မသကာ

မင်းသိန်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



SOME BOOKS ARE TO BE TASTED, OTHERS TO BE SYALLOWED, AND SOME FEW TO BE CHEWED AND DIGESTED.

(BACON)

စာအုပ်ဆိုသည်မှာ -

အချို့သည် အရသာခံရန်ဖြစ်သည်။

အချို့သည် မျိုချပစ်ရန်ဖြစ်သည်။

အချို့သော စာအုပ်မျိုးသာလျှင် ကြောင်ပုဇွန်စား ကျွတ်ကျွတ်ဝါး ဆိုသည့်အတိုင်း တစိမ့်စိမ့်ဝါး၍ ကြေညက်သည်အထိ ပြုလုပ်ရပေမည်။

(ဘေကွန်)





# မြကြီးနှင့်သကြန်စာ

တစ်နေ့သ၌ ရန်ကုန်မြို့ ကျောက်မြောင်းဟု ခေါ်သော ရပ်ကွက်၏ အတွင်းပိုင်းရှိ ကျောက်ရေတွင်းဟုသော သမ်းတိုကလေး၌ လွန်စွာမှ သေးကွေး၍ ယိုင်လဲလုနီးဝါးရှိသော အိမ်စုတ်ကလေးအတွင်းမှ အသက်(၆၀)ခန့် အရွယ်ရှိ အဘွားကြီးတစ်ဦးသည် တစ်ပဲတန် မစိန် ညွှန့်ဆေးပေါ့လိပ်ကြီးကို မီးတရဲရဲ ရှိုက်ဖွာလျက် အောက်ပါသကြန်စာ ကို အော်၍ ဖတ်နေလေ၏။

"ဤနှစ်ကား 'ဇေဋ္ဌ'နှစ်ဖြစ်၏။ နှစ်ကိုကျားစောင့်၏။ လကိုငွေးတ စောင့်၏။ ငှက်ကို ယက္ခိုက်စောင့်၏။ ကောင်းကင်ကို ဝသာဝရော စောင့်၏။ ရေကို ယုန်စောင့်၏။ မိုးကိုငှက်စောင့်၏။ တောကို ဒေါင်း စောင့်၏။"

ထိုအချိန်၌ မည်သည့်အချိန်က ခြံဝင်းအတွင်းသို့ ရောက်နေသည် မသိရသော အရက်သမားကြီးတဦးက အဘွားကြီး၏ သကြန်စာ မဆုံးမီ၌ပင် အောက်ပါအတိုင်း အော်လိုက်လေ၏။

"ဘုံဆိုင်ကို မြကြီးစောင့်၏..."

အဘွားကြီးလည်း သကြန်စာကိုဖတ်နေရာမှ အိမ်ရှေ့သို့ လှမ်း၍ ကြည့်လိုက်ရာ ပုဆိုးမနိုင် ပဝါမနိုင် ဒယီးဒယိုင်နှင့် ရပ်၍နေသော အရက်မူးသမားမြကြီးကို တွေ့လျှင်...

"ခွေးမျိုးလေး... နောက်စရာလား၊ မိမဆုံးမ ဖမဆုံးမလေးသွား..."



www.burmeseclassic.com

ဟု အော်ဟစ်လိုက်လေ၏။

"အော်... ခက်တော့တာပဲ၊ အဘွားကြီးကလဲဗျာ... မြေကို ဒွန်းစက္ကားစောင့်၏။ ဘုံဆိုင်ကို မြကြီးစောင့်၏။ မမှန်ဖူးလား။ ဟား... ဟား... သကြိန်စာထဲမှာ ထပ်ပြီးထည့်လိုက်။ ဘုံဆိုင်ကို မြကြီးစောင့်၏။ ဟိ... ဟိ..."ဟု မြကြီးက အာလေးလျှာလေးသံကြီးဖြင့် ပြောလိုက်လေ၏။

အဘွားကြီးလည်း ပါးစပ် ပွစိပွစိဖြင့် မြကြီးအား ဆဲဆိုကာ ဆေးပေါ့လိပ်ကို ဖွာလိုက်ပြီးနောက် ဖတ်လက်စ သကြိန်စာကို ဆက်၍ ဖတ်ပြန်၏။

"လူတို့၏ အမိပတိကား မိဖုရား၊
အခြေလေးခုတို့၏ အမိပတိကား ဆိတ်၊
ငှက်တို့၏ အမိပတိကား ငှင်းတ၊
သစ်ပင်တို့၏ အမိပတိကား အင်ကြင်း..."

"မော်တော်ကားပျက်သူတို့၏ အမိပတိကား ကိုဘညွန့်၊

ကြွေးထူသူတို့၏ အမိပတိကား ကိုအောင်သိန်း၊

ရန်ဖြစ်သူတို့၏ အမိပတိကား တာယာဆိုင်က တင်ဌေး၊
မူးရမ်းသူတို့၏ အမိပတိကား ဝါတာခင်မောင်၊
စိတ်တိုသူတို့၏ အမိပတိကား ကွမ်းယာဆိုင်က မမကြီး၊
ပွေးထူသူတို့၏ အမိပတိကား ဈေးခေါင်း ဦးဘိုးကြူး...၊

အရက်သမားတို့၏ အမိပတိကား မြကြီး၊ ဟားဟား... အဘွားကြီး သကြိန်စာမှာ အဲဒါတွေကိုပါ ထည့်လိုက်ပါဦး၊ ဟား... ဟား..."

ထိုအချိန်၌ အဘွားကြီး၏ အိမ်ရှေ့တွင်လည်း ကလေးများရော လူကြီးများပါ စည်ကားလျက် ရှိလေ၏။ အမူးသမားမြကြီး၏ စကားကို တသောသော ရယ်မောလျက် ရှိကြလေ၏။



"ဟဲ့... အမျိုးယုတ်ကလေး... သွားစမ်း၊ ငါ့ခြံထဲက ခုထွက်သွားစမ်း၊ ဖိနပ်နဲ့ပေါက်လိုက်ရမလား..."ဟု အဘွားကြီးက ပြောလေ၏။

"ပိုက်ဆံတစ်မူးလောက် ပေးစမ်းပါအဘွားကြီးရာ၊ သူတောင်းစားတောင် ပေးရပါသေးတယ်၊ ကျုပ်က အဘွားကြီးသား လှမောင်နဲ့ ကစားဖက်ပါဗျ..."ဟု အရက်သမားမြကြီးက ပြောလေ၏။

"မပေးဘူး...၊ နင့်ကိုပေးရင် အဆိပ်ပင်ရေလောင်းသလိုနေမှာပေါ့..."ဟုဆိုကာ အဘွားကြီးလည်း သကြိန်စာကို ဆက်၍ဖတ်လေ၏။

"မိုးဦးမိုးနှောင်းနာ၏။ မိုးလယ်ရွာ၏။ တန်ခူး၊ ကဆုန်၊ ဝါခေါင်၊ သီတင်းကျွတ်၊ နတ်တော် ဤငါးလကား လူတို့ ဝဗြောသာယာကုန်၏"

အဘွားကြီး၏ စကားဆုံးသည်နှင့်တပြိုင်နက် အရက်သမား မြကြီးသည် အောက်ပါအတိုင်း ပြောလေ၏။

"နွေမိုးဆောင်း ဥတုသုံးပါးလုံး နတ်သမီး မီးခြစ်က အသုံးခံ၏၊ မိုးဦးခေါင်၏။ မိုးလယ်ညံ၏။ မိုးနှောင်းလုံးဝမရွာ၊ မီးလောင်တတ်၏။ မီးရှေးထင်းရှေး သတိထား..."

"ဟဲ့... မြကြီး၊ အမူး... ဟဲ့...အရူး... ဘာတွေလာပြီး နိမိတ်မရှိပြောနေတာလဲ ခက်တော့တာပဲ" ဟုဆိုကာ အဘွားကြီးသည် ကြပ်ခိုးများတက်လျက်ရှိသည့် တိုင်ကပ်နာရီကို လှမ်း၍ကြည့်လိုက်ရာ နံနက်(၉)နာရီ ထိုးလုပြီ ဖြစ်ကြောင်း တွေ့ရလျှင်...

"အင်း... ဒီနေ့ သောကြာနေ့၊ ကိုးနာရီထိုးခါနီးဆိုတော့ အင်္ဂဝိဇ္ဇာ ဒုတိယအခါ..."ဟု ဆိုကာ သူရဋ္ဌ သောကြ၊ ဗုဒ္ဓ၊ စနေ္တြ... ဟူသော အင်္ဂဝိဇ္ဇာလင်္ကာကို လက်ချိုးရေတွက်ကာ...

"ဘုရား ဘုရား ဗုဒ္ဓအခါမှာ ဗုဒ္ဓဟူးရဲ့ ဘုမ္မိဖြစ်တဲ့ ရာဟုရဲ့နိမိတ်၊ အရက်မူးသမားလာတယ်ဆိုတာ တကယ်တော့ နိမိတ်မကောင်းဘူး၊ ခရီးသွားနေတဲ့ ငါ့သားကလေးလှမောင်...

www.burmeseclassic.com



ဘာများဖြစ်တာပါလိမ့်၊ အင်း... ဒီလိုနိမိတ်ပျက်မျိုး ပေါ်ယင် ရှေးပညာရှိတွေက (မတ်ဝိဒူဂုဏ်၊ မကျွဲသာဘု၊ ပုဏ္ဏကမြင်းမိုက်နဲ့နှင့် လောင်းဗုဒ္ဓထွန်ရှ်တင်တောင်၊ မလွတ်ချင် သေဖြားလို့ တေးထပ်စပ်ထားကြပါလား။) ဖွ... ဟဲ့၊ လွှဲပါ စေ၊ ဖယ်ပါစေတော်၊ ဟဲ့ မြကြီးသွားသွားဟု မောင်းထုတ်လေ၏။

"အဘွားကြီးပါးစပ်က ပွစိပွစိနဲ့ ဘာတွေ ဆိမန်း မန်းနေတာလဲ၊ ကျုပ်ကို တစ္ဆေသရဲမှတ်လို့ ပရိတ်ရွတ်နေတာလား၊ ဟား... ဟား... လုပ်ပါဗျ၊ ပိုက်ဆံတစ်မူးလောက်ပေးစမ်းပါ"ဟု မြကြီးကပြောလျှင် အဘွားကြီးလည်း ဤသို့ စဉ်းစားမိပြန်မိပြန်၏။

"နိမိတ်မကောင်းရင် ယတြာချေရတယ်ဆိုပဲ၊ ယတြာကောင်းရင် မင်းလောင်းတောင် ပြေပျောက်တယ်လို့ ဆိုသားပဲ၊ ဒီတော့ ယတြာချေမယ်၊ နိမိတ်မကောင်းတဲ့ အမူးသမားကြီးကို ရွှေရည်ငွေရည် လောင်းပြီး ပန်းတွေပါတွေ ပန်ပေးလိုက်မယ်..." ဟု တစ်ကိုယ်တည်း ရေရွတ်ပြောဆိုလေ၏။

အရက်မူးသမား မြကြီးကလည်း...

"အဘွားကြီး ပိုက်ဆံတစ်မူးလောက် ပေးစမ်းပါဗျ။ ကျုပ်ကို ပိုက်ဆံတစ်မူးလှူရင် အဘွားကြီးဟာ နေ့ချင်းညချင်း ဇောတိက၊ ဇဋိလ၊ ကာကွဏ္ဏ၊ မဏ္ဍက ဆိုတဲ့ သဌေးကြီးလေးဦးလို ပေးလို့မကုန်၊ လှူလို့ မခန်း ပဒုမ္မာရွှေကြာပန်းကဲ့သို့ ပွင့်လန်းသွားမှာပါဗျ"ဟု ဆိုလေသည်။

"အေး... အေး... ပေးမယ်၊ ခဏနေဦး..."ဟု ဆိုကာ အဘွားကြီးလည်း ခေါင်းလျှော်ရန် အဆင်သင့်လုပ်ထားသော တရော်နှင့် ကင်ပွန်း သီးရည်ထဲတွင် ငွေမတ်စေ့တစ်စေ့နှင့် နားတွင်ပန်၍ထားသော ချေး လက်လေးသစ်တက်နေသည့် ရွှေနားတောင်းလေးကို ဖြုတ်၍ထည့်ပြီး လျှင် ဘုရားစင်ပေါ်၌





တင်ထားသည့် ကုလားမထီးဆောင်းတဲ့ဆိပ် ရေမွှေးပုလင်းကိုပါယူ၍ တရော်ကင်ပွန်းရည်တွင်းသို့ လောင်းထည့် ကာ အမူးသမားမြကြီးထံသို့ ဆင်း၍သွားပြီးလျှင်...

"အဋ္ဌရာယ်မျိုး(၉၆)ပါး၊ ကြမ္မာမျိုး(၃၂)ပါး၊ ရန်သူမျိုး ငါးပါးလွတ် ကင်းပြီး ဒီသတ္တဝါ ချမ်းသာပါစေ..."ဟု ရွတ်ဆိုကာ ခေါင်းမှလောင်းချလျှင် အိမ်ရှေ့မှကြည့်၍နေကြသော ကလေးလူကြီး အပေါင်းတို့လည်း ဝါးကနဲ... ရယ်မောကြလေသည်။

"အဘွားကြီး ပိုက်ဆံတစ်မူးပေးမယ်ဆိုပြီး ဘာတွေနဲ့လာပြီး လောင်းချနေတာလဲ... မွှေးလှချည်လား... ဘာလုပ်တာလဲ... သင်္ကြန်ကျတာလား... ပေးပါ... ပိုက်ဆံတစ်မူး..."ဟု မြကြီးက ပြောလေသည်။

"ပေးမယ်... ပေးမယ်... ငမြ၊ နင်လိုချင်တဲ့ ပိုက်ဆံကို တစ်မူး မဟုတ်ဘူး၊ တစ်မတ်ပေးမယ်..."ဟုဆိုကာ အဘွားကြီးလည်း ခြံဝင်း အစပ်တွင် ပေါက်၍နေသော ဗုဒ္ဓသရဏံပန်းပွင့်ကြီးကို သွားရောက် ချိုးယူပြီးလျှင် မြကြီး၏ရှပ်ထွေးလိမ်ကောက်လျက်ရှိသော ဘိုကေ အတွင်းသို့ နဖူးထက်မှနေ၍ ထိုးစိုက်လေ၏။

"ဟ... အဘွား ပိုက်ဆံမပေးဘဲ ဗုဒ္ဓသရဏံဂန္ဓာမိပန်းကြီး ကျုပ် ခေါင်းပေါ်မှာ ဘာဖြစ်လို့ လာပြီးတင်ရတာလဲ..."ဟု ဆိုကာ ထိုပန်းကို ဖြုတ်ယူ၍ အကျႌအိတ်အတွင်း၌ စိုက်လိုက်လေ၏။

အဘွားကြီးကလည်း ချေးအထပ်ထပ်တက်လျက်ရှိသော ချေးခံ အကျႌအတွင်းမှ မတ်စေ့ကလေးတစ်စေ့ကိုထုတ်၍ မြကြီးအား ပေး လေ၏။

မြကြီးလည်း မတ်စေ့ကလေးကို အိတ်တွင်းသို့ ထည့်လိုက် ပြီးနောက်

"သိပြီ... သိပြီ... အဘွားကြီးက သင်္ကြန်စာဖတ်ပြီး သင်္ကြန်



www.burmeseclassic.com

အစောကြီးကျလိုက်တာပေါ့။ လူတစ်ကိုယ်လုံးမွေးသွားတာပဲ။ ဟဲ… ဟဲ… ဗုဒ္ဓသရဏံဂစ္ဆာမိပန်းကြီးက ဘာလုပ်တာလဲ။ ကျုပ်ကို ဘုရားရှိခိုး ဖို့ ပညာနဲ့သတိပေးတာလား။ ဟား… ဟား…၊ စိတ်ချ… စိတ်ချ… မြကြီး ဒီနေ့ဘုရားရှိခိုးမယ်၊ အဘွားကြီးရဲ့ ဂစ္ဆာမိပန်းကြီးနဲ့ ရှိခိုးမယ်။ အဘွားကြီးကို ချမ်းသာအောင် ဆုတောင်းပေးမယ်၊ ကဲ… သွားမယ်" ဟုဆိုကာ မြကြီးလည်း အရက်သမားတို့ထုံးစံအတိုင်း လူကောင်း သူကောင်းတို့အား စိတ်အနှောင့်အယှက်ပေးပြီးနောက် ထွက်၍သွား လေ၏။

လမ်းထဲတွင် ကစားနေသော ကလေးတို့သည် မြကြီးကိုမြင်လျှင် "အမူးသမားကိုမြကြီးလာပြီ"ဟုဆိုကာ လွတ်ရာသို့ရှောင်ကြလေ၏၊

မြကြီးနှင့် မျက်နှာချင်းဆိုင်မှ လျှောက်လာသော မိန်းကလေး တစ်သိုက်လည်း…

"ဟောဟိုမှာ… အမူးသမားမြကြီးလာနေပြီ။ အရှက်မရှိ ပိုက်ဆံ တောင်းလိမ့်မယ်။ မရရင် သားပြောမယားပြော ပြောလိမ့်မယ်…"ဟု ဆိုကာ အခြားလမ်းတစ်ဘက်သို့ ချိုးဝင်၍ သွားကြကုန်၏။

လမ်းထိပ်မှ အကြော်သည် အဒေါ်ကြီးလည်း မြကြီးကိုမြင်လျှင်… "အမူးသမားမြကြီးတော့ လာနေပြီ…၊ ငါ့အကြော်တွေ နှိုက်စားတော့ မှာပဲ…၊ ဒီကောင်မျိုးကြတော့ သေပဲမသေနိုင်ဘူး…၊ ဘယ်လို သမာဓေဝတွေကများ အသက်ရှည်အောင် စောင့်ရှောက်နေသလဲ မသိပါဘူး…"ဟုဆိုကာ ကြော်ပြီးသား အကြော်များကို ဝှက်လေ၏။

ညောင်ပင်အောက်တွင် ကျားထိုးလျက်ရှိကြသော ဆိုက်ကား သမား ကျင်ဝမ်တို့လူစုလည်း မြကြီးလာသည်ကိုမြင်လျှင် အချင်းချင်း မျက်စပြစ်၍ သတိပေးကြလေ၏။

အမူးသမားမြကြီးသည် တစ်ခါတရံ တွေ့ရာဆိုက်ကားကို တက်၍ နင်းတတ်လေ၏။





"ဒီကောင်ကို တစ်နေ့လောက် ချောပြီး ဆိုက်ကားနဲ့ ကန်တော်ကြီး ဘက် တင်ခေါ်သွားပြီး မှတ်သားလောက်အောင် နှိပ်စက်ထားမှ ကောင်းမယ်…"ဟု ဆိုက်ကားသမားတစ်ယောက်က ပြော၏။

လမ်းထိပ်ရှိ 'အိုနံ့'ဟုခေါ်သော တရုတ်လက်ဖက်ရည်ဆိုင် အတွင်း၌ လက်ဖက်ရည်သောက်လျက်ရှိကြသော သူတို့ကလည်း ဒယိမ်းဒယိုင်နှင့် လျှောက်၍လာသော မြကြီးကို မြင်လျှင်. . .

"မြကြီးတော့ စောစောစီးစီး သိုင်းကွက်နင်းလာပြီ" ဟု ပြောကြ၏။

ဒီကောင် အရက်သောက်ဖို့ ပိုက်ဆံဘယ်ကများ ရသလဲမသိ ဘူး…"ဟု တစ်ယောက်သောသူက ပြောလိုက်လျှင် တချို့တစ်ယောက် က "ဒီကောင်က အရှက်ရှိတာမဟုတ်ဘူး၊ အိမ်ပေါ်အတင်းတက်ပြီး တောင်းတာ။ လူကောင်းတွေက သူနဲ့ဖက်ပြီး စကားမပြောချင်တာနဲ့ ပေးလိုက်တဲ့ မသထာရေစာနဲ့ သောက်နေတာလေ"ဟု ပြောလေ၏။

"ဒီလိုလူမျိုးတွေများနေရင် တိုင်းပြည်ထူထောင်ရေးဟာ သိပ်ကြာ ကြာလိမ့်မယ်။ ဆန်ကုန်မြေလေးဆိုတာ ဒါမျိုးပေါ့…"ဟု သတင်းစာ ဖတ်လျက်ရှိသော လူတစ်ယောက်ကပြောလေ၏။

ကိုးနှစ်ဆယ်နှစ်အရွယ်ကလေးတစ်ယောက်နှင့်အတူ လက်ဖက် ရည်သောက်လျက်ရှိသော လူကလည်း သူ၏ကလေးကို အောက်ပါ အတိုင်း ပြောလေ၏။

"သား… မှိုမှာကြည့်စမ်း…၊ အရက်သမားတွေ့လား…၊ သူ့ကို လူတွေက ဘယ်လိုပြောသလဲ၊ ငါ့သားကြားတယ်မဟုတ်လား၊ အဲဒါမျိုး ကို အတုမခိုးရဘူး မှတ်ထား…" ဟု ပြောဆိုဆုံးမလေ၏။

မြကြီးလည်း သီတာလမ်းထိပ်ရှိ ဘုံဆိုင်သို့ ဝင်လေ၏၊ ထို့နောက် အရက်ဝယ်ရန်အတွက် ပုလင်းဖင်ပြတ်တစ်လုံးကို ကောက်ယူလိုက် လျှင် မြကြီးနှင့်သောက်ဖော်သောက်ဖက်ဖြစ်သော သန်းမောင်ဆိုသည့် ကုလားဒိန်တစ်ယောက်က "ဟေ့ကောင်မြကြီး

www.burmeseclassic.com



ဒီဟာကို အရင်... သောက်လိုက်အုံး..."ဟုဆိုကာ အရက်ထည့်ထားသော ပုလင်းဖင်ပြတ် ကို ပေးလိုက်လျှင် မြကြီးလည်းမော့၍ ချလိုက်ပြီးနောက် လက်ခုံဖြင့် သတ်ကာ ထွီကနဲ တံထွေးတစ်ချက် ထွေးလိုက်လေ၏။

ထိုအချိန်၌ ဆိုင်အတွင်းသို့ သိန်းလှိုင်ဆိုသော အရက်သမားနှင့် အတူ တာမွေစာတိုက်မှ စာပို့သမားစိန်ဝင်းဆိုသူလည်း ပေးဝေရန်ရှိသော စာအိတ်များကို လွယ်အိတ်ဖြင့်လွယ်လျက် ဆိုင်တွင်းသို့ ဝင်၍လာလေ၏။

အရက်သမားသန်းမောင်က စာပို့သမားကိုမြင်လျှင်...

"ဟဲလို... ဖွတ်စမင်းကြီးပါလား၊ ခါတ်ဆီ ဝင်ထည့်တာလား..." ဟု နှုတ်ဆက်လိုက်လေ၏။

စာပို့သမားလည်း ပုလင်းပြတ်နှင့် အရက်တစ်ပိုင်း ဝယ်ယူပြီးလျှင် မော့လေ၏။

"ဘယ်လိုလဲ မြေကြီးကိုယ်က မွေးလှချည်လား..."ဟု စာပို့သမားက ပဲကြီးလှော်ဝါးရင်း မေးလေ၏။

ကျောက်ရေတွင်းလမ်းက လှမောင်ရဲ့အမေကြီးလေ၊ ကျုပ်ကိုယ်ပေါ်ကို အမွေးရည်တွေနဲ့ သကြန်ကျလွှတ်လိုက်တာ၊ ဖွတ်စမင်း"ဟု မြကြီးက ပြောလေ၏။

"ဟာ... ပြောရအုံးမယ်၊ လှမောင်တစ်ယောက် သေရှာပြီ၊ အခုပဲ သံကြိုးစာလာတယ်၊ ကျုပ်အခုပဲ အဲဒီသံကြိုးစာကို သွားပို့မလို့..."ဟု ဆိုကာ စာပို့သမားက အကျီအိတ်အတွင်းမှ သံကြိုးစာကိုထုတ်၍ ပြလေ၏။

"လှမောင်တစ်ယောက် သေရှာပြီ..."ဟု သိလိုက်ရလျှင် မြကြီးသည် မျက်လုံးပြူး၍သွားလေ၏ အမူးလည်းပြေ၍သွားလေ၏။

ထို့နောက် လှမောင်အမေကြီး မပေးချင်ပေးချင်နှင့် ပေးလိုက်





သော လက်တွင်းမှ မတ်စေ့ကို ကြည့်လိုက်မိလေ၏။

"အခုတင်ပဲ ငါဟာအဘွားကြီးကို စိတ်ကသိကအောက်ဖြစ်အောင် လုပ်ခဲ့တယ်၊ အခု သူ့သားသေရှာပြီဆိုတဲ့ သံကြိုးစာရောက်လာပြီ၊ အဘွားကြီးဘယ်လောက်များ စိတ်ထိခိုက်ရှာမလဲ၊ အင်း... ပြီးတော့ သားအမိနှစ်ယောက်တည်းရှိရှာတာ၊ အဘွားကြီးတော့ သားလည်းဆုံး အားကိုးရာလည်းမဲ့သွားရှာပြီပေါ့၊ သူ့သားလှမောင်မရှိရင် အဘွားကြီး ဘယ်လိုစားမလဲ၊ ဘယ်လိုနေမလဲ၊ ဒုက္ခပါပဲ၊ ငါက လဲသူ့ကို အခုလေး တင်စိတ်ညစ်အောင် လုပ်ခဲ့မိပါပကော၊ သူ့အိမ်ရှေ့မှာ ပေါက်တတ်ကရတွေသွားပြီး ငါကအော်နေတော့ သူက ငါ့အပေါ်မှာ အမွှေးနံ့သာရည်တွေ လောင်းချတာဟာ ကေန္တတော့ ခရီးသွားနေတဲ့ သူ့သားလေး အန္တရာယ်ကင်းအောင် ယတြာချေရှာတာပဲ၊ ငါဟာသူ့အတွက်တော့ နိမိတ်မကောင်းတဲ့ အမင်္ဂလာကောင်ပဲ၊ ဒုက္ခပါပဲ၊ ငါဘယ်လိုလုပ်ရပါ့မလဲ..."ဟူ၍ အရက်သမားမြကြီးသည် တွေး၍ ငိုင်နေမိလေသည်။

"ငါဟာ အမင်္ဂလာကောင်ပဲ..."ဟူသော အတွေးသည် မြကြီးအား လွန်စွာတုန်လှုပ်စေခဲ့လေသည်။

မြကြီးသည် ပူပန်သောစိတ်ကြောင့် ချွေးစီးများ ယိုစီး၍လာလေ၏။

"ဖွတ်စမင်း အဘွားကြီးသားလေးသေတယ်ဆိုတဲ့သံကြိုးစာပြစမ်းပါဗျာ..."ဟု မြကြီးက ပြောလိုက်ရာ စာပို့သမားက သံကြိုးစာကို ပေးလိုက်လေ၏။

သန်းမောင်က...

"ဟေ့ကောင်မြကြီး၊ မင်းက သံကြိုးစာဖတ်တတ်လို့လား"ဟု မေးလိုက်လေ၏။ မြကြီးက ပြန်၍မဖြေပဲ သံကြိုးစာကိုကြည့်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြကြီးကား စိန်ပေါလ်ကျောင်းတွင် (၇)တန်းအထိ ပညာသင်ခဲ့ဖူးရုံမျှ မက သစ်တောဝန်ထောက်တစ်ဦးထံ၌လည်း အကူစာရေးအဖြစ် သုံးနှစ်ခန့် လုပ်ကိုင်ခဲ့ဘူးသည်ဖြစ်ရာ အင်္ဂလိပ်စာကို ကောင်းစွာ ပြောတတ်၊ ဖတ်တတ်ကြောင်း ကိုသန်းမောင်က သိလျက်နှင့် နောက်ပြောင် ကျီစယ်လိုက်ခြင်း ဖြစ်ပေသည်။

မြကြီးသည် ကြေးနန်းစာခေါက်ကို ဖြန့်လိုက်ရာ အောက်ပါအတိုင်း တွေ့ရလေ၏။

"... HLA MG EXPIRED

COME SHARP OR REPLY WHETHER

CREMATION OR BURIAL..."

ရင်းအဓိပ္ပါယ်မှာ 'လှမောင်သေပြီ၊ အမြန်လာပါ၊ သို့တည်းမဟုတ် မြေမြှုပ်လိုသည် မီးသဂြိုဟ်လိုသည်ကို အကြောင်းပြန်ပါ'ဟု ဖြစ်လေ၏။

ကြေးနန်းမှာ မန္တလေးမှ ရိုက်လိုက်သော ကြေးနန်းဖြစ်ကြောင်းကိုလည်း မြကြီးက သတိပြုလိုက်မိလေသည်။

'ငါဟာ နိမိတ်မကောင်းတဲ့ အမင်္ဂလာကောင်ပဲ၊ ငါလဲ အဘွားကြီး အိမ်ရှေ့မှာသွားပြီး ငှက်ဆိုးထိုးသံကြီးနဲ့ ပေါက်တတ်ကရတွေပြောလိုက်ရော အဘွားကြီးသားလည်းသေပြီလို့ သံကြိုးစာလာတော့တာပဲ၊ အဘွားကြီးကတော့ တော်တော့ကို ယူကြုံးမရ ဖြစ်ရှာတော့မှာပဲ..." ဟူ၍ အရက်သမားမြကြီးသည် တွေးမိလေ၏။

"မဖြစ်ဘူး၊ ငါ့မှာတာဝန်ရှိတယ်၊ အဘွားကြီး ဒုက္ခမရောက်အောင် ငါက လုပ်ပေးရမယ်၊ မင်္ဂလာမရှိတဲ့ မြကြီးကနေ မင်္ဂလာရှိတဲ့ မောင်မြကြီးဖြစ်အောင် လုပ်ရလိမ့်မယ်၊ မင်္ဂလာ





ရှိအောင် ဘယ်လိုလုပ်ရမလဲ..."ဟု မြကြီးသည် ဆက်၍ တွေးတောမြန်၏။ ထို့နောက် မြကြီး ဦးနှောက်သို့ အကြံကောင်း ဉာဏ်ကောင်းတစ်ခုသည် လျှပ်စီးလက်သကဲ့သို့ ဝင်းကနဲလက်၍ ဝင်ရောက်လာလေ၏။

"မင်္ဂလာသုတ်မှာပါတယ်၊ သင်္ချိုင်းပြင်ဟော သဂြိုဟ်ထောက်ပံ့ရခြင်းလည်း မင်္ဂလာဆိုပါလား၊ အဘွားကြီးကို ငါထောက်ပံ့မယ်၊ တစ်သက်လုံးကို ထောက်ပံ့မယ်၊ ဟုတ်ပြီ၊ ထောက်ပံ့မယ်၊ တစ်သက်လုံးကို ထောက်ပံ့မယ်၊ သူ့သားလှမောင်အစား ငါဟာအဘွားကြီးကို အမေအမှတ်နဲ့ လုပ်ကျွေးသင့်တယ်၊ ဒါမှန်တယ်၊ ငါလုပ်ကျွေးမယ်၊ ဒါမှ တရားမယ်၊ အို... အခုကစပြီးအဘွားကြီးဟာ သူ့သားသေတယ်ဆိုတာ မသိစေရအောင် ဖုံးဖိထားမှတော်မယ်..."ဟု ဆုံးဖြတ်လိုက်လေ၏။

ထိုအချိန်၌ တိုက်ဆိုင်သည်ဟုပင် ဆိုရမည်လော၊ သို့တည်းမဟုတ် မြကြီး၏မှန်မြတ်သော အကြံအစည်ကို သိရှိကြကုန်သော သမာဒေဝနတ်တို့ကပင် နိမိတ်ကောင်းများ ပြသည်လော မဆိုနိုင်ပေ။

ဆင်ဖြူတော်ရုပ်ကြီးကို မော်တော်ကားပေါ်၌တင်ကာ စာဖြေရန် အမြို့မြို့အနယ်နယ်မှ ရောက်ရှိလျက် ရှိတော်မူကြသော သံဃာတော် အရှင်မြတ်များအား လောင်းလှူရန်အတွက် နိဗ္ဗာန်ဆော် ဦးဖူးညို ခေါင်းဆောင်သော ဆွမ်းဆန်စိမ်းအလှူခံအဖွဲ့သည် မြကြီးတို့၏ ဘုံဆိုင်ရှေ့သို့အရောက်တွင် ဓာတ်စက်ဖွင့်ကြလေ၏။

"အခါတော်ပေးတာက နတ်ရေးငယ်ရွှေစာ၊ မင်္ဂလာ..."

မြကြီးသည် ဓာတ်စက်မှ သီချင်းသံကို ကြားရလျှင် ပီတိဖြစ်၍ သွားလေ၏။

"ငါဟာ... မူးရူးရမ်းကားပြီး ရပ်ရွာကို ဒုက္ခပေးခဲ့တာများပြီ၊ လူတွေကို စိတ်ညစ်အောင်လုပ်ခဲ့တာလဲများပြီ၊ အမင်္ဂလာကောင် ကျက်သရေယုတ်တဲ့ကောင်ဖြစ်နေတာကြာပြီပဲ၊ ဒီအချိန်ကစပြီး ရပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့မယ်၊ ဓာတ်စက်ကသီချင်းကလဲ 'အခါတော်ပေးနေပြီပဲ၊ ဒီအချိန်ကစပြီး ငါစိတ်ညစ်အောင်လုပ်ခဲ့တဲ့ အဘွားကြီးရဲ စိတ်ချမ်းသာမှုရအောင် ငါကအနစ်နာခံဖို့ ငါဆုံးဖြတ်လိုက်ပြီ၊ ဒီအချိန်ကစပြီး ငါဟာ မင်္ဂလာရှိသွားပြီ၊ ကျက်သရေရှိသွားပြီ" ဟု တစ်ကိုယ်တည်း တွေးရင်း...

"ငါဟာ ကျက်သရေရှိတဲ့လူဖြစ်သွားပြီ..." ဟု ယောင်၍ ပါးစပ်မှ ထွက်သွားလျှင် စာပို့သမားနှင့် အရက်သမားသန်းမောင်လည်း မြကြီး ကို ကြောင်၍ ကြည့်နေကြလေ၏။

"ဟေ့မြကြီး... ဘာရူးတာလဲ၊ ရော့တစ်ခွက်လောက်မော့လိုက်ဦး၊ မင်းအတွက်ထည့်ထားတာကြာပြီ..." ဟု သန်းမောင်က အရက်ခွက်ကို ထိုး၍ပေးလေ၏။"

"ကျုပ်... မသောက်တော့ဘူး၊ မြကြီး အရက်မသောက်တော့ဘူး။ မြကြီးနဲ့...အရက်နဲ့ ဒီနေ့ကစပြီး လမ်းခွဲပြီ..."ဟု မြကြီးက ပြောလိုက်လေ၏။

"ဟ... ဘယ်လိုဖြစ်တာလဲ သောက်လေကွာ..."

"ကျုပ်... ပြောပြီးပါပကော၊ မြကြီးအရက်မသောက်တော့ဘူး၊ ဖွတ်စမင်းကြီး ဒီသံကြိုးစာ ကျုပ်ကိုပေးလိုက်၊ ကျုပ်အဘွားကြီးဆီကိုသွားပေးမယ်..." ဟု မြကြီးက ပြောလိုက်ရာ စာပို့သမားက...

"ပေးဖြစ်အောင်တော့ ပေးပါမြကြီးရယ်" ဟုဆိုလေ၏။

"စိတ်ချစမ်းပါ ဖွတ်စမင်းရဲ့..." ဟုဆိုကာ မြကြီးသည် တစ်စုံတစ်ရာကို လေးနက်စွာ အကြံထုတ်၍နေလေ၏။ ထို့နောက် အကြံပေါ်၍သွားသဖြင့် သူသောက်မည့်အရက်ခွက်ကို စာပို့သမားအား ယူ၍ပေးပြီးလျှင် "ကျုပ်အစားမော့လိုက်စမ်းပါအုံး ဖွတ်စမင်းကြီးရဲ့..." ဟု ဆိုလိုက်လျှင် စာပို့သမားလည်း မျက်နှာကိုမဲ့ရှုံ့၍ မော့ချလိုက်လေတော့၏။





ထိုအခါ၌ မြကြီးသည် ပို့စမင်းအား နောက်သလိုလိုနှင့် ဒက်ကာ...

"ဖြည်းဖြည်းမော့ပါ... သီးကုန်ပါဦးမယ်"ဟုဆိုကာ ပို့စမင်းစိန်ဝင်း၏အိတ်အတွင်းမှ "မန်နီအော်ဒါ"ငွေများကို အမှတ်တမဲ့ နှိုက်ယူ၍ သူ၏ခါးပုံစတွင်ထည့်ကာ ဝှက်လိုက်လေ၏။

ပို့စမင်းစိန်ဝင်းလည်း အရက်ကိုမော့ပြီးနောက် ခွက်ကိုဒေါက်ကနဲ ချလိုက်ပြီးလျှင် ပဲကြီးလှော်ကို ဝါးလေ၏။

ထိုအချိန်တွင် မြကြီးတို့နှင့်သောက်ဖော်သောက်ဖက်များဖြစ်ကြသော ဘာဘူ၊ ပျားရည်ကုန်းရပ်ကွက်မှ အုံးညွန့်၊ သီတာလမ်းမှ မောင်ပု၊ လမ်းမတန်းတာယာဆိုင်မှ တင်ငွေတို့သည် ဆိုင်တွင်းသို့ ဝင်လာကြပြီးလျှင် အရက်များဝယ်ယူ၍ မြကြီး၊ သန်းမောင်၊ သိန်းလှိုင်နှင့် ပို့စမင်းတို့ဝိုင်းတွင် ပုလင်းကိုယ်စီဆွဲ၍ ဝင်ရောက်လေ၏။

သိန်းလှိုင်က ပုလင်းဖင်ပြတ်များတွင်အရက်ကိုငှဲ့ထည့်၍ တစ်ဦးစီသို့ပေးလေ၏။ မြကြီးရှေ့သို့ရောက်လျှင် မြကြီးကမယူပဲ ပြန်၍ပေးလိုက်သဖြင့် သိန်းလှိုင်က နားမလည်သောမျက်နှာနှင့် မြကြီးကိုကြည့်လိုက်လေ၏။

"တယ်ပြီးဆန်းပါလား... မြကြီးက အရက်ခွက်ကိုပြန်ပေးတာသူဖြစ်ကတည်းက ငါတော့ဒီတစ်ခါပဲမြင်ဖူးသေးတယ်"ဟု သိန်းလှိုင်က ပြောလိုက်လေ၏။

"ငါ အရက်ဖြတ်လိုက်ပြီ သိန်းလှိုင်..."ဟု မြကြီးက ပြောလိုက်ရာ ထိုအရက်ဝိုင်းမှလူများ ဝါးကနဲ ဝိုင်း၍ရယ်လိုက်ကြလေ၏။"

ဘုံဆိုင်မှ အရက်ရောင်းသော တရုတ်ကပါ ကောင်တာပေါက်မှ လှမ်းကြည့်ပြီးလျှင်...

"ဘယ်စုလဲ... အရက်ဖြတ်တာ၊ ခွီးကောင်... နီလိုကောင့်အရက်



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ရင် ဝဆိုင်မှာ စောင့်မယ့်လူတော့ ရှိမှာမဟုတ်ဖူး မြကီး...”ဟု ဝင်ရောက်၍ လှောင်ပြောင်ပြန်ရာ အရက်သမားတို့သည် ဝိုင်း၍ ရယ်ကြပြန်၏။

ထိုအချိန်က ဖခင်ဖြစ်သူအတွက် အရက်လာ၍ ဝယ်ပေးရသော လူငယ်ကလေး မောင်ပုဆိုသူက သိန်းလှိုင်၏ အနီးသို့ကပ်ကာ...

“ကိုမြကြီးမသောက်ရင် ကျုပ်သောက်မယ်ဗျာ”ဟု ပြောလိုက်ရာ အရက်သမားသန်းမောင်က...

“ကဲ... သူ့ရဲကောင်းပေါ်ပြီ၊ မောင်ပု သောက်ပြလိုက်စမ်း”ဟု မြှောက်ပေးလိုက်ရာ မောင်ပုက သိန်းလှိုင်၏လက်မှအရက်ခွက်ကို ဆွဲယူလိုက်ကာ မော့မည်အလုပ်၌ မြကြီးက လှမ်း၍တားပြီးလျှင်...

“ဟေ့... မောင်ပု မသောက်နဲ့ မသောက်နဲ့”ဟုလည်း ပြောသည့်အပြင် သန်းမောင်ဘက်သို့လှည့်ကာ...

“ကလေးကိုတော့မတိုက်ပါနဲ့ ကိုသန်းမောင်ရာ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ခင်ဗျားတို့ ကျုပ်တို့လို ဖြစ်သွားပါဦးမယ်...”ဟု ပြောလိုက်ရာ သန်းမောင်က...

“ဟေ့...မြကြီး၊ မင်းပါးစပ်က အရက်နံ့တောင် မပျောက်သေးဘူး၊ မင်းကအရက်သမားအချင်းချင်း သစ္စာဖောက်တဲ့ စကားမျိုး ပြောပြီ...” ဟု စိတ်ဆိုးစွာ ပြောလိုက်လေ၏။

“ဟုတ်တယ်... ကိုမြကြီး၊ ခင်ဗျားဟာ သစ္စာဖောက်၊ ကျုပ်အဖေက ပြောဖူးတယ်၊ အရက်သမားဟာ အရက်ဖြတ်တယ်ဆိုတာ အမှန်တရားကိုကျောခိုင်းတာ သစ္စာဖောက်တာတဲ့၊ ခင်ဗျားဟာ သစ္စာဖောက်...”ဟု ဆိုကာ မောင်ပုသည် အရက်ကို မော့ချလိုက်လေတော့၏။

လူငယ်မောင်ပုအရက်သောက်သည်ကို ကျန်သော လူကြီးအရက်သမားများက လက်ခုပ်လက်ဝါးတီး၍ ကောင်းချီးသြဘာပေးကြကုန်၏။

မြကြီးလည်း ထိုအရက်ဝိုင်းမှထွက်ခဲ့လေ၏။ သန်းမောင်၊ မောင်





ပု၊ တင်မွေ၊ ပို့စမင်း၊ သိန်းလှိုင်၊ အုံးညွန့် စသော သီတာလမ်းထိပ် ဘုံဆိုင်ကြီး၏ အမြဲတမ်းအဖွဲ့ဝင်အရက်သမားတို့က မြကြီးအား...

“ဟေ့သစ္စာဖောက်”ဟု ဝိုင်း၍ အော်ဟစ် နောက်ပြောင်ကြလေ၏။

မြကြီးလည်း မကြားချင်ဟန်ပြု၍ အရက်နံ့တထောင်းထောင်း ထလျက်ရှိသော ဘုံဆိုင်ကြီးအား အပြီးအပိုင် ကျောခိုင်းခဲ့လေတော့၏။

‘ငါ့ကို သစ္စာဖောက်ဆိုပါလား၊ သူတို့ကဘာကို သစ္စာလို့ခေါ်တာလဲ၊ အရက်သမားဟာ အမြဲပဲအရက်သောက်နေမှ သစ္စာရှိတယ်လို့ ဆိုရမှာလား၊ အကောင်းဖြစ်ဖို့အတွက် အဆိုးကိုတော့ သစ္စာဖောက်ရမှာပဲ၊ သစ္စာဖောက်ပဲခေါ်ခေါ် လူညံ့ပဲပြောပြော ငါမှန်တယ်ထင်တာကို ငါလုပ်ဝံ့ရမယ် မဟုတ်လား...၊ သောက်ဖော်သောက်ဖက် အရက်သမားချင်းက ရှုံ့ချမှာ အပြစ်ပြောမှာတို ကြောက်နေရင် အရက်သမားဘဝ၊ မူးပြီးရမ်းကားတဲ့ဘဝ၊ အရက်မသောက်တဲ့လူတွေကို ရိသဲ့သဲ့မခံ ချင်အောင်လုပ်တဲ့ဘဝ လူ့အမင်္ဂလာ လူ့ကျက်သရေယုတ်တဲ့ဘဝက ဘယ်လိုလွတ်မြောက်မှာလဲ၊ ပြီးတော့သေသွားတဲ့ လှမောင်ရဲ့အမေကြီး ကိုလဲ လုပ်ကျွေးဖို့ ငါ့မှာတာဝန်ရှိသေးတယ် မဟုတ်လား...”ဟု စိတ်ကိုတင်းကာ အရက်သမားအပေါင်းအသင်းနှင့် အရက်ဆိုင်ကြီး ကိုအပြီးအပိုင် စွန့်ခွာခဲ့လေတော့၏။

မြကြီးသည် လျှောက်လာရင်း အောက်ပါအတိုင်း တွေးမိလေ ဘော့၏။ “ငါဟာ အရင်မြကြီး မဟုတ်တော့ဖူး၊ ငါ့မှာတာဝန်တွေရှိ သာပြီ၊ ငါ့ကိုကွေးပေးတဲ့ အဘွားကြီးရဲ့သား လှမောင်အစား အဘွားကြီး ကိုမိခင်အမှတ်နဲ့ လုပ်ကျွေးရတော့မယ်၊ ဒါဟာ ကောင်းတဲ့ အပြုအမူပဲ ကျက်သရေမင်္ဂလာရှိတဲ့ အပြုအမူ ငါဟာ ငါ ဆုံးဖြတ်တာမှန်တယ်၊ မြကြီးလူကောင်းဖြစ်ပြီ...”ဟု



www.burmeseclassic.com

www.burmeseclassic.com



တွေးလိုက်မိသည့်အခါ၌ သူ၏ရင်တွင်း ဝယ်…

"မြကြီး လူကောင်းဖြစ်ပြီ…
မြကြီး လူကောင်းဖြစ်ပြီ…
မြကြီး လူကောင်းဖြစ်ပြီ…"

မြကြီး လူကောင်းဖြစ်ပြီဟူသော အသံတို့သည် ပဲ့တင်ထပ်၍ မြည်ဟီးကာ ရင်ပွင့်၍ သွားသည်ဟုပင် မှတ်ထင်မိလေတော့၏။

ထို့နောက် လေးလံလှသောရင်လည်း လုံးဝပေါ့ပါးသွားသည်ဟု ခံစားလိုက်ရသဖြင့် မြကြီး၏ အဆီပြန်လျက်ရှိသော မျက်နှာကြီးသည် မိုးစက်ပေါက်တို့နှင့် ထိတွေ့ရသော ပဒုမ္မာကြာပွင့်ကြီးကဲ့သို့ အေးမြ လန်းဆန်း၍ သွားလေတော့သတည်း။

မြကြီးသည် ပို့စမင်းထံမှ အလစ်နှိုက်ယူခဲ့သည့်ငွေများကို ခါးပုံစ အတွင်းမှ ထုတ်ယူ၍ ရေတွက်ကြည့်ရာ(၉၉)ကျပ်တိတိဖြစ်ကြောင်း တွေ့ရလျှင် အနီးရှိကွမ်းယာဆိုင်မှ စာအိတ်တစ်အိတ်နှင့် စက္ကူ တစ်ရွက်ကို အကြွေးဝယ်ယူကာ အောက်ပါအတိုင်း စာတစ်စောင် ရေး၍ ငွေ (၉၉)ကျပ်နှင့်အတူ စာအိတ်အတွင်းသို့ထည့်ကာ စာအိတ်ကို တံထွေး ဆွတ်၍ ပိတ်လိုက်လေ၏။

ဖွတ်စမင်းကြီး…

ခင်ဗျားအိတ်ထဲက ငွေ(၉၉)ကျပ်ကို ကျုပ်ကကျီစား တဲ့ သဘောနဲ့ နှိုက်ယူခဲ့ပါတယ်၊ ငါးရက်လုံးလုံးခင်ဗျား ဘယ်လောက် စိတ်ဒုက္ခ ရောက်နေမယ်ဆိုတာလဲ ကိုယ်ချင်းစာမိပါတယ် ခွင့်လွှတ်ပါ၊ ပြီးတော့ လမ်းထိပ်က ကွမ်းယာဆိုင်ကို စာရွတ်၁ရွက်နဲ့ စာအိတ်(၁)အိတ်ဖိုး ပိုက်ဆံပေးလိုက်ပါ။ ဒါပါပဲ။

အရက်သမားတို့ရဲ့ သစ္စာဖောက်
မြကြီး





မြကြီးသည် စာအိတ်ကို ပိတ်ပြီးနောက် အရက်ဆိုင်နှင့် မလှမ်း ကမ်းဟွင်ရှိသော နေပြည်တော်ပင်းမင်းဆိုင်ပေါ်သို့တက်ခဲ့လေ၏။ ်င်မင်းဆိုင်ပိုင်ရှင်ဦးမြိုင်ဆိုသည့် အဘိုးကြီးက မြကြီးကိုမြင်လျှင်၊

"ဟော့တောင် ဘာလဲ…"ဟု ခပ်ငေါက်ငေါက်မေးလေ၏။"

"ဦးလေးမြိုင်ရာ ဒီစာအိတ်ကလေးကို တဆိတ်လောက် ယူထား မ်းပါ၊ ငါးရက်လောက်ကြာမှ ပို့စမင်းစိန်ဝင်းကို ခေါ်ပြီးပေးလိုက်ပါ…" ဟု ဆိုလေ၏။

"ဘာလဲကွ မင်းဟာက…"

"သူ့ရဲ့ပစ္စည်းတွေ ဒီစာအိတ်ထဲမှာရှိပါတယ်၊ သူနည်းနည်း လောက် စိတ်ညစ်အောင် လုပ်ချင်လို့ပါ…" ဟု မြကြီးက ပြောလိုက်ရာ ဦးမြိုင်က ငယ်စဉ်က လွန်စွာကျီစား နောက်ပြောင်တတ်သူတစ်ဦး ်စ်ခဲ့ပေရာ မြကြီးအား ပြုံး၍ကြည့်ပြီးလျှင်…

"အေးထားခဲ့"ဟုဆိုလေ၏။ မြကြီးလည်း 'နေပြည်တော်' င်းမင်းဆိုင်မှဆင်းကာ မလွှကုန်းဘူတာဘက်သို့ သွားလေ၏။ လွှကုန်းဘူတာသို့ရောက်လျှင် တွဲပြင်ရုံများဘက်သို့ ဆက်လက်၍ လျှောက်သွားပြီးလျှင် ငယ်စဉ်က ရင်းနှင့်ကစားဖက်ဖြစ်သော ငယ် ူငယ်ချင်း ညွှန့်သောင်းဆိုသူအား ရှာဖွေရာ အလုပ်လုပ်လျက်ရှိသော ညွှန့်သောင်းကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့လေ၏။ ညွှန့်သောင်းက ြကြီးကို မြင်လျှင် တစ္ဆေတရဲကိုတွေ့မြင်သည့်အလား မျက်လုံးပြူး၍ ွားပြီးလျှင်…

"ဟော့… မြကြီး၊ ဘာဒုက္ခပေးမလို့လဲ…"ဟု ဆီး၍မေးလိုက်လေ၏။

"မဟုတ်ပါဘူး သူငယ်ချင်း… မန္တလေးကိုသွားချင်လို့ ရထား အလကားစီးရအောင် လုပ်ပေးစမ်းပါကွာ၊ မင်းရဲ့ကျေးဇူးကို မမေ့ ါဘူး…" ဟု မြကြီးကပြောလိုက်လေ၏။

"သိတာလမ်းဘုံဆိုင်မှာ အရက်မရှိတော့ဘူးလား၊ မန္တလေး



www.burmeseclassic.com

www.burmeseclassic.com



တက်ပြီး သောက်မလို့လား…”ဟု နောက်လေ၏။

“မဟုတ်ပါဘူးကွာ… ငါအရက်ဖြတ်လိုက်ပါပြီသူငယ်ချင်းရ ဒီတစ်ခါတော့ ငါ့ကိုကူညီပါကွာ မင်းကျေးဇူးကို မမေ့ပါဘူး…” မြကြီးက တောင်းတောင်းပန်ပန် ပြောလေ၏။

“အေး… ဆန်တွဲတွေ တော်တော်ကြာလောက်မှာ ထွက်လိမ့်မ တွဲစောင့်နဲ့ တွဲခေါင်းကိုလိုက်ပြီး ပြောပေးမယ်၊ လိုက်သွားပေါ့ကွာ ဟု ညွန့်သောင်းက ပြောလျှင် မြကြီးကလည်း ညွန့်သောင်းကိုဆက်၍ “ကျေးဇူးတင်လိုက်တာကွာ”ဟု ပြောလေ၏။ ထို့နောက် တွဲပြင် အနီး၌ ရေတဗွမ်းဗွမ်းကျလျက်ရှိသော ရေပိုက်သို့သွားရောက်က ရေချိုးလျက်ရှိသော လူတစ်ယောက်ထံမှ ရေလဲကို ငှားယူကာ ရေ ဝအောင် ချိုးလေ၏။

ရေချိုးပြီးလျှင် အိတ်ထောင်အတွင်း၌ စိုက်လျက်ပါလာသေ အဘွားကြီးထိုးပေးလိုက်သည့် ဗုဒ္ဓသရဏံပန်းကလေးကိုင်၍ မြကြ သည် ညွန့်သောင်းအနီးသို့သွားရောက်ကာ…

“ငါအခုပဲ… ပြန်လာမယ်သူငယ်ချင်း”ဟုပြောလျှင်…

ညွန့်သောင်းက “မင်းခရီးသွားမယ့်အကြောင်း အိမ်ပြန်ပြ ပြောဦး မလို့လား၊ ပြောစရာအိမ်ရောရှိလို့လား…”ဟု နောက်လို လေ၏။

“မဟုတ်ပါဘူးသူငယ်ချင်း… ဟိုဘူတာနားက ဘုရားလေးမှ သွားပြီး ဘုရားရှိခိုးမလို့ပါ…”ဟု မြကြီးကပြောလျှင် ညွန့်သောင် သည် မြကြီးအား မယုံကြည်သည့် မျက်နှာနှင့် ခြေဆုံးခေါင်းဆုံ ကြည့်လေ၏။ မြကြီးက ညွန့်သောင်းအား ပြုံး၍ပြလိုက်၏။

“မင်းက ငါပြောတာမယုံဘူးမဟုတ်လား၊ မင်းမယုံတာ မင်းအပြစ် မဟုတ်ပါဘူး၊ ငါ့ရဲ့အပြစ်ပါ၊ ငါမင်းကို စိတ်မဆိုးပါဘူး… ဟူသော စကားများကို မြကြီးအပြုံးက ဖော်ပြနေလေသည်။





ထို့နောက်မြကြီးသည် ဗုဒ္ဓသရဏံပန်းကလေးကိုကိုင်ကာ သွကုန်း ဘူတာမှဖြတ်ကျော်ကာ ရေသိမ်ကလေးနှင့်တွဲ၍ ားသော စေတီကလေးဆီသို့ သွားရောက်ကာ ဦးသုံးကြိမ် ပြီးလျှင်…

“ဘုရားတပည့်တော်မြကြီးသည် ဤဗုဒ္ဓသရဏံပန်း ကလေးကို ကပ်လှူပူဇော်ပါသည်အရှင်ဘုရား၊ ဤသို့ လှူဒါန်းရသော ကုသိုလ်ကံ စေတနာကြောင့် နိဗ္ဗာန်သို့ မရောက်မီစပ်ကြား လူဖြစ်ရသည်ရှိသော် ယောကျ်ားမြတ် ဖြစ်ရပါလို၏။ မူးယစ်ထုံထိုင်း ခိုးဝှက်ရမ်းကားခြင်းကို ဖြစ်စေတတ်သည့် သေမျိုးငါးပါးတို့ကို စွဲလမ်းသော ဘိန်း စား၊ ကစော်သမား၊ အရက်သမားဘဝဖြင့် လောကကြီးအား အနှောင့်အယှက်ပေးသော လူလေးလူမှား၊ လူဟာလဘဝကို မရောက်ရပါလို၏ အရှင်မြတ်ဘုရား… ”

ဟု ဆုတောင်းပြီးလျှင် ဗုဒ္ဓသရဏံပန်းကလေးအား စေတီကလေး၏ ဝန္တယံအဆင့်တွင် သွား၍တင်ထားပြီးလျှင် တွဲပြင်ရုံသို့ ပြန်ခဲ့လေ၏။

တွဲပြင်ရုံသို့ရောက်လျှင် ညွန့်သောင်းက မြကြီးအား ဆန်တွဲများနှင့် လိုက်ရမည့် တွဲခေါင်းဆီသို့ ခေါ်သွားကာ…

“တွဲခေါင်းကြီး… ဟောဒါ… ကျုပ်သူငယ်ချင်းပဲ၊ မန္တလေးကို လိုက်ချင်လို့ခေါ်သွားစမ်းပါ၊ လမ်းမှာလဲ ထမင်းကူပြီးချက်မှာပေါ့ဗျာ၊ ထမင်းလေးဘာလေး ကျွေးလိုက်ပါ…” ဟု ပြောဆိုအပ်နှံလေ၏။

‘လမ်းမှာ ခိုင်းချင်တာခိုင်းပါ၊ ကျုပ်လုပ်ပါ့မယ် တွဲခေါင်းကြီးရယ်…’ ဟု မြကြီးက ကိုယ်ကိုယ်သို့၍ ပြောလိုက်လေ၏။

ညွန့်သောင်းလည်း မြကြီး၏အမူအရာ ပြောင်းလဲနေပုံကိုမြင်လျှင် အံ့အားသင့်နေလေ၏။

“ဟော့ကောင်… ခရီးသွားမှာကလဲ ပိုက်ဆံတစ်ပြားမှလဲ မပါဘူးဘဲ



www.burmeseclassic.com

www.burmeseclassic.com



ကလား၊ ရော့...ရော့... ဒါလေးတော့ ယူသွားဦး"ဟုဆိုကာ မှတ်စုစာအုပ်အတွင်းမှ ငွေခြောက်ကျပ်ကိုထုတ်၍ မြကြီးအားပေးလေ၏။

မြကြီးက ငြင်းသေး၏။ ညွန့်သောင်းက မယူလျှင်မဖြစ်ကြောင်း ပြောကာ ပေးလိုက်မှပင် မြကြီးကယူလိုက်လေ၏။

"ကဲ... ကိုယ့်လူ ဟောဟိုတွဲပေါ်တက်ပေတော့၊ တွဲပေါ်မှာ ငါးခြောက်လဲရှိတယ်၊ ဆီ၊ ကြက်သွန်၊ ငရုတ်သီးအစုံရှိတယ်၊ ဆန်ကတော့ ဟိုတွဲက ဆန်အိတ်တွေထဲက တစ်အိတ်ကိုနည်းနည်း ပိုက်စူးနဲ့ထိုးပြီးယူ၊ လေမီးဖိုရှိတယ်၊ ထမင်းဟင်းချက်ပြီး လိုက်ခဲ့ပေတော့..." ဟု တွဲခေါင်းကုလားကြီးက မြန်မာစကားပီသစွာဖြင့် ပြောလေ၏။

မြကြီးလည်းတွဲပေါ်သို့တက်ကာ ထမင်းချက်ရန် ပြင်ဆင်လေ၏။ မျှားမကြာမီ တွဲများကို စက်ခေါင်းကြီးကလာ၍ ဆွဲသွားလေတော့၏။

မြကြီးသည် ထမင်းချက်၍နေရာမှ တွဲပြင်သို့ ခေါင်းပြူ၍ထွက်ကာ ညွန့်သောင်းကို နှုတ်ဆက်လက်ပြလေ၏။

ကုန်တွဲရထားကြီးလည်း ရှုးရှုးရဲရဲ အော်မြည်ကာ မလွှကုန်းဘူတာအနီး တွဲပြင်ရုံမှ စတင်ထွက်ခွာခဲ့လေတော့၏။

မြကြီးလည်း ရထားထွက်လျှင် တစ်ခြားတွဲသို့ကူးသွားကာ ပိုက်စူးဖြင့် ဆန်အိတ်များမှ ဆန်များကို ထုတ်ယူကာ ထမင်းချက်လေ၏။ ထမင်းကျက်လျှင် ငရုတ်သီးထောင်းလျက် ငါးရံ့ခြောက်ကို ငရုတ်သီး နိုင်နိုင်နှင့် ကြော်လေ၏။ ထို့နောက်ကြက်သွန်ကို ဆီသတ်၍ ဟင်းချိုချက်လေ၏။ ဟင်းချိုခပ်ရန် တစ်စုံတစ်ရာ မပါသော်လည်း ငံပြာရည်၏ ကောင်းခြင်းကြောင့် မြကြီးချက်သော ဟင်းချိုမှာ လွန်စွာချိုလေတော့၏။

◻ ◻ ◻





# ဖွတ်စမင်းနှင့် သစ္စာရေ

မြကြီးသည် တွဲခေါင်းကုလားကြီး၏ ထမင်းချက်အဖြစ်ဖြင့် လိုက်ပါခဲ့လေတော့၏။

တွဲခေါင်းကုလားကြီးလည်း မြကြီးကြော်ပေးသော ငါးခြောက်ထောင်းကြော်ကို အရက်နှင့်မြည်းယင်း ဇိမ်ကျကျလိုက်ပါခဲ့လေ၏။

"ဟော့ကောင်... အရက်သောက်ကွာ၊ အရက်တွေအများကြီး ရှိပါတယ်ကွ..."ဟု တွဲခေါင်းကုလားကြီးကပြောလျှင် မြကြီးက...

"ကျွန်တော်အရက်မသောက်ပါဘူးခင်ဗျာ..."ဟု ဆိုလိုက်လေ၏။

တွဲခေါင်းကုလားကြီးလည်း မြကြီးအားခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး အကဲခတ်လေ၏။

"မင်းရုပ်က အရက်သမားရုပ်ပါကွ၊ ဘယ့်နှယ်မသောက်ရမှာလဲ၊ အားနာလို့လား၊ သောက်ပါကွ၊ အရက်သမားချင်း ကိုယ်ချင်းစာတတ်ပါတယ်ကွ..."ဟု တွဲခေါင်းကုလားကြီးက အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ပြောသော်လည်း မြကြီးက ခေါင်းကိုသာတွင်တွင်ရမ်းရင်း လည်ချောင်း၌ တစ်ဆို့လာသော တံတွေးများကို မျိုချခဲ့ရလေတော့၏။

ဤသို့နှင့်ပင် ပျဉ်မနားဘူတာသို့ ရောက်ခဲ့လေတော့၏။ ရထားမှာလည်း ထိုဘူတာ၌ ညအိပ်မည်ဖြစ်ရာ မြကြီးသည် သူငယ်ချင်း ညွန့်သောင်းပေးလိုက်သော ငွေခြောက်ကျပ်ကို ကျစ်ကျစ်ပါအောင် ဆုပ်လျက် သံကြိုးရုံးသို့ပြေးလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သံကြိုးရုံးသို့ရောက်လျှင် လှမောင်၏မိခင်ဖြစ်သူ ဒေါ်ရွှေရထံသို့ လိပ်စာတပ်ကာ အောက်ပါ သံကြိုးစာကို ရိုက်လေတော့၏။

"CANCELL YESTERDAY'S TELE

EVERYTHING. O.K"

ရင်းသံကြိုးစာ၏အဓိပ္ပါယ်မှာ ယမန်နေ့က သံကြိုးစာမှာ မှန်ကန်ခြင်းမရှိပါ။ မောင်လှမောင် ကျမ်းကျမ်းမာမာ ရှိပါသည်ဟူ၍ ဖြစ်၏။

ထိုသံကြိုးစာသည် လှမောင်၏ မိခင်ကြီးထံသို့ ဆိုက်ဆိုက် မြိုက် မြိုက် ရောက်သွားလေတော့၏။ သံကြိုးစာပို့သော စာပို့သမားမှာ မြကြီးတို့နှင့် သောက်ဖော်သောက်ဖက်ဖြစ်သော ဖွတ်စမင်းစိန်ဝင်း မဟုတ်ပေ။ ဖွတ်စမင်းစိန်ဝင်းမှာ မြကြီးထွက်သွားသည့်အချိန်မှစ၍ အကြီးအကျယ်ဒုက္ခရောက်လေတော့၏။ မန်နီအော်ဒါအတွက် ပေးရန် ငွေများပျောက်ဆုံးခဲ့သဖြင့် စာတိုက်သို့လည်း မပြန်ဝံ့ဘဲ အိမ်သို့ ပြန်ခဲ့ ရလေ၏။ အိမ်သို့ရောက်လျှင် ၎င်း၏မိန်းမသည် မည်သည့်အတွက် အိမ်သို့အစောကြီးပြန်ခဲ့ကြောင်းကိုမေးလျှင် စိန်ဝင်းလည်း မန်နီအော်ဒါ ပေးရန် (၉၉)ကျပ်ကျပျောက်၍ ရုံးသို့မပြန်ဝံ့သဖြင့် အိမ်သို့ အိမ်သို့ ပြန်၍လာခဲ့ရကြောင်းပြောလျှင် စိန်ဝင်း၏မိန်းမလည်း ငိုလေတော့၏။

ထို့နောက် သုံးလေးငါးရက်အတွင်း ထိုငွေကို စိုက်မထည့်နိုင်ပါက အလုပ်ပြုတ်ရုံမျှမက အချုပ်အတွင်းသို့ ဝင်ရမည့်အရေးကိုပါ တွေး သဖြင့် စာတိုက်ဗိုလ်ထံသို့ ဝမ်းကိုက်နေသဖြင့် အလုပ်မဆင်းနိုင် ကြောင်း ခွင့်စာတစ်စောင်ကို ဖွဲ့နွဲ့ရေးသားပြီးလျှင် ငွေကို အပူတပြင်း ရှာဖွေရလေတော့၏။

စိန်ဝင်း၏မိန်းမလည်း ၎င်း၏ဆွေမျိုးများရှိရာ ဒလဘက်သို့ သွား ပြီးလျှင် ငွေချေးလေ၏။ သို့ရာတွင် ဆွေမျိုးတစ်မျိုးလုံး





လှည့်လည်၍ ချေးခဲ့ပါမှ၊ ငွေလေး(၁၅)ကျပ်သာ ရရှိခဲ့သဖြင့် မျက်ရည်စက်လက်နှင့် ပြန်ခဲ့လေ၏။ စိန်ဝင်းလည်း မန်နီအော်ဒါငွေများ အချိန်မီ မစိုက် နိုင်ပါက အလုပ်ပြုတ်၍ ထောင်တျသွားသည်က ကိစ္စမရှိ မိမိအား မှီခိုနေကြသည့်မိန်းမ သားသမီးသုံးယောက်တို့ အတိဒုက္ခရောက်မည့် အရေးကိုတွေး၍ ငိုလေတော့၏။ သုံးရက်လုံးလုံး မစားနိုင်၊ မသောက်နိုင်နှင့် ငို၍သာ နေခဲ့ရာ အိပ်ရာထဲတွင် ဘုံးဘုံးလဲသောအဖြစ်သို့ ရောက်ခဲ့လေ၏။

"အရက်မူးလို့ဖြစ်တာပဲ၊ အရက်ဟာတယ်ပြီး ဒုက္ခပေးပါလား.. အခုနေအဲဒီငွေကိုစိုက်ပြီး ဆပ်မယ့်လူများရှိရင်ငါလေ တစ်သက်လုံး အရက်မသောက်တော့ပါဘူးလို့ ဘုရားမှာ လျှိုလိုက်မယ်မိနှင်းရယ်..."

ဟု ၎င်း၏မိန်းမအား အိပ်ရာထက်မှ ငိုယိုလျက်ပြောလေ၏။

၎င်း၏မိန်းမဖြစ်သူ မိနှင်းလည်း မိမိလင်ယောက်ျား၏ဖြစ်ပုံကို ကြည့်လျက် လွန်စွာယူကြုံးမရဖြစ်လေတော့၏။

"ရှင်ပြောသလိုသာ တစ်ယောက်ယောက်က အဲဒီငွေကိုစိုက်ပြီး ဆပ်ပေးမယ်ဆိုရင် ကျွန်မအနေနဲ့ အဲဒီလူအိမ်မှာ သုံးနှစ်တောင် ကျွန်ခံ ပါ့မယ်ရှင်..."ဟု ပြောလေ၏။

ထိုအချိန်၌ အိမ်ပေါ်သို့တစ်စုံတစ်ယောက်တက်၍လာပြီးလျှင် "တကယ်လား"ဟု မေးလိုက်သဖြင့် မိနှင်းလည်း လန့်ဖြန့်ကာ ကြက်သီး များထ၍သွားလေ၏။ စိန်ဝင်းလည်း အိပ်ရာထက်တွင် ပက်လက် ဖြစ်နေရာမှ ထိုသူအား ခေါင်းထောင်၍ ကြည့်လေ၏။

"ဟော... ဦးလေးမြိုင်ပါလား..."ဟု စိန်ဝင်းက နှုတ်ဆက်လိုက် လေ၏။ စိန်ဝင်း၏မိန်းမ မိနှင်းကမူ ဦးလေးမြိုင်ကိုမသိသဖြင့် ခပ် ကြောင်ကြောင် မျက်နှာထားဖြင့် ကြည့်၍နေလေသည်။

"မိနှင်း၊ အဲဒါနေပြည်တော် ပင်းမင်းဆိုင်က ဦးလေးကြီးပေါ့" ဟု စိန်ဝင်းက မိနှင်းအား ပြောပြလိုက်လေ၏။ မိနှင်းလည်း နှုတ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ချပ်ကိုယူ၍ ဦးလေးမြိုင်အား ခင်းပေးလေသည်။

ဦးမြိုင်လည်း မိနှင်းခင်း၍ပေးသော ဖျာစုတ်ကလေးပေါ်၌ထိုင်ကာ—

"ဟော့… မောင်စိန်ဝင်း စောစောက ငါကြားလိုက်ပါတယ်ကွ၊ ငွေတိုစိုက်ပြီးဆပ်မယ့်လူများရှိရင် အရက်ကို လှူပစ်လိုက်မယ်လို့၊ ကြားတော့ ဒီသူငယ်မကလဲ သုံးနှစ်တောင်ကျွန်ခံအုံးမယ်ဆိုပါလား"ဟု မေးလိုက်လျှင် စိန်ဝင်းလည်း အိပ်ရာထက်မှ အားယူ၍ထရင်း ဦးမြိုင် ရှေ့တွင် ကျုံ့ကျုံ့ကလေးထိုင်၍…

"ဟုတ်ပါတယ်… ဦးလေးမြိုင်"ဟု ပြောလေ၏။ ၎င်းမိန်းမ မိနှင်းကလည်း "ဟုတ်ပါတယ်ရှင်၊ သုံးနှစ်မဟုတ်ပါဘူး၊ ငါးနှစ်ဆိုရင်လည်း ခံပါ့မယ်…"ဟု ဆိုလေတော့၏။

"အေး… သူငယ်မအနေတော့ ငါးနှစ်လဲ ကျွန်ခံဖို့မလိုဘူး။ ငါးရက်လဲမလိုဘူး။ မောင်စိန်ဝင်း မင်း တကယ်အရက်ဖြတ်မယ်ဆိုရင် ငါက မင်းငွေကို စိုက်ပြီးဆပ်မယ်…"

"ဗျာ… တကယ်လား…"

"ရှင်… တကယ်ပဲလား…"ဟု လင်မယားနှစ်ယောက်တ အားရဝမ်းသာမေးကြလေ၏။

"တကယ်ပြောတာပေါ့ကွ၊ ငါကနောက်ရမှာလား၊ စိုက်ရမယ့်ငွေက ဘယ်လောက်လဲ၊ ပြောစမ်းပါအုံး"ဟု ဦးမြိုင်က မေးလိုက်လေ၏။

စိန်ဝင်းက အိပ်ရာဘေးတွင် ချထားသည့် မန်နီအော်ဒါစာရွက်ထပ်ကို ဦးမြိုင်ရှေ့သို့ယူ၍ပြရင်း…

"ဒါတွေ… ဒါတွေ… ဦးလေး"ဟု ပြောလေ၏။

"ဟုတ်ပါပြီ… ဒါတွေက ဘယ်လောက်ရှိသလဲပြောစမ်းပါအုံး"ဟု ဦးမြိုင်က ပြန်၍မေးလိုက်လေ၏။

"ကိုးဆယ်နဲ့ကိုးကျပ်တောင်ရှိပါတယ် ဦးလေးမြိုင်…"





"မင်းအရက်ဖြတ်မယ်ဆိုရင် ငါကပေးမယ်ကွာ၊ ဒီကိစ္စအတွက်တော့ ငါ့တာဝန်ထားလိုက်၊ ဘယ်လိုပဲဖြစ်ဖြစ် ငွေကိုးဆယ့်ကိုးကျပ်ရဖို့ ငါ့တာဝန်ယူတယ်"ဟု ဦးမြိုင်က ပြောပြောဆိုဆို အိတ်တွင်းမှ ငွေစက္ကူများကို ထုတ်လိုက်လျှင် စိန်ဝင်းလည်း ဝမ်းသာလွန်း၍…

"ဖြတ်မယ်ဖြတ်မယ်၊ တစ်သက်မဟုတ်ဘူး၊ ဆယ်သက် ဖြတ်မယ်"ဟု အားရဝမ်းသာ အော်ဟစ်လိုက်ရာ ၎င်း၌စွဲကပ်လျက်ရှိသော အဖျားရောဂါပင် ပျောက်၍သွားပြီးလျှင် အားအင်များ ပြည့်ဖြိုး၍လာလေတော့၏။

"ခံမယ်… ခံမယ်၊ ကျွန်မလဲ ကျွန်ခံမယ်… ဦးလေးကသာ ပြောတဲ့စကားတည်ပါစေ…"ဟု မိနှင်းကပါ အားရဝမ်းသာ ပြောလေ၏။

"နင်နဲ့မဆိုင်ဘူး၊ နင်က ဘာမှကြားထဲကဝင်ပြီး ကျွန်ခံဖို့မလိုဘူး၊ မောင်စိန်ဝင်း အရက်ဖြတ်တယ်ဆိုရင် ငါက ပေးမှာပဲ"ဟု ဦးမြိုင်က ပြုံးစစမျက်နှာထားနှင့်ပြောလေ၏။

"ဖြတ်ပါတယ်… ဦးလေးပေးသာပေးပါ…"ဟု စိန်ဝင်းက လက်ဖြန့်လိုက်လေ၏။

"ဒီလိုတော့ဘယ်ရမလဲကွာ… အရက်သမားစကားကို ငါက… ဘယ်လိုလုပ်ပြီး ယုံရမှာလဲ၊ ဘုရားရှေ့မှာ သစ္စာဆိုပြီးဖြတ်ရင် ငါပေးမယ်"ဟု ဦးမြိုင်က အကြံပ်ကိုင်သဖြင့် မောင်စိန်ဝင်းလည်း ဘုရားစင်၌ ဖယောင်းတိုင်သုံးတိုင်ထွန်းညှိပြီးလျှင် ဘုရား ညောင်ရေအိုးမှရေကို ပန်းကန်လုံးအတွင်းသို့ အနည်းငယ်ငှဲ၍ ထည့်ပြီးနောက် ဘုရားရှိခိုးလေ၏။ ဘုရားရှိခိုးပြီးလျှင် အောက်ပါအတိုင်းပြောကာ ပန်းကန်အတွင်းမှ ညောင်ရေအိုးကို (၎င်းအနေနှင့်ထိုရေကို သစ္စာရေဟု ယုံကြည်နေ၏။) သောက်ရန် ကိုင်၍ထားလေ၏။

"ဘုရားတပည့်တော် ဤတစ်သက်တွင် အရက်မသောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ပါဘူးဘုရား သောက်မိပါက သွေးပွက်ပွက်အန်၍သေရပါစေ၊ သေပြီး
နောက်လည်း ငရဲကြီးခြောက်ထပ်သို့ကျပါစေ..."

"ဟော့ကောင် ငရဲကြီးရှစ်ထပ်ပါကွ"ဟု ဦးမြိုင်ကပြင်၍ပေးလေ၏

"အိုဗျာ... သေပြီးနောက်လည်း ရှိသမျှငရဲအားလုံးကျပါစေ..."
ဟု စိန်ဝင်းက ပြင်၍ဆိုပြီးလျှင် သစ္စာရေကို မော့ချလိုက်လေတော့၏

ဦးမြိုင်လည်း သာဓုသုံးကြိမ်ခေါ်ကာ ငွေကိုးဆယ့်ကိုးကျပ်ကို
မောင်စိန်ဝင်း၏လက်တွင်းသို့ ထည့်လိုက်လေတော့၏။

စိန်ဝင်း၏မိန်းမ မိနှင်းလည်း ဝမ်းသာလွန်း၍မျက်ရည်များက
လာခါ...

"ရှင်...ထောင်မကျတော့ဘူး..."ဟု တုန်ယင်သောအသံဖြင့်
ပြောရှာ လေ၏။

(မှတ်ချက်။ ငွေကိုးဆယ်ကျော်တစ်ရာနီးပါး ပျောက်ဆုံးသောအခါ
မောင်စိန်ဝင်းတို့ လင်မယားမည်မျှ အတိဒုက္ခတွေ့ကြသည်
စိတ်ဆင်းရဲကြသည်ကို ဦးမြိုင်က ထိုငွေကိုစိုက်၍
ဆပ်သည့် အခါ၌ မည်မျှအထိ ဝမ်းသာကြသည်ကို
စဉ်းစားနိုင်ရန် အတွက် ထိုခေတ်က ကုန်ပစ္စည်းတစ်ချို့၏
တန်ဖိုးကို ဖော်ပြ ပါမည်။ လက်ဖက်ရည်တစ်ခွက်သုံးပြား
ခေါက်ဆွဲကြော် တစ်ပွဲတစ်မူး၊ အကောင်းစားဗိုလ်မရှစ်
စွပ်ကျယ်တစ်ထည် တစ်မတ်၊ ဆီတစ်ပုံးသုံးကျပ်၊
မြိတ်ထုံးဖြစ်စေ၊ ကတုံးဖြစ်စေ၊ တိုက်တံဆိပ်ဖြစ်စေ၊
မည်သည့်ရွှေဒင်္ဂါးမဆို တစ်ပြားလျှင် ၁၃ ကျပ်၊
မောင်စိန်ဝင်း၏ လခသည်ပင်လျှင် ခုနစ်ကျပ် ခွဲသာလျှင်
ရပေသည်။)

"ကျေးဇူးတင်လိုက်တာ ဦးလေးမြိုင်ရယ်... အရက်ဖြတ်ရတာက
ကိစ္စမရှိပါဘူး၊ အလုပ်မပြုတ် ထောင်မကျဘဲ ဒီသားဒီမယားနဲ့ အတူ





နေရတာကိုပဲ ကျေးဇူးတင်လှပါတယ်..."ဟုဆိုကာ စိန်ဝင်းက ဦးမြိုင်
အား ကန်တော့လေသည်။ မိနှင်းကလည်း ကန်တော့လေသည်။

"ငါ့ကိုကန်တော့ပြီးရင် မြေကိုလဲကန်တော့ရအုံးမယ်..."ဟု
ဆိုကာ မြကြီး၏စာကို ထုတ်၍ပေးလိုက်၏ စိန်ဝင်းလည်းစာကို
ဖတ်ရင်း တဖြည်းဖြည်းဒေါသထွက်လာခဲ့ရာ စာဆုံးသည့်အခါ၌...

တောက်... မြေ... မြေ... ဒင်းလက်ချက်ကိုး၊ သိမယ်..."ဟု
ကြိမ်းဝါးလိုက်လေ၏။ မိနှင်းလည်း စာကိုယူ၍ ဖတ်ကြည့်နေလေ၏။

"မင်းစိတ်မဆိုးပါနဲ့ မြေက မင်းငွေကို ယူတာလဲမဟုတ်ဘူး၊
နောက်တာပဲကွာ သူယူရင်လဲရတာပေါ့၊ မင်းမှမသိပဲဥစ္စာ"ဟု ဦးမြိုင်
က ဖြောင်းဖျလေ၏။

"အို... ဘာပဲဖြစ်ဖြစ် သုံးလေးရက်လောက် စိတ်ညစ်ရတာပဲ၊
ဒါပေမယ့် ရှင်အရက်ဖြတ်တယ်ဆိုတော့ တစ်သက်လုံးစိတ်ချမ်းသာ
ရမှာ။ ကျုပ်တော့ မြေကိုတောင် ကျေးဇူးတင်သေးတော့တယ်..."ဟု
မိနှင်းက ဆိုလေ၏။

"မြေက သုံးလေးရက်လောက် ကျီစားထားတဲ့ငွေကို ဦးလေးမြိုင်
က အရက်ဖြတ်မှပြန်ပေးတယ်ဆိုတာတော့ တဆိတ်လွန်တာပေါ့"
ဟု စိန်ဝင်းက မကျေမနပ်ဖြစ်ကာ ပြောလေ၏။

"မကျေနပ်ဘူးလား... မကျေနပ်ရင် ပြန်ပြီးသောက်ပေါ့ကွာ"ဟု
ဦးမြိုင်က မခိုးမခန့်ပြောလိုက်ပြန်၏။

"သောက်လို့တော့ရမလားဦးလေးမြိုင်ရယ် သွေးအန်ပြီးသေတဲ့
အပြင် ငရဲကြီးခြောက်ထပ်ကို ရောက်ရဦးမှာကိုတော့ ကျွန်တော်
ဘယ်သောက်ပါ့မလဲ..."

"ငရဲကြီးရှစ်ထပ်ပါကွ၊ နတ်ပြည်ကမှ ခြောက်ထပ်"ဟု ဦးမြိုင်က
ပြင်၍ပေးလေသည်။

"ငရဲပြည်နဲ့နတ်ပြည် မှားသွားလို့ပါ..."



www.burmeseclassic.com

www.burmeseclassic.com



"အရက်ကိုဆက်ပြီးသောက်နေရင် သေတဲ့အခါမှာ တကယ်ကို မှားတော့မယ်၊ ငရဲပြည်ကို နတ်ပြည်မှတ်ပြီးသွားရလိမ့်မယ် မောင်စိန်ဝင်း…"

"အင်းလေ… ပြတ်လက်စနဲ့ပြတ်လိုက်ရတော့တာ ပေါ့ဦးလေး မြိုင်ရယ်…"ဟု မောင်စိန်ဝင်းက စိတ်မချမ်းသာသော လေသံဖြင့် ပြောလိုက်လေသည်။

ဦးမြိုင်ကလည်း လူတစ်ဖက်သားကို စိတ်ညစ်အောင် လုပ်လိုက်ရသဖြင့် အကျေနပ်ကြီးကျေနပ်ကာ ပြန်သွားလေတော့၏။

|မှတ်ချက်။ အမှန်စင်စစ်အားဖြင့် မြကြီးသည် စာပို့သမား စိန်ဝင်းထံမှ ငွေကိုနှိုက်ယူ၍ နောက်ပြောင်ခဲ့ခြင်းမှာ နောက်ပြောင်လို၍ မဟုတ်ပေ၊ စိန်ဝင်းအလုပ်မဆင်းနိုင်ရန် လုပ်ခဲ့ခြင်းသာ ဖြစ်ပေသည်၊ ထိုသို့စိန်ဝင်းအလုပ်မဆင်းနိုင်မှ ရက်အတွင်း မှာပင် ဒေါ်ရွှေရကြီး၏သား လူမောင်မသေကြောင်း သံကြိုး စာကိုပြင်၍ရိုက်ရန် ဖြစ်ပေသည်။|

စိန်ဝင်းလည်း မန်နီအော်ဒါ စာရွက်များနှင့်အတူ ငွေကိုးဆယ့်ကိုးကျပ်ကို အိတ်တွင်းသို့ထည့်ကာ အိမ်မှထွက်လာပြီးလျှင် ငွေလက်ခံရမည့်အိမ်များသို့ ငွေများလျှောက်၍ ပို့ခဲ့လေ၏။

ငွေလက်ခံသောအိမ်များကလည်း မောင်စိန်ဝင်းအား တစ်ကျပ် ငါးမူးစသည်ဖြင့် ဘောက်ဆူးအဖြစ်ပြန်၍ပေးလိုက်ကြရာ ငွေလေး ကျပ်တိတိ ရရှိခဲ့လေသည်။

ဘုံဆိုင်ကြီးရှေ့သို့ရောက်သည့်အခါ၌စိန်ဝင်း၏ ဝမ်းခေါင်း အတွင်းမှ လေတက်၍လာသဖြင့် "အေ့"ဟု ပါးစပ်မှအသံထွက်သွား လေ၏။

"ဖွတ်စမင်း… ဆိုင်ရှေ့မှာ တအေ့အေ့နဲ့ လေတက်မနေနဲ့၊ အနေခက်ရင် တစ်ခွက်တစ်ဖလားလောက် ဝင်ပြီး မော့လိုက် ပါလား…"ဟု ရှင်းနောက်မှ တစ်စုံတစ်ယောက်၏ ပြောလိုက်သံကို ကြားလိုက်ရသဖြင့် ကြည့်လိုက်ရာ အရက်သမားသန်းမောင် ဖြစ်ကြောင်း တွေ့ရလေ၏။





စိန်ဝင်းက ခေါင်းကိုအသာအယာရမ်း၍ ပြလိုက်လေသည်။

"ဘာလဲ… ပိုက်ဆံမရှိလို့လား၊ ခွင့်စာလဲမတင်ပဲ ဘုံဆိုင်ကို ပျက်ကွက်နေတာလေးရက်ရှိပြီပဲ ပိုက်ဆံမရှိရင် ကျွပ်တိုက်မယ်၊ လာ…" ဟု အရက်သမားသန်းမောင်က ပြောလေ၏။

"မသောက်ဘူး… မသောက်ဘူး၊ သွေးအန်လိမ့်မယ်၊ သွေးအန်တာက ကိစ္စမရှိဘူး ခြောက်ထပ်… အဲရှစ်ထပ်ကိုသွားရလိမ့်မယ်"ဟု စိန်ဝင်းက ပြာပြာသလဲပြောလိုက်လေ၏။

"ဘာခြောက်ထပ်လဲ… ခြောက်ထပ်ကြီးဘုရားကိုသွားဖို့ ပြောတာလား။ လာစမ်းပါ။ သောက်ပြီးမှသွားစမ်းပါ"ဟု သန်းမောင်က ပြောပြန်၏။

"မဟုတ်ဘူး… သစ္စာရေသောက်ထားတယ်…"

"ဘာဖြစ်လို့သစ္စာရေသောက်ရတာလဲ၊ သစ္စာရေက အရက်လို သောက်လို့ကောင်းလို့လား"

"မကောင်းဘူး… ပန်းအိုးကရေဆိုတော့နံတယ်၊ မထူးပါဘူး။ အရက်လဲနံတာပဲ။ အို… ဘာတွေလျှောက်မေးနေတာလဲ ကျုပ်… အရက်ဖြတ်လိုက်ပြီ… အွန့်"ဟု နောက်ဆုံး၌ လေတစ်ချက်တက် လိုက်ပြီးလျှင် စိန်ဝင်းလည်းဆက်၍ လျှောက်သွားလေ၏။

ကျောက်ရေတွင်းလမ်းသို့ရောက်လျှင် အိမ်ရှေ့သို့ထွက်၍ တံမြက်စည်းလှည်းနေသော လူမောင်၏မိခင် ဒေါ်ရွှေရကြီးကိုတွေ့သဖြင့် စိန်ဝင်းက…

"အမေကြီးသံကြိုးစာရတယ်နော်…"ဟု မေးလိုက်လေ၏။ စိန်ဝင်း မေးသည်မှာ လူမောင်သေဆုံးကြောင်း သံကြိုးစာဖြစ်ပေသည်၊



www.burmeseclassic.com

www.burmeseclassic.com



သို့ရာ တွင် ဒေါ်ရွှေရက ဖျဉ်းမနားမှ မြကြီးကလှမောင်အနေနှင့် ရိုက်လိုက် သော သံကြိုးစာကို ရရှိထားသည်ဖြစ်ရာ...

"အေးတွယ် ရပါတယ်..."ဟု ပြန်၍ ဖြေလိုက်လေ၏။

"ဘယ်လိုဖြစ်တာလဲ..."ဟု စိန်ဝင်းကမေးပြန်၏။

"မင်းသိတဲ့အတိုင်းပါပဲကွယ်..."ဟု ဒေါ်ရွှေရက ပြန်၍ဖြေလေ၏။

"သနားစရာပါပဲ..."

"အေးကွယ်...မအေကိုသိပ်ချစ်တာကိုးကွယ်။ ငါ့သားကလူလိမ္မာလေးပါကွယ်၊ နေတာကလဲ... မိန်းမရှာလေးကျနေတာပဲ..."

"အော့... အော... ဟုတ်ကဲ့... ဟုတ်ကဲ့... အော့... အော့..."

"မင်းကလဲ... တအော့အော့နဲ့ ဘာရောဂါလဲ..."

"မြေရောဂါ အော့... မဟုတ်ပါဘူး...၊ နေမကောင်းလို့ပါ..."

"မြေရောဂါရနေပြီလား"ဟု ဒေါ်ရွှေရက မေးလိုက်လျှင် စိန်ဝင်း မှာလည်း မြကြီး၏နောက်ပြောင်ခဲ့ခြင်းမှ အစပြု၍ အရက်ကို ဖြတ် လိုက်ရသဖြင့် လေတက်နေခြင်းဖြစ်ပေရာ "ဟုတ်ကဲ့"ဟု ပြန်၍ ဖြေလေ၏။

ဒေါ်ရွှေရကြီးမှာလည်း မိမိ၏ယကြာစွမ်းသဖြင့် မိမိသားကလေးမှာ မည်သို့မျှမဖြစ်သော်လည်း မြေခေါ်မြကြီးတစ်ယောက်မှာမူ ယကြာခိုက်သောကြောင့် ရောဂါရနေပြီဟု နားလည်ကာ ကျေနပ်၍ သွားလေတော့သတည်း။

ꩶ ꩶ ꩶ





# ပြည်ကြီးပျော်ဘွယ်အရပ်မှ မှတ်ဆိတ်မွေးနှင့်လူ

မန္တလေးသို့ရောက်သည့်အခါ၌ မြကြီးသည် တွဲခေါင်းအားနှုတ်ဆက်၍ ထွက်ခဲ့လေသည်။ အိတ်တွင်းမှ သံကြိုးစာကိုထုတ်၍ ကြည့်လိုက်ပြန်၏။ ဒေါ်ရွှေရထံသို့ လှမောင်သေဆုံးကြောင်း သံကြိုးရိုက်လိုက်သူမှာ ခင်မောင်တင့်ဆိုသူဖြစ်၏။ သံကြိုးစာ၌...

ခင်မောင်တင့်

ပြည်ကြီးပျော်ဘွယ်ရပ်

မန္တလေး. . . ဟူ၍ ဖော်ပြထားလေသည်။

မြကြီးသည် ပြည်ကြီးပျော်ဘွယ်ရပ်သို့ ရထားလုံးတစ်စီးငှား၍ သွားလေသည်။ ရထားလုံးသမားက ကွေ့ပတ်၍မောင်းနေကြောင်း မြကြီးက ရိပ်မိသဖြင့်...

"ရထားလုံးဆရာကြီး ကွေ့ပတ်ပြီး မောင်းမနေနဲ့၊ ငါးမူးပဲပေးမှာ၊ ဝေးရင်လဲငါးမူးပဲ၊ နီးရင်လဲငါးမူးပဲ"ဟု ပြောလိုက်ရာ ရထားလုံးဆရာလည်း မြကြီးကိုစိတ်ဆိုး၍သွားကာ မြင်းကိုမဲ၍ ရိုက်လေတော့၏။

မျှားမကြာမီ၌ပင် ပြည်ကြီးပျော်ဘွယ်ရပ်သို့ ရောက်ရှိသွားသဖြင့် ခင်မောင်တင့်ဆိုသူ၏အိမ်ကို စုံစမ်းရပြန်၏။

မန္တလေး၏ထုံးစံအတိုင်း မြောက်ဘက်ကိုသွား၊ တောင်ဘက်ကိုသွားနှင့်ညွှန်ပြနေသဖြင့် မြကြီး၏စိတ်၌ ခရီးသွားအိမ်မြှောင်လေးခုလောက်ပါခဲ့ရင် အကောင်းသားဟု အောင့်မေ့မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အတော်အတန်စုံစမ်းပြီးနောက် ခင်မောင်တင့်ဆိုသူ၏အိမ်သို့ ရောက်ရှိလေတော့၏။ လူငယ်သုံးလေးဦးအိမ်ရှေ့တွင်ထိုင်၍ စကား ပြောနေကြသည်ကို တွေ့သဖြင့် မြကြီးက ထိုလူငယ်များထံသွား ရောက်ကာ…

"ကျွန်တော်က ရန်ကုန်ကပါ၊ ကိုခင်မောင်တင့်ရိုက်လိုက်တဲ့ သံကြိုး စာကိုရလို့ လာခဲ့တာပါပဲ…"ဟု ရိုသေသော အမူအရာနှင့် ပြောလိုက် လေ၏။

"မိတ်ဆွေခဏလေးစောင့်ပါ၊ ကိုခင်မောင်တင့် ဘုရားဝတ်ပြုဖို့ သွားပါတယ်၊ မကြာခင် ပြန်လာပါလိမ့်မယ်"ဟု ဆိုသဖြင့် မြကြီးလည်း ထိုသူတို့နှင့်အတူ ကွပ်ပျစ်ပေါ်၌ ရောနှော၍ ထိုင်လိုက်လေတော့၏။

မြကြီးထိုင်လိုက်ပြီး များမကြာမီ၌ပင် ကွပ်ပျစ်ပေါ်မှ လူငယ်များ သည် တစ်ဦးချင်းထ၍သွားကြရာ နောက်ဆုံး၌ မြကြီးတစ်ယောက် တည်းသာ ကွပ်ပျစ်ပေါ်၌ ကျန်ရစ်ခဲ့လေတော့၏။

ထိုသို့တစ်ယောက်တည်း ကျန်တော့သည့်အခါ၌ အင်္ကျီကို လုံချည် အပြင်သို့ထုတ်၍ဝတ်ပြီး လက်လေးသစ်ခန့် မုတ်ဆိတ်မွေးဘုတ်စု လေးကို အဖျားကော့၍ထားသည့် မော်လဝီခေါ် ဗလီဆရာ တစ်ဦး၏ ဟန်ပန်အမူအရာနှင့် လူတစ်ယောက် ရောက်ရှိလာလေ ၏။

"ဘိုင်ကြီးရေ… အိမ်ရှင်တွေတော့ တစ်ယောက်မှမရှိဘူးဗျို့၊ ကျုပ်ကလဲဧည့်သည်ပဲ" မြကြီးက တစ်စုံတရာမမေးမီ ဆီး၍ပြောလိုက် လေ၏။

ထိုသူက မြကြီးအား မျက်လုံးပြူး၍ ကြည့်ပြီးလျှင်…

"အိမ်ရှင်ကို ဧည့်သည်က ဧည့်ခံဆိုတာလို ဖြစ်နေပြီ။ ကျုပ်က ဒီအိမ်ရှင်ပါ။ မိတ်ဆွေက ဘယ်သူပါလဲ"ဟု မြန်မာသံ ပီပီသသ ကြီးနှင့် ပြောလိုက်လေ၏။





"ကိုခင်မောင်တင့်နဲ့ တွေ့ချင်လို့ပါ…"ဟု မြကြီးက ပြောလိုက်ရာ ထိုသူက…

"ယောက်မခါးထိုးရှာဆိုသလို ဖြစ်နေပြီ။ ကိုခင်မောင်တင့် ဆိုတာ ကျုပ်ပဲလေဗျာ…"ဟု ဖြေလေ၏။

"အော်… ကျုပ်က မောင်လှမောင်ရဲ့အစ်ကိုပါ။ သံကြိုးစာ ရရခြင်း ဆွက်လာခဲ့တာပါပဲ…"ဟု မြကြီးက ပြောလေသည်။

"အော်… ကျုပ်က ငှက်မသိတော့ ဆက်ရက်ချိုးထင်၊ အချက် မသိတော့ သမက်သူခိုးထင်ဆိုတာလို ဖြစ်နေပြီ။ သံကြိုးစာက ကျုပ် ရိုက်လိုက်တာပဲ။ မောင်လှမောင်တစ်ယောက်တော့ သဇီဝသဘော ဘနေ နဇီဝသဘောကို ရွှေ့လျောသွားရှာပြီပေါ့ဗျာ…"ဟု ကိုခင်မောင်တင့်က ပြောပြန်လေ၏။

"အသုဘကိစ္စအတွက် လာတာပဲ၊ ကျုပ်မှာတော့ ငွေလဲမပါခဲ့ဘူး။ အစစအရာရာ ကိုခင်မောင်တင့်ကိုပဲ အားကိုးရတော့မှာပဲ၊ ပြီးတော့ စိုက်ထားသမျှငွေကို မှတ်ထားပါ။ ပြန်ပြီးဆပ်ပါ့မယ်"ဟု မြကြီးက မျက်နှာထားငယ်ငယ်နှင့်ပြောလျှင် ကိုခင်မောင်တင့်က…

"ပို့မယ်ပို့ ကူးတို့ရောက်အောင်ပို့ဆိုတဲ့ စကားလိုပေါ့ဗျာ။ မောင် လှမောင်အတွက် ကျုပ်က ဒါလောက်ကူညီပြီးမှတော့ ဘာများ မကူညီ နိုင်စရာရှိလဲ မိတ်ဆွေ…"ဟု ဆိုလေ၏။

"ဒါနဲ့ မောင်လှမောင်က ဘာရောဂါနဲ့ဆုံးတာလဲဗျ"ဟု မြကြီးက မေးလိုက်လေ၏။

"သူများရွာမှာကြက်မ၊ ကိုယ့်ရွာမမှ ကြက်ဖလို့ ဆိုထားတယ် မဟုတ်လားဗျ။ ခင်ဗျားညီကတော့ ဒီလိုမဟုတ်ပေဘူး၊ သူများရွာမှာ လာပြီး ကြက်ဖလုပ်တော့…"ဟုဆိုကာ စကားကို ဖြတ်လိုက်ပြီးလျှင် စိတ်မကောင်းသောမျက်နှာင့်ကြည့်လေ၏။

"ကြက်ဖလုပ်တော့ ဘာဖြစ်သလဲဗျ ဆိုစမ်းပါအုံး…"



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကိုရန်ခြင်းမတုန့်နှင်းနဲ့လို့ ဆိုထားပါလျက်နဲ့ ရန်ကိုရန်ခြင်း တုန့်နှင်းတာတိုးဗျ. . ."

"အင်း— ပြောပါအုံး ကိုခင်မောင်တင့်ရယ်..."

"ချစ်စကိုရှည်စေ၊ မုန်းစကိုတိုစေ မဟုတ်လား... မိတ်ဆွေ၊ မောင် လှမောင်ကတော့ မုန်းစကို ရှည်အောင်လုပ်ခဲ့တာကိုးဗျ..."

"ဆိုစမ်းပါအုံး ကိုခင်မောင်တင့်ရယ်..."

"တစ်ယောက်နဲ့အများဆိုတော့ အားမတန် မာန်ကိုလျှော့ရမယ် အစား..."

"ပြောပါဦးဗျ..."

"တစ်ယောက်ကောင်းသော် တစ်သောင်းဗိုလ်ချေညက်ညက်ကျေ တဲ့။ ဒါပေမယ့် မောင်လှမောင်ကတော့ ဒီလိုမဟုတ်ခဲ့ဘူး။ မောင်လှ မောင်တစ်ယောက် စီတီလိုင်းကအပြန်မှာ လူလေးယောက်က နောက်က လိုက်သွားတယ်..."

"အင်း... ဆိုပါဦး... ကိုခင်မောင်တင့်... "

"မရဲသော်လဲ... ပြေးခဲ့စေတဲ့..."

"လှမောင်က ပြေးသလားဗျ..."

"မပြေးသော် ကန်ရာရှိလို့ ဆိုထားတယ် မဟုတ်လား..."

"ပြေးသလား၊ မပြေးဘူးလား ရှင်းရှင်းပြောစမ်းပါ... ကိုခင် မောင်တင့်..."

"ဆင်မှာဆင်ကြိုး၊ ကြက်ကြိုးကြက်မှာ၊ သင့်တန်စွာ၊ ဌာနဌာန၊ ကောသလ္လကို ထောင့်ချင့်ပြီး ကြည့်လိုက်တော့ ခင်ဗျားညီ မောင်လှ မောင်ဟာ ကြောက်ပြီးထွက်ပြေးတဲ့ လက္ခဏာကိုတွေ့ရတယ်။ သူ့ ခြေထောက်မှာ ဖိနပ်လဲမပါဘူး..."

"ဆိုပါဦး... ကိုခင်မောင်တင့်..."

"သူတကာယိုတဲ့ချေး ပုစွန်ဆိတ်ခေါင်းမှာစုဆိုသလို မောင်လှ





မောင်က ဘယ်သူနဲ့ပဲဖြစ်ဖြစ်နောက်ဆုံးမှာ ကျုပ်ခေါင်းပေါ် တာဝန် ကျလာမှာစိုးတာနဲ့..."

"ပြောပါဦး... ကိုခင်မောင်တင့်..."

"လိုလျှင်ရစေ ကြိုးနှယ်ခွေလို့ဆိုထားတဲ့အတိုင်းကျုပ်က ရန်ဖြစ် လေ့မရှိပေမယ့် လိုရမယ်ရ ဆောင်ပြီးထားတဲ့ ဇာဝီတုတ်ကို ကိုင်တဲ့ပြီး သွားခဲ့ပါတယ်..."

"အင်း... ပြောပါအုံးဗျာ..."

"အလာကောင်းပေမယ့် အခါနှောင်းလေပြီဆိုသလိုပါပဲ... ကျုပ်လဲ ရောက်ရောမောင်လှမောင်ဟာ ဓားတန်းလန်းနဲ့ လမ်းပေါ်မှာ လဲပြီး သေနေရှာတာကို တွေ့ရပါတယ်...မိတ်ဆွေ..."

"အင်း ပြောပါဦး... ကိုခင်မောင်တင့်..."

"လူမှာအမျိုးကြက်မှာအရိုးလို့ဆိုထားတဲ့စကားအတိုင်း မောင်လှ မောင်ရဲ့ အမေဆီကို သံကြိုးရိုက်လိုက်တာပါပဲ..."

"အင်း... ပြောပါဦး... ကိုခင်မောင်တင့်..."

"လူဆိုတာက ယေတကံ၊ ရှင်တကံ မဟုတ်လာမိတ်ဆွေ..."

"ဆိုပါအုံး... ကိုခင်မောင်တင့်..."

"ပျောက်သောသူရှာလျှင်တွေ့၊ သေသောသူကြာလျှင်မေ့ဆိုပေ မယ့် မမေ့နိုင်ကြခင်မှာ မောင်လှမောင်ကို ကောင်းကောင်း သင်္ဂြိုဟ် ချင်တဲ့ဆန္ဒလဲရှိပါတယ်"

"ဒါနဲ့နေပါအုံး ကိုခင်မောင်တင့်၊ မောင်လှမောင်ကို သတ်တဲ့လူကို မိပလား"

"ကောက်ရိုးပုံထဲ အပ်ရှာဆိုသလို မန္တလေးရွှေမြို့တော်ကြီးမှာ လူတွေက သည်လောက်များနေတော့ မောင်လှမောင်ကို သတ်တဲ့သူ ဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ ဂယနဏရှာဖို့ အခက်သားလား ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"သည်လိုဆို မိပါအုံးမလားဗျာ..."

"အစိုးရဘုန်းမိုးသို့ချုန်း၊ လူပုန်းတောမှာမနေသာဆိုတဲ့ စကားလဲ ရှိသားပဲမိတ်ဆွေ..."

"ဒါတော့ ဒါပေါ့ဗျာ၊ ကျုပ်က မြန်မြန်မိစေချင်တာ..."

"လက်ဖက်ကောင်းစားချင် ပလောင်တောင်တက်နေ့ရမယ်တဲ့ အခုနေဖမ်းရင် တရားခံအစစ်ကိုမမိပဲနေမှာပေါ့ဗျာ..."

"ကိုခင်မောင်တင့်က စကားပုံတွေ တော်တော်ဖတ်ထားတယ် ထင်တယ်"

"ရှေးထုံးလဲမပယ်နဲ့၊ ဈေးသုံးလဲမကြွယ်နဲ့၊ စကားပုံဆိုတာက ရှေးထုံးမဟုတ်လားဗျာ..."

"ကျုပ်တစ်သက်မှာ စကားပုံကိုခင်ဗျားလောက် အသုံးပြုပြီး စကားပြောတဲ့သူကို မမြင်ဖူးသေးဘူး..."

ထိုအခါ၌ ကိုခင်မောင်တင့်က သူ၏ မုတ်ဆိတ်ကလေးကို လက်ဖြင့် သပ်ရင်း...

"ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယောစ၊ သုသိက္ခိတော၊ သုဘာသိတာစ ယာဝါစာ၊ ဧတံမင်္ဂလမုတ္တမံ၊ များသော အကြားအမြင် ရှိခြင်း၊ ဗဟုသုတနှင့်ပြည့်စုံခြင်း၊ နှုတ်မှုတတ်ကျွမ်းခြင်းဟာ မင်္ဂလာလို့ ဆိုထားတယ်မဟုတ်လား မိတ်ဆွေ"

"ဟုတ်... ဟုတ်ပါတယ် ဟား ဟား... ဟီး ဟီး..."ဟု မြကြီးက အားရပါးရ ရယ်မောလိုက်လေတော့သတည်း။

❑ ❑ ❑

ထို့နောက် မြကြီး၏ဆန္ဒအရ ကိုခင်မောင်တင့်က ရုပ်ဖျက်ဆင်းဖျက် ဖြစ်နေသော မောင်လှမောင်၏ အလောင်းကို ဆေးရုံရင်ခွဲရုံမှ





ထုတ်ယူ ကာ မန္တလေးမြို့ (ဆင်ဖြူကန်)သုသာန်၌ အုတ်ဂူသွင်း၍ သဂြိုဟ်လိုက် လေတော့၏။

ထိုနေ့ညနေတွင် မြကြီးက ကိုခင်မောင်တင့် အနီးသို့ ကပ်ကာ...

" ကျုပ်သွားမယ် ကိုခင်မောင်တင့်..."ဟု နှုတ်ဆက်လိုက်ရာ ကိုခင်မောင်တင့်က ငွေငါးရာထုတ်၍ မြကြီးအား...

"ခရီးသွားရင် ရေဗူးနဲ့ ခမောက်ပါရမယ်တဲ့၊ တစ်ခုမှ မပါပဲ သွားလို့တော့ ဖြစ်မယ်မထင်ဘူး၊ ဒီငွေလေးတော့ယူသွားပါဦး..."ဟု ဆိုကာ ပေးလေ၏။

"ဒါလောက် ကူညီတာကိုပဲ ကျေးဇူးတင်လှပါပြီ ကိုခင်မောင်တင့်"

"ကျေးဇူးမတင်ပါနဲ့ ကိုမြကြီး...၊ မောင်လှမောင်နဲ့ ကျုပ်နဲ့က ပေါ်တူစပ်ဖက် အလုပ်လုပ်ခဲ့ကြရာမှာ မောင်လှမောင်ရဲ့ ငွေကလေး နည်းနည်းပါးပါး ကျုပ်မှာ ရှိတယ်လေ၊ ဒါကြောင့် ကျုပ်က အကုန် အကျ ခံနိုင်တာပေါ့၊ သူ့ရဲ့ အသုဘကိစ္စမှာ သူ့ငွေတွေ အကုန်လုံး သုံးပစ်လိုက်ပါပြီ၊ ဒီငွေငါးရာပဲ ကျန်ပါတယ်..."

"နေပါစေ ကိုခင်မောင်တင့်...၊ ငွေငါးရာမရလဲ ကျေးဇူးတင်လှ ပါပြီ၊ မောင်လှမောင်ရဲ့ငွေ ခင်ဗျားမှာရှိတယ်ဆိုပေမယ့် ခင်ဗျားမရိုး သားလုပ်ရင် ဖြစ်တာပဲ မဟုတ်လား..."

"မရိုးမသားလုပ်ရင် ဘယ်သူမှမသိပါဘူး၊ ဒါပေမယ့် အာလာ သခင်ကတော့သိပါတယ်၊ ကျုပ်ဟာ အာလာသခင်မကြိုက်မယ့် အလုပ် ကို ဘာမှမလုပ်ဝံ့ဘူး ကိုမြကြီး၊ ပြီးတော့ ကျုပ်တို့ဘာသာမှာ မရှိ ဆင်းရဲတဲ့လူကို ကိုယ့်အိတ်ထဲက စိုက်ထုတ်ပြီးတောင် ကူညီရတဲ့ အစဉ် အလာရှိပါတယ်၊ ဇကတ်လို့ခေါ်ပါတယ်၊ ဆင်းရဲသား ထောက်ပံ့ကြေး ပေါ့ ကိုမြကြီး..."

" လေးစားပါတယ် ကိုခင်မောင်တင့်၊ အဲဒီငွေငါးရာကို



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေရ၊ အမှတ်(၁၄)၊ ကျောက်ရေတွင်းလမ်း တာမွေစာတိုက်
ရန်ကုန်လိပ်စာ ကိုပဲ ပို့ပေးပါ။ ပို့တဲ့အခါမှာ မောင်လှမောင်
နာမည်နဲ့ပို့ပေးပါ..."

"အဲဒီလိပ်စာက... ခင်ဗျားတို့မိခင်ကြီးရဲ့ လိပ်စာ
မဟုတ်လား..."

"ဟုတ်ပါတယ်... မောင်လှမောင်သေတဲ့အကြောင်း မိခင်ကြီး
အသိမပေးချင်သေးဘူး ကိုခင်မောင်တင့်..."

"ခင်ဗျားက အဖြစ်မှန်ကို ဘယ်လောက်ပဲဖုံးထားချင်ပေမယ့်
အာလာသခင်ရဲ့ ခွင့်ပြုတဲ့အချိန်အထိပဲဖုံးထားနိုင်မှာပါ။ အာလာ
သခင်က အဖြစ်မှန်ကို တစ်နေ့နေ့မှာ သိစေမှာအမှန်ပဲ ကိုမြကြီး..."

ထို့နောက် မြကြီးသည် ကိုခင်မောင်တင့်အားနှုတ်ဆက်၍ ခြေဦး
တည့်ရာ ထွက်၍လာခဲ့လေတော့၏။

မြကြီးသည် လောလောဆယ် နေရေးထိုင်ရေး စားရေးသောက်ရေး
အတွက် ပထမဆုံးစဉ်းစားရလေ၏။ ပြီးလျှင် လှမောင်၏မိခင်ကြီး
ဒေါ်ရွှေရထံသို့ လစဉ်ငွေမှန်မှန် ပို့ပေးနိုင်ရေး ဖြစ်ပေသည်။
ထို့နောက်တွင်ကား လှမောင်အား ဓားဖြင့်ထိုးသတ်သွားသော
တရားခံအား ဖမ်းဆီးနိုင်ရေးဖြစ်ပေသည်။

ထို့ကြောင့် လှမောင်အသတ်ခံရမှုအား အမှုဖွင့်ထားသည့် (၅)
မှတ်ဂိတ်သို့ ခြေဦးလှည့်လိုက်လေတော့၏။

ဂိတ်သို့ရောက်လျှင် ဂိတ်စာရေးအား လှမောင်အမှုကိုကိုင်သော
ဦးနက်ကျော်ဆိုသည့် ရာဇဝတ်အုပ်နှင့် တွေ့လိုကြောင်း
ပြောလေ၏။

မြကြီးအား ဂိတ်စာရေးက ဂိတ်ရှေ့မကျည်းပင်ကြီးအောက်
တွင် ထိုင်၍စောင့်နေရန် ပြောသဖြင့် မြကြီးလည်း မကျည်းပင်
အောက်သို့ သွားရောက်ကာ ခြေပစ်လက်ပစ် ထိုင်ချပြီးလျှင်





ရာဇဝတ်အုပ် ဦးနက်ကျော်အား စောင့်ဆိုင်းနေလေတော့၏။

တအောင့်မျှကြာလျှင် ၎င်းအနီးသို့ တောင်းကြီးနှစ်လုံးကို တံပိုးဖြင့်
ထမ်း၍လာသော ရှမ်းတစ်ယောက်သည် ရှမ်းဘောင်းဘီ ပွပွကြီး
နှင့် ရှမ်းခမောက်ကြီးကို ဆောင်းလျက်ရောက်လာပြီးလျှင် တောင်း
များကိုချလျက် ခြေပစ်လက်ပစ်ထိုင်ကာ ဆေးတံအိုး၌ ဆေးဖြည့်
လျက် ဆေးတံကိုသောက်ရင်း မြကြီးအား မကြာခဏ ငဲ့စောင်း၍
ကြည့်လေ၏။ ထိုသို့ကြည့်ရှုပြီးနောက်...

"ပုလိပ်ကိုတိုင်ချင်တယ်..."ဟု ပြောလေ၏။

"ဘာဖြစ်လို့တိုင်ချင်တာလဲ..."ဟု မြကြီးက ပြန်၍မေးလိုက်လေ၏။

"ကျုပ်မှာပါတဲ့ပိုက်ဆံတွေကို ဖဲသမားတွေလိမ်ပြီးယူလိုက်တယ်၊
သူတို့မှာက ဖဲကလေးသုံးချပ်ထည်းပါတယ်... ကျုပ်ကိုပြပြီးမှ မှောက်
ထားလိုက်တာ၊ ကျုပ်ကသေသေချာချာမြင်ရလို့ သေချာပေါက်
ဆိုပြီး ထိုးတာပါပဲ... ပိုက်ဆံလေးချပြီးလောင်းလိုက်တာ ဖဲကိုလည်း
လှန်လိုက်ရော ကျုပ်ကိုပြတုန်းကဖဲမဟုတ်တော့ဘူးဗျ"ဟု ရှမ်းကြီးက
ပြောလျှင် မြကြီးကပြုံးလိုက်၏။ ထိုအခါ၌ ရှမ်းကြီးက "ဘာကို
ပြုံးတာလဲ..."ဟု မေးမြန်းပြန်၏။

"ခင်ဗျား ဖဲသုံးချပ်သမားနဲ့တွေ့လာခဲ့ပြီပဲ... ဘယ်တော့မှမလုပ်
လေနဲ့ မိတ်ဆွေကြီး... ပါတာကုန်လိမ့်မယ်"ဟု မြကြီးကပြောလျှင်
ရှမ်းကြီးက...

"ကုန်တာအရေးမကြီးပါဘူး... လိမ်တာကိုမကြိုက်တာပါ၊
လိမ်တဲ့အတွက် ဖဲသုံးချပ်သမားကို ဖမ်းဖို့တိုင်ချင်တာပဲ..."ဟု
ရှမ်းကြီးက ဆေးတံမီးခိုး တထောင်းထောင်းနှင့် ပြောလေ၏။

"ရာဇဝတ်အုပ်လာရင် ကျုပ် ခင်ဗျားကိုစွကိုပါ တိုင်ပေး
ပါ့မယ်..." ဟု မြကြီးကပြောလိုက်ရာ ရှမ်းကြီးက သဘောကျ၍
သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



များမကြာမီ၌ တောက်မီးသွေး၏အနက်ရောက်ကဲ့သို့ နက်မှောင်နေသော အသားရောင်ရှိသည့် ရာဇဝတ်အုပ်ဦးနက်ကျော်သည် မြကြီးတို့အနီးသို့ ရောက်၍လာလေ၏။

"ဪတို့... တွေ့ချင်တာဘယ်သူလဲကွ၊ နက်ကျော်ဆိုတာ ငါပဲ..." ဟု ပြောလေ၏။

"ခင်ဗျားမပြောလဲ... ခင်ဗျားအသားရောင်ကိုမြင်ကတည်းက နက်ကျော်ဆိုတာ သိပါတယ်ဗျာ..."ဟု မြကြီးက စိတ်၌တွေးရင်း ပြုံးလိုက်လေ၏။

"ကျွန်တော်ပါ ရာဇဝတ်အုပ်မင်း၊ တွေ့ချင်တာကဒီလိုပါ။ ဟိုနေ့က စီဘီလိုင်းနားမှာ အသတ်ခံရတဲ့ မောင်လှမောင်ဆိုတာက ကျွန်တော့်ရဲ့ညီပါ...။ ကျွန်တော်က သူ့ရဲ့အစ်ကို မောင်မြကြီးပါ ခင်ဗျ..."ဟု မြကြီးက ခါးကလေးကိုညွတ်၍ ပြောလိုက်ရာ ရာဇဝတ်အုပ် ဦးနက်ကျော်သည် မြကြီးအား တချက်ကြည့်လိုက်ပြီးနောက်...

"ငါတို့ ပုလိပ်ဆိုတာက ဆိုးပေ့ တေပေ့၊ ရှုပ်ပေ့ဆိုတဲ့ လူတွေနဲ့ နပမ်းလုံးရတဲ့ အလုပ်မျိုးကွ၊ လူရှုပ်ဆိုတဲ့လူတွေ တော်တော်များများကိုလဲ တွေ့ဖူးပါရဲ့၊ မင်းညီ လှမောင်လောက် ရှုပ်တဲ့လူကိုတော့ ငါ့ တစ်သက်မှာမတွေ့ဖူးပေါင်ကွာ၊ သူကတော့သေပြီ၊ သူရှုပ်ခဲ့တဲ့ အမှုတွေက မနည်းဘူး၊ လိမ်မှုတိုင်ချက်တိုင်းမှာ တရားခံဟာ လှမောင် ဖြစ်နေတယ်၊ သတ်တဲ့တရားခံဟာလဲ အလိမ်ခံရလို့ သတ်တာဖြစ်ရမယ်လို့ ငါတို့ကခန့်မှန်းမိတယ်"ဟု ပြောလိုက်လေ၏။

"လှမောင်က လူလိမ်တစ်ယောက်..."ဟု မြကြီးက စကားစလိုက်မည် အလုပ်၌ပင် ဦးနက်ကျော်က...

"ဟုတ်တယ်... လူလိမ်တစ်ယောက်ပဲ၊ ဖုတ်ကျန်ကုမ္ပဏီကို ယစ်မျိုးအရာရှိဆိုပြီး ငွေတစ်သောင်းလိမ်သွားတယ်၊ ကားအုံနာ





...ယောက်ကို တာယာတွေရမယ်ဆိုပြီး လိမ်သွားတယ်၊ ရတနာ...သည် ဦးကိုဆီမှာလဲ မိုးကုတ်ကသူဌေးသားဆိုပြီး စိန်ဘယက်...ကားလိမ်သွားသေးတယ်၊ ဒီထက်ဆိုးတာက မိန်းကလေးတွေကို ...ဆိုးတဲ့ကိစ္စပဲ၊ မရှိဆင်းရဲတဲ့ မိန်းကလေးတွေရဲ့ မိဘတွေကို ...ာ ရန်ကုန်က သူဌေးသားဆိုပြီး မရမကဝင်ပူးပြီး မိန်းကလေး...တို့ ဖျက်ဆီးတယ်၊ ပြီးတော့ ယူလဲ မယူဘူး"

"ဗျာ..."ဟု မြကြီးပါးစပ်မှ ယောင်ရမ်း၍ ထွက်သွားလေ၏။

"ငါက တာဝန်အရသာ လှမောင်သတ်တဲ့ကောင်ကို ရှာနေ...ာ တကယ်ကတော့ ဒီကောင်မျိုး စောစောသေတာ ကောင်း...ယ်လို့ပဲ ဆိုရမယ်..."

"ဒါတွေ ကျွန်တော် မသိပါဘူးခင်ဗျာ..."ဟု မြကြီးက ပြောလိုက်...သည်။

"အေး... သူနဲ့တွဲနေတဲ့ မုတ်ဆိတ် ခင်မောင်တင့်ဆိုတဲ့ကောင်လဲ ...သေးတယ်၊ ဒီကောင်ဟာ မြန်မာတစ်ယောက်ပဲ မူစလင်ဘာသာ ...် လဲမဟုတ်ပဲနဲ့ ဘယ့်နှယ်ကြောင့် ဗလီဆရာကိုက် ဖမ်းနေတယ် ...သိဘူး၊ ဘယ်ဗလီကိုမှလဲ မတက်ဘူး၊ သူလဲ လူလိမ်ပဲ၊ သူ့ကိုလဲ ...တို့ စောင့်ကြည့်နေတယ်၊ သူ့အိမ်မှာ မင်းရောက်နေတာလဲ ...င်တယ်၊ လှမောင်သတ်တဲ့ တရားခံကို မမိသေးဘူး၊ ဒါပဲ"ဟုဆိုကာ ...ဇဝတ်အုပ် ဦးနက်ကျော်က ရှမ်းကြီးအား သေသေချာချာ ...ကြည့်၍...

"ဘာကိစ္စလဲ..."ဟု မေးလေ၏။

"ဖဲသုံးချပ်သမားတွေ လိမ်သွားလို့ပါ၊ ရာဇဝတ်အုပ်မင်း..."ဟု ...ကြီးက ဝင်၍ပြောလိုက်လေ၏။

"အေး... မန္တလေးကိုရောက်နေတဲ့ ဖဲသုံးချပ်သမားတွေကို ဖမ်း...ချင်နေတာကြာပြီ လာခဲ့၊ ဂါတ်စာရေးဆီမှာ အမှုဖွင့်ရမယ်..."ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ၊ ရှမ်းကြီးအားခေါ်၍သွားလေသည်။ မြကြီးလ
ရာဇဝတ်အုပ် ဦးနက်ကျော်နှင့် ရှမ်းကြီးအား နှုတ်ဆက်ပြီး
ထွက်၍လာခဲ့လေ၏။

နံနက်စာမစားရသေးသဖြင့် အနည်းငယ် ဆာလော
လာသဖြင့် အနီးရှိ သောက်ရေအိုးစင်မှ ရေတစ်ခွက်သော
အဆာဖြေ လိုက်လေ၏။

မြကြီးသည် လောလောဆယ် စားရေးသောက်ရေး အဆင်ပြေ
အတွက် ဘုန်းကြီးကျောင်းတစ်ကျောင်း၌ မှီခိုကပ်ရပ်နေမ
ထို့နောက် ဈေးအတွင်း၌ဖြစ်စေ၊ မော်တော်ကားဂိတ်၊ ဘူတာ
စသည်တို့၌ဖြစ်စေ ကူလီထမ်းချင်ထမ်းမည်၊ ထိုမှတစ်ဆင့် ပို
ကောင်းသော အလုပ်များကို လုပ်မည်ဟု ကြံစည်မိလေ၏။

ထိုသို့ စိတ်ကူးရင်း လျှောက်၍လာရာ လွန်စွာကြီးသော ဘုန်း
ကျောင်းကြီးတစ်ကျောင်းအနီးသို့ ရောက်လျှင် နောက်မှနေ၍ တ
တစ်ယောက်က "ဗျို့မိတ်ဆွေ..."ဟု ခေါ်လိုက်သည့် အသံကိုကြ
သဖြင့် လှည့်၍ကြည့်လိုက်ရာ ဖဲသုံးချပ်အလိမ်ခံရသော ရှမ်း
ဖြစ်ကြောင်း တွေ့ရလေ၏။

"ဘယ်လိုလဲ မိတ်ဆွေကြီး၊ ဂိတ်ထဲမှာ တိုင်ချက်ဖွင့်ခဲ့ပြီလား..
ဟု မြကြီးက မေးလိုက်လေ၏။

"ဖွင့်ပြီးပြီ၊ ဖဲသုံးချပ်သမားတွေကို ဈေးချိုနားမှာသွားပြီး
ဖမ်းနေပြီ၊ နေပါဦး... ခင်ဗျားက ဘာအမှုလာပြီး တိုင်တာလဲ..."
ရှမ်းကြီးက မေးလေသည်။

"ကျုပ်ညီ အသတ်ခံရလို့ပါ..."

"ရာဇဝတ်အုပ်ကပြောတော့ ခင်ဗျားညီဟာ လူလိမ်ဆို..."

"ဒါတော့ ကျုပ်လဲ မသိပါဘူး၊ လူလိမ်ပဲဖြစ်ဖြစ် လူညာပဲဖြစ်ဖြစ်
အသတ်ခံရရင် သတ်တဲ့လူကို ပုလိပ်က ဖမ်းရမှာပဲ၊ မဟုတ်ဘူးလား...





"ဒါနဲ့နေပါဦး... ခင်ဗျားက ဘယ်ကလဲ "

"ရန်ကုန်ကပါ "

"ခင်ဗျားညီ... မသေခင်မှာ ရန်ကုန်ကို ပြန်သေးလား..."

" မပြန်ပါဘူး... ကျုပ်မှတ်မိသလောက်တော့ ရန်ကုန်ကို
မပြန်တာ တစ်နှစ်နီးပါးရှိပြီ၊ ဘာဖြစ်လို့ မေးတာလဲ..."

"ဘာမှမဖြစ်ပါဘူး၊ ခင်ဗျားညီက ရတနာကုန်သည်လား၊
ရန်ကုန် မှာ ဘာလုပ်သလဲ..."ဟု ရှမ်းကြီးက မေးလေ၏။ မြကြီးမှာ
လှမောင် နှင့်ပတ်သက်၍ ပြည့်ပြည့်စုံစုံသိထားသည်မဟုတ်ပေ၊
ငယ်စဉ်ကသာ တစ်ရပ်ကွက်တည်းနေခဲ့သဖြင့် ငယ်သူငယ်ချင်း
အပေါင်းအဖော်ဖြစ်သော်လည်း နောက်ပိုင်းတွင် လှမောင်က မိခင်ကြီးကို
လုပ်ကျွေးနေသော လူရိုးလူကောင်းကလေးဖြစ်ပြီး မြကြီးမှာမူ
ရပ်ကွက်အော်ကျော်လန် အရက်သမားတစ်ဦးဖြစ်၍ လှမောင်
ကလည်း မြကြီးကို ဆေးဖော်ကြောဖက်ပင် မလုပ်တော့ပေ။ လှမောင်
တစ်ယောက် လီတာဘရားသား ကုမ္ပဏီမှ ကိုယ်စားလှယ်တော်ကြီး
ဖြစ်၍ ကြီးပွားနေပြီဟုလောက်သာ သိရ၏။ ထိုထက်ပို၍ ဘာကိုမျှ
မသိခဲ့ပေ။

"မဟုတ်ဘူးဗျ၊ လီတာဘရားသားကုမ္ပဏီက ကိုယ်စားလှယ်တော်
ကြီးပါ..."ဟု မြကြီးက ရှမ်းကြီးအား ပြောလိုက်လေ၏။

"ခင်ဗျားထွက်သွားတော့ ခင်ဗျားညီအကြောင်း ရာဇဝတ်အုပ်
နဲ့ ဂိတ်စာရေးပြောနေကြတယ်၊ ရတနာပစ္စည်းတွေ တော်တော်
များများ လိမ်သွားတယ်ဆိုပဲ၊ ဒါကြောင့် ရတနာကုန်သည်လားလို့
မေးတာပါ..."

"မဟုတ်ပါဘူး... လီတာဘရားသား ကိုယ်စားလှယ်ပါ..."

"ကျုပ်အတွက် ရာဇဝတ်အုပ်ကြီးကို ပြောပေးတာ ကျေးဇူးတင်
ပါတယ်မိတ်ဆွေ၊ ဟောဒီမှာ ကျုပ်ကိုယ်တိုင် ထုပ်ထားတဲ့ တောင်



www.burmeseclassic.com

www.burmeseclassic.com



ညှင်းထုပ်၊ စားပါဦး”ဟု ဆိုကာ ကောက်ညှင်းထုပ်တစ်တွဲကိုပေး၍ ရှမ်းကြီးလည်း ထွက်သွားလေ၏။ မြကြီးလည်း ရှမ်းကြီးပေးခဲ့သော ကောက်ညှင်းထုပ်ကို အားရဝမ်းသာနှင့် ယူလိုက်လေ၏။

ထို့နောက် ဘုန်းကြီးကျောင်းသို့ ဝင်ရောက်ကာ တိုက်ကြပ်ဆရာ တော်အား ခေတ္တတည်းခိုနေထိုင်ခွင့်ပြုရန် လျှောက်ထားရာ ဆရာ တော်က ဘုန်းကြီးကျောင်း၌ လူတို့သည် ရက်ရှည်လများ နေထိုင်ရန် မသင့်သောကြောင့် သုံးရက်မျှသာ လက်ခံမည်ဟု ပြောဆို၍ တည်းခိုခွင့်ပြုလိုက်ပြီးလျှင် ကျောင်းဝင်းအဝင်ဝရှိ တံမြက်စည်းများ၊ အိုးခွက် များ၊ ဖျာလိပ်များထားသော အဆောင်ကလေး၌ နေရာချထားပေး လိုက်လေ၏။

မြကြီးလည်း ထိုအဆောင်အတွင်း၌ပင် အိပ်စက်ခဲ့လေ၏။ ထိုအဆောင်မှာ လွန်စွာမှ ဖုံထူသောအဆောင်ဖြစ်သဖြင့် တစ်ညလုံး ချောင်းတဟွတ်ဟွတ်ဆိုး၍ အိပ်၍မရဘဲ ရှိလေတော့၏။

နံနက်မိုးလင်းသည့်အခါ၌ အလုပ်ရှာရန်အတွက် ဈေးချိုဘက်သို့ လျှောက်လာခဲ့ရာ ဈေးချိုအနီးသို့ရောက်လျှင် လက်ဖက်ရည်ဆိုင် အတွင်းမှ ရာဇဝတ်အုပ် ဦးနက်ကျော်နှင့် ပုလိပ်နှစ်ယောက် ထွက်လာပြီးလျှင် မြကြီးအား သေနတ်ဖြင့်ချိန်ကာ ဦးနက်ကျော် က. . .

‘ကဲ... ဟော့ကောင်၊ အသာတကြည်နဲ့ ဂါတ်ကိုလိုက်ခဲ့ပေတော့ ထွက်ပြေးဖို့ ခုခံဖို့ကြိုးစားရင်တော့ မင်းရဲ့ညီ လှမောင်အနားမှာ မင်း ကို မြှုပ်ရမှာပဲ...” ဟု ပြောလေတော့၏။

“ကျွန်တော့မှာ ဘာ... ဘာအပြစ်ရှိလို့လည်းဗျ၊ ကြည့်လည်းလုပ် ပါဦး ရာဇဝတ်အုပ်မင်းရယ်၊ မှားကုန်ပါ့မယ်...”ဟု မြကြီးက ထိတ် ထိတ်ပြာပြာနှင့် ပြောလိုက်လေ၏။

“မင်းမှာ ဘာအပြစ်ရှိတယ်ဆိုတာ ဂါတ်ရောက်တော့ သိရမှာ





ပေါ့ကွာ...”ဟု ပုလိပ်တစ်ယောက်က ပြောလေ၏။

ထို့နောက်အနီးရှိ ရထားလုံးတစ်စီးကိုခေါ်ယူ၍ မြကြီးအား ရထားလုံးပေါ်သို့တက်ခိုင်းပြီးလျှင် ထိုနေရာမှ ထွက်လာကြလေ၏။

မြကြီး၏စိတ်၌ “အင်း အရက်သမားလုပ်ပြီးမူးရူးနေတုန်းက ဒါလောက်အမှုမရှုပ်ပါဘူး၊ ရပ်ကွက်ထဲလည်ပြီး ပိုက်ဆံတောင်း လိုက် မူးလိုက်နဲ့ တစ်နေ့ကုန်သွားတော့တာပါပဲ၊ အခုတော့ သူကောင်း သူကောင်းလုပ်ပြီး လူတွေကိုအကျိုးပြုမယ်လုပ်မှပဲ အမှုကပွေလှတယ်...”ဟု တွေးမိရင်းပြုံးမိလေ၏။

မြကြီးသည် မိမိအား ဂါတ်သို့ခေါ်သွားခြင်းမဟုတ်ဘဲ တစ်နေ ရာရာသို့ ခေါ်နေကြောင်းရိပ်မိသဖြင့် . . .

‘ရာဇဝတ်အုပ်မင်းရဲ့ ဂါတ်ကိုသွားတဲ့လမ်းလဲမဟုတ်ပါပဲလားဗျ’ ဟု မေးလိုက်ရာ ရာဇဝတ်အုပ် ဦးနက်ကျော်က...

“ဟုတ်ဟုတ်... မဟုတ်ဟုတ်ငြိမ်ငြိမ်လိုက်ခဲ့စမ်း”ဟု ငေါက်လိုက် လေ၏။

ရထားလုံးမှာလည်း တခွပ်ခွပ်နှင့်ရွေ့လျား၍နေ၏။ မြကြီးသည် မိမိဘဝ၏ရှေ့ရေးကိုတွေးမိတိုင်း စိတ်ပျက်သကဲ့သို့ရှိလေ၏။ တစ်ခါ တရံ အရက်ပြန်ပြီးသောက်နေတာက ကောင်းပါလိမ့်ဦးမည်ဟုပင် စဉ်းစားမိလေတော့၏။

သို့ရာတွင် စိတ်ညစ်ခြင်းနှင့်ပတ်သက်၍ လေးလေးနက်နက် ခဉ်းစားကြည့်မိပြန်၏။ လူတွေသည်မည်သည့်အခါ၌ စိတ်ညစ်တတ်သည်။ စိတ်ညစ်ခြင်းဟူသောအရာသည် ယခင်က မည်သည့် နေရာ၌ မှီတွယ်၍နေသနည်း၊ မည်သည့်အခါ၌ပြန်လည်၍ ပျောက်ကွယ် သွားသနည်း၊ ထိုသို့ ပျောက်ကွယ်၍သွားသောအခါ၌ မည်သည့်နေရာသို့ ရောက်ရှိသွားသနည်း စသည်တို့ကို စဉ်းစားမိ လေ၏။



www.burmeseclassic.com

မိမိသည် အရက်သမားကြီးအဖြစ်ဖြင့် အရက်မူးစဉ်က စိတ်ညစ်သည်ဟူ၍ မရှိခဲ့၊ ထိုအချိန်က စိတ်ညစ်ခြင်းသည် မည်သည့်နေရာသို့ သွားရောက်နေသနည်း။

မိမိသည် လှမောင်၏မိခင်ကြီးအား လှမောင်ကိုယ်စား လုပ်ကျွေးပါတော့မည်ဟု ဆုံးဖြတ်လိုက်သည့်အခါ၌ စိတ်ညစ်ဖွယ်ရာတို့သည် တစ်ခုပြီးတစ်ခု ရောက်ရှိလာခြင်းမှာ ဘယ်အတွက်နည်းဟု စဉ်းစားကြည့်မိပြန်၏။

အရက်သမားဘဝတွင် မိမိသည် မည်သည့်မျှော်လင့်ချက်မျှလည်း မရှိ၊ မိမိ၏ဘဝရှေ့ရေးအတွက်လည်း ထည့်သွင်းစဉ်းစားခြင်း မပြုခဲ့၊ ပြီးခဲ့သော အတိတ်ကာလက ဖြစ်ပျက်ခဲ့သည်များကိုလည်း မစဉ်းစားပဲ ယခုလောလောဆည် 'မူး'၍နေရလျှင် ကျေနပ်၍နေခဲ့၏။ လောလော ဆည်အချိန်ကလေး၌သာလျှင် မိမိဘဝကို မြှုပ်နှံထားခဲ့၏။ ထို့ကြောင့် စိတ်ညစ်ခြင်းဟူသောအရာသည် ဝင်ရောက်နိုင်ခြင်းမရှိခဲ့ကြောင်းကို မြကြီးသည် ရိပ်စားမိလေတော့၏။

ထို့နောက် လှမောင်၏မိခင်ကြီးဒေါ်ရွှေရအား လှမောင်ကိုယ်စား လုပ်ကျွေးပါမည်ဟု ဆုံးဖြတ်လိုက်သည့်အခါ၌ လစဉ်မှန်မှန် ငွေပို့နိုင်ရေးကို ထည့်သွင်းစဉ်းစားလာရ၏။ တစ်ဖန်လှမောင်အားသတ်သော တရားခံပေါ်ပေါက်ရေးကိုလည်း ခေါင်းထဲတွင် ထည့်ထားရပြန်၏။

ထို့ပြင် မိမိ၏ နေ့စဉ်နေထိုင်စားသောက်ရေးနှင့် ရှေ့ရေး၊ နောက်ရေးများကို တွေးတောရပြန်၏။ ထိုသို့ တွေးတောလိုက်သည်နှင့်တစ်ပြိုင်နက် စိတ်ညစ်ခြင်းသည် ဟိုမှသည်မှ ဝင်ရောက်လာခဲ့ခြင်း ဖြစ်ကြောင်းကိုလည်း တွေးမိလေသည်။

ထို့ကြောင့် မြကြီးသည် အောက်ပါအတိုင်းစဉ်းစား၍ အဖြေတစ်ခု





တ်လိုက်လေ၏။

ဒေါ်ရွှေရကြီးကိုလုပ်ကျွေးသမှုပြုရန်မှာ မိမိ၏ဆုံးဖြတ်ချက်ရ မိမိ၏တာဝန်ဖြစ်ပေသည်။ ထိုတာဝန်ကို ကျေပွန်စွာမ်းဆောင်မည်။ အတတ်နိုင်ဆုံးကြိုးစား၍ထမ်းဆောင်မည်။ သို့ကြိုးစားပါလျက် ဖြစ်မြောက်လာခြင်းမရှိပါကလည်း ိတာဝန်မဟုတ်၊ ကံတရား၏ တာဝန်သာလျှင်ဖြစ်သည်။ ို့ကြောင့် မိမိသည် အရက်သမားဘဝ ရရှိခဲ့သော ပျော်ပျော်တတ်သည့် အကျင့်ကိုဖျောက်ပစ်ရန်မလို။ ပျော်ပျော်နေမြဲနေမည်။ မိမိလုပ်စရာရှိသည်ကိုလည်း ကြိုးစား၍ လုပ်မည်။ စ်လည်း ပျော်ပျော်၊ မဖြစ်လည်း ပျော်ပျော်နေရမည်။

စိတ်ညစ်ခြင်းကို မောင်းထုတ်ပစ်ရမည်။ ပျော်ပျော်ရွှင်ရွှင်ယ်ရယ်ပြုံးပြုံးနှင့် ပင်ဘဝအခက်အခဲကို ရင်ဆိုင်ရန် မြကြီးကး ဖြတ်လိုက်သည်။

စိတ်ညစ်ဖွယ်ရာများ ကြုံတွေ့လာလျှင် ရယ်စရာကိုရအောင်ရှာ၍ယ်ပစ်လိုက်မည်ဟု စိတ်၌ ဆုံးဖြတ်လိုက်သည်။

"ဟေ့ကောင်...ဆင်း"ဟု ပုလိပ်တစ်ယောက်က မြကြီး၏သည်ဂုတ်ကို ကိုင်၍ ရထားလုံးပေါ်မှ ဆောင့်၍ တွန်းချလိုက်ရာ မြကြီးသည် စိုက်စိုက် စိုက်စိုက်နှင့် မြေပေါ်သို့ လဲကျမည်ကဲ့သို့ ဖြစ်သွားသဖြင့် ပုလိပ်ကိုလွန်စွာစိတ်ဆိုး၍သွားသည်။ သို့ရာတွင် ယခုအခါ၌ စိတ်ဆိုး၍ မဖြစ်သေးကြောင်း မြကြီးသည် သဘောပေါက်၏။ ထို့ကြောင့် အောက်ပါအတိုင်း ပြောလိုက်လေ၏။

"ရပါတယ်... မြကြီးတို့ကတော့ ပျော်ပျော်ပဲ..."

"ဘာပျော်ပျော်လဲ... လာ... လာ"ဟုဆိုကာ ပုလိပ်တစ်ယောက်က မြကြီး၏အင်္ကျီဂုတ်ကိုကိုင်၍ ခြံဝင်းအတွင်းသို့ ဆွဲ၍သွားလေ၏။

မြကြီးသည် ထိုအခါကျမှပင် မိမိအားခေါ်လာသောနေရာမှာ

www.burmeseclassic.com



မှတ်ဆိတ်ခင်မောင်တင့်၏အိမ်ဖြစ်ကြောင်း သတိပြုမိလေ၏။

ခြံဝင်းအတွင်း၌လည်း ပုလိပ်နှစ်ယောက်သုံးယောက်နှင့် ရ
ကွက်အတွင်းမှလူအချို့စုပြုံ၍ အိမ်အတွင်းသို့ ကြည့်ရှုနေကြလေ၏

ပုလိပ်က မြကြီးအားဂုတ်မှဆွဲ၍ အိမ်တွင်းသို့ခေါ်၍ သွားပြီ
လျှင် ကြမ်းပြင်ဆီသို့ ခေါင်းကိုဆွဲ၍ ငုံ့စေလိုက်သည့်အခါ၌ ရာ
ဝတ်အုပ် ဦးနက်ကျော်က

"ကဲ… အဲဒါဘယ်သူလဲ"ဟု မေးလိုက်လေ၏။

မြကြီးလည်း ကြမ်းပြင်ပေါ်မှအရာကိုမြင်လိုက်လျှင် မျက်လုံ
ပြူး၍ သွားလေ၏။ ကြမ်းပြင်ပေါ်၌ကား ရင်ဝတွင် ဓားမြှောင်
တစ်လက် စိုက်လျက်သေဆုံးနေသော ခင်မောင်တင့် ဖြစ်လေသည်

မြကြီးသည် လွန်စွာထိတ်လန့်တုန်လှုပ်၍သွားလေ၏။ ထို့ပြင်
အမှုတို့သည် တစ်ခုပြီးတစ်ခု တစ်ရစ်ပြီးတစ်ရစ် ရှုပ်ထွေးလာပြ
ဖြစ်ရာ လွန်စွာမှလည်း စိတ်ညစ်မိလေ၏။ သို့ရာတွင် စိတ်ည
ဖွယ်ရာနှင့် ကြုံတွေ့လျှင် ရယ်စရာကိုရှာ၍ ရယ်မောပစ်မည်ဟု
ဆုံးဖြတ်ထားသည့် အတိုင်း ရယ်စရာကိုစဉ်းစားလိုက်ရာ ခင်မောင်တ
က မြကြီးနှင့် စတင်တွေ့ဆုံစဉ်က "လှမောင်သေပြီ"ဟု ပြောရမည်
အစား မောင်လှမောင် တစ်ယောက်တော့ သဇီဝသဘောကနေ
နဇီဝသဘောကို ရွှေ့လျား သွားရှာပြီဟုပြောခဲ့သည်ကို မြကြီးသည်
ပြန်လည်၍ သတိရလာ မိလေ၏။ ထိုအချိန်၌ ဦးနက်ကျော်က…

"ဟေ့ကောင် မြကြီး… ပြောလေကွာ၊ ဒါဘယ်သူလဲ"ဟု ထပ်၍
မေးလိုက်ပြန်၏။

"ဒါလား… သဇီဝသဘောကနေ နဇီဝသဘောကို ရွှေ့လျားသွား
တဲ့ ကိုခင်မောင်တင့်လေ…" ဟု မြကြီးက ရွတ်နောက်နောက် ပြော
လိုက်လေ၏။ ထိုသို့ပြောပြီးနောက် မိမိအား ခင်မောင်တင့်က ဤ
နေရာ၌ စကားပုံများနှင့် စကားပြောခဲ့သည်ကို သတိရလာသဖြင့်





နောက်ထပ်တစ်စုံတစ်ခုမေးမြန်းပါကလည်း ခင်မောင်တင့်ကဲ့သို့ပင်
စကားပုံဖြင့် ပြောစမ်းကြည့်မည်ဟု စိတ်၌ အောက်မေ့လိုက်မိလေ
တော့၏။

"ဟေ့ကောင်… ဘာပြောချင်သလဲ…"ဟု ပုလိပ်တစ်ယောက်က
မေးလိုက်ရာ မြကြီးကပြုံးလျက်…

"ပိုးသာကုန် မောင်ပုံစောင်းမတတ်ဆိုတာလိုဖြစ်နေမှာပေါ့ဗျာ၊
ကျုပ်ကိုမေးလို့ ကျုပ်ဘာပြောတတ်မှာလဲ…"ဟု ပြောလိုက်လေ၏။

"မပြောတတ်လို့မရဘူး…၊ ရပ်ကွက်က သက်သေထွက်နေပြီ၊
မနေ့က နေ့လည်အထိ မင်းဟာ ဒီမှာရှိနေတယ်လို့၊ မင်းအပေါ်မှာ
အမှုပတ်နေပြီ…"ဟု အခြားသောပုလိပ်က ပြောပြန်၏။

"အသက်တစ်ရာမနေရ အမှုတစ်ရာကြုံရဆိုတဲ့ စကားပုံလဲရှိသား
ပဲဗျာ၊ အခုမှအမှုကတစ်ခုတည်းကြုံရသေးတယ်ဆိုတော့ စကားပုံ
အတိုင်းညီဖို့ဆိုရင် ကိုးဆယ့်ကိုးမှုတောင်လိုပါသေးတယ်…"

"ငါတို့ကတော့ ဘာပဲဖြစ်ဖြစ်မင်းကို သံသယတရားခံစာရင်း
ထဲမှာ ထည့်ထားရမှာပဲ…"ဟု ဦးနက်ကျော်က ပြောလိုက်ရာ မြကြီး
က. . .

"ငှက်မသိတော့ ဆက်ရက်ချိုးထင်၊ အချက်မသိတော့ သမက်
လူဆိုးထင် ဆိုတာလိုလဲ ဖြစ်နေပါဦးမယ် ရာဇဝတ်အုပ်မင်း…"ဟု
ပြောလိုက်ရာ ဦးနက်ကျော်၏ မျက်နှာကြီးသည် နီမြန်း၍ သွားပြီးလျှင်

"ဘာပြောတယ် မြကြီး…"ဟု ကြိမ်းမောင်းကာ မြကြီးအား
စားတော့ဝါးတော့မည်ကဲ့သို့ ကြည့်လိုက်လေ၏။ ထိုအချင်းအရာကို
ကြည့်၍ ပုလိပ်နှစ်ဦးလည်းပြုံးစစဖြစ်၍သွားလေ၏။ အနီးတွင်ရှိသော
ပုလိပ်အိပ်စိတစ်ယောက်လည်း ရယ်ရမလိုကဲ့သို့ ဖြစ်သွားပြီးတာမှ
မျက်နှာပိုးသတ်လိုက်သည်ကို မြကြီးက သတိပြုလိုက်မိလေ၏။

ရာဇဝတ်အုပ် ဦးနက်ကျော်သည် မြကြီး၏ ငှက်မသိတော့



www.burmeseclassic.com

www.burmeseclassic.com



ဆက်ရက် ချိုးထင်၊ အချက်မသိတော့ သမက်လူဆိုးထင်ဆိုသည့် စကားပုံကို လွန်စွာစိတ်ဆိုး၍ သွားရသည့်အကြောင်းကား ၎င်း၌ သမီးပျိုနှစ်ယောက် ရှိခြင်းကြောင့် ဖြစ်လေ၏။ ထိုအချက်ကိုသိသော ပုလိပ်နှစ်ယောက်နှင့် အိပ်စိသည် လွန်စွာမှ ရယ်ချင်ကြပေ၏။ သို့ရာ တွင် မရယ်ရဲသဖြင့် အောင့်၍ထားကြရလေ၏။

"ခင်မောင်တင့် သေတာနဲ့ပတ်သက်ပြီး၊ မင်းဘာပြောချင် သလဲ..." ဟု ဦးနက်ကျော်က မေးလိုက်ရာ မြကြီးက ပြုံးလျက်...

"ချစ်စကိုရှည်စေ၊ မုန်းစကိုတိုစေလို့ စကားပုံအရှိသားပဲဗျာ... ခင်မောင်တင့်က မုန်းစကိုရှည်အောင်လုပ်ခဲ့လို့ ဖြစ်မှာပေါ့..."ဟု ပြော လိုက်လေ၏။

"မနေ့က မင်းနဲ့ပါလာတဲ့ ရှမ်းကြီး ဘယ်မှာလဲ..."

"ချစ်တီးခေါင်း သန်းရှာဆိုသလိုပေါ့ ရာဇဝတ်အုပ်မင်းရယ် မန္တလေးရွှေမြို့တော်ကြီးမှာ လူတွေကဒါလောက်များနေတာ ရှမ်းကြီး ဘယ်ကိုရောက်သွားတယ်ဆိုတာ ကျွန်တော်ဘယ်လိုလုပ်ပြီး ပြောနိုင်မှာလဲ..."

"ရှမ်းကြီးဟာ ဖဲသုံးချပ်အလိမ်ခံရတယ်ဆိုပြီး ဖဲသုံးချပ် သမားတွေကို ဖမ်းဖို့လာပြီးတိုင်တယ်၊ ငါတို့ကလဲ ဘူတာနားမှာ ကစားနေတဲ့ ဖဲသုံးချပ်သမားသုံးယောက်ကို ဖမ်းပြီးအချုပ်ထဲမှာ ထည့်လိုက်တယ်၊ ဒီကောင်တွေဟာ တကယ်တော့ ဖဲသုံးချပ်သမား တွေမဟုတ်ဘူး၊ ဖောက်ထွင်းဝိဇ္ဇာတွေဖြစ်နေတယ်၊ အချုပ်ထဲမှာ ဒမြတစ်ယောက်ကို အချုပ်ဖောက်ပြီး ခေါ်ထုတ်သွားကြတယ် ပြီးတော့ဒီမှာလဲ ခင်မောင်တင့်သေနေတယ်၊ ဒါတွေကိုဆက်စပ် လိုက်ရင် ရှမ်းကြီးရယ် ဖဲသုံးချပ် သမားတွေရယ်၊ အချုပ်ထဲက ဒမြလှဋ္ဌေးရယ်၊ သေတဲ့ခင်မောင်တင့် ရယ်၊ ရှမ်းကြီးကိုခေါ်လာတဲ့ မင်းရယ်ဟာ ဆက်စပ်နေတယ်..."ဟု ဦးနက်ကျော်က ပြောလိုက်၏။





"အပျက်အပျက်နဲ့နှာခေါင်းသွေးထွက်ဆိုသလိုဖြစ်နေပါပြီ၊ ရှမ်း ကြီးကို ကျွန်တော်ခေါ်လာတာမဟုတ်ပါဘူး၊ ဂါတ်ဝင်းထဲက မန်ကျည်း ပင်အောက်မှာထိုင်နေတုန်းသူရောက်လာတာပါ၊ သူ့ကို ကျွန်တော် မသိပါဘူး၊ သူက ဖဲသုံးချပ်အလိမ်ခံရတယ်လို့ပြောတာနဲ့ ကျွန်တော် က ရာဇဝတ်အုပ်မင်းကို တစ်ဆင့်ပြောပေးတာပဲရှိပါတယ်"ဟု မြကြီး က ပြောလေ၏။

"ရှမ်းကြီးနဲ့ နောက်ထပ်တွေ့သေးလား..."ဟု အိပ်စိက ဝင်၍ မေးလေ၏။

"မတွေ့ချင်မြင်ချင်လျက်သား ဆိုသလိုပါပဲ၊ ကျွန်တော် ဂါတ်တဲ ကထွက်လာပြီး (. . .)ရပ်က ဘုန်းကြီးကျောင်းနားအရောက်မှာ ရှမ်းကြီးက နောက်ကရောက်လာပါတယ်၊ ရောက်လာပြီး စီဘီလိုင်း နားမှာ အသတ်ခံရတဲ့လှမောင်နဲ့ ဘာတော်သလဲ၊ ဘာလုပ်သလဲလို့ မေးပါတယ်၊ ကျုပ်က လှမောင်ဟာ လီဗာဘရားသားကုမ္ပဏီက ကိုယ်စားလှယ်တော်ကြီးဖြစ်တဲ့အကြောင်းပြောတော့ ရှမ်းကြီးက လှမောင်ဟာ ရတနာကုန်သည်လားလို့မေးပါတယ်၊ ကျုပ်ကမဟုတ် ဘဲ့အကြောင်းပြောပါတယ်၊ ပြီးတော့ကျုပ်ကို သူကိုယ်တိုင်ထုပ်တဲ့ ကောက်ညှင်းထုပ်တစ်တွဲကိုပေးသွားပါတယ်"ဟု မြကြီးက အေးအေး ဆေးဆေး ပြောလိုက်လေ၏။

"အမှုကတော့ရှင်းနေပါပြီကွာ... ဒါပေမယ့် ဒီကောင်ကို အချုပ်ထဲ ထည့်ပြီးထားလိုက်၊ အချုပ်သားထွက်ပြေးမှုမှာ ဒီကောင်လဲ ကြံရာပါ ဖြစ်နိုင်တယ်"ဟု ဦးနက်ကျော်က ပြောလိုက်သဖြင့် ပုလိပ် နှစ်ယောက်သည် မြကြီးအား ခွေးသေကောင် ငှင်းတဆွဲသကဲ့သို့ဆွဲ၍ သွားကြလေတော့၏။ မြကြီးလည်း ယက်ကန်ယက်ကန်နှင့် ပါ၍ သွားရင်း...

"လောလောဆယ်တော့ထမင်းစာဖို့မပူရတော့ဘူးပေါ့ ရာဇဝတ်



www.burmeseclassic.com

www.burmeseclassic.com



အုပ်မင်းတို့ တွေးရူးတင်ပါတယ်...။ ဟား... ဟား...”ဟု ပြောဆိုရယ်မောလိုက်လေတော့သတည်း။





## ငှက်ပျောပင်နှင့် အိမ်ထောင်ပြုသူ

ဂါတ်သို့ရောက်လျှင် မြကြီးအား ပုလိပ်နှစ်ဦးက ရိုက်နှက်၍ စစ်မေးလေတော့၏။

“ဒမြလှဌေးကို မင်းသိတယ်မဟုတ်လား...” ဆိုသည့်မေးခွန်းကို ရိုးရိုးမမေးဘဲ မြကြီး၏ခြေသလုံးပေါ်တွင် သံပိုက်လုံးနှင့်လှိမ့်၍မေးလေ၏။ မြကြီးမှာနာကျင်လွန်းသဖြင့် အသံကုန်အော်ဟစ်ရလေ၏။

“ဟေ့ကောင်ပြောလေ...၊ လှဌေးကိုမင်းသိသလား...”ဟု ပုလိပ်တစ်ယောက်က မေးပြန်၏။

“မသိပါဘူးခင်ဗျာ... သိဖို့ထားလို့ မြင်တောင်မမြင်ဖူးပါဘူး...၊ ကျုပ်လဲနာလှပါပြီဗျာ... ခင်ဗျားတို့လဲကျုပ်ကိုနှိပ်စက်လို့ အမှုမှန်ပေါ်မှာမဟုတ်ပါဘူး...”ဟု မြကြီးက တောင်းပန်သော်လည်း ပုလိပ်တို့ မှာ ခြေသလုံးကို သံပိုက်လုံးနှင့်လှိမ့်ခြင်း၊ တစ်ကိုယ်လုံးကို ကလောင် တံဖြင့် ထိုးဆွခြင်း၊ ထုတ်၌စောက်ထိုးဆွဲထားခြင်းစသည် ပုလိပ်တို့၏ အတတ်ပညာဖြင့် မြကြီးအား အမျိုးမျိုးအဖုံဖုံ စစ်မေးလေ၏။

မြကြီးမှာ မခံမရပ်နိုင်အောင် နာကျင်လွန်းသဖြင့် အသံကုန်အော်ဟစ်ရင်း မကြာခဏသတိမေ့၍ သွားရလေ၏။ သတိရလာသည့်အခါ၌မြကြီးက...

“လှမောင်ရေ မင်းကသေရှုတင်သေတာ ငါလောက်မနာဘူးကွ”ဟု အော်ဟစ်ညည်းညူလိုက်ပြီးလျှင် စိတ်ညစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ပြေပျောက်ရန် ကြိုးစားလေ၏။ သို့ရာတွင် စိတ်ညစ်ခြင်း မပြေပျောက်မီ၌ပင် ပုလိပ်တို့က ထပ်မံနှိပ်စက်ရန် ပြင်ဆင်ကြပြန်လေ၏။

ပုလိပ်တို့သည် မြကြီးအား ကြိုးဖြင့် ထုတ်၍ ဆွဲထားပြီးလျှင် တစ်ယောက်တစ်ချက်လက်သီးဖြင့် ထိုးကြလေ၏။ ထိုအခါ၌ မြကြီးက နာကျင်လွန်းသဖြင့် ဖြစ်ချင်ရာဖြစ်စေတော့ဟု သဘောထားကာ...

"ကျုပ်အားလုံးသိတယ်ပြောမယ်"ဟု ဆိုသဖြင့် ပုလိပ်များက ကြိုးဖြုတ်၍ပေးလိုက်ပြီးလျှင် ကုလားထိုင်၌ ထိုင်စေကာ...

"ကဲ...ဟောကောင် ပြောပေတော့..."ဟု ဆိုလေတော့၏။

"ဒီလိုဗျ... ဒမြလှဋ္ဌေးရယ်... ရှမ်းကြီးရယ် အချုပ်ဖောက်ပြေးတဲ့ဖဲသမားတွေရယ်ဟာ အားလုံးဒမြတွေချည်းပဲ..."ဟု မြကြီးက ခပ်တည်တည်နှင့် ပြောလိုက်လေ၏။

"ဒါကိုငါတို့သိတယ်... ရှမ်းကြီးနာမည်က ဘယ်သူလဲ..."

"ရှမ်းကြီးဆိုတော့ ရှမ်းနာမည်ပေါ့ဗျာ... အိုက်ပန်ပေါ့ဗျာ..."ဟု မြကြီးက ပြောလိုက်လေ၏။

"ကောင်းပြီ ဖဲသုံးချပ်သမားတွေရဲ့နာမည်"ဟု ပြောဆိုရန် စဉ်းစား လိုက်၏။ ပါးစပ်ထဲတွင် တွေ့သည့်နာမည်သုံးလုံးကို ပြောဆိုလိုက်ရန် ဖြစ်ပေသည်။

"တစ်ယောက်က လှဖေဗျာ..."

"အေး... ဟုတ်ပြီ၊ နောက်တစ်ယောက်ကိုပြော..."

"နောက်တစ်ယောက်က မောင်ရှိန်ဗျာ..."

"အေး... နောက်တစ်ယောက်ပြောအုံး"ဟု ပုလိပ်ကမေးပြန်၏။ မြကြီးပြောသမျှကို အိပ်စီနှင့် ဂါတ်စာရေးက လိုက်၍ရေးမှတ်ကြလေ၏။ "နောက်တစ်ယောက်က ဘပုဗျာ..."ဟု မြကြီးက ပြောလိုက်





လေ၏။

"အေး... ပြောပါအုံး..."

"သူတို့က တစ်ဂိုဏ်းပေါ့ဗျာ..."

"ကောင်းပြီ... သေသွားတဲ့ ခင်မောင်တင့်က ဘာလဲပြောစမ်း"

"သူက ဘိုင်စကုတ်မင်းသားလုပ်မလို့ဗျ၊ မင်းသမီးခင်ခင်ရီနဲ့တွဲပြီး ဇာတ်ထုပ်တစ်ထုပ်လောက်ရိုက်မလို့ ကြိုးစားနေတာ"ဟု ပါးစပ်ထဲတွင် တွေ့သမျှ စွတ်ပြောလိုက်လေ၏။

"မင်းရဲ့ညီ အသတ်ခံရတဲ့ လှမောင်နဲ့ ခင်မောင်တင့်က ဘယ်လိုပတ်သက်တာလဲ..."ဟု အိပ်စီက မေးလိုက်လေ၏။

"လှမောင်က ဒါရိုက်တာလုပ်မယ်လေဗျာ"ဟု မြကြီးက သွက်လက်စွာ ပြောလိုက်ပြန်၏။

"ဇာတ်ကားနာမည်ကကောကွ..."ဟု ပုလိပ်တစ်ယောက်က မေးမြန်း၏။

ထိုအခါ မြကြီးသည် ဇာတ်ကားနာမည်ကို စဉ်းစားရပြန်၏။ ထို့နောက် ခင်မောင်တင့်နေသော ရပ်ကွက်အမည်နှင့် ဆင်တူယိုးမှားကို ဇာတ်ကားအမည်အဖြစ်ပြောရန် အကြံရသဖြင့်...

"သတိရပြီ... သတိရပြီ... ဇာတ်ကားနာမည်က 'ပြည်ကြီးမဏ္ဍိုင်ဇာတ်ဆန်းကြီးပေါ့ဗျာ'ဟု မြကြီးက ပြုံးရယ်၍ ပြောလိုက်လေ၏။

"ဘာဇာတ်လဲကွ ပြောပါဦး" ဟု တစ်ယောက်က မေးပြန်လျှင် မြကြီးသည် ခေါင်းကိုအနည်းငယ်ကုတ်၍ စဉ်းစားလိုက်ပြီးနောက်...

"ဒီလိုဗျ... ဇာတ်ညွှန်းကို ကျုပ်ဖတ်ကြည့်ပြီးပြီ..."ဟု ပြောလိုက်ပြီးလျှင် ဂါတ်စာရေးက "ပြောလေ" ဟုဆို၏။

"ဇာတ်လိုက်က အရက်သမားဗျ၊ တစ်နေ့မှာ အရက်မူးပြီး မုဆိုးမကြီး တစ်ယောက်ရဲ့ အိမ်ရှေ့ကိုသွားပြီး မုဆိုးမကြီးဆီက ပိုက်ဆံတောင်း တယ်၊ မုဆိုးမကြီးက ပိုက်ဆံတစ်မတ်ပေးလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



အရက်ဆိုင်တို့သွားပြီး အရက်သောက်တယ်၊ အဲဒီအချိန်မှာပဲ သံကြိုးပို့တဲ့သူက မုဆိုးမကြီးရဲ့သားဟာ မြို့တစ်မြို့မှာ သေပြီဆိုတဲ့ သံကြိုးစာကို မုဆိုးမကြီးဆီကို သွားပြီးပို့မလို့ဟာ မပို့သေးဘဲ ဇာတ်လိုက်မင်းသား အရက်သောက်နေတဲ့ အရက်ဆိုင်ထဲဝင်ပြီး အရက်တစ်ခွက် သောက်တယ်၊ အဲဒီမှာ ဇာတ်လိုက်မင်းသားက သံကြိုးစာကို တွေ့တယ်။ အဲဒီတွေ့တော့ကာ ဇာတ်လိုက်က သိပ်ပြီးစိတ်မကောင်းဖြစ်သွားပြီး သံကြိုးစာကို ယူလိုက်တယ်၊ မုဆိုးမကြီးကိုလည်း တော်တော်ကိုသနားမိတာနဲ့ သေသွားတဲ့ မုဆိုးမကြီးရဲ့သားကိုယ်စား မုဆိုးမကြီးကို လုပ်ကျွေးသမှုပြုဖို့ ဆုံးဖြတ်လိုက်တယ်" ဟု မြကြီးက ပြောလိုက်ရာ ဂါတ်စာရေးက...

"ဇာတ်လမ်းက အလွမ်းဇာတ်ပဲကွ ဆက်ပါဦး..."

"အဲဒါနဲ့ ဇာတ်လိုက်က မုဆိုးမအဖွားကြီးကို သူ့ရဲ့သားသေတဲ့အကြောင်းအသိမပေးဘဲ ခရီးထွက်လာခဲ့တယ်၊ မုဆိုးမသားက ရိုးရိုးသေတာမဟုတ်ဘူးဗျ၊ မြို့တစ်မြို့မှာအသတ်ခံရတာကိုး"ဟု မြကြီးက ပြောလိုက်ပြန်ရာ အိပ်စီက စိတ်ဝင်စားစွာဖြင့်...

"ဇာတ်လမ်းဖြင့် မစရသေးဘူး သေနေပြီ... မသေလို့ ဒီဇာတ်ကားသာ ဘိုင်စကုတ်ရိုက်ဖြစ်ရင် တကယ့်ကို လူကြိုက်များမှာကွ၊ ကရိုင်း (ရာဇဝတ်မှု)လဲ ပါတယ်..."ဟု ပြောလေ၏။

မြကြီးမှာ ထိုအချိန်၌ အခွင့်အရေးယူ၍ ရေသောက်ခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ကိုပြုလေ၏။ ပုလိပ်နှင့်ဂါတ်စာရေးတို့လည်း ဇာတ်လမ်းကို ဆက်၍နားထောင်ရန် စောင့်မျှော်နေကြလေ၏။ ထိုအခါ၌ မြကြီးက ဆက်၍ပြောပြန်၏။

"အဲဒီမြို့ကိုရောက်တော့ ဇာတ်လိုက်က သေသွားတဲ့ မုဆိုးမကြီးသားရဲ့ မိတ်ဆွေတစ်ယောက်ကို စုံစမ်းဖို့သွားတယ်၊ အဲဒီလူက ဇာတ်လိုက်ကိုဧည့်ခံတယ်၊ ဇာတ်လိုက်က အဲဒီလူဆီမှာ သုံးရက်လောက်





နေပြီး ခရီးဆက်ထွက်တယ်၊ ခရီးထွက်တုန်းမှာပဲ အဲဒီလူက အသတ်ခံရပြန်ရော၊ အဲဒီလိုအသတ်ခံရတော့ ဇာတ်လိုက်အပေါ်မှာ အမှုကတ်လာပြီး ပုလိပ်က ဇာတ်လိုက်ကိုဖမ်းပြီး အချုပ်ထဲထည့်တော့တာပေါ့ဗျာ၊ အချုပ်ထဲရောက်တော့ ဇာတ်လိုက်ကို အမျိုးမျိုးနှိပ်စက်တော့ တာပေါ့ဗျာ၊ ခြေသလုံးကို သံပိုက်လုံးနဲ့ လှိမ့်လှိမ့်လှိမ့်"ဟု မြကြီးက ပြောလိုက်လျှင် ပုလိပ်တစ်ယောက်က...

"ဟေ့ကောင် နှိပ်စက်တဲ့အခန်းကိုချန်ထားပြီးဆက်ပြော၊ နှိပ်စက်တဲ့အခန်းကို ငါတို့ဘာသာစိတ်ကူးပြီးကြည့်မယ်၊ မင်းပြောဖို့မလိုဘူး"ဟု ဆိုသဖြင့် မြကြီးလည်း သူ၏ဇာတ်လမ်းကို ဆက်ပြန်လေ၏။

"အဲဒါနဲ့နောက်ဆုံးကျတော့ လူသတ်မှုမှာ ဇာတ်လိုက်မပါဘူးဆိုတာကို ပုလိပ်ကသိသွားတော့ ဇာတ်လိုက်ကို အချုပ်ကလွှတ်လိုက်တယ်၊ အဲဒီလိုလွှတ်လိုက်ပြီး ဇာတ်လိုက်လည်းအပြင်မှာ အလုပ်လုပ်လိုက်တာ ချမ်းသာသွားတယ်..."

"ဟေ့ကောင်... မင်းဇာတ်လမ်းက အကျဉ်းချုံးလှချည့်လားကွ၊ အချုပ်ကလွှတ်တာနဲ့ပဲ ဇာတ်လိုက်က ချမ်းသာရောလားကွ၊ ဘာတွေလုပ်တယ်၊ ဘာကြောင့်ချမ်းသာတယ်ဆိုတာ ပြောဦးလေကွာ"ဟု ဂါတ်စာရေးက ပြောလိုက်လျှင် မြကြီးလည်း ဇာတ်လိုက်ချမ်းသာပုံ ချမ်းသာနည်းကိုပြောရန် အခက်ကြုံလေ၏။ အမှန်စင်စစ်အားဖြင့် ပြောလည်းပြောတတ်ခြင်းမရှိပေ၊ ထို့ကြောင့် အနည်းငယ်အချိန်ယူ၍ စဉ်းစားလိုသည်နှင့်...

"ဆရာတို့ရယ် ကျုပ်ဟာ မနက်မိုးလင်းကတည်းက ဘာမှမစားရသေးပါဘူးဗျာ၊ လက်ဘက်ရည်လေးတစ်ခွက်လောက်တော့တိုက်ပါ"ဟု တောင်းဆိုသဖြင့် ဂါတ်စာရေးက လက်ဘက်ရည်တစ်ခွက်နှင့် ဆင် တံဆိပ်စီးကရက် နှစ်လိပ်ကိုဝယ်၍ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြကြီးလည်း လက်ဘက်ရည်သောက်လိုက် စီးကရက်ဖွာလိုက်နှင့် ဇာတ်လိုက်မင်းသားချမ်းသာပုံကိုပြောရန် အကြံထုတ်လေရာ နောက်ဆုံး၌ ၎င်းတို့ရပ်ကွက်၌ နေထိုင်သွားဘူးသည့် ဗဟုသုတအရာ၌ ပြည့်စုံသော ဦးပညာဗလဆိုသည့် ဘိသိက်ဆရာကြီးပြောသော 'ရွှေနိဂ္ဂှက်ပျော့ပင်'ဆိုသည့်ပုံပြင်ကိုသတိရသဖြင့် ထိုအကြောင်းကိုပင် ဘိုင်စကုတ်ဇာတ်လမ်းအဖြစ် ပြောမည်ဟု ဆုံးဖြတ်လိုက်လေ တော့၏။

"ဟော့ကောင်... လက်ဘက်ရည်တစ်ခွက်နဲ့ ဆင်ပိုလိုတစ်လိပ် ကုန်ပြီကွ၊ ဇာတ်လမ်းကိုဆက်ပါဦး..."ဟု အိပ်စီကဆိုလေ၏။

ထိုအခါ၌မြကြီးသည် စီးကရက်ပြာကို ဟန်ပါပါတောက်၍ ချွေ လိုက်ပြီးလျှင်...

"ဒီလိုဗျ... ဇာတ်လိုက်မင်းသားချမ်းသာသွားတာက ရွှေနိဂ္ဂှက် ပျော့ပင်စိုက်လို့ ချမ်းသာသွားတာဗျ..."ဟု အစချီလိုက်လေ၏။

"ဘာလဲ၊ ရွှေနိဂ္ဂှက်ပျော့ပင်စိုက်ပြီး ငှက်ပျော့သီးရောင်းတာ လား" ဟု ပုလိပ်တစ်ယောက်က ဝင်၍မေးလေ၏။

"မဟုတ်ဘူးဗျ... လူတွေက မသိလို့ဗျ၊ ချမ်းသာချင်ရင် ရွှေနိဂ္ဂှက် ပျော့ပင်စိုက်ပြီးအသက်သွင်းရတယ်..."

"လုပ်စမ်းပါဦး... ဘယ်လိုလဲကွ၊ မင်းဟာ အဆန်းမှလား..."ဟု ဂါတ်စာရေးက အားတက်သရော မေးလိုက်လေ၏။

"ရွှေနိဂ္ဂှက်ပျော့ပင်ကို ယိုးဒယားလို 'ကလွိက်တာနိ'လို့ ခေါ်တယ်ဗျ၊ အဲဒီနည်းက ယိုးဒယားဘက်က လောကီပညာရှင် တွေဆီက လာတဲ့ နည်းပဲ၊ မြန်မာထဲမှာတော့ ဆရာကြီး ဦးပညာဗလ တစ်ယောက်တည်းပဲ သိသေးတယ်၊ ဒုတိယသိတာကတော့ ကျုပ်ပေါ့ ဗျာ၊ ကျုပ်က ကျုပ်ညီလှမောင်ကိုပြောပြတာ လှမောင်က ဘိုင်စ ကုတ် ဒါရိုက်တာ လုပ်မယ်ဆိုတော့ ဒီနည်းကို ဘိုင်စကုတ်ထဲမှာ





ထည့်ပြီးပြမှာပေါ့..."ဟု ခပ်တည်တည်နှင့်ပြောလိုက်ရာ ဂါတ်စာရေး သည် သူ၏ မှတ်စုစာအုပ်ကိုဖွင့်၍...

"ဘာငှက်ပျော့လဲကွ..."ဟု မေးလေ၏

"ရွှေနိဂ္ဂှက်ပျော့လေဗျာ... မသိဘူးလား၊ တစ်ချို့က ရွှေငှက် ပျော့လို့ခေါ်ကြတယ်လေ"ဟု မြကြီးက ပြောလိုက်ရာ ဂါတ်စာရေး နှင့် အိပ်စီလည်းလိုက်၍ ရေးမှတ်ကြလေ၏။

"ယိုးဒယားလို ဘယ်လိုခေါ်တယ်ကွာ..."ဟု ဂါတ်စာရေးက မေးပြန်၏။

"ကျုပ်ကတော့ ယိုးဒယားလိုမတတ်ဘူး၊ ဦးပညာဗလပြောတာ တော့ "ကလွိက်တာနိ" လို့ပြောတာပဲ"ဟု မြကြီးက ဖြေလျှင် ဂါတ်စာ ရေးနှင့် အိပ်စီတို့လည်း ၎င်းတို့၏စာအုပ်၌ ကလွိက်တာနိဟု ရေးမှတ်ကြလေ၏။

"ကဲ လုပ်ပါအုံး၊ မင်းဇာတ်လမ်းကို..." ဟု ပုလိပ်တစ်ယောက်က ပြောလိုက်လျှင် မြကြီးလည်း စီးကရက်ကို အားရပါးရ ရှိုက်ဖွာလိုက် ပြီးနောက် ဆက်၍ပြောပြန်လေ၏။

"အဲဒီငှက်ပျော့ပင်ကို ခြံဝင်းထဲမှာစိုက်ရမယ်၊ စပြီးစိုက်တဲ့နေ့က စပြီးအပင်နားမှာ ဖယောင်းတိုင် အမွှေးတိုင်ထွန်းပေးရမယ်၊ အဲဒီ အပင်ဟာ တဖြည်းဖြည်းကြီးလာတော့ အဖူးတွေဘာတွေ ဖူးလာတဲ့ အချိန်ဟာ ငှက်ပျော့ပင်အရွယ်ရောက်တဲ့အချိန်ပေါ့ဗျာ၊ လူအနေနဲ့ ပြောရရင် အပျိုဖော်ဝင်စအချိန်ပေါ့၊ အဲဒီမှာ ငှက်ပျော့ပင်ကို စိုက်တဲ့သူက ညဘက်လသာသာမှာ ငှက်ပျော့ပင်ဆီကို နောက်ပြန် သွားပြီး လူကို ချစ်ရေးဆိုသလို ငှက်ပျော့ပင်ကို ချစ်ရေးဆိုရမယ်၊ လူပျိုစကား ပြောရမှာ၊ နာမည်ထည့်ပြီးပြောချင်ရင် ရွှေရွှေပဲဖြစ်ဖြစ် နိနိပဲဖြစ်ဖြစ် ထည့်ပြီးပြောနိုင်တယ်၊ ဒါပေမယ့် ဒီလူက မိန်းမနဲ့ ဆိုရင် မရဘူး၊ လူပျို ဖြစ်ရမယ်..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာက အဆန်းပါလားကွ..." ဟု ဂါတ်စာရေးက ပြောလိုက်လျှင် မြကြီးက...

"ဆန်းတာပေါ့ဗျ၊ ရိုက်မယ့်ဇာတ်လမ်းကလည်း ပြည်ကြီးမဏ္ဍိုင်ဇာတ်ဆန်းကြီးမဟုတ်လား" ဟု ပြောလိုက်ပြီးလျှင် စီးကရက်ကို ဖွာလိုက်လေ၏။

"ဆက်ပါဦးကွ စိတ်ဝင်စားစရာပဲ..." ဟု ပုလိပ်တစ်ယောက်က ပြောလေ၏။ ထိုအခါ၌ မြကြီးက ဆက်၍ပြောပြန်၏။

"အဲဒီလိုငှက်ပျောပင်ကို လူပျိုစကားသုံးရက်ပြောပြီးရင် အဲဒီလူရဲ့ ခေါင်းအုံးနဲ့ ငှက်ပျောပင်ကို အပ်ချည်နဲ့ ဆက်ထားရမယ်။ အပ်ချည် လမ်းကြောင်းတစ်လျှောက်မှာ မှောင်နေရင်လဲ လမ်းမှာ ဖယောင်းတိုင်တွေ ဘာတွေ ထွန်းပေးရမယ်။ အဲဒီလိုလုပ်ပေးရင် ငှက်ပျောပင်ကနေ အလွန်တရာလှပပြီး အသားရောင်ကလဲ ရွှေရောင်လို ဝင်းဝါနေတဲ့ မိန်းကလေးတစ်ယောက်ဖြစ်သွားပြီး အပ်ချည်တန်းကို ကိုင်ပြီး အဲဒီလူရဲ့အိပ်ရာကိုလာပြီး အိပ်တော့တယ်။ အဲဒီနေ့ဟာ လူနဲ့ငှက်ပျောပင် အိမ်ထောင်ကျတဲ့နေ့ပေါ့ဗျာ..."

"ဟကောင်ရ... မင်းဟာက ယုတ္တိရှိပါ့မလား..."

"ရှိတာပေါ့ဗျ... လူပျိုကြီးတွေသေရင် ငှက်ပျောတုံးနဲ့ ချရမယ်ဆိုတဲ့စကားကို ကြားဖူးတယ်မဟုတ်လား။ မိန်းမ မရလို့ ငှက်ပျောတုံးကိုပဲ မိန်းမအဖြစ်နဲ့ယူပြီး သင်္ချိုင်းကိုသွားပေတော့လို့ ပြောတာပဲ မဟုတ်လား။ ဒီစကားဟာ အဓိပ္ပါယ်ရှိတယ်ဗျ၊ ဥပမာဗျာ လူပျိုကြီးတွေကို မင်းသေရင်တော့ ပိန္နဲတုံးနဲ့ချရမယ်၊ မာလကာတုံးနဲ့ချရမယ်လို့ မပြောဘဲ ငှက်ပျောတုံးနဲ့ ချရမယ်လို့ ပြောတာဟာ စဉ်းစားစရာပဲ။ ဒီအချက်ဟာ ငှက်ပျောပင်ကနေ မိန်းကလေးဖြစ်လာတာကို ထောက်ခံတဲ့သဘောလို့ ဆိုနိုင်





တယ်ဗျ..."ဟု မြကြီးကပြောလိုက်ရာ ပုလိပ်တို့သည် ခေါင်းဘဆတ်ဆတ် ညိတ်ကြလေတော့၏။

"အဲဒီလို ငှက်ပျောပင် မရွှေနီဆိုတဲ့ အပျိုဖျန်းနဲ့ အိမ်ထောင်ကျဘဲ့နေ့ကစပြီး အဲဒီလူရဲ့ အသားအရောင်ဟာလဲ စိုပြေပြီး ရွှေရောင်လို လှလာတယ်။ ပိန်တဲ့လူဆိုရင်လဲ ဝဖြိုးဖြိုးဖြစ်လာတော့တာပဲ။ သူ့ဌေးရုပ်ပေါက်လာတယ်ပေါ့ဗျာ။ စီးပွားဥစ္စာကလဲ တစ်နေ့တစ်ခြားဘိုးတက်လာတယ်။ ဒါပေမယ့် မငှက်ပျောပင်က သိပ်ပြီး သဝန်ကြောင်တယ်။ အဲဒီယောကျ်ားဟာ အခြားမိန်းမနဲ့ယူရင်တော့၊ မယားငယ်ထားရင်ပေါ့ဗျာ။ ယောကျ်ားကို သတ်ချင်လဲသတ်တယ်။ ဒါမှမဟုတ် မယားငယ်ကို သတ်ချင်လဲသတ်တယ်ဗျ..."ဟု မြကြီးက ပြောလိုက်လျှင် ဂါတ်စာရေး၊ အိပ်စီနှင့် ပုလိပ်နှစ်ယောက်တို့သည် အံ့ဩခြင်းမက အံ့ဩကြလေတော့၏။

"ဒါနဲ့... မင်းဇာတ်လမ်းထဲက ဇာတ်လိုက်က ငှက်ပျောပင်စိုက်ပြီး ငှက်ပျောပင်နဲ့ အိမ်ထောင်ကျပြီးတဲ့နောက် ဘယ်လိုဆက်ဖြစ်သေးသလဲ၊ လုပ်ပါအုံးကွ..."ဟု ဂါတ်စာရေးက မေးမြန်းလျှင် မြကြီးလည်း ရှေ့ဆက်ရန် အကြံထုတ်ပြီးနောက် ဇာတ်လမ်းကို ခပ်မြန်မြန်သိမ်းပစ်မှ ကောင်းလေမည်ဟု သဘောပေါက်သဖြင့် အောက်ပါအတိုင်း ပြောလေ၏။

"ဇာတ်လိုက်က ချမ်းသာလာတော့ ညီအစ်မနှစ်ယောက်ရှိတဲ့ အိမ်ကို သွားလည်ပြီး ညီမကိုယူလိုက်တယ်။ အဲဒီအခါမှာ မငှက်ပျောက ညီမကို သတ်ပစ်လိုက်တယ်..."

"နေပါဦး... ငှက်ပျောကဖြစ်တဲ့ မိန်းကလေးက ဘယ်သူလုပ်မှာလဲကွ..."ဟု ပုလိပ်တစ်ယောက်ကမေးလေ၏။

"ခင်ခင်ရီကို ငှက်ပျောပင်က ထွက်လာတဲ့သဏ္ဌာန် ဖြင့်မရာ ထရိုက်နဲ့ ရိုက်မှာပေါ့ဗျာ၊ 'အပျိုစင်'ဇာတ်ကားမှာ မင်းသားဘတင့်



www.burmeseclassic.com

www.burmeseclassic.com



စန္ဒရားတီးနေတဲ့ စန္ဒရားပေါ်မှာ ခင်ခင်ရီ 'က'နေတာကို ကင်မရာ ထရိုက်နဲ့ ရိုက်ပြသွားတာ မှတ်မိမှာပေါ့။ အခုလဲ အဲဒီလို ရိုက်မှာ ဗျ. . ."

"အေး... လုပ်စမ်းပါဦး..."

"ဇာတ်လိုက်က ညီမသေတော့ အစ်မနဲ့ယူပြန်ရောပေါ့ဗျို့၊ အစ်မလုပ် ရမှာကလဲ ခင်ခင်ရီပဲ..."ဟု မြကြီးက ပြောလိုက်ရာ ပုလိပ် တစ်ယောက် က...

"ငှက်ပျောပင်မယ်လုပ်တာလဲ ခင်ခင်ရီ... အစ်မကြီးလုပ်မှာလဲ ခင်ခင်ရီပဲလား..."

"ဒါပေါ့ဗျ... နှစ်ကိုယ်ခွဲရိုက်မယ်လေဗျာ။ အဲဒီမှာတော့ အစ် ကြီးကိုယူခါနီးမှာ ဇာတ်လိုက်က ငှက်ပျောပင်ကို ရေနွေးပူလောင်းပြီး သတ်လိုက်တယ်ဗျ၊ အဲဒီလိုသတ်ပြီးမှ အစ်မကြီးကို ဇာတ်လိုက်က လက်ထပ်လိုက်တာ။ အဲ...အဲ... ပြောဖို့မေ့နေတယ်။ အဲဒီညီအစ်မ နှစ်ယောက်ကလဲ တစ်ခြားလူမဟုတ်ဘူး။ တစ်ခါက ဇာတ်လိုက်ကို လူသတ်မှုနဲ့ မသင်္ကာလို့ဖမ်းပြီး နှိပ်စက်ခဲ့တဲ့ ရာဇဝတ်အုပ် ဦးနက် ကျော်ရဲ့ သမီးတွေဗျ..."ဟု မြကြီးကပြောလိုက်ရာ ဂါတ်စာရေးနှင့် ပုလိပ်တို့သည်...

"သိပ်ကောင်းတဲ့ဇာတ်လမ်းပဲ။ ရိုက်မယ့် ဇာတ်လိုက်နဲ့ ဒါရိုက် တာ သေသွားတာ နာတယ်ကွာ..."ဟုပြောကြကုန်၏။

"အဲဒီအခါမှာ... ဇာတ်လိုက်က မင်္ဂလာလဲဆောင်ပြီးရော သူ့ ယောက္ခမ ရာဇဝတ်အုပ်ကို ပြန်ပြီးနှိပ်စက်ဖို့ အကြံထုတ်တော့တာကိုး" ဟု မြကြီးက စကားစလိုက်ရာ မည်သည့်အချိန်ကရောက်၍ နားထောင်နေသည်မသိရသော ရာဇဝတ်အုပ် ဦးနက်ကျော်က. . .

"တော်တော့... မြကြီး ပေါက်ကရလေးဆယ်တွေ လျှောက် ပြော မနေနဲ့"ဟု အော်လိုက်သဖြင့် မြကြီးအပါအဝင် ဂါတ်စာရေး၊ အိပ်စီနှင့် ပုလိပ်နှစ်ယောက်ပါ လန့်ဖျန့်၍ သွားကြလေတော့သည်။





"ဒီကောင် စပြီးပြောကတည်းက ဟိုဘက်ခန်းကနေ ငါနားထောင် နေတယ်။ မင်းတို့လဲ ပုလိပ်လုပ်ပြီး တော်တော်ညံ့တဲ့ကောင်တွေပဲ၊ ဒီကောင်လိမ့်တာကို အဟုတ်မှတ်နေကြတယ်။ ဖဲသုံးချပ်သမားနာမည် တွေကို ဒီကောင်ပြောတာ စဉ်းစားကြည့်ပါလားကွ..."

"လှဖေ၊ ဘပု၊ မောင်ရှိန်တဲ့။ အဲဒါဘယ်သူတွေမှတ်လို့လဲ၊ ငါတို့ ဒိုင်းပြည်က ခေါင်းဆောင်ကြီးသုံးဦးဖြစ်တဲ့ ဖေ၊ ပု၊ ရှိန်လေကွာ"ဟု ဦးနက်ကျော်က သူလိုရာဆွဲ၍ ဒေါနှင့်မောနှင့် ပြောလိုက်မှပင် ဂါတ်စာရေးတို့လည်း...

"ဟုတ်သားပဲ..."ဟု ပြောကြလေ၏။

ထိုအခါ၌ ဦးနက်ကျော်ကဆက်၍ ပြောပြန်သည်မှာ...

"မုဆိုးမကြီးကိုသွားပြီး အနှောင့်အယှက်ပေးပြီး ဇာတ်လိုက်က ခွက်အလာမှာ မုဆိုးမကြီးရဲ့သား အသတ်ခံရပြီး ဇာတ်လိုက်ကိုအမှု တ်တယ်ဆိုတာ အခြားလူမဟုတ်ဘူးကွ။ သူကိုယ်တိုင်ဖြစ်နေတာ။ သံကြိုးရုံးကိုသွားပြီး ခင်မောင်တင့်ကို သံကြိုးရိုက်တယ်ဆိုတာသိလို့ ဘယ်ရိုက်တာလဲ သိချင်လို့ သွားပြီးစုံစမ်းခဲ့တာ၊ ခင်မောင်တင့်က သေသွားတဲ့ လှမောင်ရဲ့အမေဆီကို လှမောင်သေတဲ့အကြောင်း သံကြိုးရိုက်ခဲ့တယ်။ ဒီကောင်က လှမောင်ကို သင်္ဂြိုဟ်ဖို့ရောက်လာ တာ။ ဒီကောင့်အိတ်ထဲရှာကြည့်စမ်း..."ဆိုသဖြင့် ဂါတ်စာရေးက ပြကြီး၏အိတ်တွင်းသို့ နှိုက်ကြည့်ရာ ခင်မောင်တင့်ရိုက်လိုက်သည့် အောက်ပါသံကြိုးစာကို တွေ့ရလေတော့၏။

"... လှမောင်သေပြီ၊ အမြန်လာပါ။ သို့မဟုတ်
မြေမြှုပ်လိုသည်၊ ဂူသွင်းလိုသည်
အကြောင်းပြန်..."

ခင်မောင်တင့်

ထိုသံကြိုးစာကို ဖတ်ကြည့်ပြီးနောက် ရာဇဝတ်အုပ် ဦးနက်ကျော်က မေးမြန်းရာ မြကြီးက ဟုတ်မှန်သည့်အတိုင်း ဝန်ခံလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤအခါ၌ ရာဇဝတ်အုပ် ဦးနက်ကျော်က...

"ဒီအမှုတွေမှာ ဒီကောင်မပါဘူး...။ ဒီကောင်သိလဲ မသိပါဘူး
ဒီကောင်က အူကြောင်ကြောင်နဲ့ အဖမ်းခံရတာပါကွာ"ဟုပြောလျှင်
ဂါတ်စာရေးက...

"ဒါပေမယ့်၊ ဘိုင်စကုတ်ဇာတ်လမ်းပြောတာက ယုတ္တိတော်တော်
ရှိတယ်ဆရာ..."ဟု ပြောလေ၏။

"ဒီလိုမပြောရင်လဲ မင်းတို့က ညို့သကြီးကို သံပိုက်လုံးနဲ့လို့မ်မှ
ဆိုတော့ ဒီကောင်လဲ ကြံဖန်ပြီး လျှောက်ပြောတာပေါ့ကွာ...။ လူ
ငှက်ပျောပင် မင်္ဂလာဆောင်တယ်လို့ကွာ။ ဖြစ်နိုင်ပါ့မလား၊ မင်းတို့
စဉ်းစားကြည့်ပါဦး..."ဟု ဦးနက်ကျော်က ပြောလေ၏။

ထို့နောက် ရာဇဝတ်အုပ် ဦးနက်ကျော်က မြကြီးအား အမှုနှ
ပတ်သက်ခြင်းမရှိဟုဆိုကာ ထမင်းကျွေး၍ အချုပ်မှ လွှတ်လိုက်လေ
တော့၏။ မြကြီးလည်း အချုပ်မှထွက်ခါနီးတွင် ဂါတ်စာရေးအနီးသ
ကပ်ကာ...

"ဒီမှာဆရာ... အခြားဟာတွေ ကျုပ်က လုပ်ကြံပြီး ပြောတာပါ
ငှက်ပျောပင်ကတော့ ဖြစ်နိုင်တယ်နော်။ ခင်ဗျားမိန်းမ မရှိရ
ငှက်ပျောပင် စိုက်ကြည့်ပါလား၊ ကျုပ်ပြောတာ မဟုတ်ခဲ့ရင်
အရှုံးမရှိပါဘူး၊ ငှက်ပျောသီးစားရတာပေါ့"ဟု ပြောရာ ဂါတ်စာရေ
က...

"အေးဟုတ်တယ်ကွ... စမ်းကြည့်ချင်တယ်၊ ဒါပေမယ့် ငါ
ဂါတ်ထဲမှာ နေတာဆိုတော့ တကယ်ဖြစ်ရင်တောင် အဲဒီမိန်းမ
ငါ့ဆီ ရောက်လာမှာ မဟုတ်ဘူး။ တခြားပုလိပ်တွေကဖြတ်ပြီး ကြာ
သွားမှာ စိုးရသေးတယ်ကွ၊ ပုလိပ်ဆိုတာ စိတ်ချရတာမဟုတ်ဘူး
ငါကအစ ကောင်းတာ မဟုတ်ဘူး"ဟု ပြောလိုက်လေတော့၏။

မြကြီးလည်း အချုပ်မှ လွှတ်လိုက်သော်လည်း ယောင်ချာချာနှ
မည်သည့်အရပ်သို့ သွားရမည်မသိဖြစ်၍နေလေတော့၏။





# ဝက်သားမစားတဲ့တရုတ်ရှိသလော

သို့ရာတွင် မြကြီးတား ရောက်ချင်ရာရောက်၍ ဖြစ်ချင်ရာ
ဖြစ်စေ၊ ရောက်သည့်အရပ်၌ ရှိသည့်လူနှင့် သင့်အောင်ပေါင်းတာ
ရရာ အလုပ်ကိုလုပ်၍ ရောင့်ရဲတာ ပျော်သလိုနေ၍ လူမောင်၏
စိခင်ကြီး ထံသို့လည်း ငွေကိုပို့မည်ဟု စိတ်တူးလျက် လျှောက်လာ
ခဲ့လေ၏။

မဟာမြတ်မုနိဘုရားအနီးသို့ရောက်လျှင် အဝေးပြေးကုန်တင်
ကားများရပ်ထားသည်ကိုတွေ့ရလေ၏။ ကားသမားများသည်
အနီးရှိ လက်ဖက်ရည်ဆိုင်၌ လက်ဖက်ရည်သောက်သူသောက်၊
သတင်းစာ ဖတ်သူဖတ်နှင့် ရှိကြလေသည်။

မြကြီးသည် ကားသမားများထံသို့ သွားရောက်ကာ မော်တော်
ကားစပယ်ယာ လိုမလို မေးမြန်းလေ၏။ ကားသမားများက စပယ်ယာ
မလိုကြောင်း မိမိတို့တွင် စပယ်ယာရှိကြောင်း ပြောလိုက်ရာ မြကြီး
လည်း စပယ်ယာအလုပ်ကို မရပဲရှိလေ၏။ ထိုအချိန်အခါ၌ မြကြီးက
မော်တော်ကား ဒရိုင်ဘာအနီးသို့ ချဉ်းကပ်၍ မည်သည့်အရပ်သို့
သွားမည်ကို မေးမြန်းရာ ရှမ်းပြည်နယ်တောင်ပိုင်းသို့ သွားမည်
ဖြစ်ကြောင်း သိရလျှင် ဒရိုင်ဘာအား ဆလံပေး၍...

"ကျွန်တော်ပါလိုက်ပါရစေဗျာ"ဟုပြောသော်လည်း ဒရိုင်ဘာ
က လိုက်ခွင့်မပေးသဖြင့် ပြန်ခဲ့ရလေ၏။

သာမန်အားဖြင့်ကြည့်လျှင် မြကြီးအဖို့ အလုပ်အကိုင်မမြင်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသဖြင့် လွန်စွာမှ စိတ်ပျက်အားငယ်ဖွယ် ရှိသော်လည်း မြကြီးကား စိတ်မပျက်၊ ပျော်ပျော်ရွှင်ရွှင်နှင့်ပင် ထိုနေရာမှ ထွက်ခဲ့လေတော့၏

"ရပါတယ်... မြကြီးတို့ကတော့ ပျော်ပျော်ပဲ"ဟု တစ်ကိုယ်တည်း ရေရွတ်ပြောဆိုရင်း ရင်ကိုကော့၍ လေကလေးတချွန်ချွန်နှင့် လျှောက်၍ လာခဲ့လေ၏။

မြကြီး၌ စိတ်ပျက်ခြင်းမရှိပေ၊ ငါ့မှာ အလုပ်မရှိတဲ့အတွက် ငတ်တော့သေမှာပဲ၊ ဒုက္ခရောက်တော့မှာပဲဟုလည်း စိုးရိမ်ထိတ်လ ခြင်း မရှိပေ၊ ရွှင်ရွှင်လန်းလန်းပင်ရှိလေ၏၊ ထိုစိတ်ဓာတ်မျိုးကား 'အဖြစ် စိတ်ဓာတ်'ဟု ခေါ်လိုက ခေါ်နိုင်လေသည်။ အချို့ကား အဆင်မပြေမှု ကလေးအနည်းငယ်တွေ့ရသည်နှင့် ဒုက္ခပါပဲ ငါတော့ ဒုက္ခရောက်ပါပြီ၊ ငတ်တော့မှာပဲဟု တွေးတောထိတ်လန့်တတ်၏ ထိုစိတ်ဓာတ်မျိုးကား 'အပျက်စိတ်ဓာတ်'မျိုးဖြစ်၏။ တစ်နည်း ဆို ပါမူ အပျက်စိတ်ဓာတ်ကား 'အနေကံ'သဘောဆောင်၏။ အဖြစ် စိတ်ဓာတ်ကား 'ဇကံ' သဘောဆောင်၏။ အပျက်စိတ်ဓာတ်ကား ပို၍ပျက်စေ၏၊ လူကို အညွန့်တုံးစေ၏။

အနိမ့်ဆုံးအားဖြင့် ရှုံးမည်ကိုလွန်စွာစိုးရိမ်သော ဖဲသမားသည် ကြောက်ရွံ့ကြောက်ရွံ့နှင့်ပင် တတိတိရှုံးလေ၏။ ရှုံးချင်ရှုံး၊ နိုင်ချင် နိုင်ဟု သဘောထားကာ ကစားသောအခါ၌ နိုင်ပေါက်များစွာ တိုးခဲ့ ဖူးကြောင်းကို လောင်းကစားပြုလုပ်ဖူးသူတိုင်း ကြုံတွေ့ဖူးပေလိမ့် မည်။ ထိုအချင်းအရာကား အဖြစ်စိတ်ဓာတ်နှင့်အပျက်စိတ်ဓာတ် အနေကံစိတ်နှင့် ဇကံစိတ်ကို ဖော်ပြနေခြင်းဖြစ်ပေသည်။

အပျက်စိတ်ကား တွန့်ဆုတ်တွန့်ဆုတ်ဖြစ်၏။ လာဘ်လာဘများ နှင့် အခွင့်အရေးကောင်းများကို တွန်းထုတ်ပစ်၏။ ရဲတင်းသောစိတ်၊ အဖြစ်စိတ်၊ ဇကံစိတ်ကား လာဘ်လာဘနှင့် အခွင့်အရေးကောင်း များကို သံလိုက်ကဲ့သို့ ဆွဲယူတတ်၏။





အပျက်စိတ်သမားများကား မျက်မှောင်ကုပ်၏။ မျက်နှာမသာ မယာရှိ၏။ မျက်နှာပုပ်သိုးသိုးရှိ၏။ အဖြစ်စိတ်သမားကား မျက်နှာ သာယာ၏။ ရွှင်ရွှင်ပျပျရှိ၏။ ကြောင့်ကြစိုးရိမ်မှုမရှိနေတတ်၏။ ထိုသူတို့၏စိတ်ဓာတ်ကား လေဟုန်မိသောလေတံခွန်ကဲ့သို့ တလူလူ ရှိ၏။ ထိုသူတို့အားတစ်စုံတစ်ယောက်က ငွေနှင့်ဖြစ်စေ၊ အာဏာနှင့် ဖြစ်စေ၊ ညှိုးနွမ်းအောင်လုပ်၍မရနိုင်ပေ။ ထိုသူတို့သည် ခေတ်ပျက် သည့်အခါ၌ပင် ပျော်ပျော်ရွှင်ရွှင်နေတတ်ကြသူများဖြစ်၏။ လောကဓံတရားကို ရင်ဆိုင်ဝံ့သော သူရဲကောင်းစိတ်ဓာတ်မျိုးဟု ခေါ်လိုက ခေါ်နိုင်ပေသည်။

မြကြီးကား အရက်သမားလူပေလူတေမှန်၏။ သို့ရာတွင် မြကြီး ဘွင် ထိုစိတ်ဓာတ်မျိုးရှိ၏။ မြကြီးကားဇကံစိတ်ဓာတ်သမားဖြစ်၏။

မြကြီးသည် တရုတ်ပွဲရုံများရှိရာသို့ လျှောက်လာခဲ့ မိလေ၏။ ထိုအခါ၌ တရုတ်ပွဲရုံများသို့ဝင်ရောက်ကာ. . .

"သောင်ကဲကြီး... 'ဝ' ဒီမှာ ဈေးရောင်းပေးမယ်၊ ပစ္စည်းတွေလည်း ၁ ထမ်းမယ်၊ ခိုင်းချင်ရာခိုင်းပါ..."ဟု ဝင်၍ပြောသော်လည်း ပွဲရုံ ပိုင်ရှင်တရုတ်များက...

"စွား... စွား..."ဟု မောင်းထုတ်လိုက်၏။

မြကြီးက အပြုံးမပျက်ထွက်လာခဲ့ပြီးလျှင် နောက်ထပ်ပွဲရုံသို့ သွားရောက်ပြန်၍ ပြောကြည့်ပြန်၏ လက်မခံသဖြင့် ထွက်ခဲ့ရ ပြန်၏။

ဤသို့နှယ်ပင် တွေ့သမျှပွဲရုံတိုင်းကို မလွှတ်တမ်းဝင်၍ ပြောကြည့် ာ နောက်ဆုံးပွဲရုံတစ်ရုံသို့ ရောက်သောအခါ၌ လွန်စွာဗိုက်ပူသော ာရုတ်ကြီးသည် လွန်စွာမှ သေးကွေးသော ခွေးခြေပုကလေးပေါ်၌ ထိုင်လျက် ပိုးယမ်တောင်ကလေးကို တဖျပ်ဖျပ်ခတ်ယင်း မြကြီးကို ခြေဆုံးခေါင်းဆုံး ကြည့်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နင်—ထမီးချက်တတ်လား" ဟု ထိုတရုတ်ဗိုက်ပူက မေးလေ၏။

"ချက်တတ်တာပေါ့ ထောင်ကဲရာ… ထမင်းချက်တာများ ခက်တာ လိုတ်လို့…"ဟု မြကြီးက ပြောလိုက်ရာတရုတ်ဗိုက်ပူက…

"ထမီးချက်တတ်လို့မရဖူးလေ၊ ဟင်းလဲချက်ရမှာ"ဟု ပြောလေ၏။

"ရပါတယ်ထောင်ကဲရ… ဟင်းချက်တာလဲမခက်ပါဘူး၊ 'ဝ' မတတ် လဲ နည်းနည်းပြပေးပေါ့၊ ဟင်းချက်တာမခက်ပါဘူး၊ လေယာဉ်ပျံလုပ်ရ တာမှ မဟုတ်ဘဲ… လေယာဉ်ပျံလုပ်တတ်လားလို့ 'ဝ'ကို မေးရင် တော့ မလုပ်တတ်ဘူးလို့ပဲ ပြောရမှာ"ဟု… ရယ်ရွှန်းဖတ်ရွှန်းနှင့် ပြောလျှင် တရုတ်ဗိုက်ပူက သဘောကျသွားလေ၏။

"နင်ထမီးချက်ရမယ်… နင့်ကို ထမီးပဲကျွေးမယ်ပိုက်ဆံတော့ မပေးဘူး…"ဟု တရုတ်ဗိုက်ပူက ပြောပြန်လေ၏။

"ရပါတယ်၊ ထောင်ကဲကြီး၊ တော်တော်ကြာတော့ ထောင်ကဲကြီး ကိုယ်တိုင် 'ဝ' ကို ပိုက်ဆံယူပါ ပိုက်ဆံယူပါနဲ့ တောင်းပန်ပြီး ပေးနေ ရမှာပါ၊ ဟား… ဟား…"ဟု မြကြီးက ပြောပြန်ရာ တရုတ်ဗိုက်ပူက…

"ဟီ… ဟီ၊ နင်တော်တော်ရယ်ဖို့ကောင်းတယ်…၊ လာ"ဟု ခေါ်ကာ မြကြီးအား ပွဲရုံနောက်သို့ခေါ်၍သွားလေ၏။ ပွဲရုံရှိ အခြားသော တရုတ်များမှာမူ တစ်ဦးနှင့်တစ်ဦး ကွိကွိကွကွနှင့် တရုတ်လို ပြောဆိုလျက် ကုန်ချိန်သူကချိန်၊ ထုပ်သူကထုပ်၊ ကူလီများ နှင့်အတူ ရှေတ်သီးအိတ်၊ ပဲအိတ်များပေါ်၌ တုတ်တစ်ချောင်းကို မင်ဆွတ်လျက် တရုတ်စာများရေးသူရေး၊ ပေသီးတစ်ချောက် ချောက် ခေါက်သူခေါက်နှင့် အလုပ်ရှုပ်လျက်ရှိကြလေ၏။

တရုတ်ဗိုက်ပူက မြကြီးအား ပွဲရုံနောက်သို့ ခေါ်သွားပြီးလျှင် မီးဖိုနှင့် ထမင်းအိုးကို ပြလေ၏။

"နင်…ဒီမှာချက်ရမယ်၊ အခုမချက်နဲ့ဦး၊ ငါ့ဆီက ကောင်ကလေး တစ်ယောက်နဲ့ ဈေးကိုသွားရမယ်၊ ဈေးဝယ်ပြီးပြန်လာမှချက်"ဟု ဆိုကာ





မြကြီးအား ပွဲရုံရှေ့ပိုင်းသို့ ခေါ်လာပြန်ပြီးလျှင် တရုတ်များအား ထမင်းချက်အသစ်ရပြီဖြစ်ကြောင်း တရုတ်လိုပြောလိုက်ရာ တရုတ် များသည် လုပ်လက်စအလုပ်များကို ရပ်ဆိုင်း၍ မြကြီးကို ကြည့်ရှု အကဲခတ်ကြလေ၏။

ထို့နောက်တရုတ်ဗိုက်ပူက ခါးတွင်ပတ်ထားသော ခါးပတ်ကြီး တွင် ချိတ်ထားသည့် ပိုက်ဆံအိတ်မှ ပိုက်ဆံကိုထုတ်၍ တရုတ်ကလေး တစ်ဦးအား ပေးလိုက်၏တရုတ်ကလေးသည် ဈေးခြင်းတောင်းကြီး ကို သွားရောက်ယူပြီးလျှင် မြကြီး၏လက်တွင်းသို့ ထည့်လိုက်လေ၏။

"ကဲ… နင်ဈေးဝယ်ပေတော့၊ ပိုက်ဆံကို ကောင်ကလေးကပေး လိမ့်မယ်…"ဟု တရုတ်ဗိုက်ပူက ပြောလိုက်လေ၏။

ထိုအခါ မြကြီးက…

"ထောင်ကဲတို့အားလုံး ဝက်သားစားတယ်နော်၊ မင်းကြီး မင်းလေး ကိုးကွယ်လို့ဝက်သားမစားတဲ့ ထောင်ကဲပါ သေးလား…"ဟု ခပ်တည်တည်နှင့် နောက်လိုက်ရာ ပွဲရုံအတွင်းမှ မြန်မာကူလီများသည် ဝါးကနဲ ရယ်မောကြလေ၏။

တရုတ်များမှာမူ မြကြီးစကားကို ခပ်ကြောင်ကြောင်ဖြစ်သွားပြီး နောက်မှ အဓိပ္ပာယ်ပေါက်ကာ ရယ်မောကြလေ၏။

"ကနီနဲ… တရုတ်မှာ ဝက်သားမစားတာ…မရှိဖူး၊ စွားစွား…"ဟု တရုတ်ဗိုက်ပူက ပြောလိုက်၏။

မြန်မာကူလီတစ်ယောက်ကမူ မြကြီးကိုကြည့်၍ "လူကတော့ နောက်ပါ့ကွာ၊ အခုမှ ရောက်လာတယ်၊ အခုပဲ နောက်တော့တာပဲ" ဟု ပြောလိုက်လေ၏။

မြကြီးလည်း ဈေးသို့သွားပြီးလျှင် ဝက်သား၊ မုန်ညင်းရွက်၊ ကြက်သွန်မြိတ်၊ မုန်လာဥ၊ ပဲပြား၊ ပဲပင်ပေါက်၊ စသောတရုတ်ကြိုက် ဟင်းလျာများကို ဝယ်၍ပြန်ခဲ့ပြီးလျှင် စတင်ချက်ပြုတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြကြီးသည် သမင်းတို့မှကောင်းစွာချက်တတ်ပေသည်။ သို့ရာတွင် ဘင်းတို့အား ဖြစ်ဖြစ်မြောက်မြောက် မချက်တတ်သဖြင့် အဆင်သင့် ထုံးချက်ပြီးသည့်အခါ၌ တရုတ်ဗိုက်ပူအား ထွက်၍ခေါ်ပြီးလျှင်…

"ထောင်ကဲဗိုက်ပူရ၊ ဟင်းချက်ဖို့ပြပေးပါအုံး၊ တစ်ခါနှစ်ခါ မြပေး ရမှာပါ၊ နောက်တော့ ကျုပ်ဟာကျုပ်ချက်မှာပါ"ဟု ပြောရာ ကုလီများ နှင့် တရုတ်များသည် ရယ်မောကြပြန်၏။

"ခွိး… လေယာဉ်ပျံလုပ်တာလောက်မိခက်ဖူးဆို"ဟု ဗိုက်ပူက ပြောလေ၏။

"ဒါတော့ ဒါပေါ့ထောင်ကဲရ၊ မတတ်လို့တစ်ခါနှစ်ခါပဲပြခိုင်းတာ ပေါ့၊ လေယာဉ်ပျံလုပ်တာဆိုရင်တစ်ခါနှစ်ခါပြရုံနဲ့ ဘယ်ရမလဲ"ဟု မြကြီးကပြော၍ တရုတ်ဗိုက်ပူအား မရမကခေါ်လာခဲ့ရာ တရုတ်ဗိုက်ပူက ခွေးခြေပုကလေးကိုပါယူ၍ မီးဖိုသို့လိုက်လာပြီးလျှင် ထိုခွေးခြေပုကလေးပေါ်၌ထိုင်လျက်ညွှန်ပြလေ၏။ မြကြီးမှာ သူ၏ခါး၌ အဝတ်ကြိုးတန်းပေါ်မှ အဝတ်အထည်ကို ကောက်၍ ပတ်ပြီးလျှင် သံယောက်မကြီးတကိုင်ကိုင်နှင့် တရုတ်ဗိုက်ပူ ပြောသည့်အတိုင်း စိတ်ပါလက်ပါ ချက်ပြုတ်လေတော့၏။

ထိုသို့ချက်ပြုတ်နေရင်း "ငါဒီမှာနေတုန်းတရုတ်စကားကလေး ဘာလေးနည်းနည်းပါးပါး သင်ထားရရင်ကောင်းမှာပဲ"ဟု တွေးမိလေ၏။ ထိုသို့တွေးမိရာမှ တစ်ဖန် "ဒီတရုတ်တွေက ငါ့ကို တကူးတကတော့ သင်ပေးကြမှမဟုတ်ဘူး၊ သူတို့ပြောတာကိုလိုက်ပြီးမှတ်ရမှာပဲ…"ဟု စဉ်းစားမိပြန်၏။

ထိုသို့စဉ်းစားမိရာမှ မည်သည့်ဘာသာစကားဖြစ်စေ "ဘာလဲ" ဆိုသည်ကို စတင်တတ်ကျွမ်းရန်လိုပေသည်။ ထိုစကားကိုတတ်လျှင် မိမိသိချင်သမျှကို"ဘာလဲ"ဟုမေးမြန်း၍ တစ်ဖက်လူပြောသမျှ အသံထွက်ကို လိုက်လံမှတ်သားထားရုံနှင့် စကားလုံးတော်တော်





များများကို တတ်ကျွမ်းသွားနိုင်ကြောင်းကို စဉ်းစားမိသဖြင့် မြကြီးသည် တရုတ်လို "ဘာလဲ" ဆိုသည်ကိုတတ်ရန် ကြံစည် လေတော့၏။

ကြံစည်ပုံကား ဤသို့ဖြစ်၏။ မီးဖိုဘေးတွင်ရှိသော ငံပြာရည် ပုလင်း၊ ရှာလကာရည်ပုလင်း၊ ရေပ်ဆီပုလင်း စသည်တို့ကို နမ်းကြည့်ပြီးနောက် ပုလင်းအလွတ်တွင်းသို့ တရုတ်ဗိုက်ပူ မမြင် စေဘဲ ရေများ လောင်းထည့်လိုက်လေ၏။

"ဟီကောင်… ဘေးမှချလိုက်တော့၊ ဆူပြီ…"ဟု တရုတ်ဗိုက်ပူ က ပြောသဖြင့် မြကြီးလည်း အစိမ်းကြော်အိုးကို ချလိုက်လေ၏။

တစ်ဖန် တရုတ်ဗိုက်ပူက (၁၂)မျိုးဟင်းချိုချက်ရန်အတွက် အိုး စ်လုံးအတွင်းသို့ ဟိုဟာထည့်၊ ဒီဟာထည့်နှင့် မြကြီးအား စေခိုင်း န်၏။ မြကြီးကား တရုတ်ဗိုက်ပူစေခိုင်းသည့်အတိုင်း ပြုလုပ်ရင်း…

"ထောင်ကဲ… တရုတ်စကားသင်ပေးပါ…"ဟု ပြောလေ၏။

"မရဘူး… ခက်တယ်…"ဟု တရုတ်ဗိုက်ပူက ပြန်ပြောလေ၏။

"တရုတ်လို 'ဘာလဲ'ဆိုတာ ဘယ်လိုပြောသလဲ"ဟု မြကြီးက းရာ တရုတ်ဗိုက်ပူက စိတ်ဆိုးစွာဖြင့် မြကြီးအား စီပိုင်းရော၊ င်ကီရော စုံ၍နေအောင် ဆဲဆိုပြီးနောက် "မပြောဘူး" ဆိုလေ တော့၏။

မြကြီးကား ထိုအခါ၌ စောစောက ရေထည့်ထားသော ပုလင်းနှင့် တူ ရှာလကာရည်ပုလင်းကိုယူ၍ တရုတ်ဗိုက်ပူအား…

"ထောင်ကဲ… ဒီဟာက ရှာလကာရည်ဗျ၊ ဒါက… ဘာလဲမသိဘူး" ပြသလျှင် တရုတ်ဗိုက်ပူလည်း ရှာလကာရည်ပုလင်းကို နမ်း ည့်ပြီးနောက် ရေထည့်ထားသောပုလင်းကို နမ်းကြည့်ပြန်ကာ ည်သည့်ပုလင်းဖြစ်ကြောင်း မပြောနိုင်သဖြင့် ပွဲရုံရှေ့မှ တရုတ် လေးကိုခေါ်၍ ထိုပုလင်းကိုပြပြီးလျှင် တရုတ်လို 'ကျိုကိုစိစီမော'ဟု



www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်လေ၏။ တရုတ်တလေးသည် ထိုပုလင်းကိုယူ၍ နမ်းကြည့်ရာ 'ဝေါ်ပုကျို တောက်'ဟု ခေါင်းခါ၍ ပြောလိုက်ပြန်၏။

မြကြီးသည် ထိုအခါ ပိုက်ပွာပြောသော 'ကျိုကို့စီစီမော့'မှာ 'ဒါဘာ လဲ'ဟု အဓိပ္ပါယ်ရမည်ဖြစ်ကြောင်း ရိပ်မိလိုက်၏။ တရုတ်တလေး ပြောလိုက်သော 'ဝေါ်ပုကျိုတောက်'မှာ 'မသိဘူး'ဟု အဓိပ္ပါယ်ရမည် ဟု အတပ်သိလိုက်လေ၏။

ထို့ကြောင့် မြကြီးသည် ရှော်ဆီပုလင်းအားယူ၍ တရုတ်တလေး အား 'ကျိုကို့စီစီမော့'ဟု မေးလိုက်ရာ တရုတ်ပိုက်ပွလည်း မျက်လုံးပြူး၍သွားလေ၏။

တရုတ်တလေးက မြကြီးပြသောပုလင်းကိုရှုနမ်းကြည့်ပြီးလျှင်—

"လာ့ကြောင်းစွမ်း..."ဟု ပြောလေ၏။

မြကြီးက ရှော်ဆီကို တရုတ်လို 'လာ့ကြောင်းစွမ်း' ခေါ်ကြောင်း မှတ်သားထားလိုက်လေ၏။

တရုတ်ပိုက်ပွက မြကြီးအား တရုတ်လိုများတတ်နေမည်လား သံသယဖြစ်ကာ တရုတ်ဘာသာဖြင့်—

"နီခိုရီဆော့တျုံးကော်ဟွအား..."

"မင်းတရုတ်စကားပြောတတ်သလား"ဟုမေးလိုက်ရာ မြကြီး စောစောကကောင်တလေးပြောခဲ့က မှတ်သားထားသည့် "မသိဘူး" "ဝေါ်ပုကျိုတောက်"ဟူသော အဓိပ္ပာယ်တရုတ်စကားကို စဉ်းစား သဖြင့် "ဝေါ်ပုကျိုတောက်"ဟုပြောလိုက်ရာ တရုတ်ပိုက်ပွသည် လွန်စွာ သဘောကျ၍သွားလေတော့၏။

ထိုအချိန်မှစ၍ မြကြီးက ဗွန်းတိုတိုင်၍ တရုတ်ပိုက်ပွအား "ကျိုကို့ စီစီမော့"ဟုမေးရာ တရုတ်ပိုက်ပွက—

"ယောက်ကျိ"ဟု ပြောလေ၏။ ထိုအခါ၌ မြကြီးသည် ဗွန်းကို တရုတ်လို "ယောက်ကျိ"ဟုခေါ်ကြောင်းမှတ်သားလိုက်ပြန်၏။ ထို



တဖန် အိုးကိုတိုင်၍လည်းကောင်း၊ ပန်းကန်ကိုတိုင်၍လည်းကောင်း၊ ဇွန်းကိုတိုင်၍လည်းကောင်း 'ကျိုကို့စီစီမော့'ဟု မေးမြန်းခဲ့ရာ တရုတ် ပိုက်ပွက...

"ဝေါ့" "ဖန့်ဝမ်" "ခွိုက်ကျိ" စသည်ဖြင့် တရုတ်လို ပြောဆိုခဲ့လေ၏။

ဤသို့နှင့်ပင် မြကြီးသည် ထမင်းဟင်းအားလုံး ကျက်သည့်အခါ ၌ တရုတ်စကားလုံးဆယ်လုံးခန့်ရရှိသွားလေတော့၏။

ထို့နောက်လည်း သိလိုသမျှလို ကျိုကို့စီစီမော့နှင့်ပင် မေးမြန်း ခဲ့ရာ အချိန်ပိုင်းအတွင်း၌ပင် ဝက်သားဟင်း၊ အစိမ်းကြော်၊ (၁၂)မျိုး ဟင်းချို၊ ထမင်း၊ စသည်တို့၏ တရုတ်အခေါ် တော်တော်များများကို ရရှိခဲ့လေတော့၏။

ထမင်းဟင်းများကျက်သော် စားပွဲဝိုင်းကြီးပေါ်၌ ထမင်း အိုးရော ဟင်းအိုးကိုပါ တင်လိုက်ပြီးနောက် ပန်းကန်လုံးကလေး များကို ပတ်ပတ်လည်ချကာ ပန်းကန်လုံးကလေးများပေါ်၌လည်း တူကစ်စုံ စီလိုက်၍ တင်ထားပေးလေ၏။

ပွဲရုံမှ တရုတ်များကလည်း ထမင်းစားချိန်ရောက်သော် စားပွဲခုံ၌ လာရောက်၍ ဝိုင်းထိုင်လေ၏။ မြကြီးကိုပါထိုင်စေ၍ အတူတကွ စားသောက်ကြလေ၏ မြကြီးလည်း ဖော်ရွှင်စွာနှင့်ပင် ပန်းကန် တစ်လုံးကို ကောက်ယူ၍ ထမင်းထည့်ကာတူဖြင့် စားသောက်လေ တော့၏။

ထို့နောက် တရုတ်များကို မြကြီးက ဝက်သားဟင်းကို တူဖြင့် ပြလျှက်...

"ကျိုကို့စီကျူးလို့ချိုင့်" ဝက်သားဟင်းဟုလည်းကောင်း၊ အစိမ်း ကြော်ကို တူဖြင့်ထောက်၍ "ချောက်ကျချိုက်" ဟူ၍လည်းကောင်း၊ (၁၂)မျိုးဟင်းချိုကို "ကျချိုက်ထန်း" ဟုလည်းကောင်း တရုတ်လို

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ရာ ပွဲရုံမှတရုတ်များသည် မြကြီး၏ ပျော်ပျော်ရွှင်ရွှင် ရွှတ်ရွှတ်နောက်နောက်နေတတ်ပုံ၊ လေ့လာသင်ယူတတ်ပုံတို့ သဘောကျလျက် တဝါးဝါး ရယ်မောကြကာ စားသောက်ကြလေတော့၏။

ထို့နောက် မြကြီးအား တရုတ်တယောက်က မြကြီးနားမလည်သော တရုတ်စကားနှင့်ပြောလိုက်ရာ မြကြီးက နားမလည်ကြောင်း 'ဝေါပုကျိတောက်'ဟု တရုတ်လိုပြောလိုက်ရာ တရုတ်များသည် ထမင်းများသီး၍ကုန်သည်အထိ ရယ်မောကြလေတော့၏။

ဤသို့နှင့်ပင်မြကြီးသည် တရုတ်ဗိုက်ပူ၏ပွဲရုံ၌ တရုတ်တို့၏ ချစ်ခင်ခြင်းခံရသော ခါတမာဘဝသို့ ရောက်ခဲ့လေတော့၏။

မြကြီးရောက်ပြီး သုံးရက်မြောက်သောနေ့၌ ရန်ကုန်ပွဲရုံမှ မြကြီးတို့ပွဲရုံသို့ သံကြိုးစာတစ်စောင် ရောက်ရှိလာလေတော့၏။

ပွဲရုံရှိတရုတ်တို့လည်း သံကြိုးစာကို မဖတ်တတ်သဖြင့် မြို့ထဲတွင်ရှိသော သံကြိုးစားဖတ်တတ်သည့် တရုတ်ကလေးကို စက်ဘီးဖြင့်သွားရန် စေလွှတ်လေ၏။

ထိုအခါ မြကြီးက တရုတ်ဗိုက်ပူအား...

"ထောင်ကဲ သံကြိုးစာလား ကျုပ်တတ်ပါတယ်ဗျ၊ ကျုပ်ဖတ်ပေးပါ့မယ်"ဟုပြောရာ တရုတ်တို့လည်း မယုံတဝက် ယုံတဝက်နှင့် ဖတ်ခိုင်းလေ၏။ မြကြီးဖတ်ရသော သံကြိုးစာမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

GARLIC RATE LOWER SELL ALL
IMMEDIATELY, REPLY; WHETHER
SINCHAYDONE SOAP REQUIRE OR NOT





အဓိပ္ပါယ်မှာ ကြက်သွန်ဖြူများ ဈေးကျရန်ရှိသည်။ အမြန်ရောင်းလိုက်၊ ဆင်ချေးတုံးဆပ်ပြာပို့ရန် လို-မလို အကြောင်းပြန်ကြဲဖြစ်၏။

မြကြီးလည်း သံကြိုးစာ၏အဓိပ္ပါယ်ကို တရုတ်များအား ရှင်းပြလေ၏။ တရုတ်များလည်း လွန်စွာသဘောကျလေ၏။ ထို့နောက် ရုတ်ဗိုက်ပူက...

**ဆင်ချေးတုံးဆပ်ပြာ မပို့နဲ့ဦး၊ ကြက်သွန်ဖြူ ပေါက်ဈေးနှင့် ရောင်းလိုက်မည်။**

ဆိုသည့်အကြောင်းကို မြကြီးအား သံကြိုးစာရေးခိုင်းလေ၏။ ကြီးလည်း မိမိကျွမ်းကျင်ပြီး အလုပ်ဖြစ်သဖြင့် ချက်ချင်းပင် ပေးလိုက်လေ၏။ ထိုအခါ၌ တရုတ်တစ်ယောက်သည် စက်ဘီး ပွဲရုံရှေ့သို့ရောက်၍လာလေ၏။ ထိုတရုတ်အား ပွဲရုံမှ ရုတ်များက "ဟီးကိုး"ဟု ခေါ်ကြသည်ကို မြကြီးသတိပြုမိလေ၏။ ဘရုတ်မှာ အသက်အတော်အတန်ကြီးပြီဖြစ်၍ ဆံပင်များပင် ပြုနေပြီဖြစ် ပေသည်။

ထိုတရုတ်မှာ သံကြိုးစာဖတ်ပေးသည်ဆိုသည့် တရုတ်ဖြစ်ပေသည်။ တရုတ်ဗိုက်ပူသည် ထိုတရုတ်အား သံကြိုးစာကိုပြလျှင် ဘရုတ်လည်း အင်္ဂလိပ်စာကို တရုတ်သံနှင့်ရွတ်၍ အဓိပ္ပါယ်ကို ရုတ်ဘာသာဖြင့် ပြန်၍ပေးလိုက်ရာ မြကြီးပြန်သည့်အတိုင်း ကြောင်းတွေ့ရလျှင် ပွဲရုံမှတရုတ်တို့သည် မြကြီးအား အထင်ကြီး သွားကြလေသည်။

တစ်ဖန် တရုတ်ဗိုက်ပူက မြကြီးရေးထားသည့် သံကြိုးစာကို တရုတ်အားပြလိုက်ရာ ထိုတရုတ်က တရုတ်ဘာသာဖြင့် မည်သူ ေးသနည်းဟု မေးလေ၏။ တရုတ်ဗိုက်ပူက မြကြီးကိုညွှန်ပြလျှင် ဘရုတ်က မြကြီးအား အင်္ဂလိပ်ဘာသာဖြင့်...



www.burmeseclassic.com

www.burmeseclassic.com

"မင်းဘယ်သူလဲ… ဘယ်တလာသလဲ… ဒီမှာဘာလုပ်ဖို့
ရောက်နေသလဲ…"ဟု မေးလေ၏။

ထိုအခါ မြကြီးက…

"ကျွန်ုပ်နာမည် မြကြီးပဲ၊ ရန်ကုန်မှာနေတယ်၊ အစားကော
အသောက်ကောင်း မစားဖူးသေးတဲ့ တရုတ်အချို့ကို စားဖူးအော
ကျွေးဖို့တာဝန်နဲ့ မန္တလေးကိုရောက်နေတာပဲ"ဟု အစိပ္ပါယ်ရသေ
အင်္ဂလိပ်စကားကိုပြောလိုက်ရာ ထိုတရုတ်က တရုတ်ချင်း တရု
ဘာသာဖြင့် ဘာသာပြန်၍ပြောလိုက်လျှင်၊ တရုတ်ဗိုက်ပူနှင့်တ
ပွဲရုံရှိတရုတ်များသည် ရယ်မောကြလေတော့၏။

ထို့နောက် တရုတ်က သံကြိုးစာဖတ်နိုင်းရန်သော်လည်းကော
ရေးနိုင်းရန်သော်လည်းကောင်း၊ သူ့ထံသို့လာရန်မလိုတော့ကြော
ထိုသူမှာ ကောင်းစွာတတ်ကျွမ်းသူဖြစ်ကြောင်း ပြောဆို၍ မြ
ကိုပါ နှုတ်ဆက်တာ ပြန်၍သွားလေတော့၏။

ထိုနေ့မှစ၍ မြကြီးသည် တရုတ်ဗိုက်ပူ၏ပွဲရုံ၌ ထမင်းချ
တာဝန်အပြင် သံကြိုးစာဖတ်ရန်၊ ရေးရန်အလုပ်ကာဝန်ကိုပါ ဖူ
ထမ်းဆောင်ရလေတော့၏။

အခြားသောပွဲရုံများကလည်း သံကြိုးစာလာ၍ဖတ်နိုင်း၏၊ ရေ
ခိုင်း၏၊ ထို့ကြောင့် မြကြီးသည် တစ်နေ့လျှင်သံကြိုးစာ (၁၀)စောင်
(၁၆)စောင်အတွင်းဖတ်ရ ရေးရလေ၏။ ပွဲရုံများမှလည်း မြကြီးအာ
သံကြိုးစာ ဖတ်ခိုင်းရေးခိုင်းသည့်အခါတိုင်း၌ ဆေးလိပ်ဖိုးအဖြ
တစ်ပဲ… တစ်မူးပေးသွားကြသည်ချည်းဖြစ်ရာ၊ မြကြီးအဖို့ တစ်
လျှင် ငွေသုံးလေးကျပ်မျှ စီ၍နေလေ၏။

မြကြီးအား ၎င်း၏ပွဲရုံမှတရုတ်များသာမက အခြားသောပွဲရုံ
တရုတ်များကလည်း အကျီအဝတ်အစားများ ပေးကမ်းကြသည
ဖြစ်ရာ မြကြီးသည် အဝတ်အစားလည်း သပ်သပ်ရပ်ရပ်ဝတ်နိုင်





လေတော့၏။ မြကြီးသည် နေ့စဉ်ရသမျှငွေတို့ကို စုဆောင်းလျက်
ရသမျှ၏တစ်ဝက်တိတိကို လှမောင်၏မိခင်ကြီးထံသို့ လှမောင်
အနေဖြင့် ငွေတင်ပို့ပေးလေ၏။ တခါတရံ၌ အောက်ပါစာမျိုး
ကိုလည်း ရေးသားပေးပို့တတ်လေသည်။

အမေခင်ဗျား. .

သားမောင် ရှိသေစွာ စာရေးလိုက်ပါသည်။
သားမောင်လည်း အမေပို့သသောမေတ္တာကြောင့်
ကျန်းမာပကတိ ချမ်းသာစွာရှိပါသည်။ အမေလည်း
ကျန်းမာရေးကို အထူးဂရုစိုက်ရန် မှာကြားလိုပါသည်။
ငွေကိုလည်း လစဉ်ပေးပို့ပါမည်။ ရွှေနှစ်ခါတွင် အိမ်ကို
ပြင်၍ဆောက်နိုင်ရန်လည်း သားမောင် ငွေစုလျက်
ရှိပါသည်။

ရှိသေစွာဖြင့်
သား- မောင်လှမောင်

ဒေါ်ရွှေရလည်း မြကြီးပို့ပေးလိုက်သော အထက်ပါစာမျိုးကို
ရသည့်အခါ၌ တစ်လမ်းလုံး တစ်အိမ်တက်ဆင်း လိုက်လံပြသလေ၏။
သားရှင်သမီးရှင်တို့လည်း "ဒေါ်ရွှေရကဖြင့် သားကလေးတစ်ယောက်ဆို
ဆိုသလောက်ပါပဲ၊ အားကိုရပါပေတယ်…"ဟု ချီးမွမ်းကြကုန်၏။

မြကြီးမှာ လကုန်သည်နှင့်တစ်ပြိုင်နက် ဒေါ်ရွှေရထံသို့ ငွေပို့
လေ့ ရှိပေသည်။ စာကိုလည်း မကြာမကြာထည့်လေ၏။

မြကြီးသည် တရုတ်ဗိုက်ပူ၏ပွဲရုံ၌နေရင်း တရုတ်စကားကို
မရှက်မကြောက်ပြောဆိုလေ့လာရာ ခြောက်လခန့်ကြာလျှင် အတော်
ကလေးပင် ပြောတတ် ဆိုတတ်နေပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မြကြီး၏ကြိုးစားပုံကို မြင်တွေ့ရသော တရုတ်ဗိုက်ပူလည်း မြကြီး သိလိုသမျှကို သင်ကြားပေးခဲ့လေ၏။

တရုတ်ဗိုက်ပူလည်း မြကြီးအား ထမင်းချက်လခအဖြစ် တစ်လ လျှင် ငွေ(၂၀)ပေးလေ၏။ မြကြီးမှာ တစ်နှစ်လောက်လုပ်မိသည့် အခါ၌ ရရှိသောလခရော သံကြိုးစာဖတ်ပေး ရေးပေးသည့်အတွက် ရရှိသော ဆေးလိပ်ဖိုးများအပါအဝင် ငွေငါးရာခြောက်ရာခန့် ရရှိခဲ့ ပေသည်။ ဒေါ်ရွှေရထံသို့ တင်ပို့ခဲ့သော ငွေစုစုပေါင်းသည် သုံးရာ ခန့် ရှိပေ၍ လက်ထဲတွင် ငွေနှစ်ရာကျော်ကျော်ခန့် စုဆောင်းမိလေ တော့၏။

မြကြီးသည် ပွဲရုံတန်း၌ အလုပ်လုပ်နေကြကုန်သော ပခုံးထမ်း အလုပ်သမားတိုင်း လိုလိုနှင့် ခင်မင်ပေသည်။ ထိုအထဲတွင် ဦးဘသိန်းအား အခင်မင်ဆုံးဖြစ်လေ၏။ ထို့ကြောင့် အချိန်အားရ သည့်ညတိုင်းတွင် ဦးဘသိန်းတို့နေထိုင်ရာ ဂေါဝိန်ဆိပ်အနီး တဲတန်းဆီသို့ မကြာခဏဆိုသလို သွားရောက်လည်ပတ်လေ့ ရှိပေ သည်။

တစ်နေ့သ၌ မြကြီးသည် ဦးဘသိန်းအိမ်သို့ သွားရောက်လည် ပတ်ရာတွင် ဦးဘသိန်းအိမ်၌ ဧည့်အရင်ရောက်ရှိနေသော ဦးဘသိန်း၏ မိတ်ဆွေ အဘိုးကြီးတစ်ဦးနှင့် တွေ့ဆုံလေ၏။

ထိုအဘိုးကြီး၏အမည်ကား 'ဦးလယ်'ဟူ၍ဖြစ်၏။ ဦးလယ်အား ဦးဘသိန်း၏သားသမီးများက လွန်စွာခင်ကြကြောင်းကို တွေ့ရလေ သည်။ ဦးလည်သည် ဦးဘသိန်း၏သားသမီးများအား ပုံဝတ္ထုများ ပြောပြခြင်း၊ ထန်းလျက် ပဲကြီးလှော် စသည့်ကလေးကြိုက် သွားရည် စာများ ဝယ်ယူလာတတ်လေ၏။

မြကြီးလည်း ဦးဘသိန်း၏အိမ်သို့ အလည်အပတ်ရောက်ရှိသည့် အကြိမ်များ မနည်းတော့ပေ။ သို့ရာတွင် ဦးလယ်နှင့်မူ ယခု





ဘစ်ကြိမ်သာ ဆုံတွေ့ရလေ၏။

ဦးလယ်က ရေနွေးကြမ်းပန်းကန်အတွင်းသို့ ရေနွေးငှဲ့ထည့် လိုက်ပြီးလျှင် မြကြီးရှေ့သို့ချပေးရင်း "သူငယ်... ရေနွေးသောက်ပါ ဦးကွ၊ ဘသိန်းကတော့ ရေချိုးသွားလေရဲ့၊ မကြာခင်ပြန်လာမှာပါ..." ဟု ပြောလေ၏။

မြကြီးလည်း ဦးလည်ထည့်ပေးသော ရေနွေးကြမ်းကို သောက် လေ၏။ ထို့နောက် ပန်းကန်အတွင်း၌ ရေနွေးကုန်၍သွားသည့်အခါ ၌ ရေနွေးကရားကိုမယူ၍ ဦးလယ်၏ပန်းကန်အတွင်းသို့ ရေနွေး ငှဲ၍ ပေးပြီးလျှင် မိမိ၏ပန်းကန်ကိုမူ ဆက်လက်၍ မသောက်လိုတော့ သဖြင့် ရှေ့သို့တိုး၍ထားလိုက်လေ၏။

ထို့နောက် အိတ်အတွင်းမှ လက်ဆောင်ရထားသော ဆင် ဘဲဆိပ် စီးကရက်ဗူးကိုထုတ်၍ ဦးလယ်အား...

"ဦးလေး သောက်ပါဦး"ဟုဆိုကာ ဆေးလိပ်တည်လေ၏။ ဦးလယ်က စီးကရက်ဗူးကိုကြည့်ပြီးနောက် ခေါင်းခါလိုက်လျှင်...

"သောက်ပါ ဦးလေး... ကျွန်တော်လဲ လက်ဆောင်ရထားတာပါ၊ ဆိုင်မှာသွားပြီး သွင်းတော့လဲ မယူတာနဲ့ သောက်နေတာပါ၊ ကြိုက် လို့တော့ မဟုတ်ပါဘူး၊ သောက်ပါ ဦးလေး"ဟုဆိုကာ စီးကရက် တစ်လိပ်ကို ထုတ်၍ပေးလေ၏။

ဦးလယ်လည်း စီးကရက်တစ်လိပ်ကိုယူ၍ လက်ကြားတွင် ညပ်ကာ ရှိုက်ဖွာလိုက်လေ၏။ ဦးလယ်၏ စီးကရက်ကိုင်ပုံ၊ လက်ကြား၌ညှပ်ပုံကို ကြည့်ရုံမျှနှင့်ပင် ဤအဘိုးကြီးကား တစ်ချိန်က စီးကရက်ကို အတော်အတန်ကြိုက်နှစ်သက်ရုံမျှမက ခဲခဲမြဲမြဲသောက်ခဲ့သူဖြစ် ကြောင်း မြကြီးကရိပ်မိလေတော့၏။

"ဦးလေး အရင်က စီးကရက်တော်တော်သောက်ခဲ့ယ် ဘတ်တယ်" ဟု မြကြီးကပြောလိုက်ရာ ဦးလယ်က ပြုံးလျက်...



www.burmeseclassic.com

www.burmeseclassic.com



"ကံကြမ္မာလှည်းဘီးအပေါ်ပိုင်းမှာ အနက်ရောင် ရောက်နေ
တုန်းက သောက်တာပေါ့ကွယ်"ဟု ဆိုလေ၏။

"ဦးလေးပြောတာ ကျွန်တော်နားမလည်ဘူးခင်ဗျာ"ဟု
မြကြီးက ပြောလိုက်ရာ ဦးလယ်က ဟက်ဟက်ပက်ပက် ရယ်မော
၍...

"ဒီလိုကွ...။ ငါကဘယ်တော့မှ ဗေဒင်မမေးဘူးကွ၊ ကံကြမ္မာတို့
ငါက ဒီလိုသဘောထားတယ်..."ဟု အစချီလိုက်လေ၏။

"ဘယ်လိုသဘောထားလဲဦးလေး..."ဟု မြကြီးက မေးလေ၏။

"ကံကြမ္မာဟာ လှည်းဘီးနဲ့တူတယ်ကွ...။ လှည်းဘီးက ဝင်ရိုးက
ကနေ တစ်ခြမ်းကို အဖြူရောက်သုတ်ထားကွာ။ ကျန်တဲ့အခြမ်းတို့
အနက်ရောင်သုတ်ထားတယ်လို့ ဆိုကြပါစို့၊ အဖြူရောင်ဟာ
ကံကောင်းခြင်း၊ အနက်ရောက်က ကံဆိုးခြင်းလို့ မှတ်ထားမယ်ပေ
ကွာ..."

"ဟုတ်ကဲ့ဦးလေး ပြောပါအုံး..."

"ကိုယ့်ရဲ့ကံကြမ္မာလှည်းဘီးမှာ အဖြူရောင်ခြမ်းဟာ အပေါ်ကို
ရောက်နေတယ်ဆိုရင် ကံကောင်းနေတယ်ပေါ့၊ အနက်ရောင်က
အပေါ်ဘက်ကိုရောက်နေရင် ကံဆိုးနေတယ်ပေါ့ကွာ..."

"ဟုတ်ပါပြီ ဦးလေး"

"တကယ်လို့အဖြူရောင်ဟာ အပေါ်ပိုင်းကိုရောက်နေတဲ့ အခါ
မှာ ကံကောင်းနေပြီဆိုတော့ လှည်းဘီးကိုဆက်ပြီး မလည်စေနဲ့
တော့ကွ၊ လည်လိုက်တာနဲ့ အဖြူရောင်က အောက်ကိုရောက်
သွားပြီး အနက် ရောင်က အပေါ်ကို တက်လာလိမ့်မယ်မဟုတ်လား
အဲဒီအခါမှာ လှည်းကိုတစ်ခါတည်းရပ်ထားလေ ကောင်းလေပေါ့
ကွာ၊ ရပ်နေသမျှ ကံကောင်းခြင်းပဲဖြစ်နေမှာကိုးကွ၊ တကယ်လို့
အနက်ရောင်ခြမ်းက အပေါ်ကိုရောက်နေရင်တော့ လှည်းဘီးကို





မြန်မြန်လည်အောင် ကြိုးစားရလိမ့်မယ်၊ မြင်းကိုကြာပွတ်နဲ့ နာနာ
နှက်ရမယ်၊ မြင်းကဆွဲမှ လှည်းဘီးကလည်မယ်မဟုတ်လား၊
လှည်းဘီးလည်မှ အနက်ရောင်က အောက်ကိုရောက်သွားမယ်
မဟုတ်လားကွ..."

"ဟုတ်တာပေါ့ဦးလေး..."

"အေး... ဒါပေမယ့်မြင်းကိုရိုက်ပြီး ပြေးချည်းနေရလို့လဲ မဖြစ်သေး
ဘူးကွ၊ အဲဒီလိုပြေးနေမယ်ဆိုရင် အဖြူတစ်လှည့် အနက်တစ်လှည့်
ဖြစ်နေမှာပေါ့၊ မကြာမကြာရပ်ကြည့်ရမယ်၊ အဲဒီလို ရပ်ကြည့်လို့
အနက်ရောင်ခြမ်းက အပေါ်ဘက်မှာလာပြီး ရောက်နေရင် ဆက်ပြီး
မြင်းကို မောင်းပေါ့ကွာ၊ အဖြူရောင်ခြမ်းက အပေါ်ဘက်ရောက်နေတဲ့
အခါလည်းရောက်ရော မြင်းကိုနည်းနည်းမှ မရွေ့နိုင်အောင်
ဇက်ကြိုး ကို တအားဆွဲထားဖို့ လိုမယ်ကွ..."

"ဒီလိုပဲကွ လူမှာလဲ ကံကောင်းလို့ စီးပွားရေးအဆင်ပြေပြီဆိုရင်
ရှေ့ဆက်ပြီး သိပ်မလှုပ်နဲ့တော့ကွ၊ ငြိမ်ငြိမ်သာနေပေတော့၊ အေး
အဆင်မပြေဘူး စီးပွားရေးကျပ်တည်းလာပြီဆိုရင် မြင်းကို မြန်မြန်
မောင်းဖို့လိုပြီကွ၊ လှုပ်ရှားဖို့လိုပြီ၊ လှုပ်ရှားရင်း လှည်းဝင်ရိုးပဲကျိုးကျိုး၊
မြင်းပဲသေသေ မတတ်နိုင်ဘူးကွ၊ အဲဒီအခါမှာတော့ အရမ်းလှုပ်ရှား
ရမှာပဲ၊ လူအမျိုးမျိုးနဲ့ ပေါင်းရမှာပဲ၊ အဲဒီလိုလှုပ်ရှားရင်း အဖြူပိုင်း
အပေါ်ရောက်လာရင်တော့ အပေါင်းအသင်းတွေလည်း လျှော့ရ
မယ်၊ တစ်နည်းပြောရရင် အနိုင်နဲ့ပိုင်းပစ်ရမယ်ကွ..."

"ဦးလေးနည်းက မဆိုးဘူးခင်ဗျ..."ဟု မြကြီးက ပြောလိုက်
လေ၏။

"ငါ့ရဲ့ကံကြမ္မာလှည်းဘီးအနက်ခြမ်းအပေါ်ရောက်တဲ့အခါ
တုန်းက ငါဟာ လူပေါင်းစုံနဲ့ပေါင်းခဲ့တယ်၊ အနယ်နယ်ကိုသွားပြီး
အလုပ်အမျိုးမျိုးလုပ်ပြီး လှုပ်ရှားခဲ့တယ်၊ အဲဒီတုန်းက စီးကရက်



www.burmeseclassic.com

www.burmeseclassic.com



ရော၊ အရက်ရော၊ မိန်းမရော၊ ဖဲရော၊ စုံနေတာပဲ၊ လှည်းဘီးကို မှတ်နေအောင် လှည့်နေတာဆိုတော့ အကုန်လုံးကို လုပ်ခဲ့ပါတယ် အခုတော့...

စီးပွားရေးပိုင်းမှာ အစစအဆင်ပြေသွားပြီ၊ ကံကြမ္မာလှည်းဘီး အဖြူပိုင်းကအပေါ်မှာ ရောက်နေပြီ၊ ချမ်းသာနေပြီဆိုတော့ လှည်းဘီးမလည်အောင် မြင်းကိုတခါတည်းရပ်ပစ်လိုက်ပြီကွ၊ ဒါကြောင့် အရက်လဲမသောက်တော့ဘူး၊ ဖဲလဲ မကစားတော့ဘူး၊ အပျော်အပါးလဲ မလိုက်တော့ဘူး၊ စီးကရက်တောင် မသောက်တော့ဘူး၊ တကယ်လို့ အဖြူရောင်အောက်ကျပြီး အနက်ရောင်အပေါ်တက်လာမယ်ဆိုရင်တော့ ဒါတွေပြန်လုပ်မိဦးမလား မဆိုနိုင်တော့ဘူးကွ၊ ဒါပေမယ့် ဒီလိုတော့မဖြစ်နိုင်တော့ဘူးကွ၊ မြင်းကိုတခါတည်း ရပ်ပစ်ထားပြီ ကွာ..."ဟု ဦးလယ်က ပြောပြလေ၏။ မြကြီးမှာ စီးကရက်ဖွာရင်း ဦးလယ်၏ စကားဆန်းကို အံ့ဩ၍ နေလေတော့၏။

"ဖဲကစားသလိုပေါ့ကွာ၊ မနိုင်ခင်မှာ ရာနဲ့ထောင်နဲ့ချီပြီး ထိုးချင်ထိုးပေါ့ကွာ၊ ကိုယ့်လက်ထဲမှာ ထောင်နဲ့သောင်းနဲ့ချီပြီး ရနေပြီဆိုရင်တော့ ရာနဲ့ထောင်နဲ့ ချပြီးမထိုးနဲ့တော့ မလွဲသာလို့ ထိုးရရင်လဲ တစ်မတ်ငါးမူးလောက်ပဲ ထိုးပေတော..."ဟု ဦးလယ်ကပြောလိုက်ရာ မြကြီးက သဘောကျလျက်...

"ဦးလေးဟာက အဟုတ်ချည်းပဲ..."ဟု ထောက်ခံလိုက်လေ၏။

အေး... တစ်ခါတစ်ရံမှာ စီးပွားရေးလှည်းဘီးကတော့ အဖြူခြမ်းပေါ်မှာ ရောက်နေလေရဲ့၊ အိမ်ထောင်ရေးမှာတော့ ကံဆိုးပြီး အနက်ခြမ်းက အပေါ်ကိုရောက်နေမယ်၊ အသုံးမကျတဲ့မိန်းမ၊ အကျင့်စာရိတ္တ မကောင်းတဲ့မိန်းမကို ရနေတယ်ဆိုပါတော့ကွာ၊ အဲဒီအခါမျိုးမှာ စီးပွားရေးလှည်းဘီးကိုရပ်ထားပြီး အိမ်ထောင်ရေးလှည်းဘီးကို လှည့်ရတော့မယ်ကွ၊ မကောင်းတဲ့မိန်းမကို သံယောဇဉ်





ထားယ်နေလို့ မဖြစ်ပေဘူး၊ စွန့်လွှတ်သင့်ရင် စွန့်လွှတ်ပြီး အိမ်ထောင်သစ်ကို ထူထောင်ရမယ်၊ အဲဒီလိုပဲကွ၊ တစ်ခါက ငါ့မှာ စီးပွားရေးလှည်းဘီးက အဖြူခြမ်းပေါ်ရောက်တော့မယ့်အချိန်မှာ အိမ်ထောင်ရေးလှည်းဘီးက ညံ့သကွာ၊ ငါကလဲ အဲဒီအချိန်မှာ အိမ်ထောင်ပြုလိုက်မိတယ်၊ အိမ်ထောင်ရေးလှည်းဘီးကို လှည့်လိုက်မိတယ်ပေါ့ကွာ၊ ငါ့မိန်းမ နာမည်က မရွှေရတဲ့ကွ၊ နာမည်က ရွှေရ ဆိုတဲ့အတိုင်း ရွှေကိုတယ်ပြီး လိုချင်တာကိုးကွ၊ ရတာမှမကြာသေးဘူး ဆက်ဝတ်လက်စားတစ်ခုပြီး တစ်ခု လုပ်ခိုင်းတော့တာပဲဟေ့၊ အေး... ပြောဦးမယ်... သူက ပိုကာကလေးလဲ ဆွဲတယ်ကွ၊ ...င်းကလေးလဲ လောင်းတယ်၊ ဒီတော့ ငါက မလုပ်ဖို့ တားမြစ်သေးတယ်၊ ဒါပေမယ့် နားမထောင်ဘူးကွ၊ အဲဒီအခါမှာ ငါ့ရဲ့အိမ်ထောင်ရေးလှည်းဘီးတော့ အနက်ခြမ်းအပေါ် ရောက်နေပြီ ...တာ ရိပ်မိတာနဲ့ လှည်းဘီးကို အရပ်မခံဘဲ တရစပ် လှည့်တော့တာပဲ၊ သူကလဲအားကျမခံ ထင်ရာလုပ်လာတယ်၊ အဲဒီမှာ မရွှေရနဲ့ ...နဲ့ကွဲတော့တာပဲ၊ သူနဲ့လဲကွဲရော အိမ်ထောင်ရေးလှည်းဘီးကို အဲဒီမှာတင်ပဲ ရပ်လိုက်တယ်၊ သူမှာကိုယ်ဝန်(၆)လနဲ့ကျန်ခဲ့လေရဲ့၊ ...ကိုယ်ဝန်ကြောင့်ပဲ ငါနဲ့သူလမ်းခွဲဖို့ ဖြစ်လာရတယ်လို့ ဆိုချင် ...နိုင် တယ်ပေါ့ကွာ..."

"ဦးလေးမိန်းမက ဘယ်ကလဲခင်ဗျ"ဟု မြကြီးက မေးလိုက်ရာ ...းလယ်က

"ရန်ကုန်ကကွ၊ တာမွေဘက်မှာနေတယ်၊ နောက်တော့ တာမွေ ... အိမ်ကိုရောင်းပြီး ကျောက်မြောင်းရပ်ကွက်က ကျောက်တော ...း ဆိုလား ကျောက်ရေတွင်းလမ်းဆိုလား မသိပါဘူးကွာ၊ အဲဒီကို ...ောင်းသွားတယ်လို့ကြားတာပဲ..."

"ဗျာ" ဟု မြကြီးကယောင်၍ အော်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြကြီးသိထားသည်မှာ ဒေါ်ရွှေရကြီးသည် မုဆိုးမကြီးဟုသိ၍ ထား၏။ ယခုမူမုဆိုးမကြီးမဟုတ်ရုံမျှမက ဒေါ်ရွှေရကြီး၏ လင် ယောကျ်ားဖြစ်သူ ဦးလယ်ကိုပင် တွေ့၍နေရပေပြီဖြစ်၏။

အဖြစ်မှန်သည် စိတ်ကူးယဉ်ထက် ဆန်းကြယ်တတ်ပေသည် ဟူသောစကားကို မြကြီးသည် ကိုယ်တွေ့ဖြစ်၍ နေလေတော့၏ မြကြီးသည် စီးကရက်တိုကို ဆေးလိပ်ပြာခွက်၌ ထိုးချေလိုက်ပြီး နောက်. . .

"ဦးလယ်ရပ်ခဲ့တဲ့ လှည်းဘီးကိုငါကဆက်ပြီးလှည့်ပေးနေရတာ ကိုး…"ဟု စိတ်၌တွေးထင်လိုက်မိလေတော့၏။

သို့ရာတွင် မိမိအဖြစ်မှန်ကို မပြောမိရန် သတိထား၍နေလိုက် လေတော့၏။

ထိုအချိန်၌ ဦးဘသိန်း ပြန်၍ရောက်ရှိလာပြီးလျှင် ဦးလယ် အား…

"ကိုရွှေလယ်ရေ… ဟောဒါပွဲရုံကထမင်းချက် မောင်မြကြီးပဲ ထမင်းချက်ဆိုပေမယ့် သူကသံကြိုးစာတောင် ဖတ်နိုင်ရေးနိုင်တဲ့ ပုဂ္ဂိုလ်ဗျ၊ လူရည်လူသွေးလဲ မညံ့ဘူးဗျ…"ဟု ပြောလေ၏။

ထိုအခါ၌ ဦးလယ်က…

"ဒီလိုရှိတယ် သူငယ်ရဲ့ ဆင်းရဲတဲ့အခါမှာ မချွေတာနဲ့ကွ အလုပ်များများလုပ်၊ ငွေများများရှာ၊ ခပ်ရှုပ်ရှုပ်ခပ်ပွေပွေနေ လောင်းကစားသမားနဲ့ပေါင်း၊ အရက်သမားနဲ့လဲပေါင်း၊ အပျော် အပါးသမားနဲ့လဲ ပေါင်း၊ ရှိတာလဲမြိုးမြိုမနေနဲ့ သုံးသာသုံးပေတော့ ချမ်းသာတယ်ဆိုတာ ချွေတာလို့မဟုတ်ဘူးကွ၊ တစ်လမှ အိမ်သုံး စရိတ်နှုတ်ပြီး ငွေကလေး ငါးကျပ်လောက် ပိုတဲ့လူအဖို့ စုဆောင်း လို့ကော ဘယ်လောက်များ ချမ်းသာလာမှာလဲကွာ၊ တစ်နှစ်မှ ငွေ ၆၀ စုမိမယ် ဆယ်နှစ်မှ ငွေလေး ခြောက်ရာ၊ ဟဲ…ဟဲ ငွေကလေး





ခြောက်ထောင်လောက် ချမ်းသာဖို့ ဆိုရင် အနှစ်တစ်ရာလောက် နေရမယ်၊ အနှစ်တစ်ရာဆိုတော့ လူလဲမရှိ တော့ဘူး သေပြီ၊ ဟဲ… ဟဲ… ဒါကြောင့် ဆင်းရဲရင် မချွေတာနဲ့ကွ ချမ်းသာတဲ့လူတွေဟာ ချွေတာလို့ ချမ်းသာတာမဟုတ်ဘူး၊ ငွေဝင် များလို့ ချမ်းသာတာ၊ ငါတို့ရွာမှာ ကိုချစ်တီးဆိုတာ သိပ်ချွေတာပြီး၊ သိပ်ပြီးနှိုးရိုးကုတ်ကုတ် နေတာပေါ့ကွာ၊ သူသေတော့ အိပ်ရာခေါင်း ရင်းက ဝါးကျည် တောက် စုဗူးကလေးကိုခွဲကြည့်တော့ ငွေကလေး ခုနစ်ရာပဲ တွေ့ရတယ်။ အဲဒီ ကိုချစ်တီးရဲ့ အသုဘမှာ ဖဲကစားတဲ့ မြဖေဆိုတဲ့ ကောင်ကတော့ ငွေကလေးနှစ်ကျပ်နဲ့ ဝင်ပြီးကစားတာ မသာ ရက်လည်တဲ့ နေ့မှာပဲ ငွေခုနစ်ထောင်လောက်နိုင်သွားတယ်၊ ဖဲကစားစေချင်လို့ပြောက်ပေးနေတာမဟုတ်ဖူး၊ ကံကြမ္မာလှည်းဘီး လှည့်တတ်သူနဲ့ မလှည့်တတ်သူရဲ့ ကွာခြားခြင်းကို သိစေချင်လို့ ပြောတာကွ ကိုချစ်တီးဟာ ငါသိရသလောက်တော့ သူ့တစ်သက်မှာ ငွေတစ်ထောင်ပြည့်အောင် မကိုင်ခဲ့ရရှာဘူးကွ၊ အေး…ထမင်းလဲ တစ်ခါမှ မငတ်ဖူးရှာဘူးပေါ့ကွာ၊ ဒါပေမယ့် ဖဲသမားမြဖေကတော့ ထမင်းလဲငတ်ဖူးတယ်၊ ငွေလဲ ထောင်မကဘူး… သောင်းနဲ့ချီပြီး ကိုင်ဖူး သုံးဖူးတယ်ကွ၊ ငါပြောချင်တာကတော့ ရေလဲလုံချည်စုတ်ကို ဝတ် ထားတဲ့အခါမှာ ထိုင်ဖို့နေရာမရွေးနဲ့ကွ ဖုန်ပေပေ၊ ရွှံ့ပေပေ ထိုင်ချင် ထိုင်ပေတော့၊ အေး . . ဘန်ကောက် လုံချည်ဝတ်ရပြီ ဆိုရင်တော့ နေရာရွေးပြီးထိုင်ပေတော့ကွ၊ ရိုးကုပ်ခြင်း၊ အလုပ်ကို စွဲစွဲမြဲမြဲလုပ်လေ့ရှိခြင်း၊ ဖင်ငြိမ်ခြင်းကို လူတွေက ချီးမွမ်းလေ့ ရှိကြတယ်ကွ၊ ငါကတော့ ဒီလိုမထင်ဘူး၊ ပြာတာအလုပ်လောက်ရတဲ့ လူက အလုပ်ကိုစွဲစွဲမြဲမြဲလုပ်လေ၊ ဖင်ငြိမ်လေ၊ ပြာတာ သက်ရှည်လေ ပေါ့ကွာ၊ ပြာတာအလုပ်ကို ပြုတ်မှာကြောက်နေလို့ မင်းကြီးဘဝကို ရောက်မှာမှမဟုတ်ဘဲကွ၊ အမှန်တော့ ကံကြမ္မာလှည်းဘီး အနက်



www.burmeseclassic.com

www.burmeseclassic.com



ခြမ်းဟာ အပေါ်ကိုရောက်နေ ရင် ကံမကောင်းရင် ဘဝကို ပုံအော
ပစ်ရမယ်ကွ၊ ကံကောင်းရင်တော့ ဘဝကိုချွေတာပေတော့။ ဟော့
အခုလဲ မင်းဟာက ပွဲရုံမှာ ထမင်း ချက်လုပ်နေရင်တော့
မင်းရဲ့ကံကြမ္မာဘီးရဲ့ အဖျံခြမ်းဟာ အောက် ကိုရောက်နေမှာ
အကောင်းဆုံးကတော့ ဘီးကိုမှတ်နေအောင် လှည့်ပေတော့
မောင်ရေ…”ဟု ဦးလယ်က တိုက်တွန်းလိုက်လေ တော့၏…”

မြကြီးလည်း ပင်ကိုယ်ကပင် ဖြစ်ချင်ရာဖြစ်ဟူသော စိတ်ဓာ
မျိုးရှိပေရာ ယခုကဲ့သို့ ဦးလယ်ကမြှောက်ထိုးပင့်ကောက် စကားမျာ
ကိုပြောလိုက်သည့်အခါ၌ လွန်စွာမှသဘောကျ၍ သွားလေတော့၏

ဦးလယ်နှင့် ဦးဘသိန်းကိုနှုတ်ဆက်ပြီး ပွဲရုံသို့ပြန်လာသည်
အခါ၌ လမ်းတစ်လျှောက်တွင် မြကြီးသည်…

“ငါ့ရဲ့ကံကြမ္မာလှည်းဘီးကိုမှတ်နေအောင် လှည့်ပစ်ဖို့လိုပြီ”ဟု
ဆုံးဖြတ်လိုက်လေတော့၏။ ထို့နောက် မြကြီးသည် အောက်ပါ
အတိုင်း တွေးမိပြန်သေး၏။

“ဦးလယ်ပြောသလို ကံကြမ္မာလှည်းဘီးကိုမှတ်နေအောင်လှည့်
ရင်းနဲ့ပဲ လှည်းဝင်ရိုးပဲကျိုးကျိုး… မြင်းပဲသေသေ၊ ဖြစ်ချင်ရာဖြစ်
မြကြီးတို့ကတော့ ပျော်ပျော်ပဲ…”ဟူ၍ ဖြစ်ပေသတည်း။

မြကြီးလည်းမိမိကံကြမ္မာလှည်းဘီးကို ဦးလည်ပြောသည့်အတိုင်း
လှည့်ပတ်ရမည်ဟု တွေးတောရင်း စိုက်စိုက် စိုက်စိုက်နှင့်လျှောက်၍
လာခဲ့ရာ မှောင်ရိပ်တစ်ခုသို့အရောက်၌ တစ်စုံတစ်ယောက်က
၎င်း၏နောက်မှနေ၍ တုတ်ဖြင့်ခေါင်းကိုရိုက်ချလိုက်ရာ “အွန့်”ဟု
မြည်လျက် လဲကျသွားလေတော့၏။

မြကြီးသည် လဲကျသွားသော်လည်း သတိမေ့လျော့ခြင်းမရှိသဖြင့်
လဲကျနေရာမှ အားယူ၍ ထရန်ကြိုးစားသော်လည်း မှောင်ရိပ်
အတွင်းမှ နောက်တစ်ယောက်က မျက်နှာကိုခြေထောက်ဖြင့်





ကန်လိုက်သဖြင့် ပက်လက်လန်၍ ကျသွားလေတော့၏။

ထို့နောက် လူနှစ်ယောက်က မြကြီးအား ချုပ်နှောင်၍ ပါးစပ်ကို
အဝတ်ဖြင့်စည်းနှောင်သဖြင့် မိမိအားအသေသတ်မည်မဟုတ်ကြောင်း
ရိပ်မိသောကြောင့် ငြိမ်၍နေလိုက်လေ၏။

မှောင်ရိပ်အတွင်းမှ လူများလည်း မြကြီးအား ရထားလုံး တစ်စီး
ပေါ်သို့တင်ကာ ခေါ်ဆောင်သွားကြလေတော့၏။ မန္တလေးမြို့၏
လူနေအိမ်ခြေကျဲလှသော နေရာတစ်ခုသို့ရောက်လျှင် ခြံဝင်းကြီး
တစ်ခုအတွင်းသို့ ရထားလုံးကိုမောင်း၍ဝင်သွားကြပြီးလျှင် မြကြီးအား
ရထားလုံးပေါ်မှဆွဲချ၍ အိမ်တွင်းသို့တွန်းထိုးကာ ခေါ်သွားကြလေ၏။

အိမ်တွင်းသို့ရောက်သည့်အခါ၌ ပါးစပ်တွင် ချည်နှောင်
ထားသော အဝတ်ကို ဖြုတ်ပေးပြီးနောက် တစ်ယောက်သောသူက
အောက်ပါအတိုင်း ပြောလေ၏။

“ကဲ… မောင်မြကြီး၊ ပတ္တမြားလက်စွပ်ကြီးအပ်ပေတော့၊ ဘယ်
ပတ္တမြားလက်စွပ်လဲလို့ ပြန်မမေးနဲ့၊ ဘဘုရတနာကုန်သည်ဆီက
ငါတို့တိုက်လာတဲ့လက်စွပ်၊ မင်းညီ လှမောင်က ရောင်းပေးမယ်
ဆိုပြီး လိမ်သွားတာ။ လှမောင်လဲမရှိတော့ဘူး၊ ခင်မောင်တင့်
ဆီမှာလဲ တို့ရှာပြီးပြီ၊ အဲဒါသဲလွန်စပျောက်နေတာ မင်းဆီမှာ ရှိတယ်
လို့ ငါတို့သိတယ် မောင်မြကြီး…”

“ကျွန်တော်လဲ မသိပါဘူး…၊ ကျွန်တော်ဆီမှာလဲ မရှိပါဘူး”ဟု
မြကြီးပြောလိုက်ရာ ထိုသူက ကျန်သူနှစ်ဦးအား…

“ကဲ…ဒီကောင့်ကို မန္တလေးမုန့်တီနည်းနည်းလေးကျွေးလိုက်ပါ
ဦး…”ဟု ပြောလိုက်သည့် တစ်ခဏ၌ပင် မြကြီးကိုယ်ပေါ်သို့ ကြာပွတ်
များ တရွှမ်းရွှမ်းကျ၍ လာလေတော့၏။

မြကြီးလည်း ကြမ်းပြင်ပေါ်တွင် လူးလိမ့်၍ နေရလေ၏။

“မောင်မြကြီး ပတ္တမြားလက်စွပ်ဟာ အဖိုးတန်ပါတယ်၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အသက်လောက်တော့ ဘယ်ပစ္စည်းမှ အဖိုးမတန်ဘူးဆိုတာတော့ မင်းနားလည်မှာပေါ့..."ဟု ထိုသူက ပြောပြန်၏။

"ကျွန်တော့်မှာ မရှိပါဘူးဗျာ"ဟု မြကြီးက ပြောပြန်လျှင် ထိုသူက သူတို့၏လူများဘက်သို့လှည့်ကာ...

"မင်းတို့မုန့်တီက နည်းနည်းလေးပေါ့နေတယ်...၊ ငံပြာရည် ထည့်ပြီး ကျွေးစမ်းပါဦး"ဟု ဆိုလိုက်ပြန်လျှင် မြကြီးအား ရိုးရိုးကြာပွတ်မှ တစ်ဆင့်တက်၍ လိပ်ကျောက်မြီးနှင့် ရိုက်ကြပြန်၏။ မြကြီး တစ်ကိုယ်လုံးသည် သွေးများချင်းချင်းနီရဲ ကုန်လေ၏။ မြကြီးလည်း လူးလိမ့်၍ အော်ဟစ်ရင်း မေ့မြောသွားလေတော့၏။

မြကြီး သတိရသည့်အခါ၌ကား ထိုလူတို့သည် အေးဆေးစွာ ထိုင်၍နေကြသည်ကို တွေ့ရလေ၏။ မြကြီးလည်း ထိုသူတို့သည် ငါသတိရလာသည်ကိုသိလျှင် ထပ်မံ၍ ရိုက်နှက်ကြပေဦးမည် ဖြစ်၏။ ထိုသို့ ရိုက်နှက်ခံမည့်အတူတူ ငါကစ၍ ရိုက်နှက်ရ ဆော်ရလျှင် ကောင်းပေမည်လောဟု တွေးတောမိသည်နှင့်...

"ဗျို့ဆရာတို့... ကျုပ်တော့သတိရလာပြီဗျို့၊ ထပ်ပြီးမရိုက်တော့ ဘူးလား။ မရိုက်ရင်လဲ ရေတစ်ခွက်လောက်တိုက်ပါဗျာ။ ဆေးလိပ်လဲ တစ်ဖွာလောက်"ဟု ပြောလိုက်ရာ မြကြီးကို ရိုက်သောသူများသည် လှည့်၍ကြည့်ကြလေ၏။ ထိုအချိန် တစ်စုံတစ်ယောက်က မြကြီး နောက်သို့ရောက်လာပြီးလျှင်...

"ဒီကောင်ကိုရိုက်လို့ အပိုပါကွာ...။ ဒီကောင်ကို ငါ ကောင်းကောင်း သိပါတယ်။ လှမောင်ဟာ သူ့ညီလို့ဆိုတယ်။ လှမောင် ဘာလုပ်စားမှန်းတောင် ဂဃနဏသိတဲ့ကောင်မဟုတ်ဘူး။ လှမောင် ကို လီဗာဘာရားသားကုမ္ပဏီက ကိုယ်စားလှယ်တော်ကြီးပဲ အောင့်မေ့ နေတဲ့ကောင်ပါကွ..."ဟု ပြောသဖြင့် ကြည့်လိုက်ရာ တစ်ခါက ဂါတ်ဝင်းရှေ့ မန်ကျည်းပင်ကြီးအောက်တွင် တွေ့ခဲ့ရသော ရှမ်းကြီး





ဖြစ်ကြောင်း သိရလေတော့၏။

"ဘယ်လိုလဲရှမ်းကြီး၊ ခင်ဗျားလူတွေလား။ ကျုပ်ကို သက်သက် နှိပ်စက်တယ်ဗျ"ဟု မြကြီးက ပြောလိုက်ရာ ရှမ်းကြီးကပြုံးလျက်...

"အသက်မသေတာကို ကျေးဇူးတင်ဦးကွ..."ဟု ဆိုကာ မြကြီး အား ရထားလုံးနှင့်တင်၍ လွှတ်လိုက်လေ၏။

မြကြီးအား ရထားလုံးနှင့်တင်၍ လွှတ်လိုက်သည်ဆိုရာ၌ ကောင်း ကောင်းမွန်မွန် လွှတ်လိုက်သည်မဟုတ်ပေ။ ခေါ်လာစဉ်ကကဲ့သို့ ရထားလုံးပေါ်၌ တုံးလုံးလှဲစေ၍ ကြိုးဖြင့်တုပ်ကာ လူတစ်ယောက် က စောင့်ကြပ်လျက် ခေါ်သွားခြင်းဖြစ်သဖြင့် မြကြီးအဖို့ လမ်းကို ကောင်းစွာမှတ်မိခြင်းမရှိပေ။

မြကြီးအား ရိုက်၍ခေါ်သွားသော အမှောင်ရိပ်သို့ရောက်လျှင် ကြိုးဖြတ်ပေးကာ "ဟေ့ကောင်... ဆင်း"ဟုဆိုလေ၏။

မြကြီးလည်း မိမိအား မရှုမလှရိုက်နှက်ထားသူအား ပြန်၍ ရိုက်နှက် ဦးမည်ဟုကြံလျက် ရထားလုံးပေါ်မှ ဆင်းလိုက်သည်နှင့် တစ်ပြိုင်နက် အစောင့်လိုက်ပါလာသူအား လည်ဂုတ်ကိုဆွဲချ၍ ရင်ဝဆီသို့ ဒူးဖြင့် ခုန်၍တိုက်လိုက်ရာ ထိုသူသည် 'အွန့်'ခနဲမြည်၍ လဲကျသွားလေ၏။

ထိုအခါ ရထားလုံးသမားက ဆင်းလာ၍ မြကြီးအား ရထားလုံး ပေါ်၌ အသင့်ပါလာသော ဇာဝီတုတ်ဖြင့် ရိုက်သဖြင့် မြကြီးလည်း ဇာဝီတုတ်စာမမိရန် ရှောင်တိမ်း၍ ပွဲရုံသို့ ပြန်ခဲ့လေ၏။

ပွဲရုံသို့ရောက်လျှင် တစ်ကိုယ်လုံးသွေးများယိုစိမ့်နေသည့် မြကြီး အား တရုတ်ဗိုက်ပူကတွေ့လျှင်...

"ဟေ့ကောင်... သွေးတွေ၊ သွေးတွေနဲ့ပါလား။ ဘာဖြစ်လာတာ လဲ..."ဟု အလန့်တကြား မေးလေ၏။

"ကျောကုန်းနည်းနည်းယားလို့ ကျုပ်မိတ်ဆွေတွေကို အယားမြေ



www.burmeseclassic.com

www.burmeseclassic.com



အောင် သွားပြီးတုတ်ခိုင်းတာပါဗျ။ ကျုပ်မိတ်ဆွေတွေက သသော ခြစ်နဲ့ တစ်ကိုယ်လုံးခြစ်လွှတ်လိုက်လို့ပါ"ဟု ပြောလိုက်ရာ တရု ဗိုက်ပူက မြကြီးအား အကျီချွတ်ခိုင်း၍ ကြည့်ပြီးလျှင်...

"ဟာ... အများကြီးစွေးတွေထွက်နေပါလား။ ဘယ်လိုလုပ်မယ ဟု တရုတ်ဗိုက်ပူက မေးလိုက်ရာ မြကြီးက...

"ဆားနဲ့ပက်မယ်ဗျ၊ ပြီးတော့ ငံပြာရည်နည်းနည်းထည့် မီးကင်မယ်၊ ပြီးတော့ အခေါက်ကင်ဖြစ်တော့ ဗိုက်ပူစားပေါ့..." ဟု ပြောလိုက်ရာ တရုတ်ဗိုက်ပူက. . .

"နင်... ဒီလောက်နာနေတာတောင် ရယ်စရာပြောနေတ ကိုး..." ဟုပြောကာ တခွီးခွီးနှင့် ရယ်မောလေ၏။

မြကြီးလည်း လေးငါးခြောက်ရက်ကြာသည်အထိ လုံးဝအလု မလုပ်နိုင်ဘဲ အိပ်ရာ၌သာလျှင်လှဲ၍နေရလေ၏။ တရုတ်ဗိုက်ပူ မြကြီးအား တရုတ်ဆေးများ လာရောက်၍ လူးပေးပြီးလျှင်...

"နင်... အာကီးစပ်စိကောင်းတယ်။ နောက်ကိုရန်မဖြစ်နဲ့..." ပြောလေ၏။

မြကြီးနေကောင်းသည့်အခါ၌ မြကြီးက မိမိသည် များမကြာမီ တစ်ခြားတစ်နေရာသို့ သွားရောက်မည်ဖြစ်ကြောင်း၊ ထို့ကြော သံကြိုးစာရိုက်နည်း၊ ဆက်နည်းကို အမြန်ဆုံးတတ်ကျွမ်း သင်ပေးခဲ့မည်ဖြစ်ကြောင်း ပြောဆိုရာ တရုတ်ဗိုက်ပူလည်း ပွဲရုံ တရုတ်များကို မြကြီး၏ သံကြိုးစာဖတ်နည်းသင်တန်းသို့ တက် အတွက် လူစုရာ သင်တန်းသား(၂၀)တိတိရရှိလေ၏။

ညအခါတွင် တရုတ်ဗိုက်ပူ၏ပွဲရုံ၌ [illegible] မာတ်မီးကြီးနှစ်လုံးကိုထွန်းညှိ၍ သင်ပုန်းကြီးတစ်ချပ်ထောင် မြကြီး၏ သံကြိုးစာကျောင်း ဖွင့်လေတော့၏။

မြကြီးက သူ၏သင်တန်းသားများကို အေဘီစီဒီ၍ သင်





၏။ သင်တန်းသားများက အေဘီစီဒီတတ်ပြီးဖြစ်၍ မသင်လိုဟု ဆို၏။

ထိုအခါ မြကြီးက အက်စ်အို-ဆိုး'ထို့ကြောင့်'၊ ဂျီအို-ဂိုး 'သွားသည်' 'သွားပါ' စသည်တို့ကို သင်၏။ ထိုမှတစ်ဆင့် အာရ်ယူဂျီ-ရပ်ဂ် 'စောင်'၊ ဘီယူဂျီ-ဘတ်ဂ် 'ကြမ်းပိုး'၊ ဒီယူဂျီ-ဒပ်ဂ် 'တူးသည်၊ တူးပါ' စသည်တို့ကို သင်၏။

ထိုမှတစ်ဖန် အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာသည် နေရာတော်တော်များများ၌ ပြောင်းပြန်ပြန်ဆိုရကြောင်းကို ရှင်းပြလေ၏။ ဥပမာအားဖြင့် 'အေဗွိုင်း'ဟုရေးထားလျှင် တိုက်ရိုက်ပြန်ဆိုပါက 'တစ်ယောက်လူလေး'ဟုဖြစ်နေမည့်အကြောင်း၊ ထို့ကြောင့် ပြောင်းပြန်လှန်၍ ပြန်ဆိုရကြောင်းကို ရှင်းပြလေ၏။ တရုတ်များလည်း လွန်စွာသဘောကျလေ၏။

ထို့နောက် "နှင့်အတူ၊ အနီးမှာ၊ အထက်၊ အောက်' စသော ဝိဘတ်များသုံးစွဲပုံကို ပြန်သပြန်၏။ အင်္ဂလိပ်စာ၌ "နီးယား အေ တေးဘယ်"ဟု ရေးထားသော်လည်း တိုက်ရိုက်ဘာသာပြန်ဆိုပါက 'နီးယား'ဆိုသည်မှာ အနီး၌ဟု အဓိပ္ပါယ်ရပြီးလျှင် "တေးဘယ်"မှာ စားပွဲဟု အဓိပ္ပါယ်ရပေရာ အနီး၌ တစ်လုံးစားပွဲဟုသာ ပြန်ဆိုမိပေမည်။ ထို့ကြောင့် ပြောင်းပြန်ပြန်လိုက်လျှင် "စားပွဲတစ်လုံးအနီး၌"ဟု အမှန်ကိုရမည်ဖြစ်ကြောင်း ရှင်းပြလေ၏။

တရုတ်များလည်း အထူးကြိုးစားမှတ်သားကြကုန်၏။

ထို့နောက်ပွဲရုံများတွင် အသုံးများသည့် ဆန်၊ လက်ဖက်ခြောက်၊ ဆပ်ပြာ၊ မီးခြစ်၊ ငြုပ်သီး၊ အာလူး၊ ပဲ၊ ဆီ စသည်တို့၏ အခေါ်များကို သင်ပြန်၏။

ထို့နောက်တွင်ကား . . .

REPLY THE RATE YOU CAN PAY



www.burmeseclassic.com

www.burmeseclassic.com



ရိပလိုင်း သိရိတ်ယူကင်ပေး

သင်ပေးနိုင်သော ဈေးနှုန်းကို အကြောင်းပြန်

TELEGRAPH WHETHER YOU GOT PEA

တယ်လီဂရပ် ဝှဲသားယူဂေါ့ပီး

ပဲ ရမရ ကြေးနန်းရိုက်ပါ... စသည့်

NO SELLER BUYERS PLENTIFUL

STORERS PAYING HIGH RATE

ရောင်းသူမရှိ၊ ဝယ်သူများနေသည်၊ လှောင်သူများက ဈေးကြီးပေးနေကြသည်၊ စသည့် ပွဲရုံ၌ သုံးလေ့သုံးထရှိသော သံကြိုးစာရေးနည်းကို ရေးပြလေ၏။

မြကြီးသည် ကြေးနန်းရုံးမှ ကြေးနန်းပုံစံစာရွက်များကို တောင်းယူကာ ထိုပုံစံများ၌ ဖြည့်သွင်းရေးသားနည်းကိုပါ ပြသသည့်အပြင် ကြေးနန်းရိုက်ရာ၌ စကားလုံးအရေအတွက်အလိုက် ကြေးနန်းရိုက်ခပေးရသဖြင့် စကားလုံးကို ချွေတာရန် ဥပမာအားဖြင့် "ဂုန္တာန်ရပ်"ကို GONDAN QUARTER (ဂုန္တာန်ကွာတာ)ဟု ရိုက်ပါက စာလုံးနှစ်လုံးအတွက် ပေးရမည်ဖြစ်သည်။ ထို့ကြောင့် GONDANYAT ဂုန္တာန်ရပ်ဟုသာ ရိုက်ကြပါက စာလုံးတစ်လုံးအတွက် သက်သာကြောင်း ရှင်းပြလေ၏။

မြကြီးသည် အထက်ပါအတိုင်း သင်ကြားပေးပြီးနောက် မန်နီအော်ဒါငွေပို့ခ နှုန်းထားများဖြစ်ကြသော . . .

၁ ကျပ်မှ ၅ ကျပ်ထိ ၁ပဲ၊

၆ ကျပ်မှ ၁၀ ကျပ်ထိ ၂မူး

၁၁ ကျပ်မှ ၁၅ ကျပ်ထိ ၃ ပဲ

၁၆ ကျပ်မှ ၂၅ ကျပ်ထိ ၄ ပဲ စသည်တို့ကိုပါ ကျက်မှတ်စေ၏။





ထို့နောက် စာပို့ခြင်း၊ စာအုပ်ပို့ခြင်း၊ ကြော်ငြာစာပို့ခြင်း စသည့် တံဆိပ်ခေါင်းရပ်များနှင့်ပတ်သက်၍ စာတိုက်မှ အလေ့အထများကို ရှင်းပြလေ၏။

တစ်တိုလာထက် အချိန်မကြီးသောစာထုပ်များကို (၁)ပြားတန် တံဆိပ်ခေါင်းကပ်ရန်၊ [တစ်တိုလာဆိုသည်မှာ ငွေဒင်္ဂါး တစ်ကျပ်နှင့် ဘူသည်] တစ်တိုလာအထက် ဆယ်တိုလာအောက် စာများဖြစ်ပါက ဘစ်မူးတန် တံဆိပ်ခေါင်းကပ်ရန်။

"ဘွတ်ပက်ကက်" ခေါ် တစ်ပြားတန်တံဆိပ်ခေါင်းနှင့်ပင် ဆယ်တိုလာခန့်လေးသော စာရွက်စာတန်းများ ပို့ပုံပို့နည်း၊ "ဘွတ်ပက်ကက်"ဟု စာအိတ်ပေါ်၌ ရေးသားရန် စာအိတ်ဖြစ်စေ စာထုပ်ဖြစ်စေ လက်မ(၃၀)ထက်မရှည်ရန် စသည့် အချက်အလက်များကိုပါ ရှင်းပြလေ၏။

ထို့နောက် PATTERN PACKET ခေါ် နာမူနာထုပ်များပို့နည်းကို ရှင်းပြသည့်အပြင် ပါဆယ်ထုပ်များပို့ရာ၌ တိုလာ(၄၀)ထက်မပိုလျှင် (၂)ပဲ၊ တိုလာ ၈၀ ထက်မပိုလျှင် (၄)ပဲ၊ တိုလာ (၁၂၀)ထက်မပိုလျှင် (၆)ပဲ၊ တိုလာ(၁၆၀)ထက်မပိုလျှင် (၈)ပဲ စသောပါဆယ်ခနှုန်းထားများကို သင်ပြသည့်အပြင် ပါဆယ်ပို့ရာ၌ တိုလာချိန်(၄၄၀)ထက် ကျော်လာသည်နှင့်အမျှ ပို့ခနှုန်းများမှာ များတတ်လေသည်။ ထို့ကြောင့် ဖြစ်နိုင်ပါက ပါဆယ်ကို နှစ်ထုပ်ခွဲ၍ ပို့သင့်ကြောင်း အောက်ပါအတိုင်း ရှင်းပြလေ၏။

တိုလာချိန် ၈၀၀ ဖြစ်ပါက ပို့ခ ၅/-ဖြစ်၏။

တိုလာချိန် ၄၀၀ ဖြစ်ပါက ပို့ခ ၁-၄ပဲ ကျသဖြင့်

တိုလာချိန် ၈၀၀ တစ်ထုပ်တည်းပို့မည့်အစား တိုလာချိန် ၄၀၀စီ နှစ်ထုပ်ခွဲပို့လျှင် ၂ကျပ် ၈ပဲသာ ကျမည်ဖြစ်ရာ ပို့ခစရိတ်တစ်ဝက်တိတိ သက်သာပေမည်။



www.burmeseclassic.com

www.burmeseclassic.com



မြကြီးသည် သံကြိုးစာသင်တန်းကို (၄,၅)ရက်တည်းနှင့် အပြီးအပြတ် သင်ကြားပေးခဲ့လေသည်။ အမှန်စင်စစ်အားဖြင့် မြကြီး၏ အစွမ်းမဟုတ်ပေ။ ထိုအချိန်က မန္တလေးမြို့အင်တိတိ ကျောင်းအုပ်ဆရာကြီး မောင်ဘတင် ရေးသားပြုစုသည့် EVERY MANS' TELEGRAM WRITER ခေါ် ကြေးနန်းစာ ရေးဖတ်ခြင်း၊ နည်းပြ စာအုပ်၏ အစွမ်းဟု ဆိုနိုင်လေသည်။ မြကြီးသည် ထိုစာအုပ်ကို လက်ကိုင်ပြု၍ တရုတ်များကို သင်ပြခဲ့ခြင်းဖြစ်ပေသည်။

သင်တန်းပြီးဆုံးသည့်အခါ၌ သင်တန်းသား တရုတ်များက မြကြီးအား တစ်ယောက်လျှင် ငွေ(၅၀)စီ သင်တန်းခအဖြစ် ပေးကြလေရာ မြကြီးသည် ငွေ(၁၀၀၀စိ)တိတိ ရရှိခဲ့လေ၏။

မြကြီးလည်း များမကြာမီရက်အတွင်း၌ပင် တရုတ်ဗိုက်ပူအား နှုတ်ဆက်၍ ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်မြို့ကလေးဆီသို့ စီးပွား ရှာဖွေရန် ထွက်ခဲ့လေတော့၏။





# အယဉ်ကျေးဆုံးမြန်မာတစ်ဦး

နယ်စပ်မြို့ကလေးသို့ရောက်လျှင် ရှမ်းလူမျိုး၊ ပလောင်လူမျိုးသည် တိုင်းရင်းသားများကိုသာမဟုတ်ပဲ တရုတ်လူမျိုး အများပြားကိုပါ တွေ့ရ မြင်ရလေ၏။

မြကြီးသည် ရှမ်းလူမျိုးတစ်ယောက်၏အိမ်၌ ငွေအနည်းကျဉ်းပေး၍ တည်းခိုနေထိုင်ပြီးလျှင် အရောင်းအဝယ် အလုပ်စခုလုပ်ရန် ကြံစည်နေလေ၏။

တစ်နေ့သ၌ မြကြီးသည် တရုတ်ခေါက်ဆွဲဆိုင်ကြီးတစ်ဆိုင်၌ ခေါက်ဆွဲစားနေစဉ် တစ်စုံတစ်ယောက်က ၎င်း၏ကျောကိုပုတ်လိုက်ဖြင့် မြကြီးလည်း လှည့်၍ကြည့်လိုက်ရာ ရှမ်းဘောင်းဘီပွပွကြီးကို တ်ဆင်ထားသည့် အသားဝါဝါ ခန့်ခန့်ညားညားရုပ်ရည်ရှိသော င်းကြီးတစ်ယောက်ကို တွေ့ရသဖြင့် သေချာစွာကြည့်သော်လည်း ည်သည့်နေရာ၌ တွေ့မြင်ဖူးကြောင်းစဉ်းစားမရဘဲ ရှိနေစဉ်မှာပင် ရှမ်းကြီးက...

"ဟော့ကောင်မြကြီး၊ ငါ့ကို မမှတ်မိဘူးလား၊ ငါးမှတ်ဂါတ်စာရေးသကွာ..."ဟု ပြောလိုက်မှ မြကြီးလည်း...

"အော်...ဟုတ်သားပဲ၊ ဂါတ်စာရေးကြီးက ရှမ်းလိုလဲ ဝတ်ထားး၊ အသားအရည်တွေကလည်း စိုပြေပြီး ဝဝဖြိုးဖြိုးဖြစ်နေလော့ ဘယ်ကလာ မှတ်မိမှာလဲဗျာ..."ဟု ပြောလိုက်လေ၏။

"မင်းနဲ့တွေ့တာအတော်ပဲမြကြီး၊ ဒို့ကို ကူညီစမ်းပါကွာ"ဟု



www.burmeseclassic.com

www.burmeseclassic.com



ဂါတ် စာရေးက ပြောလေ၏။

"ဘာကိုကူညီရမှာလဲ၊ ကျုပ်တောင် ဒီကိုရောက်တာ လေးငါး လောက်ပဲရှိသေးတယ် ဂါတ်စာရေးကြီး"ဟု မြကြီးကပြောလိုက် လေ၏။

"ဒီလိုကွ၊ ဟိုဘက်ကမ်းမှာ ကုန်စုံဆိုင်ကြီးတစ်ဆိုင်ရှိတယ်၊ အဲ ကုန်စုံဆိုင်ကြီးက ပိုင်ရှင်တရုတ်ကြီးဟာ အဲဒီဒေသမှာ အာဏ အရှိဆုံးပဲကွ၊ သူက သေဆိုယင်သေ၊ ရှင်ဆိုယင် ရှင်ပဲကွ၊ အဲဒီတရု ကြီး နာမည်က "လောလျှံ"တဲ့၊ သူ့လက်အောက်မှာ မိုက်ပေ့ဆိုး ဆိုတဲ့ လက်မရွံ့လူမိုက်တွေကလဲ အများကြီးပဲ..."

"ခင်ဗျား အခုပြောနေတာတွေဟာ ပြည်ကြီးမဏ္ဍိုင်ဇာတ်ဆ ကြီးလိုတော့ မဟုတ်ပါဘူးနော်"ဟု မြကြီးကပြောလိုက်ရာ ဂါ စာရေးက သဘောကျစွာရယ်မောရ၍...

"အရေးကြီးတဲ့ကိစ္စကွ၊ နောက်မနေစမ်းပါနဲ့ကွာ၊ အဲဒီမှာ ငါ ခြေရာခံလိုက်နေတဲ့ တရားခံတစ်ယောက်ရောက်နေတယ်ဆို ငါတို့ ရာဇဝတ်အုပ်တစ်ယောက်က ရုပ်ဖျက်ပြီးသွားစုံစမ်းတာ တရုတ်သူဌေးလောလျှံက သူ့ကိုလာပြီးစုံစမ်းတယ်မှတ်ပြီး ဖမ်းထ လို့ကွ..."

"သူ့ကို စုံစမ်းတယ်ထင်ရအောင် လောလျှံကဘာတွေ မဟု တာလုပ်လို့လဲ..."ဟု မြကြီးက မေးလေ၏။

"သူကတော့ မဟုတ်တာမလုပ်ပါဘူး၊ ရောင်းတဲ့လူရှိရင် ရတ လဲဝယ်တယ်၊ ဘိန်းလိုချင်ယင်လဲ သူကပြန်ရောင်းတယ်၊ ဒီနေရာ ကတော့ ဘိန်းရောင်း၊ အရက်ရောင်းတာဟာ မကောင်းမှုရယ် သဘောထားလို့မရဘူးကွ၊ ငါတို့ဆီမှာ ကွမ်းယာ၊ ဆေးလိ ရောင်းတာမျိုးလို ဖြစ်နေတာဆိုတော့ လောလျှံကို ဒုစရိုက်သမား မဆိုနိုင်ဘူး၊ သူကိုယ်တိုင်လဲ ဒုစရိုက်သမားလို့ သူ့ကိုယ်





မထင်ဘူးကွ..."

"ပြောပါဦး ဂါတ်စာရေး..."

"ငါ ရာဇဝတ်အုပ်ကို ပြန်ပြီးထုတ်ယူမှာကွ၊ မထုတ်ယူနိုင်ခဲ့လို့ ရှိရင် လောလျှံကတော့ မသတ်ဖူးထားဦး၊ အဲဒီမှာက ငါတို့နယ်မြေက ဝရမ်းပြေးတော်တော်များများ ရောက်နေတာဆိုတော့ ရာဇဝတ်အုပ် မှန်း သိသွားရင်သတ်ပစ်ကြလိမ့်မယ်ကွ"ဟု ဂါတ်စာရေးက မျက်လုံး ကို ပြူးပြ၍ ပြောလေ၏။

(မှတ်ချက်) ထိုအချိန်ကာလကား ရာဇဝတ်ပြေးများသည် မိမိတို့ ကျူး လွန်ပြီးသော ရာဇဝတ်မှုမှလွတ်ရန် ရှမ်းပြည်နယ်သို့ ထွက် ပြေးလေ့ ရှိကြသည်။ နယ်ချဲ့အစိုးရက ရှမ်းပြည်နယ် နှင့် ပြည်မ ခွဲထားသည်။

(စာရေးသူ)

"ကျုပ်က ဘယ်လိုကူညီရမှာလဲ ဂါတ်စာရေး..."

"ဒီလိုကွ၊ ငါတော့ လောလျှံနဲ့သွားတွေ့ပြီးပြီ၊ လောလျှံကို စကား ပြောတော့ လောလျှံက ငါ့ကိုအဖက်လုပ်ပြီးတောင် စကားမပြောဘူး ကွ၊ ဒီတော့ မင်းကတစ်လှည့်သွားကြည့်ပြီး ရာဇဝတ်အုပ်ကို လွှတ် ပေးဖို့ ပြောကြည့်ဖို့ပါပဲ၊ မရရင်လဲ ကံပေါ့ကွာ..."ဟု ဂါတ်စာရေးက ပြောလေ၏။

"နေပါဦး... ရာဇဝတ်အုပ်နာမည်က ဘယ်သူလဲ..."ဟု မြကြီးက မေးလိုက်လေ၏။

"ဪ...ဦးနက်ကျော်ကြီးလေကွာ၊ မင်းမမှတ်မိဘူးလား"ဟု ဂါတ် စာရေးက ပြောလေ၏။

"မှတ်မိတာပေါ့ဗျ၊ ဦးနက်ကျော်ကိုတော့ မေ့ဖို့အကြောင်း မရှိပါ ဘူး၊ အသားရောင်က နက်ကျော်ဆိုတဲ့အတိုင်း တကယ်လဲနက်တာ



www.burmeseclassic.com

ကိုးဗျ၊ အင်းလေ နက်ဖြန်မနက် ဒီမှာတွေ့ကြမယ်လေ၊ ကျွန်တော်ကြိုးစားပါ့မယ်"ဟုဆိုကာ မြကြီးလည်း ဂါတ်စာရေးနှင့် လမ်းခွဲခဲ့လေတော့၏။

မြကြီးလည်း မိမိတည်းနေသောအိမ်သို့ရောက်လျှင် အိမ်ရှင်ရှမ်းကြီးအား လောလျှံကိုသိသလောဟု မေးပြန်ရာ ရှမ်းကြီးက—

"သိတာပေါ့၊ ဟိုဘက်ကမ်းမှာနေတယ်၊ သိပ်ပြီးချမ်းသာတယ်။ မာနသိပ်ကြီးတယ်၊ သူ့ဆီက ဝယ်စရာရှိရင်တောင် တရုတ်လိုပြောပြီး ဝယ်မှရောင်းတယ်၊ စိတ်ကောင်းတော့ ရှိပါတယ်..."ဟု ပြောလေ၏။

ထိုညက မြကြီးလည်း ဦးနက်ကျော်အား လောလျှံ၏လက်တွင်းမှ ကယ်ဆယ်ရန် အကြံထုတ်ရင်ရင်း အိပ်ပျော်သွားလေတော့၏။ နံနက် မိုးလင်းသည့်အခါ၌ မြကြီးသည် အဝတ်အထည်ရောင်းသော ဆိုင်တစ်ဆိုင်သို့ သွားရောက်ပြီးလျှင် ချိတ်လုံချည်နှင့် ခပ်ဆင်ဆင်တူသော ပိုးစ ရင်ဖုံးအင်္ကျီတထည်နှင့် ပန်းနုရောင် ပိုးစ ပါးပါးတစ်စကို ဝယ်ယူကာ ပြန်လာခဲ့ပြီးလျှင် ချိတ်လုံချည်နှင့်တူသောပိုးစအား တောင်ရှည် ပုဆိုးကဲ့သို့ ဝတ်ဆင်ပြီးလျှင် အပေါ်၌မူ ရင်ဖုံးအင်္ကျီကို ဝတ်လေ၏။ ထို့နောက် ပန်းနုရောင်ပဝါစကို ခေါင်း၌ပေါင်း၍ ယမန်နေ့က ဂါတ်စာရေးနှင့်တွေ့သော ခေါက်ဆွဲဆိုင်၌ သွားရောက်၍ ထိုင်နေလေ၏။

လူများလည်းမြကြီးကို ဂရုတစိုက်ကြည့်ရှုကုန်၏။ ဂါတ်စာရေးလည်းဆိုင်သို့ရောက်လာသည့်အခါ၌ မြကြီးကိုမြင်လျှင် လွန်စွာအံ့အားသင့်လျက် 'ဘယ်လိုဖြစ်တာလဲ...'ဟု မေးလေ၏။

"မြန်မာဆန်ဆန် ဝတ်ထားတာလေဗျာ။ ကဲကျုပ်ကိုခါးမှာ ခါးပတ်နဲ့ ခြောက်လုံးပြူးချိတ်ပေးပေတော့..."ဟု မြကြီးက ဖြေလေ၏။

"ဟုတ်မှလဲလုပ်ပါ မြကြီးရာ... ဦးနက်ကျော်ဆုံးတဲ့အပြင် ငါ့ရဲ့ ခြောက်လုံးပြူးပါ အဆစ်လိုက်ရရင်တော့ ငါ ထောင်ကျလိမ့်မယ်ကွ၊





ထောင်ကျရင် ရိုးရိုးလူထောင်ကျတာနဲ့မတူဘူးနော်၊ ပုလိပ်ထောင်ကျရင် ပိုပြီးနာတယ်ကွ..."ဟု ဆိုလေ၏။

"ကျုပ်ကအသက်ကိုတောင် စွန့်ပြီးသွားရမှာ၊ ခင်ဗျားက ခြောက်လုံးပြူးတစ်လက်တောင် မစွန့်ဝံ့ဘူးလားဗျ"ဟု ဆိုသဖြင့် ဂါတ်စာရေးလည်း ဖြစ်ချင်ရာဖြစ်စေတော့ဟု သဘောထားကာ၊ ခါးပတ်နှင့်တကွ ခြောက်လုံးပြူးကို မြကြီးအား ပေးလိုက်လေတော့၏။

မြကြီးလည်းတစ်ဘက်ကမ်းသို့ကူးသွားလေ၏။ တစ်ဘက်ကမ်းသို့ရောက်လျှင် လောလျှံ၏ ကုန်စုံဆိုင်ကို စုံစမ်း၍သွားရလေ၏။ လောလျှံ၏ ကုန်စုံဆိုင်ကား လွန်စွာကြီးကျယ်ခန်းနားလှဘိ၏။

မြကြီးသည် ကုန်စုံဆိုင်သို့ ရောက်သည့်အခါ၌ လောလျှံအား စုံစမ်းရာ ကုန်စုံဆိုင်၏ နောက်ဘက်ရှိ ခြံဝင်းကြီးအတွင်း၌ နေကြောင်း သိရသဖြင့် ထိုခြံဝင်းဆီသို့ သွားရောက်ခဲ့လေ၏။

ခြံဝင်းသို့ရောက်လျှင် ခမောက်စုတ်ကိုဆောင်းထားသည့် ဂင်တိုက်တရုတ်ဒရဝမ်အား မြကြီးက သူဌေးကြီးလောလျှံနှင့် တွေ့ဆုံလိုကြောင်း၊ တရုတ်လိုပြောရာ ဒရဝမ်က တွေ့ခွင့်မပေးဘဲ မည်သည့်ကိစ္စကြောင့် တွေ့လိုကြောင်းမေးသဖြင့် မြကြီးက မိမိသည် မြန်မာပြည်၏ နန်းကျဘုရင်တစ်ဦး၏မြေးတော် မင်းညီမင်းသားဖြစ်ကြောင်း သူဌေးကြီးလောလျှံ၏ဖိတ်ကြားချက်အရ လာခဲ့ရကြောင်းပြောလျှင် တရုတ် ဒရဝမ်လည်းမြကြီးအား ခါးကိုညွတ်၍အရိုအသေပေးကာ ဝင်ခွင့်ပြု လိုက်လေတော့၏။

မြကြီးလည်းခြံဝင်းအတွင်းရှိ အိမ်ကြီးဆီလျှောက်လာပြီးလျှင် အိမ်ကြီးအတွင်းသို့ဝင်လိုက်ရာ လွန်စွာခမ်းနားသော ဧည့်ခန်းကြီး အတွင်း၌ ထိုင်လျက်ရှိသော ခန့်ခန့်ညားညား တရုတ်တစ်ယောက်ကိုတွေ့ရလျှင် ဤသူကား လောလျှံဖြစ်ပေမည်ဟု တွေးတောလျက်

www.burmeseclassic.com



လောလျှံရှေ့သို့ သွားရောက်ကာ အောက်ပါအဓိပ္ပါယ်ရသော တရုတ် ဘာသာစကားဖြင့် ပြောလေ၏။

"ကျွန်တော့်ကို စကားအနည်းငယ်ပြောခွင့်ပြုပါ သူဌေးကြီး ကျွန်တော်ဟာ အလွန်အင်မတန် ရှေးကျပြီး အလွန်အင်မတန်မှလဲ ယဉ်ကျေးသိမ်မွေ့ကာ အလွန်မှဖော်ရွေတတ်တဲ့ တရုတ်လူမျိုးတို့ရဲ့ ဘာသာစကားကို အနည်းငယ်သာပြောဆိုတတ်ပါတယ်၊ တကယ်လို့ ကျွန်တော်ပြောတဲ့စကားထဲမှာ မှားယွင်းတာပါရင် ကျွန်တော့်ကို ခွင့်လွှတ်ဖို့အကြောင်းကိုလဲ သူဌေးကြီးကိုတောင်းပန်ပါတယ်..."

ထိုအခါ၌ တရုတ်လောလျှံသည်မြကြီးအား မျက်မှောင်ကြုတ်၍ ကြည့်ပြီးလျှင် တရုတ်ဘာသာနှင့်ပင်...

"ထိုင်ပါ... ဘာကိစ္စလဲ ပြောချင်တာလဲပြောပါ"ဟု ဆိုလေ၏။ မြကြီးလည်း လောလျှံရှေ့ရှိခုံ၌ဝင်၍ ထိုင်လိုက်ပြီးလျှင် "ကျွန်တော့်ကို သူဌေးကြီးရဲ့ ဧည့်သည်အဖြစ်လက်ခံပြီး စကား ပြောတာကို ဂုဏ်ယူပါတယ်၊ ကျွန်တော်ဟာ ဂုဏ်သရေရှိတဲ့ သူဌေးကြီးရဲ့ အိမ်ဝင်းအတွင်းကို ရောက်နေပြီမို့ ကျွန်တော့်အတွက် အန္တရာယ်ဆိုလို့ မြူမှုန်လောက်တောင် မရှိတော့တဲ့အတွက် ကျွန်တော်ဟာ လက်နက်ကိုဆောင်ထားဖို့ မလိုပါဘူး၊ ဒါကြောင့် ကျွန်တော့်ရဲ့သေနတ်ကို ကျွန်တော်မပြန်ခင်အထိ သူဌေးကြီးကို အပ်ထားပါရစေ"ဟုဆိုကာ ခါးတွင်ချိတ်ထားသော သေနတ်ကို ဖြုတ်၍ လောလျှံရှေ့မှ စားပွဲခုံပေါ်သို့ တင်ထားလိုက်လေတော့၏။ လောလျှံလည်း မြကြီး၏အပြုအမူကို လွန်စွာ သဘောကျ လေ၏။ ထို့ကြောင့် လောလျှံက...

"ပြောပါမိတ်ဆွေ..." ဟု ဆိုလေ၏။

"ဒီလိုပါသူဌေးကြီး... ကျွန်တော်ဟာ သီပေါဘုရင်ရဲ့မြေးတော် တစ်ဦးဖြစ်ပါတယ်၊ တကယ်လို့သာ မြန်မာဘုရင်ကောင်းစားတဲ့





အချိန်မှာဆိုရင်တော့ ကျုပ်ဟာ ဒီကိုဝေါယာဉ်နဲ့လာရမယ့်လူပါပဲ..."

လောလျှံက တခစ်ခစ်ရယ်မောလေ၏။

"အခုတော့ ကံမကောင်းအကြောင်းမလှဖြစ်ပြီး ဗြိတိသျှအစိုးရ ဆီမှာ ပုလိပ်အင်စပက်တော်လုပ်နေရပါတယ်၊ ဒီဒေသမှာ ဘာရားခံပြေးတစ်ယောက်ကို ကျုပ်ရဲ့တပည့်နှစ်ဦးနဲ့လာပြီး ဖမ်းတာ ပါ၊ အဲဒီမှာ ကျုပ်တပည့် ပုလိပ်နက်ကျော်ဆိုတာလဲ ပါခဲ့ပါတယ်၊ နက်ကျော်ကို ပုလိပ်ထဲသွင်းပေးတာလဲ ကျွန်တော်ပါပဲ၊ နက်ကျော် ဟာ ပုလိပ်ထဲမရောက်ခင်မှာ အိုဗျာ... ကုန်ကုန်ပြောမယ် နက်ကျော် တို့ရဲ့ ဘိုးဘေး ဘီဘင်ကစပြီး ကျွန်တော်တို့ရဲ့ ငယ်ကျွမ်းတွေပါပဲ၊ အဲဒီ နက်ကျော်ဟာ တစ်ခါတစ်ခါ စိတ်ရှုးပေါက်လေ့ရှိပါတယ်။ သူ့ကိုယ်သူ ပုလိပ်အင်စပိတ်တော်ကြီးဆိုပြီးကြွားတတ်ပါတယ်။ အဲဒီနက်ကျော်ဟာ ဒီဘက်ကမ်းကို အလည်လာရင်း ပျောက်နေပါ တယ်။ ကျွန်တော်လဲ နက်ဖြန်ကို ပြန်ရပါတော့မယ်။ ဒါကြောင့် သူဌေးမင်းရဲ့အာဏာနဲ့ ရှာဖွေရင် နက်ကျော်ကိုပြန်တွေ့မယ်လို့ ယူဆတဲ့အတွက် ကျွန်တော်က လာပြီးအကူအညီတောင်းတာပါပဲ"ဟု ပြောလိုက်လေရာ လောလျှံက...

"သိပ်ရယ်ဖို့ကောင်းတယ်... နက်ကျော်ကို ကျုပ်က မသင်္ကာလို့ ဖမ်းထားပါတယ်၊ သူက သူ့ကိုယ်သူ ပုလိပ်အင်စပိတ်တော်ကြီးလို့ ပြောနေတယ်၊ ကျုပ်ကတော့ မယုံပါဘူး"ဟုဆိုကာ သူ၏အိမ်မှ အစေ အပါးတစ်ယောက်အားတရုတ်ဘာသာဖြင့် "နက်ကျော်ဆိုတဲ့ ကောင်ကိုခေါ်ခဲ့... "ဟု ပြောလိုက်ရာ မျှားမကြာမီ၌ပင် နံငယ်ပိုင်း ဘလေးကိုပတ်၍ အပေါ်ပိုင်းဗလာကျင်းထားသော ဦးနက်ကျော် အား ကြိုးဖြင့်တုပ်၍ ခေါ်ခဲ့လေတော့၏။

ဦးနက်ကျော်လည်း မြကြီးကိုမြင်လျှင် အံ့အားသင့်၍ နေလေ၏၊ ထိုအခါ၌ ဦးနက်ကျော်အား မြန်မာစကားဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဦးနက်ကျော်ရေ၊ ကျုပ်ပြောတဲ့အတိုင်းသာ မေးပြီးလုပ်ပေးတော့ နို့မို့ရင်... ဒီကောင်တွေလက်ထဲမှာ ခင်ဗျားသေလိမ့်မယ် ကျွတ်တာသခင်၊ ခင်ဗျားကကျွန်လို့ လောလျှံကိုပြောထားတယ်"ဟု ပြောလိုက်ရာ ဦးနက်ကျော်က မျက်လုံးပြူး၍. . .

"ဟော့ကောင်မြကြီး...၊ မင်းကဘယ်လိုကနေဘယ်လိုရောက်လာတာလဲ၊ ပြီးတော့... ငါကမင်းရဲ့ကျွန်လုပ်ရမယ်၊ ဟုတ်လား... မင်းကို မိုးကြိုးပစ်လိမ့်မယ်...သတိထား"ဟု ကြိမ်းဝါးလေ၏။

ကျုပ်ကို မိုးကြိုးပစ်တာကနောက်၊ ခင်ဗျားကို ဒီလောလျှံလူတွေက သတ်မှာကအရင်၊ မသေချင်ရင် ကျုပ်ကို ရိုရိုသေသေဆက်ဆံကြားလား..."ဟု မြကြီးကပြောလိုက်လျှင် တရုတ်လောလျှံက တရုတ်ဘာသာဖြင့်...

"ဘာပြောတာလဲမိတ်ဆွေ..."ဟု မေးလေတော့၏။

"ကျုပ်ရဲ့ငယ်ကျွန်ကြီးကို နည်းနည်းပါးပါးဆုံးမနေရတယ်၊ ဒီကောင်ကြီးက အသားမည်းသလောက် အကျင့်စာရိတ္တကလည်း ကောင်းတာမဟုတ်ဘူး မိတ်ဆွေ..."ဟု ပြောလိုက်လေ၏။

"ဟုတ်မယ်... ဟုတ်မယ်၊ ကျွန်ဆိုတာဒီလိုပဲ၊ ဆုံးမနိုင်မှ တော်ကာကျတာ..."ဟု လောလျှံကပြောလေ၏။

ထိုအခါ၌ဦးနက်ကျော်က...

"ဟော့ကောင်... မြကြီး၊ ဒီတရုတ်က ကွိကွိကွကွနဲ့ဘာပြောတာလဲကွ..."ဟု မေးလေ၏။

"ဒီလိုပါဦးနက်ကျော်၊ သူကပြောတယ်၊ ခင်ဗျားရဲ့ငယ်ကျွန်ကို ခင်ဗျားကိုယ်တိုင် မဆုံးမချင်ရင် ကျုပ်တို့ကရိုက်နှက်ပြီး ဆုံးမပေးပါ ရစေတဲ့၊ ဒီတော့ ခင်ဗျားကို ကျုပ်ရှေ့မှာပဲ ရိုက်နှက်ဆုံးမကြလိမ့်မယ်၊ ဒါကြောင့် ခင်ဗျားကို ကျုပ်က ကျုပ်စီးထားတဲ့ ဖိနပ်ကို အချွတ်ခိုင်းမယ်၊ ခင်ဗျားက သိပ်ပြီးအပိုးကျိုးသွားတဲ့ပုံစံနဲ့ လာပြီးချွတ်ပေးတော့..."ဟု ပြောလိုက်လျှင် ခြေထောက်ကို ရှေ့သို့ထုတ်ပေးလိုက်ရာ ဦးနက်ကျော်လည်း မြကြီး၏ခြေထောက်မှဖိနပ်ကို လာရောက်၍ ချွတ်ပေးရလေတော့၏။





ထိုအခါ၌ လောလျှံက...

"မိတ်ဆွေရဲ့ကျွန်ကတော့ လိမ္မာသွားပါပြီ၊ ပြန်ပြီးခေါ်သွားပါတော့၊ ဒါနဲ့ပြောရအုံးမယ်၊ မိတ်ဆွေဟာ မင်းညီမင်းသားတစ်ဦး ဖြစ်ပါလျက် ဗြိတိသျှလက်အောက်မှာ အလုပ်လုပ်နေတာကိုတော့ အပြစ်တင်ရမှာပဲ..."ဟု ပြောလေ၏။

"ဒီလိုရှိပါတယ် ကျုပ်ကမလုပ်ချင်ပါဘူး၊ ဒါပေမယ့် ဗြိတိသျှအစိုးရဟာ ကျုပ်တို့ကိုအလုပ်မလုပ်ဘဲနေရင် သူ့ကိုပုန်ကန်မယ်လို့ ယူဆမှာစိုးလို့ လုပ်နေရတာပါ..."ဟု ပြောဆိုလေ၏။

လောလျှံလည်း မြကြီးအား ကောင်းမွန်သော အစားအသောက်တို့ကို ကျွေးပြီးလျှင် ဦးနက်ကျော်ကို အပ်နှံလေတော့၏။

မြကြီးလည်း လောလျှံအား ကျေးဇူးတင်စကားကို ပြောဆိုပြီးနောက် ဦးနက်ကျော်အား ခေါ်ယူ၍ တစ်ဘက်ကမ်းသို့ ကူးခဲ့လေတော့၏။

လမ်းတွင် ဦးနက်ကျော်က...

"ဟော့ကောင်... တောင်ရှည်ပုဆိုး ရင်ဖုံးအကျႌခေါင်းပေါင်းနဲ့ ခါးမှာလဲ ခြောက်လုံးပြူးနဲ့ ဘယ်လိုလဲကွ"ဟု မေးသဖြင့် မြကြီးက အဖြစ်မှန်ကို ရှင်းပြရာ ဦးနက်ကျော်သည် မြကြီးအား စိတ်ဆိုးရကောင်းနိုးနိုး၊ ကျေးဇူးတင်ရကောင်းနိုးနိုးဖြစ်၍ သွားလေ၏။

နောက်တစ်နေ့တွင် မြကြီးနှင့် ဦးနက်ကျော်ထံသို့ လိပ်စာတပ်၍ လောလျှံက စာတစ်စောင်ပို့လိုက်လေ၏။ ပို့လိုက်သော စာအုပ်တောင်းမှာ ဝါးဖြင့်ပြုလုပ်ထားသော လွန်စွာလက်ရာမြောက်သည့် ဘူးတောင်းဖြစ်သည့်အပြင် အတွင်းမှစာမှာလည်း လမ်းကြိုရုပ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျားရုပ်၊ နဂါးရုပ်များရေးခြယ်ထားသည့် ပိုးစပေါ်တွင် တရုတ်မင်ဖြင့် ရေးထားခြင်းဖြစ်၏။ စာမှာမူ တရုတ်စာမဟုတ်ဘဲ မြန်မာစာဖြစ်၍နေပေသည်။ ထိုစာမှာ အောက်ပါအတိုင်းဖြစ်၏။

**အယဉ်ကျေးဆုံးမြန်မာလူမျိုး မောင်မြကြီး**

စကြာမှာနှစ်တစ်ရာ၊ ကမ္ဘာမှာ သိန်းထား၊ ဘုရားမှာ သောင်းရှစ် မောနေယျ ခုနစ်နှစ်၊ ဆယ့်နှစ်နှစ် မင်္ဂလာ၊ ရှေးဦးစွာက ကြော်ငြာခြင်းတရား ယင်းငါးပါးတွင် မင်္ဂလာတရား၌ သူမိုက်ကိုရှောင်ခွာ၊ ပညာရှိကို ပေါင်းဖက်လို့ဆိုထားတဲ့အတိုင်း မိတ်ဆွေ မောင်မြကြီး အား ရင်းနှီးစွာ ပေါင်းဖက်လိုသောကြောင့် . . .

မျိုးဆွေနီးရင်း၊ သားချင်းစပ်သော၊ မစပ်သောဟု သဘောလိုရင်း မဟုတ်ပါ၊ မေတ္တာသည်သာ ပမာနဖြစ်သည်ဟု ကျည်းကန်ရှင်ကြီး စကား၌ ဆိုထားသည့်သာဓကကြောင့် ဤစာကို ရေးလိုက်ရပါသည်။

ကျွန်ုပ်အား မိတ်ဆွေမောင်မြကြီးက ရာဇဝတ်အုပ်မင်းကို ကျေးကျွန်ကဲ့သို့ ပြောဆို၍ ကျွန်ုပ်ထံမှ ထုတ်ယူသွားပါသည်။ ကျွန်ုပ် မသိမဟုတ်ပါ။ သိပါသည်။ သို့ရာတွင် မောင်မြကြီး၏ တရုတ်စကားကို ယဉ်ကျေးစွာ ပြောတတ်ခြင်း၊ နေရာဌာနကို သိခြင်း၊ ဧည့်သည်ကောင်း ပီသခြင်း စသည့် ယဉ်ကျေးသော အပြုအမူကြောင့် ရာဇဝတ်အုပ်မင်းကို ပြန်၍ ပေးလိုက်ပါသည်။

ငါတို့ကား လောလျှံဆိုသော တရုတ်ကို လှည့်စားနိုင်ခဲ့ပြီဟု မထင်မှတ်စေလိုပါ၊ မောင်မြကြီးတို့ ရောက်နေစဉ်ကပင် တစ်ဘက်ကမ်း၌ရှိသော ကျွန်ုပ်၏လူယုံတို့သည် မောင်မြကြီးတို့၏အကြောင်းကို စုံစမ်း၍ ကျွန်ုပ်ထံ





စာလွှာပို့ ခဲ့ကြပြီးဖြစ်ပေသည်။ ကျွန်ုပ်လောလျှံကားနယ်စွန်နယ်ဖျား၌ နေသော်လည်း အရှိုင်းအစိုင်းမဟုတ်လူတို့၏အကြောင်းကို ကောင်းစွာသိပေသည်။ ထို့ကြောင့်လူနှင့်ပတ်သက်သော စကားပုံအချို့ကို လက်ဆောင်ပါးလိုက်ပါသည်။

မိတ်ဆွေ မောင်မြကြီး...

လူနေခြုံကြား စိတ်နေဘုံဖျား။
လူတစ်ကိုယ် ထင်တစ်လုံး။
လူကောင်းပန်းပန်၊ တစ်ပွင့်တန်။
လူဆိုးလူကောင်း ပေါင်းမှသိ။
ဆန်ဖြူဆန်ကောင်း ထောင်းကြည့်မှသိ။
လူကိုဖြင့်မသိဘူး၊ ထီးကတော့ ရွှေကြက်ယက်။
လူတန် ကံချ။
လူချင်းတူသော်လည်း အသက်ရှူခြင်းကွဲ၏။
လူကိုယုံသော်လည်း စကားကုန်မပြောလေနှင့်။
လူမစွမ်း နတ်မ။
လူမလေး ခွေးမခန့်။
လူပျင်းလုံ့လ တစ်ခဏ။
လူပုစိတ်တို ခွေးပုရန်လို။
လူပါးပုလင်းထိ။
လူပုံငွေးတမွေးနှင့် ရွှေကျေးစကားဆို။
လူဖြောင့်စိတ်တို၊ လူချိုစိတ်ကောက်။
လူအလို နတ်မလိုက်နိုင်။
လူပြောမသန် လူသန်မပြော။
လူမှာအမျိုး ကြက်မှာအရိုး။



www.burmeseclassic.com

www.burmeseclassic.com



လူမြူးလျှင်ဒဏ်ရ၊ နွားမြူးလျှင် ထွန်ရ။
လူလားခွေးလား ဆေးတဝါး။
လူမှာအဝတ်၊ တောင်းမှာအကွပ်။
လူနံ့ပိန်၊ ကျွဲချိုလိမ်။
လူမိုက် ကံကောင်း။
လူမိုက်နောက်မှ အကြံရ။
လူမိုက်သားရမ်းကား၊ လူလိမ္မာသားယဉ်ပါး။
ရွှေအကြောင်း ဖယောင်းသက်သေ။
လူအကြောင်း ပေါင်းကြည့်မှအဖြေ။
လူအကြောင်း ကောင်းကောင်းသိ
လောလ

မြကြီးနှင့် ဦးနက်ကျော်တို့လည်း အထက်ပါစာကို ဖတ်ပြ နောက် လောလျှံ မြန်မာစကားနှင့်စာကို ကောင်းစွာတတ်ကျွ ကြောင်းသိလျှင် ယမန်နေ့က လောလျှံရှေ့၌ပင် မလိမ့်တပ ပြောဆိုခဲ့ကြပုံကို တွေးမိ၍ မျက်လုံးပြူးကြရလေတော့၏။

"ဟော့...မြကြီး လောလျှံက ငါတို့ထက်တောင် မြန်မာ တတ်နေ ပါလားကွ၊ ကျည်းကန်ရှင်ကြီးရဲ့စကားနဲ့အစချီပြ ရေးထားပါလား၊ လောလျှံက ဒို့ကို မသတ်တာ ကံကောင်းတာ ဟော့..."ဟု ဦးနက်ကျော်က ပြောလေ၏။ ထို့နောက် ဦးနက်ကျော်နှ ဂါတ်စာရေးလည်း မန္တလေးသို့ ပြန်ကြလေတော့၏။

မြကြီးမှာမူ တစ်လခန့် ထိုဒေသ၌ နေကြည့်ပြီးနောက် မိုးကုတ မြို့ဆီသို့ ထွက်လာပြီးလျှင် မိုးကုတ်၌ တရုတ်အလုပ်သမားတို့ ငှားရမ်း၍ "လောလျှံခေါက်ဆွဲဆိုင်" ဟု အမည်တပ်က ခေါက်ဆွဲဆိုင် ကြီးတစ်ဆိုင် ဖွင့်လှစ်ခဲ့လေတော့၏။





# ရတနာမြကြီး

မြကြီးသည် ခေါက်ဆွဲဆိုင်ဖွင့်၍ စီးပွားရှာကာ ရသမျှကိုစုဆောင်း၍ လှမောင်၏မိခင် ဒေါ်ရွှေရထံသို့ အိမ်ပြင်ရန်အတွက် ငွေများ ပို့ပေးလေ၏။

တစ်နေ့တွင် မြကြီးသည် ခေါင်ဆွဲဆိုင်ပိတ်ချိန်၌ တရုတ်ပေသီးကို တဂျောက်ဂျောက်ခေါက်ရင်း စာရင်းတွက်နေလေသည်။ ဆိုင်တံခါး တစ်ချပ်သာလျှင်ဖွင့်၍ထားလေ၏။ ထိုအချိန်၌ တစ်စုံတစ်ယောက် သည် ဆိုင်တွင်းသို့ ဝင်လာပြီးလျှင် မြကြီးအား...

"ဘယ်လိုလဲ မောင်မြကြီး... ငါလူတွေက မင်းကိုရိုက်တုန်းက ငါကမင်းကို လူရိုးလူအ တစ်ယောက်အဖြစ် ထောက်ခံပြောဆို ခဲ့တယ်၊ အခုတော့မင်းဟာ လူလယ်ကြီးဖြစ်နေတာကိုး၊ ပတ္တမြား လက်စွပ်ကို ဟိုဘက်ကမ်းကတရုတ် လောလျှံဆီမှာ ရောင်းခဲ့ ဘယ်မဟုတ်လား၊ တရုတ်လောလျှံဆီကို မင်းဟာတောင်ရှည်ပုဆိုးနဲ့ ခေါင်းပေါင်းနဲ့ အကျ အနသွားပြီး မင်းညီမင်းသားလို့ပြောပြီး ပတ္တမြားလက်စွပ်ကို ရောင်း ခဲ့ပြီမဟုတ်လား၊ လောလျှံရဲ့ ခြံစောင့်ကပြောတယ်၊ မင်းက မင်းညီမင်းသားတစ်ယောက်တဲ့၊ ဘာငြင်းမလဲ၊ မောင်မြကြီး"ဟု ပြောလေ၏။

ထိုသူမှာ တစ်ခါက မြကြီးနှင့်တွေ့ဆုံခဲ့ဖူးသော ရှမ်းကြီးဖြစ်ပေသည်။ မြကြီးလည်း လွန်စွာထိတ်လန့်၍ သွားလေ၏။

"ဟော့ကောင် ပြောလေ ဘာငြင်းအုံးမလဲ..."ဟု ရှမ်းကြီးက အော်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၏။

"မငြင်းပါဘူး ရှမ်းကြီးရယ်… ငြင်းရင်လဲ ခင်ဗျားက ယုံမှာမှ မဟုတ်ဘဲ…"ဟု မြကြီးက ပြောလေ၏။

"အေး… မင်းကို တစ်ပတ်တိတိအချိန်ပေးမယ်၊ တစ်ပတ်တိတိ ပြည့်တဲ့နေ့ ဒီအချိန် ဒီစားပွဲကိုလာခဲ့မယ်၊ ပတ္တမြားလက်စွပ်ရောင်းလို့ ရသမျှ ငွေတွေအားလုံး စားပွဲပေါ်တင်ထားပေတော့၊ ငါတို့လာလို့ ငွေထုပ်မတွေ့ရင်တော့ ငါ့ပါးစပ်က စကားမပြောတော့ဘူး၊ ဟောဒီ သေနတ်ကပဲ စကားပြောလိမ့်မယ်"ဟု ဆိုကာ ကုတ်အကျႌအောက်မှ သေနတ်ကို ပြ၍ ထွက်သွားလေ၏။

ရှမ်းကြီးထွက်သွားပြီးနောက် မြကြီးလည်း လွန်စွာအကြံအိုက်၍ သွားလေ၏။ ရှမ်းကြီးကား အမှန်တကယ်သတ်ပစ်မည်ဖြစ်ကြောင်း ရိပ်မိလေ၏။ ထို့ကြောင့် မြကြီးသည် တစ်ညလုံးအိပ်၍ မပျော်ဘဲ ရှိလေတော့၏။ နောက်တစ်နေ့တွင်လည်း မည်သို့မည်ပုံ ပြုလုပ်ရမည် ကို စဉ်းစားနေစဉ် ၎င်းနှင့်သိကျွမ်းသော တရုတ်တစ်ယောက်က ဆိုင် တွင်းသို့ဝင်လာပြီးလျှင်…

"ဈေးရောင်းကောင်းသလား…"ဟု မေးလေ၏။ မြကြီးက…

"ဈေးတော့ရောင်းကောင်းပါတယ်ဗျာ၊ ဒါပေမယ့် ကျုပ်ရဲ့မိခင်ကြီး မမာလေတော့ ဆိုင်ကိုတောင် ရောင်းပစ်ပြီး ပြန်ရမလို ဖြစ်နေပြီ"ဟု ပြောရာ ထိုတရုတ်က ရောင်းမည်ဆိုလျှင် မိမိကိုသာ ရောင်းချရန် ပြောဆိုသဖြင့် မြကြီးက ဝယ်လိုလျှင် ရက်ပိုင်းအတွင်း ဝယ်ယူမှ ဖြစ်နိုင် မည်ဖြစ်ကြောင်း သို့မဟုတ်ပါက တခြားလူတစ်ယောက်ကို ရောင်းချ ပစ်ခဲ့မည့်အကြောင်း ပြောဆိုရာ ထိုတရုတ်လည်း ထိုနေ့ညဉ့်ပင် တရုတ်လူကြီးသုံးလေးယောက် ခေါ်လာပြီးလျှင် ဆိုင်ကို ဝယ်လေတော့၏။

မြကြီးလည်း ဆိုင်ကိုရောင်းချပြီးနောက် ဝယ်သူ တရုတ်အား





အထုပ်တစ်ထုပ်ပေးလေ၏။

နောက်ငါးရက်ကြာလျှင် ထိုအထုပ်အား ညကိုးနာရီခန့်တွင် စားပွဲပေါ်၌ တင်ထားရန်၊ ထိုအထုပ်ကို လူတစ်ယောက်လာယူမည် ဖြစ်ကြောင်း ပြောဆိုမှာကြား၍ ခြေဦးတည့်ရာသို့ ထွက်ခဲ့လေ တော့၏။

မြကြီးထွက်သွားပြီး ငါးရက်မြောက်သောနေ့၌ ဆိုင်ရှင်လူသစ် တရုတ်လည်း မြကြီးပေးခဲ့သော အထုပ်ကို စားပွဲပေါ်၌ တင်ထား၍ စာရင်းတွက်နေစဉ်၌ပင် ရှမ်းကြီးတို့သည် ဆိုင်တွင်းသို့ ဝင်လာပြီး လျှင် ထိုအထုပ်ကို ကောက်ယူ၍ လူသစ်တရုတ်အား မြကြီး အမှတ်ဖြင့် စကားပြောမည်ပြုပြီးနောက် မြကြီးမဟုတ်ကြောင်း တွေ့လျှင် . . .

"ဟေ့ကောင်… မြကြီးဘယ်သွားသလဲ…"ဟု မေးလေ၏။

"မရှိဘူးလေ၊ 'ဝ' ကို ဆိုင်ရောင်းခဲ့ပြီ… အဲဒီဟာ သူပေးခဲ့တာပဲ။ ယူစွား ယူစွား…"ဟု ပြောလေ၏။ ရှမ်းကြီးတို့လည်း ထိုအထုပ်ကို ယူသွားပြီးနောက် ၎င်းတို့နေရာသို့ရောက်၍ ဖွင့်ကြည့်ရာ ငွေများ မဟုတ်ဘဲ သတင်းစာစက္ကူများဖြစ်ကြောင်း တွေ့ရလျှင် ဆိုင်ရှင်တရုတ် အားသတ်မည်ဟု ခေါက်ဆွဲဆိုင်သို့ တစ်ခေါက်ပြန်၍ လာခဲ့ကြရာ ခေါက်ဆွဲဆိုင်အနီးတွင် မှောင်ရိပ်ခို၍ စောင့်နေကြသော ပုလိပ်တို့က ဖမ်းဆီးလိုက်ကြလေ၏။

ထိုသို့ ဖမ်းဆီးပြီးနောက် ရာဇဝတ်အုပ်တစ်ဦးက ရှမ်းကြီး အား…

"မင်းတို့လာမယ်ဆိုတာ ငါတို့သတင်းရထားတာကြာပြီ၊ ငါးရက် လောက်ရှိပြီ၊ မန္တလေးက စိန်ရွှေရောင်းတဲ့ ဘာဘူအိမ်ကို ဓမြတိုက်သွား တဲ့ကောင်တွေ ဆိုတာလဲ ငါတို့သတင်းရထားပြီးပြီ…"ဟု ဆိုလေ၏။

ရှမ်းကြီးလည်း မြကြီး၏လက်ချက်ဖြစ်ကြောင်း ရိပ်မိ၍ "တောက်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ခေါက်လိုက်လျှင် ရာဇဝတ်အုပ်က...

"ဟော့ကောင်... ဘာတောက်ခေါက်တာလဲ"ဟု ဆိုကာ သေနတ် ဒင်ဖြင့် ခေါင်းကို ရိုက်ချလိုက်လေတော့၏။

ထိုအချိန်၌ကား မြကြီးသည် ရှမ်းပြည်နယ်တောင်ပိုင်း မြို့ကလေး တစ်မြို့ဆီသို့ ရောက်၍နေပြီဖြစ်ပေသည်။ မြကြီးသည် မိုးကုတ်မြို့မှ ဝယ်ယူလာသော ရတနာပစ္စည်း အနည်းငယ်ကို ကိုင်လျက် ရတနာ ကုန်သည်တို့၏ လောကသို့ စတင်ဝင်ရောက်လေတော့၏။

မြကြီးသည် မိမိတည်းခိုနေထိုင်ရာ ရွှေညောင်မြို့မှနေ၍ တောင် ကြီးမြို့သို့သွားကာ ရတနာပစ္စည်းရောင်းဝယ်သော နေရာများသို့ ဝင်၍ မိုးကုတ်မှဝယ်လာသော နီလာနှင့် ပတ္တမြား လက်ဝတ် လက်စားများကို ရောင်းချရန် ပြသလေ၏။ ထိုသို့ ပြသရောင်းချ ပြီးနောက် မြကြီးလည်း မိုးကုတ်တစ်ခေါက်ပြန်၍လာကာ ရတနာများဝယ်ယူပြန်၏။ ပြီးလျှင် တောင်ကြီးမြို့၌ ရောင်းချပြန် ၏။ ဤသို့နှင့်ပင် မြကြီးသည် တစ်စထက်တစ်စ ရတနာကုန်သည် ဘဝသို့ ရောက်ရှိသွားလေတော့၏။

တစ်နေ့သ၌ မြကြီးသည် ရတနာဆိုင်တစ်ဆိုင်၌ ထိုင်နေစဉ် တွင် လူတစ်ယောက်ရောက်ရှိလာပြီးလျှင် စိန်များရံထားသော မြလက်စွပ် တစ်ကွင်းကို ရောင်းရန်ပြသလေ၏။ မြကြီးလည်း စိန်များတို့ တစ်လုံးချင်း စေ့စေ့စပ်စပ်ကြည့်ရာ လွန်စွာအရည်အသွေးကောင်း သောစိန်များ ဖြစ်သည့်အပြင် အလယ်မှ မြမှာလည်း လွန်စွာ ကောင်းသော မြဖြစ်သဖြင့် မည်သည့်ဈေးနှင့် ရောင်းမည်နည်း ဟုမေးရာ ထိုသူက ထို လက်စွပ်မှာ ၎င်း၏ဇနီးသည် အမွေ ရခဲ့သောလက်စွပ်ဖြစ်ကြောင်း၊ ယခုအခါ၌ လွန်စွာဆင်းရဲ လွန်းသဖြင့် ရောင်းချရကြောင်းကို ဖွဲ့နွဲ့ ပြောဆိုပြီးလျှင် ငွေတစ်ထောင်ဖြင့် ရောင်းလိုကြောင်း ပြောလေ၏။





မြကြီးလည်း ကိုးရာနှင့်ဆစ်၍ ဝယ်ယူလိုက်ပြီးလျှင် လက်သူကြွယ် နှင့်စွပ်ကြည့်ရာ မိန်းမလက်စွပ်ဖြစ်သဖြင့် မတော်ဘဲရှိလေ၏။ ထို့ကြောင့် လက်သန်း၌ပင် စွပ်၍ထားရလေ၏။

မြကြီးလည်း ထိုလက်စွပ်အား တောင်ကြီးမြို့တွင် ရောင်းချရ သည်ထက် မန္တလေးမြို့၌ ရောင်းချရလျှင် ကောင်းပေမည်ဟု စဉ်းစားမိလေ၏။ စိန်နှင့်မြကို မန္တလေးသူမန္တလေးသားတို့သည် အထူး တန်ဖိုးထား၍ ဝတ်ဆင်လေ့ရှိကြောင်း ကြားသိထားသဖြင့် မိုးကုတ်သို့ သွားသည့်အခါ၌ မန္တလေးမြို့သို့ဝင်ရောက်ကာ ထို လက်စွပ်ကို ရောင်းချရန် ဈေးခေါ်နေလေ၏။

"ကျုပ်ကတော့ ဒီလက်စွပ်ကို အောက်ထစ်နှစ်ထောင့်ငါးရာ နေမှပဲ ရောင်းနိုင်မယ်။ စိန်ရှစ်လုံးကိုထားလိုက်ဦး အလယ်က မြကိုပဲပြောမယ်။ ဒီမြဟာ ရိုးရိုးမြမဟုတ်ဘူး၊ 'ဝင်သဝတ်'လို့ခေါ်တဲ့ မြမျိုးနွယ်ဖြစ်တယ်။ မဏိသြယကျမ်းမှာပါတဲ့ မြမျိုးဆိုရင် ဝင်သဝတ်မြဟာ ကြက်တူးရွေး၏ အရောင်ကဲ့သို့စိမ်း၏။ ရောင်းမြူး ၏လို့ ဆိုထားတယ်။ အဲဒီ ဝင်သဝတ် မြဟာ ဝတ်ဆင်တဲ့လူကို ကျက် သရေရှိစေတယ်၊ စိတ်နှလုံးကို အေးမြ စေတယ်လို့ ဆိုထားတယ်"ဟု မြကြီးက စကားကြီး စကားကျယ်ဖြင့် အစချီလိုက်ရာ မြကြီးရောက်ရှိနေသော ရတနာဆိုင်မှ ရတနာကုန်သည် ကြီး ဦးဘိုက သူ၏တပည့်ကလေးအား လက်ဖက်ရည်နှင့်မုန့်များ မှာစေ၍ မြကြီး အား ဧည့်ခံလေ၏။ ထို့နောက် ဦးဘိုက စာရွက်ပေါ်တွင် ခဲတန်ဖြင့် စာတစ်ကြောင်းနှစ်ကြောင်းကောက်ခြစ်၍ သူ၏တပည့် ကလေးကို ပေးလိုက်ပြီးလျှင် မြကြီးအား...

"ဝယ်မယ့်လူခေါ်ခိုင်းလိုက်ပါပြီ၊ ရတနာဆိုတာကလဲ ထိုက်မှ ကောင်းတာဗျ၊ ပြီးတော့ရတနာကို မိတ်ဆွေလို ကျမ်းနဲ့ပေနဲ့သိတဲ့ လူမှ တန်ဖိုးထားတတ်ကြတာ..."ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြကြီးလည်း လွန်စွာသဘောကျသဖြင့် တဟဲဟဲ... ရယ်မေ လေ၏။ ထို့နောက် အောက်ပါအတိုင်း ဟိတ်လုံးထုတ်လေတော့၏

"ကျုပ်တို့ကတော့ ရတနာအလုပ်ဆိုတာ မိရိုးဖလာအလုပ်ဖြ လေတော့ ကျမ်းကျေနေပါပြီ၊ ကျုပ်အဖေဆိုရင် မိုးကုတ်မြို့ရှ နာမည်ရှိခဲ့တဲ့ ရတနာကုန်သည်ကြီးပါပဲ၊ ကျုပ်အဘိုးဆိုရင် ဝိတိုရိယ ဘုရင်မကြီးရဲ့ သရဖူမှာတပ်ဖို့ စိန်နဲ့ပတ္တမြားကို ရောင်းချခဲ့ ရတနာကုန်သည်ကြီးပါပဲ အခုတစ်လောသတင်းကြီးနေတဲ့ ဝေ မင်းသားရဲ့သခင် ဆဌမမြောက်ဂျော့ဘုရင်ကြီးရဲ့ သရဖူထိ တည့်တည့်မှာ တပ်ဆင်ထားတဲ့ စိန်ကြီးဟာလဲ ကျုပ်အဘို ရောင်းလိုက်တဲ့ စိန်ကြီးပါပဲ"

ထိုအချိန်၌ အသက်အစိတ်အရွယ် မိန်းကလေးတစ်ယောက်နှ ပုလိပ်နှစ်ယောက်တို့သည် လက်ထိပ်ကိုကိုင်လျက် မြကြီးရှိသေ ဆိုင်တွင်းသို့ဝင်လာလျှင် ရတနာကုန်သည် ဦးဘိုက မြကြီး၏ မြလ စွပ်ကို ထိုမိန်းကလေးအား ပြလိုက်ရာ ထိုမိန်းကလေးက...

"ဟုတ်ပါတယ်ရှင်... အစစ်ပါပဲ၊ ရွှေရွှေ လက်စွပ်ပါ"ဟု ဆိုက လက်စွပ်ကို လက်သူကြွယ်၌ ဝတ်ပြလိုက်လေတော့၏။ ထိုအခါ ဦးဘိုက...

"ကဲ...မိတ်ဆွေကြီးပုလိပ်တွေနဲ့လိုက်သွားပေတော့"ဟု ပြေ လိုက်လျှင် ရွှေရွှေဆိုသော မိန်းကလေးက မြကြီးအား တစ်ချက်ကြ လိုက် ပြီးနောက်...

"ကျွန်မလက်စွပ်"ဟု ပြောကာ စကားကိုရပ်လိုက်လေ၏ အမှန်စင်စစ်အားဖြင့် "ကျွန်မလက်စွပ်ခိုးတာသူလား"ဟု မေးရ ဖြစ်သော်လည်း သပ်ယပ်စွာဝတ်ထားထားပြီး ဥပတိရုပ် သန့် လှသော မြကြီး အားမြင်လျှင် အားနာသွားသဖြင့်...

"ကျွန်မလက်စွပ်..."၌ပင် ရပ်လိုက်သော်လည်း ဦးဘိုက...





"ဆင်ကြီးတွေ့နေမှ ဘာဖြစ်လို့ခြေရာကို ရှာမှာလဲတူမကြီးရယ်၊ တူမကြီးလက်စွပ်ခိုးတာသူပေါ့"ဟု ရတနာကုန်သည်ချင်း ထောက် ထားရမည့် စိတ်ဓာတ်မျိုးခေါင်းပါးလျက် မြကြီးအား ရင့်သီးစွာ ပြောလိုက်လေ၏။

ပုလိပ်တို့လည်း "ဟော့ကောင် လက်ပေးစမ်း..."ဟုဆိုကာ မြကြီး ၏လက်ကို ဆောင့်ဆွဲ၍ လက်ထိပ်ခပ်လိုက်လေ၏။

မြကြီးသည် လူရှေ့သူရှေ့၌ သူခိုးဟု စွပ်စွဲခံရရုံမျှမက လက်ထိပ် ဝင် အခတ်ခံလိုက်ရသဖြင့် လွန်စွာမှရှက်၍ လွန်စွာမှလည်း အား ငယ်သွားသော်လည်း မည်သည့်အခါမျှ စိတ်မညစ်ရဟူသော ဂုဏ်၏ ဆောင်ပုဒ်အတိုင်း ပြုံးလိုက်ပြီးလျှင်...

"မြကြီးတို့ရဲ့ ကံကြမ္မာရထားဘီးကတော့ လည်ပြန်ပြီဟေ့..."ဟု ပြောဆိုလိုက်လေတော့၏။ ထိုအချိန်၌ ရထားလုံးတစ်စီးသည် မြကြီး တို့အနီးသို့ ရောက်လာပြီးလျှင် ရထားလုံးပေါ်မှ အသက်နှစ်ဆယ် ခန့် အရွယ်ရှိမိန်းကလေးတစ်ဦး ဆင်းလာကာ ရွှေရွှေအား...

"မမလက်စွပ်ပြန်ရပြီလား" ဟုပြောလျှင် မိန်းကလေးက ပုလိပ် နှစ်ယောက်အကြားတွင် လက်ထိပ်ခတ်၍ထားခြင်းခံရသော မြကြီးအား ကြည့်လျက်...

"သူလား...သူခိုး"ဟုဆိုကာ "နင်ဒုက္ခပေးလိုက်တာ ရှမ်းပြည်နယ် ကနေ ငါတို့မန္တလေးကို လိုက်လာရတယ်..."ဟုပြောဆို၍ မြကြီး၏ ပါးကို ရိုက်လေတော့၏။

ထိုအခါ၌ ရွှေရွှေက "ဟဲ့ဟဲ့ ညီမလေး မလုပ်နဲ့လေ... ဥပဒေ အတိုင်း ဖြစ်ရမှာပေါ့ကွယ်..."ဟု တားဆီးလေ၏။ ပုလိပ်တို့လည်း မြကြီးအား (၃)မှတ်ဂါတ်သို့ခေါ်၍ သွားကြပြီးလျှင် အချုပ်ခန်းအတွင်းသို့ သွင်း လိုက်လေတော့၏။

အချုပ်ခန်းအတွင်းသို့မသွင်းမီ၌ပင် ဂါတ်စာရေးနှင့် ပုလိပ်

www.burmeseclassic.com



အိပ်စီသည် တရားလိုညီအစ်မရှေ့၌ပင် မြကြီး၏မျက်နှာအာ
လက်သီးဖြင့် တဖြောင်းဖြောင်းထိုးလိုက်ရာ မြကြီး၏ ပါးစပ်နှ
နှာခေါင်းဆီမှ သွေးများယိုစီး၍ ကျလာလေ၏။

ရွှေရွှေဟူသော မိန်းကလေးမှာမူ မကြည့်ရဲသဖြင့် တစ်ဘက်သ
မျက်နှာလှည့်၍နေ၏။ ရွှေရွှေ၏ညီမကမူ...

"လုပ်စမ်းပါရှင်... နာနာလုပ်စမ်းပါ..."ဟုအံကြိတ်သံဖြင့် ပြေ
လေ၏။

ထို့နောက်ဂါတ်စာရေးက မြကြီးအား "နာမည်"ဟု မေးရ
မြကြီး က "မြကြီး"ဟုဖြေလေ၏။

"နာမည် လိမ်မပြောနဲ့နော် မှန်မှန်ပြော..." ဟု ဂါတ်စာရေးက
မြကြီးအား ကြိမ်းမောင်းလိုက်လေ၏။

"အလုပ်အကိုင်..."ဟု ဂါတ်စာရေးက မေးပြန်လေ၏။

"အလုပ်အကိုင် သူခိုးပေါ့ဗျာ... ခိုးမှုနဲ့ဖမ်းထားပြီးမှ ကျုပ်
အလုပ်အကိုင်ပြောတော့ရော ခင်ဗျားတို့က ယုံမှာလား..."ဟု မြကြီ
က ပြောလိုက်ရာ အိပ်စီက မြကြီး၏ပါးကို လက်ဝါးဖြင့် လွှဲ၍ရိုက်
ပြီးလျှင် အချုပ်အတွင်းသို့ ထည့်လိုက်လေ၏။

ထိုအချိန်၌ လက်စွပ်ရှင်မိန်းကလေးများ၏ ဖခင်သည် ဂါတ်သ
ရောက်ရှိလာရာ ဂါတ်စာရေးနှင့် အိပ်စီတို့က ထိုသူအား ဆ.ပဲ
၍...

"မိပါပြီဆရာ... နည်းနည်းဆုံးမပြီး အချုပ်ထဲ ထည့်ထားလို
ပါပြီ..."ဟု ပြောလေ၏။

"ဘယ်မလဲကွ... အိပ်ချ်အက်စ်(ရာဇဝင်လူဆိုသူခိုး)လား..."
ထိုသူက မေးလေ၏။...

"ကျွန်တော်တို့အပိုင်မှာတော့ မရှိဘူးဆရာ၊ ရှမ်းပြည်နယ်မှာ
တော့ ရှိမလားမဆိုနိုင်ဘူး..."ဟု ဂါတ်စာရေးက ပြန်၍ပြောလေ၏





"နာမည်က ဘယ်သူတဲ့လဲကွ..."ဟု ထိုသူက မေးပြန်၏။

"နာမည်ကတော့ အတည်ယူလို့ ဘယ်ဖြစ်မလဲဆရာရယ်၊ အခု
တော့ ဒီကောင်က သူ့နာမည် မြကြီးလို့ပြောတာပဲ"ဟု ဂါတ်စာရေး
က ပြောလိုက်လျှင် ထိုသူက...

"မြကြီးတဲ့လား... ဘယ်မလဲ... ဘယ်မလဲ၊ ငါကြည့်ပါရစေဦး..."
ဟု ဆိုသဖြင့် အိပ်ချ်စီက အချုပ်ခန်းအတွင်းမှ မြကြီးကို ထုတ်လာခဲ့
ရာ ထိုသူက...

"ဟေ့ကောင်မြကြီး..."ဟု ခေါ်လိုက်လေ၏။

"ဟဲလို... ငယ်ကျွန်ကြီးမောင်နက်ကျော်ပါလား၊ လုပ်စမ်းပါအုံး၊
ဒီမှာကျုပ်ကို လက်စွပ်သူခိုးဆိုပြီး ဟိုမိန်းကလေးက ပါးရိုက်တယ်၊
ဟောဒီပုလိပ်တွေကလဲ ကျုပ်ကို ပြုစုလိုက်တာ တဝကြီးပဲ... ဟဲ
ဟဲ"ဟု မြကြီးက ရွှတ်နောက်နောက်ပြောလိုက်ရာ ဦးနက်ကျော်က. . .

"ဟေ့ကောင်မြကြီး၊ ဘယ်လိုဖြစ်တာလဲကွ၊ ပြောစမ်းပါအုံး၊
နောက်ရွှတ်ရွှတ် လုပ်မနေစမ်းပါနဲ့."ဟု ဦးနက်ကျော်က
ပြောလေ၏။ ထိုအချိန်၌ ဦးနက်ကျော်တို့၏ ငါးမှတ်ဂါတ်မှ ဂါတ်
စာရေးပါ ရောက်လာပြီးလျှင် မြကြီးကိုမြင်လျှင်အံ့အားသင့်လျက်...

"ဟာ...မြကြီးပါလား..."ဟု ဆိုလေ၏။

"ဘယ်လိုလဲဂါတ်စာရေးကြီး...၊ ခင်ဗျားလဲ ဝလို့လှလို့ပါလား၊
ဟုတ်မှလွဲရော ရွှေနီငှက်ပျောပင်နဲ့ ညားနေပြီထင်တယ်..."ဟု
ပြော လိုက်ရာ ဂါတ်စာရေးက...

"ဟေ့ကောင်... နောက်မနေစမ်းပါနဲ့ကွာ...၊ ဘယ်လိုဖြစ်တာလဲ
ပြောစမ်းပါဦး..."ဟုဆိုလေ၏။ ထိုအခါ၌ မြကြီးက...

"ဒီလိုပါ ဦးနက်ကျော်၊ ကျွန်တော်က ပြည်ကြီးမဏ္ဍိုင်ဇာတ်ကား
ကြည့်ဖို့ တောင်ကြီးကိုသွားပြီး ရတနာကုန်သည်တွေဆီကို လှည့်လာ
တာဗျ..."ဟု အစချီလိုက်ရာ ဦးနက်ကျော်က...



www.burmeseclassic.com

www.burmeseclassic.com



"ခွေးကောင်... တော်တော့...၊ အဖြစ်မှန်ကိုပြောစမ်းပါကွာ၊ မင်းခိုးဘူးဆိုတာ ငါသိပါတယ်၊ သူခိုးကို အချိန်မီဖမ်းရအောင် ပြော စမ်းပါ၊ ဒီလက်စွပ်ကို ဘယ်ကရခဲ့တာလဲ..."ဟု ဦးနက်ကျော်က မေးလေ၏။

"ကျွန်တော့်ကို လူတစ်ယောက်လာပြီးရောင်းတာဗျ၊ သူ့မိန်းမ အမွေရတဲ့လက်စွပ်ဆိုပြီးလာရောင်းတာ"ဟု မြကြီးက ပြောလိုက်ရာ ရွှေရွှေမှာရှက်လွန်း၍ မျက်နှာတစ်ခုလုံး နီမြန်းသွားလေတော့၏။

"အဲဒီကောင်ရဲ့... ပုံသဏ္ဌာန်ပြောပါအုံးကွ..."ဟု ဦးနက်ကျော်က မေးရာ မြကြီးက...

"ခင်မောင်ရင်နဲ့ ခပ်ဆင်ဆင်ပဲ..."ဟုဆိုသဖြင့်...

"ဟေ့ကောင်... ဖောက်မလာနဲ့၊ ကောင်းကောင်းပြောစမ်းပါကွာ" ဟု ဂါတ်စာရေးက ဝင်၍ပြောရလေ၏။

"ကျုပ်မှတ်မိတာကတော့ လက်ဖျံမှာ ငှက်ရုပ်ထိုးထားတယ်ဗျာ- မျက်နှာမှာ အမာရွတ်တစ်ခုရှိတယ်၊ မျက်ပေါက်ကျဉ်းကျဉ်း၊ အသားအရောင်ကတော့ ရွှေသွားနှစ်ချောင်းပဲ့နေတယ်၊ ကွမ်းစားတယ်..."ဟု မြကြီးက ပြောလိုက်ရာ ရွှေရွှေက...

"အင်း... သိပြီ... သိပြီ...၊ ဒရဝမ် ဦးဆင်ရဲ့တူပေါ့ဒယ်ဒီ..."ဟု ပြောလိုက်လေ၏။

"ခင်ခင်လဲသိပြီ၊ ဟုတ်ပြီ၊ ဟုတ်ပြီ၊ မမလက်စွပ်ပျောက်တဲ့နေ့ သူဦးလေးဆီကို လာသေးတယ်"ဟု ညီမလုပ်သူက ဝင်၍ပြောလျှင် မြကြီးက

"အဲဒီကောင်ကို ပါးရိုက်ဖို့လိုက်ပေဦး"ဟု ပြောလိုက်ရာ ဦးနက် ကျော်က...

"စိတ်မဆိုးပါနဲ့မြကြီးရာ... ငါ့သမီးတွေပါကွ...၊ သူတို့ တောင်ကြီးမှာနေကြတယ်၊ မအေလဲမရှိတော့ဘူးဆိုတော့ ငါတော့ ...ူတို့ကစိတ်မချလို့ ပင်စင်ယူဖို့ စာတင်ထားပြီကွ..."ဟု မြကြီးအား ...တောင်းပန်ပြီးလျှင် ရွှေရွှေဘက်သို့လှည့်ကာ...

"သမီးကြီးကလဲကွာ တစ်ခြားပစ္စည်းပျောက်တယ်ဆို ဟုတ်သေး ...လက်စွပ်ဆိုတာ အမြဲဝတ်ထားတဲ့ပစ္စည်းပဲကွယ်၊ ပျောက်ရတယ် ...ို့"ဟု ပြောလိုက်ရာ ရွှေရွှေက...

"သမီးလက်စွပ်သနပ်ခါးတွေဝင်နေလို့ ဘရပ်ရှ်နဲ့တိုက်ဖို့ ချွတ် ...ားတာပါဒယ်ဒီ၊ အိမ်မှာလဲ တစ်ခြားလူမရှိဘူးဆိုတော့ စိုးရိမ်စရာ ...ရှိဘူးဆိုပြီး သမီးချွတ်ထားမိတာပါ..."ဟု ဆင်ခြေပေးလေ၏။

"ကဲ... သမီးလက်စွပ်လဲ ပြန်ရပြီဆိုတော့ အမှုလဲ ဖွင့်မနေနဲ့တော့၊ ...ာင်မြကြီးကိုလဲ လွှတ်လိုက်ပါ..."ဟု ဦးနက်ကျော်က ပြောလိုက်ရာ ...ကြီးက...

"ဟာ... ဘယ်ဖြစ်ပါ့မလဲ ရာဇဝတ်အုပ်မင်းရဲ့၊ ခင်ဗျားသမီး ...က်စွပ်ပြန်ရတာတော့ဟုတ်တာပေါ့၊ ကျုပ်က သူခိုးဆိုပြီး ဈေးလယ် ...ခေါင်မှာ အဖမ်းခံရ ပါးရိုက်ခံရ၊ ဒီကျတော့လဲ ဆရာတွေက ...င်းသားချစ်ဆွေကြီးရဲ့ လက်သီးမျိုးနဲ့မြုံစုကြ၊ ဒါတွေထားဦး၊ ...ျုပ်က ငွေတစ်ထောင်ကြားထဲက ဆုံးတာက အရေးကြီးတယ် ဗျ..." ...ပြောလိုက်ရာ ဦးနက်ကျော်က...

"အဲဒီသူခိုးကိုမိရင်လဲ မင်းရဲ့ငွေတစ်ထောင် ပြန်ရမှာမဟုတ်တော့ ...ူးမြကြီးရာ၊ မင်းလဲရုံးချိန်းလာရမယ်၊ ငါ့သမီးတွေလဲ ရုံးချိန်းလာ ...ရမယ်၊ အလုပ်မရှုပ်ချင်စမ်းပါနဲ့ကွာ၊ ဒီမှာတင်ပြီးလိုက်စမ်းပါ..." ...ဆိုသဖြင့် ဦးနက်ကျော်၏ဂါတ်မှ ဂါတ်စာရေးဝင်းဖေက...

"ဘာလဲ ပြည်ကြီးမဏ္ဍိုင်ဇာတ်ဆန်းကြီးကို ဆက်ချင်သေးလို့လား ...ကြီး..."ဟု ပြောလိုက်သဖြင့် မြကြီးကလည်း တဟားဟား ရယ်မော ...လေ၏။ ဂါတ်စာရေးလည်း ရယ်မောလေတော့၏။

ထို့နောက် ဦးနက်ကျော်က မြကြီးကိုပါ မိမိနေထိုင်ရာ ငါးမှတ်





မဟာမိုးတာလင်းစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



ဝါတ်ဆီသို့ အလည်အပတ်လိုက်ရန် ခေါ်သဖြင့်မြကြီးက

"ဟိုတစ်ခါလိုတော့ ကျုပ်ကို မနှိပ်စက်ပါဘူးနော်..."ဟုမေးရာ ဦးနတ်ကျော်က...

"ဘယ်လိုသန္တေနဲ့ မွေးလာတဲ့ကောင်မှန်းမသိပါဘူးကွာ... ဒု[illegible] ဖြစ်နေလဲ ပျော်ပျော်ပဲ..."ဟု ပြောလိုက်လေ၏။

ထိုအချိန်မှစ၍ မြကြီးသည် ဦးနတ်ကျော်နှင့်သာမက သမီးမျာ[illegible] ဖြစ်ကြသော ရွှေရွှေ ခင်ခင်တို့ ညီအစ်မနှစ်ယောက်နှင့်ပါ ခင်မ[illegible] ရင်းနှီးသွားလေတော့၏။

◻ ◻ ◻





# အကန်းကြီး မြကြီး

မြကြီးသည် ရာဇဝတ်အုပ်ဦးနတ်ကျော်၏ သမီးများနှင့် ခင်မင်သွားသည့်အလျောက် ၎င်းတို့နေထိုင်ရာ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိအိမ်သို့လည်း မကြာခဏ သွားရောက်လည်ပတ်ခဲ့လေ၏။

ခရီးထွက်ရာမှပြန်လာလျှင်လည်း ရွှေရွှေနှင့် ခင်ခင်အတွက် လက်ဆောင်ပစ္စည်းများ ဝယ်ယူလာတတ်လေ၏။ ရွှေရွှေနှင့် ခင်ခင်ကလည်း မြကြီးအား မကြာခဏ ထမင်းစားဖိတ်၍ ကျွေးမွေးလေ့ရှိလေ၏။

ဤသို့လျှင် မြကြီးနှင့်ညီအစ်မနှစ်ယောက်တို့ ရင်းနှီးလာသည့်အချိန်၌ပင် ရာဇဝတ်အုပ်ဦးနတ်ကျော်လည်း ပင်စင်ယူလိုက်ကာ သမီးများနှင့်အတူ လာရောက်နေထိုင်လေ၏။

ဦးနတ်ကျော်သည် နဂိုကပင် မြကြီးအား ခင်မင်ခဲ့သူဖြစ်သည့်အတိုင်း မြကြီးမလာသည်မှာ အတန်ကြာနေပြီဖြစ်ပါက...

"သမီးလေးရေ... ခင်ခင်ရေ... ဈေးနားက လက်ဖက်ရည်ဆိုင်တွေမှာ ငါတို့ရဲ့စိန်ကုန်သည် ကျောက်ပွဲစားမြကြီးကို ရှာပြီးခေါ်ခဲ့ပါဦး၊ ဒယ်ဒီခေါ်နေတယ်လို့..."ဟု မြကြီးအားခေါ်ခိုင်းတတ်လေ၏။ ထိုအခါ၌ ခင်ခင်သည် မြကြီးရှိတတ်သော လက်ဖက်ရည်ဆိုင်များသို့ သွားရောက်ကာ မြကြီးကိုတွေ့လျှင်...

"ရတနာကုန်သည် ဦးမြကြီးရှင့်၊ ဒယ်ဒီက ခေါ်ခိုင်းလိုက်ပါတယ်"ဟု ပြောဆိုခေါ်ငင်တတ်လေ၏။ မြကြီးလည်း ခင်ခင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူ ဦးနက် ကျော်ထံသို့ လိုက်ပါလာလျှင် ဦးနက်ကျော်က...

"ဟော့ကောင်... မင်းကိုအလကားခေါ်ခိုင်းတာမဟုတ်ဘူး... ကျောက်ရောင်းချင်လို့၊ မင်းဝယ်မလား..."ဟု မေးလေ၏။

မြကြီးက "ဝယ်တာပေါ့ ဦးနက်ကျော် ဘယ်မလဲပြလေ၊ ဘာကျောက်လဲ..."ဟုမေးရာ ဦးနက်ကျော်က အိမ်ရှေ့တွင်ပုံ၍ထားသော ကျောက်စရစ်ခဲပုံကို ညွှန်ပြ၍...

"အဲဒီကျောက်တွေပဲ..."ဟု ပြောလေ၏။

ထိုအခါ၌ မြကြီးအား ခင်ခင်က လက်ခုပ်လက်ဝါးတီး၍ လှောင်ပြောင်ရယ်မောတတ်လေ၏။

ရွှေရွှေကမူ "ဒယ်ဒီတို့ သားအဖကတော့ ကိုမြကြီးကိုဆိုရင် အမြဲ တန်း အကြောင်ရိုက်တော့တာပဲ..."ဟု ပြောရာ...

မြကြီးက "အကြောင်ရိုက်တာမဟုတ်ဖူး၊ သူတို့သားအဖက ဖြောင်ရိုက်တာ၊ အဖေလုပ်တဲ့လူက ကျုပ်ကို ကုလားခင်မောင်တင့် သတ်မှုနဲ့ဖမ်းပြီး သူ့တပည့်တွေကိုရိုက်ခိုင်းတယ်၊ သမီးလေးခင်ခင်ကလဲ မန္တလေးမြို့လယ်ခေါင်မှာ ကျုပ်ပါးကိုတဖြောင်းဖြောင်းနဲ့ ဖြောင်ရိုက်တယ်..."ဟု စကားနာထိုးတတ်လေ၏။

ထိုအခါ ဦးနက်ကျော်က...

"မင်းက ငါ့ကို တရုတ်လောလျှံရှေ့မှာ ငယ်ကျွန်ကြီးဆိုပြီး ဖိနပ်ချွတ်ခိုင်းတာကရောကွာ..."ဟု ပြောလိုက်ရာ မြကြီးက...

"ကန်တော့... ကန်တော့... ကျေပြီ ကျေပြီ..."ဟု တောင်းပန်တတ်လေ၏။ ထိုနောက်မြကြီးသည် ဦးနက်ကျော်တို့အိမ်၌ တစ်နေ့ကုန်နေ၍ ဦးနက်ကျော်နှင့် စစ်တုရင်ကစားလေ့ရှိ၏။

မနက်စာ ညစာ စားပြီးမှ ဦးနက်ကျော်က မြကြီးအား ပြန်ခွင့်ပေးလေ၏။

တစ်ခါ၌ မြကြီးနှင့် ဦးနက်ကျော်သည် နံနက်စာစားပြီးသည့်





အချိန်မှစ၍ စစ်တုရင်ကစားနေကြရာ ညနေသုံးနာရီထိုးသည်အထိ ခဲ့လေ၏။ လက်ရည်တူများဖြစ်ကြသဖြင့် အကြိတ်အနယ် ကစားနေကြရလေ၏။

ရွှေရွှေကမူ စစ်တုရင်သမားများအား ကော်ဖီ၊ လက်ဖက်သုတ်၊ ရေနွေးကြမ်းစသည်တို့ကို မပြတ်ရအောင်လာရောက်ချပေးလေ၏။

ခင်ခင်ကမူ နှုတ်ခမ်းကလေးစူ၍ ဦးနက်ကျော်၏အနီးသို့ လာကာ...

"ကိုမြကြီး လာတဲ့နေ့ဆိုရင် ဒယ်ဒီဟာ ဒီလိုချည့်ပဲ... သမီးကို သီချင်းတက်ပေးဖို့ မေ့နေတော့တာပဲ၊ နောက်တစ်ခါ ကိုမြကြီးကို ခေါ်ခိုင်းရင် သမီးခေါ်မပေးတော့ဘူး..."ဟုပြောရာ မြကြီးက ခင်ခင်ကိုကြည့်၍ နားမလည်နိုင်အောင်ရှိလေ၏။ ရွှေရွှေကမူ ခင်ခင်၏ စကားကြောင့် လွန်စွာအားနာ၍သွားသဖြင့်...

"ဒီလို ကိုမြကြီးရေ၊ ဒယ်ဒီက ခင်ခင်ကိုနေ့တိုင်း သီချင်းကြီး သင်ပေးနေတယ်... အဲဒါ ဒီနေ့မသင်ရလို့..."ဟု ဝင်ရောက် ရှင်းပြသ၏။

"ဩော်... ဒီလိုလား ရာဇဝတ်အုပ်မင်းက ဒီဘက်ကလဲရသကိုး၊ ဘီးတတ်မှတ်တတ်ဆိုတော့ ရာဇဝတ်အုပ်အလုပ်နဲ့ သိပ်ပြီးအံဝင်တာပေါ့ဗျာ..."ဟု မြကြီးကပြောရာ ဦးနက်ကျော်က...

"ဒီကောင်ကတော့ ဒို့သားအဖကို တစ်သက်လုံးစကားနာထိုးလို့ ပြီးမယ့်ကောင်မဟုတ်ဖူး"ဟုဆိုကာ နံရံတွင်ချိတ်ထားသောတယော ကိုယူ၍ ကြိုးများညှိကာ...

"ကဲ... သမီးလေး စည်းနဲ့ဝါးရယ် သီချင်းစာအုပ်ရယ် ယူခဲ့ပေ တော့..."ဟုဆိုကာ လက်သံစမ်း တစ်ပိုဒ်လောက်ထိုးပြီးလျှင် ခင်ခင် အား သင်ပေးလက်စဖြစ်သော ကြိုးသီချင်းတစ်ပုဒ်ကို တယော ထိုးရင်း ဆိုပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးနက်ကျော်မှာ အသားရောင်နက်မှောင်၍ ရုပ်ရည်မှာ ကြမ်းကြမ်းတမ်းတမ်း ရှိသော်လည်း အသံမှာမူ လွန်စွာကောင်းသည့်အပြင် အဆိုလည်းလွန်စွာပိုင်လေ၏။ မြကြီးသည် ဦးနက်ကျော် သီချင်းဆိုသည်ကို နားထောင်ပြီးနောက်...

"ရာဇဝတ်အုပ်မင်းကတော့ ဥဩငှက်လိုပါပဲ..."ဟု ချီးမွမ်းလိုက်ရာ ခင်ခင်က...

"ဒယ်ဒီ... ဒယ်ဒီကို ကိုမြကြီးက အသံတော့ကောင်းပါရဲ့ အသားက မဲလိုက်တာလို့ ကဲ့ရဲ့တာပဲ... ဟင်း... သူ့အသားကတော့ ဖြူလွန်းလို့..."ဟု နှုတ်ခမ်းစူ၍ ပြောလေ၏။

"ငါက အင်္ဂလန်၊ အမေရိကန်သူတွေကြိုက်တဲ့ အရပ်မြင့်မြင့် အသားညိုညိုလူချောချောဆိုတာ ငါတို့လိုလူမျိုးပေါ့..."ဟု ပြောလိုက်ရာ ဦးနက်ကျော်က ရယ်လေ၏။ ခင်ခင်ကမူ မျက်စောင်းကလေးထိုး လိုက်လေ၏။

"ဟော့... မောင်မြကြီး မင်းကော ဆိုတီးကလေးဘာလေး မရဘူး လားကွ..."ဟု ဦးနက်ကျော်က မြကြီးအားမေးရာ မြကြီးက...

"သူများမွေးလို့မှမမွေးနိုင်ယင် အမြဲဖြစ်တော့မှာပေါ့ဗျာ... ဒေ တယော... ကျုပ်လဲတတ်သလောက် မှတ်သလောက်ထိုးပြမယ်..."ဟု ဆိုသဖြင့် ဦးနက်ကျော်က တယောကိုပေးလိုက်ပြီးလျှင်...

"အညာလှည်းကြီး လှည်းဘီးဆီမထိုးပဲဆွဲတဲ့အသံမျိုး ထွက်လာရင်တော့ မင်းကို နားဒုက္ခပေးမှုနဲ့ မန္တလေးငါးမှတ်ဂါတ်မှာ အမှုဖွင့်ပြီး ပုလိပ်တွေကို ရိုက်ခိုင်းရမှာပဲ..."ဟု ပြောလေ၏။

မြကြီးလည်း တယောကြိုးကိုပြင်၍ ညှိလိုက်ပြီးနောက် လက်သံ စမ်းတစ်ပိုဒ်ကို ထိုးစမ်းကြည့်လေ၏။ တယောထိုးခြင်းအလုပ်မှာ ဖင်းဂါး ရင်းခေါ် လက်ပေါက်နှိပ်ရသောအလုပ်နှင့် ဘိုးတင်းခေါ် ဘိုးတံကို ဆွဲငင်ရသော အလုပ်နှစ်လုပ်ကို အချိုးကျကျ ပေါင်းစပ်





နိုင်မှသာလျှင် နားထောင်၍ ကောင်းတတ်လေ၏။

မြကြီးမှာ ထိုအလုပ်နှစ်ခုစလုံးကို ကျွမ်းကျင်စွာနှင့် သံစဉ်များကို စမ်းသပ်နေလေ၏။ ထို့နောက် "ဝိဇ္ဇာတောလား"သီချင်းကို အချိုး ကျကျ ထိုးလေ၏။

ဦးနက်ကျော်က စည်းနှင့်ဝါးကိုကိုင်ကာ ဝင်၍ဆိုလေ၏။ ရွှေရွှေ သည်း မီးပူတိုက်နေရာမှ မြကြီးတို့အနီးသို့ ရောက်လာလေ၏။ ခင်ခင် လည်း မြကြီး၏တယောသံ၌ နစ်မြော၍နေလေ၏။

သီချင်းပြီးဆုံးသွားသည့်အခါ၌ ဦးနက်ကျော်က...

"ကောင်းတယ်ဟေ့၊ မင်းလက်သံမဆိုးဘူးကွ"ဟု ချီးကျူးလေ၏။

"ဆရာတော်ရဲ့... လက်ရင်းတပည့်တစ်ဦးပဲ... ဦးနက်ကျော်ရယ်၊ ဒါလောက်တော့ဖြစ်ပါတယ်..."ဟု မြကြီးကပြောလေ၏။

"ဒါလောက်ထိုးတတ်ရင်လဲ အပျင်းပြေထိုးဖို့ တယောလေး တစ်လက်လောက်ဝယ်ထားပါလားကွ"ဟု ဦးနက်ကျော်က ပြောလေ၏။

ထို့နောက်တွင်ကား မြကြီးသည် ဦးနက်ကျော်အိမ်၌ ထမင်းစား ခဲ့ပြီးနောက် ပြန်ခဲ့လေတော့၏။

* * *

မြကြီးလည်း ရတနာအရောင်းအဝယ်အလုပ်၌ အတော်ကလေး အောင်မြင်နေပြီဖြစ်ရာ ဒေါ်ရွှေရကြီးထံသို့ လှမောင်အဖြစ်နှင့် ငွေ များကို အခါတိုင်းထက် တိုး၍ပို့ခဲ့လေ၏။

တစ်နေ့သ၌ မြကြီးသည် ဦးနက်ကျော်၏အိမ်သို့ အလည် အပတ် သွားခဲ့ရာ ဦးနက်ကျော်၏အိမ်၌ ဦးနက်ကျော်ကိုမတွေ့ရပဲ ခင်ခင်ကိုသာ တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ခင်တို့ဒယ်ဒီရော..."ဟု မြကြီးကမေးလိုက်ရာ ခင်ခင်က...

"ဒယ်ဒီနဲ့ မမတောင် ကျောင်းကြီးကိုသွားကြတယ်..."ဟု ပြောလျှင် မြကြီးက...

"ဒီလိုဆိုလဲ ညနေမှပဲ လာတော့မယ်..."ဟုပြော၍ ပြန်မည်လုပ်လျှင် ခင်ခင်က...

"ဘာလဲ... မမ... မရှိတာနဲ့ ထိုင်တောင်မထိုင်တော့ဖူးလား..."ဟု ဆိုလေ၏။

"ဟဲ့... နင်ဘာတွေပြောနေတာလဲ..."ဟု မြကြီးကပြောလျှင် ခင်ခင်က...

"မသိဘူးမှား မှတ်နေသလား၊ တယောထိုးတုန်းက ကိုမြကြီးရဲ့ မျက်လုံးက မမဆီမှာချည်းပဲ၊ မမကလဲ မီးပူတိုက်နေရာကတောင် မနေနိုင်ဘူး၊ အနားကိုလာရသေးတယ်..."ဟု ဆိုလေ၏။

"မဟုတ်ရပါဘူး ခင်ခင်ရယ်..."ဟု မြကြီးကပြောလေ၏။

"ကိုမြကြီးက ခင်ခင့်ကိုတော့ ဈေးလယ်ခေါင်မှာအရှက်ခွဲ ထားတာဆိုတော့ သိပ်ပြီးမုန်းမှာပဲနော်"ဟု ခင်ခင်ကမေးလိုက်ရာ မြကြီးက...

"မမုန်းပါဘူး ခင်ခင်ရယ်..."ဟု ပြန်၍ပြောလေ၏။

"မမုန်းရင် ဘာဖြစ်လဲ..."

"မမုန်းရင် မမုန်းဘူးပေါ့ဟာ..."

"မုန်းခြင်းရဲ့ ဆန့်ကျင်ဘက်ဟာ ဘာလဲ၊ ချစ်တာ မဟုတ်လား... မမုန်းဘူးဆိုရင် ချစ်တယ်လို့ပြောတာလား... ရိုးတိုးယားတား မလုပ်နဲ့ နော်... ဒီက ကိုယ့်အစ်ကိုကြီးလို သဘောထားတာ၊ စိတ်က ဖောက်ပြန် မလာနဲ့၊ ခင်ခင့်မှာ ဒီလိုစိတ်မျိုးမရှိသေးဘူး၊ ဒါကြောင့် မာမီရှိတုန်းက ခဏခဏပြောတာ၊ ယောက်ျားဆိုတာ ကိုယ်နဲ့ဆွေမျိုး မတော်ရင် ကွမ်းအစ်တလုံး မ,နိုင်သေးတယ်ဆိုယင် အဖိုးကြီးတောင် စိတ်မချနဲ့တဲ့၊ ကိုမြကြီးတို့ဆို ဆန်တစ်အိတ်တောင် အသာကလေး





မ,နိုင်တာ ဆိုတော့ သာပြီးစိတ်ချလို့ မဖြစ်သေးတယ်...၊ ဒါပဲနော်... ဒီက အစ်ကို လိုခင်တာကို အခွင့်အရေးယူပြီး လူပျိုစကားပြောမယ် မကြံနဲ့ ဟီဟီ" ဟု စကားအဆုံး၌ ပြုံတိတိအသံနှင့် ခင်ခင်က ရယ်လိုက်ပြန်၏။

မြကြီးက "ခက်တော့တာပါပဲ..."ဟု ညည်းလိုက်လေတော့၏။

"ဘာခက်တာလဲ... ညီအစ်မနှစ်ယောက်စလုံးကို မျက်စိကျနေတာဆိုတော့ ငါးရံ့နှစ်ကောင်ဖမ်းသလိုဖြစ်နေလို့ ခက်တာလား..."

"ရယ်ားဘီးတော့ လည်ပြန်ပြီထင်တယ်"ဟု မြကြီးက တိုးတိုးလေး ရေရွတ်ပြီးလျှင်...

"ဒီလိုပါ..."ဟု အစချီလိုက်လေ၏။

"ဒီလိုပါဆိုတော့ မဒီဖျိုကညာကို အတည်လိုချင်တာပါလို့ ကာရံတွေ နဘေတွေနဲ့ ပြောမလို့လား... ဟင်း... လူကြီးကိုက ချိုမလိုလို ချဉ်မလိုလိုနဲ့..."

"လည်ပြီ... မြကြီးလည်ပြီ..."ဟု ညည်းညူလေ၏။

"ဟင်း... သံကောက်မြူမိတဲ့ငါးလို မထွေးနိုင်မအန်နိုင် ဖြစ်နေပြီ မဟုတ်လား၊ သိတယ်... ဒီက သိတယ်၊ ပြောစမ်း ဘာပြောချင်သလဲ၊ ညီမလေးရယ် ကိုမြကြီးက ချစ်နေပါပြီလို့ ပြောမလို့မဟုတ်လား၊ ဒါမျိုးတွေ ခင်ခင်တို့က နောဇက နောနေပြီရှင့်..."

"အေး... ဟုတ်တယ်၊ ငါလေ နင့်ကိုသိပ်ချစ်တာပဲ၊ နင့်အစ်မကြီးကိုလဲ သိပ်ချစ်တာ၊ နင့်အဖေ ကျောက်မီးသွေးတုံးကြီးကိုလဲ သိပ်ချစ်တာပဲ"ဟု မြကြီးက အရွဲ့တိုက်၍ပြောလိုက်ရာ ခင်ခင်က တခစ်ခစ် ရယ်မောပြီးလျှင် . . .

"မှန်မှန်ပြောစမ်း...၊ ခင်ခင်ရယ် မမရယ် ကျောက်မီးသွေးတုံးကြီးရယ် သုံးဦးထဲမှာ ကိုမြကြီး ဘယ်သူ့ကိုအချစ်ဆုံးလဲ..."ဟု မေးပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျောက်မီးသွေးတုံးကြီး ဦးနက်ကျော်ကို အချစ်ဆုံးပေါ့ဟ..."

"ကြည့်စမ်း ကြည့်စမ်း၊ သိပ်ပြီး ကပ်သီးကပ်သပ် ပြောတတ်တဲ့ လူကြီး"ဟုဆိုကာ မြကြီး၏ရင်ဘတ်အား လက်သီးဖြင့်ထုလေ၏။ ထိုသို့ပြောပြီးနောက်...

"ပြောလေ... ဘယ်သူ့ကိုအချစ်ဆုံးလဲလို့"ဟု မေးပြန်၏။

"ရွှေရွှေ့ကို အချစ်ဆုံး..."ဟု မြကြီးက ပြောပြန်လျှင် . . .

ခင်ခင်က "ကြည့်စမ်း ကြည့်စမ်း၊ ခင်ခင့်ကိုတော့ မုန်းတယ်ပေါ့"ဟု ဆိုကာ ထုပြန်၏။

ထိုသို့ ထုပြီးနောက်...

"ပြောစမ်းပါ ဘယ်သူ့ကိုအချစ်ဆုံးဆိုတာ..."ဟု မေးပြန်၏။

မြကြီးလည်း ဖြစ်ချင်ရာဖြစ်စေတော့၊ ဒါလောက်တောင် ပြောစေချင်မှတော့ ပြောမှပဲဟု စိတ်၌အောက်မေ့လျက်...

"ခင်ခင့်ကို အချစ်ဆုံး"ဟု ပြောလိုက်ရာ ခင်ခင်သည် မြကြီးအား "သိပါတယ်..."ဟုဆိုကာ မြကြီးရင်ခွင်တွင်းသို့ တိုး၍ဝင်လေ၏။

"ချစ်တော့ ဘာဖြစ်သလဲ..."ဟု ခင်ခင်က မေးပြန်၏။

"ချစ်တော့ ယူကြတာပေါ့..."ဟု မြကြီးက ဖြေ၏။

"ယူကြတော့ ဘာဖြစ်သလဲ..."

"ယူကြတော့ ခင်ခင့်ဗိုက်ကြီးဟာ အုန်းသီးမျိုထားသလို ဖောင်းဖောင်းကြီး ဖြစ်လာမှာပေါ့..."

"အဲဒီတော့ ဘာဖြစ်သလဲ..."

"အဲဒီတော့ ကလေးမွေးတာပေါ့..."

"ကလေးမွေးတော့ ဘာဖြစ်သလဲ..."

"ကလေးမွေးတော့ ယောကျ်ားလေး . . . ဦးနက်ကျော်နဲ့ရောပြီး ရှင်ပြုတာပေါ့..."

"ဟီ... ဟီ... သိပ်နောက်တာပဲ..."





"မိန်းကလေးဆိုရင်ကော ကိုကိုမြ"ဟု ခင်ခင်က မေးပြန်၏။ မြကြီးကိုလည်း ကိုကိုမြဟုပင်ပြောင်း၍ ခေါ်လိုက်လေ၏။

"မိန်းကလေးဆိုရင် ယောကျ်ားပေးစားရမှာပဲ၊ မပေးစားပဲထားရင် အိမ်ကိုလာတဲ့ညှော်သည်ကို အတင်းနသားဘာယားသပ်မှာစိုးရတယ်" ဟု ပြောလိုက်ရာ ခင်ခင်က...

"ကြည့်စမ်း ကြည့်စမ်း၊ ခင်ခင့်ကို မိန်းမနောက်ပိုးလို့ ပြောချင်တာပေါ့လေ၊ ဒီက သူ့ကိုအရှက်ခွဲမိလို့ သနားမိတာ၊ သနားရာကနေ တရုဏာတွေ ပိုမိတာကို ဟင်း"ဟု ခင်ခင်ကပြောလေ၏။ ထို့နောက် မြကြီး၏လည်တိုင်ကို သူ၏ပျော့ပျောင်းသော လက်ကလေးဖြင့် ဖက်သိုင်း၍ ဖက်လိုက်လေတော့၏။

ထိုနေ့မှစ၍ ခင်ခင်သည် မြကြီးရှိတတ်သောနေရာများသို့ ကြော ခဏသွား၍ မြကြီးနှင့်တွေ့ခြင်း၊ မြကြီးနှင့်အတူ လူရှင်းသော ါးပြား ရွာဘက်သို့လည်းကောင်း၊ ကရင်မ ရေထွက်ဘက်သို့ သည်းကောင်း၊ လမ်းလျှောက်ထွက်ခြင်း စသည်တို့ကို ပြုလုပ်လေ၏။

မြကြီးနှင့် ဤသို့ တစ်ပူးတွဲတွဲနေသည်ကို ဦးနက်ကျော်နှင့် ရွှေရွှေတို့က ရိပ်မိကြလေ၏။ သို့ရာတွင် တစ်စုံတစ်ရာကန့်ကွက် ပြောဆိုခြင်း မပြုခဲ့ပေ။

ဤသို့နှင့်ပင် ခင်ခင်နှင့်မြကြီးတို့သည် ချစ်သူဘဝသို့ ရောက်ရှိလာခဲ့ရာ သုံးလကျော် လေးလအတွင်းသို့ပင် ရောက်ခဲ့လေ တော့၏။

မြကြီးလည်း မန္တလေးသို့ မကြာခဏ ဆင်းရသည်ဖြစ်သဖြင့် အော်စတင်ကား တစ်ပတ်ရစ်ကလေးတစီးကို ဝယ်ယူ၍စီးလေ၏။

မြကြီး ကားမောင်းသွားသည့်အကြိမ် ဆယ်ကြိမ်၌ ကိုးကြိမ်သည် ခင်ခင်ပါမြဲဖြစ်လေ၏။ မြကြီးနှင့်ခင်ခင် ဤသို့တစ်တွဲတွဲဖြစ်နေသည့် အချိန်၌ ရွှေရွှေသည် ဖခင်ဖြစ်သူ ဦးနက်ကျော်ထံခွင့်တောင်း၍



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့ရှိ ၎င်း၏အခေါ် (ဦးနက်ကျော်၏ညီမ)ထံသို့ အလည် အပတ် သွားရောက်ခဲ့လေ၏။

ခင်ခင်ကလည်း မြကြီးအား...

"ကိုကိုမြရယ် ဒယ်ဒီကိုပြောပြီး ခင်ခင်တို့လက်ထပ်ကြပါစို့"ဟု ပူဆာသဖြင့် မြကြီးက ဦးနက်ကျော်ထံသို့လာပြီးလျှင်...

"ဆရာဦးနက်ကျော်ရေ... မပြောမပြီး မတီးမမြည်ဆိုသလို ပြောရ မှာပါပဲ..."ဟု နိဒါန်းပျိုးလိုက်ရာ ဦးနက်ကျော်က...

"ငါသိပါပြီကွာ၊ မင်းနဲ့ ခင်ခင်နဲ့ ပေးစားဖို့ကိစ္စမဟုတ်လား"ဟု ဆီး၍ပြောလေ၏။

"ဟုတ်တယ်..."ဟု မြကြီးက ဖြေလေ၏။

"လက်ထပ်တာကတော့ ငါလဲသဘောတူပါတယ်၊ မင်းအကြောင်း လဲ ငါကသိနေတာပဲ၊ ဒါပေမယ့် အစ်မကြီးတော့ အမိအရာ ဆိုသလို ပဲကွ၊ သမီးကြီးကိုတော့... သံကြိုးရိုက်ပြီး ခေါ်ဦးမှဖြစ်မယ်..."ဟု ဆိုလေ၏။

ထို့ကြောင့် ခင်ခင်သည် ရွှေရွှေအား သံကြိုးရိုက် ခေါ်လိုက် တော့၏။ ထိုသို့ သံကြိုးရိုက်ပြီးမျှားမကြာမီ၌ပင် ရွှေရွှေလည်း ပြန်၍ ရောက်လာလေ၏။ ရွှေရွှေရောက်သည့်အခါ၌ ခင်ခင်နှင့်မြကြီး သည် ရွှေဒဂုံဘုရားသို့ ကားဖြင့်သွားရောက်ကြိုခဲ့ကြလေ၏။

အိမ်သို့ရောက်သည့်အခါ၌ ခရီးရောက်မဆိုက်ပင် ဦးနက်ကျော် က ရွှေရွှေအား...

"သမီးကြီးကို ခေါ်လိုက်တာကတော့ တစ်ခြားကိစ္စမဟုတ်ပါဘူး ကွယ် မောင်မြကြီးနဲ့ သမီးညီမတို့ လက်ထပ်ကြဖို့ ကိစ္စပါပဲ"ဟု ပြောလိုက်လေ၏။ ထိုအခါ၌ ရွှေရွှေက ခင်ခင့်ဘက်သို့လှည့်ကာ...

"ညီမလေးတို့က ဘယ်တော့လဲ..."ဟု မေးလေ၏။

"မမကိုစောင့်နေတာပဲ၊ မမရောက်လာပြီဆိုတော့ လူကြီးတွေ သဘောတူပြီး နက်ဖြန်မနက်ကိုပဲ လက်ထပ်ကြတာပေါ့"ဟု ခင်ခင်က ပြန်၍ ဖြေလိုက်လေ၏။





"မမြန်ဘူးလား... ညီမလေးရယ်..."

"မမြန်ပါဘူး . . . မမကလဲ. . ."

"ဩော်... မနက်ဖြန်လာမယ့် လူကြီးတွေကို ကော်ဖီတို့ မုန့်တို့ကိစ္စ ကိုတော့ မမစီစဉ်ထားလိုက်ပေတော့၊ ပြီးတော့ ကိုကိုမြလဲ ဒီမှာ ညစာစားမယ် မမ...၊ ကိုကိုမြ... လာပါ သွားမယ်..."ဟုဆိုကာ မြကြီးကိုခေါ်၍ ထွက်သွားလေ၏။ မြကြီး လည်း အားတုန့်အားနာဖြင့် ထွက်လာခဲ့လေတော့၏။

ရွှေရွှေလည်း မြကြီးနှင့် ခင်ခင်တို့ ထွက်သွားသည်ကို ပါးစပ် အဟောင်းသားနှင့်ကြည့်၍ ကျန်ရစ်ခဲ့ပြီးနောက်. . အဝတ် အစားများ လဲကာ မီးဖိုချောင်သို့ဝင်၍ ချက်ရေးပြုတ်ရေးအတွက် စီစဉ်ပြီးလျှင် ထမင်းပွဲပြင်၍ ထားလေ၏။

ထို့နောက် ရေမိုးချိုးကာ စောင့်ဆိုင်းနေလေ၏။ ညရှစ်နာရီထိုး သည်အထိ မလာသည့်အခါ၌ ရွှေရွှေသည် မိမိဘာသာ တစ် ယောက်တည်းစားပြီးနောက် ဧည့်ခန်း၌ထိုင်ကာ လယ်တီဆရာတော် ဘုရားကြီး ရေးသားသည့် 'လယ်တီဒီပနီ' ကိုဖတ်ရင်း စောင့်၍ နေလေ၏။

ဤသို့နှင့်ပင် ကိုးနာရီထိုးခဲ့လေတော့၏။ ကိုးနာရီထိုးသည့် အချိန်တွင်မှ ခင်ခင်အား မစောင့်တော့ဘဲ အိပ်တော့မည်ဟု ကြံစည်ကာ အိပ်ခန်းတွင်းသို့ ဝင်မည်အလုပ်၌ တံခါးခေါက်သံ ကြားသဖြင့် ရွှေရွှေလည်း တံခါးကိုသွားရောက်ဖွင့်ပေးရာ ကိုယ်လုံးသွေးများ စွန်းထင်နေသည့် ခင်ခင်အား ထိတ်လန့်ဖွယ်ရာ တွေ့မြင်ရလေတော့၏။

"မမ... မမ...၊ ခင်ခင်တော့ဒုက္ခရောက်ပါပြီ၊ ဟင်း... ဟင်း...၊



www.burmeseclassic.com

www.burmeseclassic.com



မောလိုက်တာ..."

"ဘယ်လိုဖြစ်တာလဲကွယ်၊ မမကိုပြောပါဦး၊ အို... တစ်ကိုယ်လုံ
လဲ သွေးတွေနဲ့ပါလား...၊ ကိုမြကြီးရော..."

"သူ... သူတော့ သေမှာပါပဲ..."

"သေမယ်ဟုတ်လား... ဘာဖြစ်လို့လဲ... ပြောစမ်းပါဦး..."

"ကားချင်းတိုက်တာ၊ ခင်ခင်တို့ကားနဲ့ လော်ရီကားကြီး
တိုက်တာ ခင်ခင်တို့ကားက စိစိညက်ညက် ကျေသွားပြီ၊ ခင်ခင်
ကားထဲကစင်ပြီး ထွက်ကျသွားတော့ ဘာမှမဖြစ်ဘူး၊ သူကတေ
ကားချင်းအတိုက် ခံရတဲ့အပြင် ချောက်ထဲလဲ ကျသွားတာဆိုတေ
သေမှာပါပဲ..."

"ဘုရား... ဘုရား ဒုက္ခပါပဲ..."ဟု ရွှေရွှေက ရင်ဘတ်ကလေး
ဖိ၍ ဘုရားတ, လိုက်လေ၏။ ထိုအချိန်၌ ဦးနက်ကျော်သ
အိမ်ပေါ်ထပ်မှ ဆင်းလာပြီးလျှင်...

"ဘာတွေဖြစ်နေကြတာလဲ သမီးတို့..."ဟု မေးလေ၏။

"ဒယ်ဒီ သူတို့ကားချင်းတိုက်ခဲ့ကြတယ်၊ ကိုမြကြီးတော့ သေ
မျှားတယ်ဆိုပဲ"ဟု ရွှေရွှေက ပြောလိုက်ရာ ဦးနက်ကျော်လ
မျက်လုံးပြူး၍...

"ဒုက္ခပါပဲ ချမ်းသာပါစေ..."ဟု တိုးတိုးရေရွတ်လေ၏။

ထိုအချိန်၌ ခင်ခင်အား အိမ်သို့လိုက်ပို့သော ဆေးရုံမှလူနှစ်ယော
လည်း လာရောက်၍ နှုတ်ဆက်လေ၏။ ရွှေရွှေက ထိုသူတို့အား
"ကျွန်မတို့ရဲ့ လူနာအခြေအနေကို မကြာခဏ အကြောင်းကြ
ပေးပါရှင်..."ဟု ပြောဆိုလေ၏။

ထိုသူတို့လည်း အကြောင်းကြားမည်ဖြစ်ကြောင်း ပြောဆို၍
သွားကြလေတော့၏။

ထိုအခါ ရွှေရွှေက ခင်ခင့်အား သွေးဆေးအနည်းငယ် တိုက်





လျှင် သွေးစွန်းနေသော အဝတ်အစားများကို လဲလှယ်စေ၍ အိပ်စေလေ၏။

ခင်ခင်လည်း အဝတ်အစားလဲပြီးနောက် အိပ်စက်လေတော့၏။

ရွှေရွှေနှင့် ဦးနက်ကျော်မှာ ဆေးရုံသို့လိုက်ရန် ပြင်ဆင်ကြလေ၏။ ထို့နောက် ဦးနက်ကျော်က...

"သမီးကြီးက လိုက်လို့မဖြစ်ဘူး၊ ညီမလေးကို စောင့်နေပါကွယ်၊ ဒယ်ဒီလိုက်သွားမယ်..."ဟုဆိုကာ ဦးနက်ကျော်တစ်ဦးတည်း လိုက်၍ သွားလေ၏။

ရွှေရွှေမှာမူ ဦးနက်ကျော်ကို စောင့်ရင်း စိပ်ပုတီးကလေးကိုကိုင်၍ မြကြီးအား မေတ္တာပို့သလျက်ရှိလေ၏။

နာရီပြန်နှစ်ချက် ထိုးသောအခါ၌ ဦးနက်ကျော်ပြန်၍ လာသဖြင့် ရွှေရွှေက တံခါးဖွင့်ပေးရင်း...

"ဒယ်ဒီဘယ့်နှယ့်လဲဟင်...၊ အသက်ရှင်ဖို့လမ်းရှိသေးရဲ့လား"ဟု အလောတကြီးမေးရာ ဦးနက်ကျော်က...

"မသေဘူးကွ၊ မသေဘူး...၊ သတိရနေပြီ တစ်ကိုယ်လုံးတော့ ပတ်တီးတွေနဲ့၊ နှာခေါင်းနဲ့ ပါးစပ်ပေါက်ကလေးပဲကျန်တယ်၊ ဒေါက်ဘာနဲ့လဲတွေ့ခဲ့တယ်၊ မသေတော့ မသေဘူးကွယ် ဒါပေမယ့် မျက်နှာကတော့ မြင်လို့မကောင်းအောင်ကို ဒဏ်ရာတွေနဲ့၊ ပြီးတော့ . . . မျက်လုံးလဲ ထိခိုက်သွားတယ်ဆိုပဲ..."

"ဘုရား... ဘုရား... ကိုမြကြီးရယ်၊ ကံဆိုးလှချည်လားရှင်" ဟုဆိုကာ ရွှေရွှေက ငိုလေ၏။

"ဒယ်ဒီ သူ့အခန်းကို ရောက်ခဲ့တယ်၊ သူက သတိရတစ်ချက်၊ မရ တစ်ချက်နဲ့၊ သတိရတာနဲ့ ခင်ခင်ဘယ်နှယ့်နေသလဲ၊ ခင်ခင်မသေဘူး ဟုတ်လားဆိုပြီး မေးနေတယ်ကွယ်၊ ဒေါက်တာတွေကတော့ ခင်ခင်



www.burmeseclassic.com

www.burmeseclassic.com



မသေဘူး ဘာမှမဖြစ်ဘူးလို့ ပြောကြတယ်၊ ဒယ်ဒီတော့ မကြည့်ရက်တာနဲ့ ပြန်ခဲ့တာပဲ…”ဟု ဦးနက်ကျော်က ပြောလေ၏။

ထို့နောက် ဦးနက်ကျော်လည်း အပေါ်ထပ်သို့တက်၍ သွားလေ၏။ အပေါ်ထပ်မှ ဆေးတံအနံ့ကို ရွှေရွှေက ရှူရှိုက်မိသည့်အခါ၌ ဦးနက်ကျော်တစ်ယောက် အိပ်စက်ခြင်းမပြုဘဲ ဆေးတံသောက်၍ နေကြောင်း သိရလေ၏။

နံနက်လေးနာရီထိုးသည့်အခါ၌ ခြံဝင်းအတွင်းသို့ စက်ဘီးတစ်စီး ဝင်လာသံနှင့်အတူ စက်ဘီးဘဲလ်သံကို ကြားရပြီးနောက် တံခါးခေါက်သံပါ ကြားရသဖြင့်…

“လာပါပြီ… လာပါပြီ…”ဟုဆိုကာ တံခါးသွား၍ ဖွင့်ပေးရာ အင်္ဂရုံထဲတွင်မှ တံခါးဂျက်သည် ကျပ်၍နေသဖြင့် ရွှေရွှေက…

“ခဏလေးနော်… တံခါးဂျက်ကကျပ်နေလို့”ဟု ဆိုလိုက်ရာ အပြင်မှလူက…

“ခင်ဗျားတို့အိမ်ကလဲ ဒါလောက်ကားတိုက်မှုကြီးဖြစ်တာကို တစ်အိမ်လုံး အိပ်နိုင်ကြသလားဗျ၊ လူနာကိုယ်တိုင် တံခါးဖွင့်ပေးရတယ်လို့”ဟု ပြောသဖြင့် ရွှေရွှေလည်း ခပ်ကြောင်ကြောင်ဖြစ်၍ သွား လေ၏။ ထို့နောက် တံခါးဂျက်ကိုဖြုတ်၍ရသဖြင့် တွန်းလိုက်ရာ ဆေးရုံမှ ခင်ခင်အား လိုက်ပို့ခဲ့သော လူဖြစ်ကြောင်း သိရလေ၏။

“သြော်… အစ်မကြီးလား၊ ကျွန်တော်က ကားချင်းတိုက်တဲ့အထဲ ပါခဲ့တဲ့ ဟိုအစ်မအောင့်မေ့လို့၊ အစ်မတို့နှစ်ယောက်က ရုပ်ကတော့ မတူဘူး၊ အသံကျတော့ အတော်ကလေးတူတယ်နော်…”ဟု ထိုသူက ပြောလေ၏။

“ကဲပါ…၊ ပြောပါ ဘာထူးသေးသလဲ…”

“ဟိုလူသတိကောင်းကောင်းရပြီ၊ ခင်ခင်နဲ့တွေ့ပါရစေတဲ့၊ ခင်ခင် မသေဘူးဆိုရင် သူနဲ့တွေ့ပေးပါလို့ ပူဆာနေတယ်၊ အဲဒါ…”





ဒေါက်တာက ပြောခိုင်းလိုက်လို့…”ဟု ဆိုလေ၏။

“လွှတ်လိုက်ပါ့မယ် လွှတ်လိုက်ပါ့မယ်…”ဟုဆိုကာ ဆေးရုံမှ အလုပ်သမားအား ရွှေရွှေက ဆေးလိပ်ဖိုးပေးလိုက်လေ၏။ ထိုသူ ထွက်သွားလျှင် ဦးနက်ကျော်လည်း အိပ်ရာပေါ်မှဆင်း၍ လာလေ၏။

“ဒယ်ဒီ… ကိုမြကြီးသတိရပြီတဲ့ ခင်ခင့်ကိုမေးနေတယ်ဆိုပဲ…”ဟု ရွှေရွှေက အားရဝမ်းသာပြောလေ၏။

“ဒယ်ဒီအပေါ်က ကြားတယ်ကွယ့်… ကဲ…ကဲ… ခင်ခင်ကိုနှိုးပြီး ငါးနာရီလောက်မှာ ဆေးရုံကိုသွားကြတာပေါ့…”ဟု ဦးနက်ကျော်က ပြောလိုက်လျှင် ခင်ခင်သည် အခန်းတွင်းမှ ဘိုသီဘတ်သီနှင့်ထ၍ လာပြီးနောက်…

“သမီးသူ့ကို မတွေ့ချင်ဘူးဒယ်ဒီ…”ဟု ပြောလေ၏။

“အို… ညီမလေးကလဲ. . . သေတွင်းထဲက ထွက်လာတဲ့လူတစ်ယောက်ကို အားပေးဖို့ လိုက်ပြီးတွေ့ရမှာပေါ့”ဟု ရွှေရွှေက ပြောလေ၏။

“ဟင့်အင်း… ခင်ခင် သူ့ကိုမတွေ့ချင်တော့ဘူး…”

“မတွေ့လို့ဘယ်ဖြစ်မလဲကွယ်…၊ သူက ညီမလေးအတွက် စိတ်ပူနေရှာတယ်၊ ခဏဖြစ်ဖြစ် လိုက်ပြီးတွေ့လိုက်ပါ…”

“မတွေ့ချင်ဘူး…”

ကိုယ်နဲ့လက်ထပ်မယ့် ယောကျ်ားတစ်ယောက်ကို ဒီလို မဆက်ဆံပါနဲ့ကွယ်…”

“ဟင့်အင်း… ခင်ခင်သူ့ကို လက်မထပ်တော့ဘူးလို့ ညကတည်းက ဆုံးဖြတ်ပြီးပြီ၊ သူ့ကို ခင်ခင်… မယူတော့ဘူး…”

“အို…”ဟု ရွှေရွှေက ယောင်၍ အော်လိုက်လေ၏။

“ဘယ်လိုဖြစ်တာလဲ သမီးရယ်…”ဟု ဦးနက်ကျော်က စိတ်မကောင်းသံဖြင့် မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်က တစ်စုံတစ်ရာမဖြေပဲ ငို၍သာနေလေ၏။

"ကဲ... ဖေဖေ လူနာက သတိရလာပြီဆိုတော့ ဆေးရုံကိုလိုက်ကြမှဖြစ်မယ်၊ ညီမလေးကတော့ အခုမလိုက်ချင်လဲ နေပါစေဦး၊ မနက်(၁၀)နာရီလောက်ကျရင်တော့ သွားပြီးတွေ့လိုက်ပါကွယ်..."ဟု ရွှေရွှေက ဖြောင်းဖြပြောဆိုပြီးလျှင် ဖခင်ဖြစ်သူ ဦးနက်ကျော်အား ခေါ်ယူ၍ ဆေးရုံသို့ လိုက်သွားခဲ့လေတော့၏။ ဆေးရုံသို့ ရောက်လျှင် မြကြီးအားထားသော အခန်းသို့သွားရောက်ရာ တစ်ကိုယ်လုံးပတ်တီးများ စည်းထားသည့် မြကြီးကိုမြင်လျှင် ရွှေရွှေသည် ငိုကြွေးလေတော့၏။

"ဒေါက်တာ... ခင်ခင်သေသွားပြီလား...၊ ဖြစ်မှဖြစ်ရလေ ဒေါက်တာရယ်၊ သူသေမှာစိုးလို့ သူ့ကိုမထိရအောင် ကျွန်တော် ရှောင်လိုက်တာ၊ သေချင်းသေ ကျွန်တော်သေပါစေဆိုပြီးရှောင်လိုက်တာ၊ အခုတော့ ကျွန်တော်ကမသေပဲ သူကသေသွားရှာပြီလား"ဟု ဆရာဝန်အား မြကြီးက ပြောနေသည်ကို ရွှေရွှေနှင့်ဦးနက်ကျော်တို့ မြင်ရလျှင် လွန်စွာစိတ်မကောင်းဖြစ်ကြလေ၏။ ဆရာဝန်လည်း ရွှေရွှေတို့ကို မြင်လျှင်...

"ဟော... ဟိုမှာလာကြပြီ"ဟုဆိုကာ နေရာဖယ်ပေးကြလေ၏။ ဦးနက်ကျော်နှင့်ရွှေရွှေလည်း မြကြီးအနားသို့ကပ်၍ သွားကြလေ၏။

"သတိရပြီနော်..."ဟု ရွှေရွှေက မေးလိုက်ရာ မြကြီးက

"အမယ်လေး... ခင်ခင်ရယ် စိုးရိမ်လိုက်ရတာ"ဟု ပြောလေ၏။

အို... မဟုတ်ပါဘူး၊ ရွှေရွှေပါ၊ ညီမလေးလဲဘာမှမဖြစ်ပါဘူး၊ နည်းနည်းတော့ ရှော့ခ်ဖြစ်သွားတာပေါ့၊ ဒါကြောင့်အိမ်မှာအနားယူခိုင်းထားပါတယ်...၊ ဆယ်နာရီထိုးလောက်ကျတော့လာလိမ့်မယ်" ဟု ရွှေရွှေက ပြောလိုက်ရာ မြကြီးက...

"သြော်... သြော်... ရွှေရွှေတို့ညီအစ်မကလဲ တယ်ပြီး အသံချင်း





ေ...ကြတာကိုး... "ဟု ဆိုလေ၏။

"မောင်မြကြီးမင်းကတော့ ဒုက္ခတစ်ခုပြီးတစ်ခု ဖြစ်နေတော့ ...ာပဲကွယ်... "ဟု ဦးနက်ကျော်က ပြောလိုက်ရာ မြကြီးက...

"ဒုက္ခများတဲ့လူ ဘုရင်ခံဖြစ်ကြေးဆိုရင်၊ ကျွန်တော်ဘုရင်ခံ ...ဖြစ်တာ ကြာလှပြီ"ဟု နောက်လိုက်သဖြင့် ရွှေရွှေပင်တစ်ခစ်ခစ် ...ယ်မောရ သေးတော့၏။

"ဘယ်လိုဖြစ်တာလဲ မောင်မြကြီး..."ဟု ဦးနက်ကျော်က မေးလေ သည်။

"ခင်ခင်က ညောင်ရွှေက သူ့သူငယ်ချင်းဆီ သွားချင်တယ်၊ မနက်ကို ...က်ထပ်မှာဆိုတော့ လာခဲ့ဖို့သွားပြီးဖိတ်ချင်တယ်ဆိုလို့ လိုက်ပြီး ...တာ အပြန်မှာတောင်ပေါ်စပြီးတက်ကတည်းက ခင်ခင်က ...ားမောင်းတာကလဲ နှေးလိုက်တာ၊ မြန်မြန်မောင်းပါ မြန်မြန် မောင်းပါဆိုတော့ ကျွန်တော်လဲ လီဗာကို နင်းရတာပေါ့၊ လီဗာကို ...တ်လိုက်တာနဲ့ သူက ဆူတော့တာပဲ၊ ကျားတွင်းကွေ့လဲ ရောက်ရော အရှိန်နဲ့ဆင်းလာတဲ့ လော်ရီနဲ့ ခေါင်းချင်းဆိုင်မိ သေတော့ ကျွန်တော်လဲ ဘရိတ်နင်းဖို့နောက်ကျသွားပြီ၊ လော်ရီ ...သမားလဲ ကျွန်တော့်လိုပဲ၊ ဒီတော့ ကျွန်တော်လဲ ဗြုန်းကနဲ တွေ့လိုက်တယ်၊ လော်ရီကြီးက ခင်ခင် ဘက်ကနေ တိုက်မှာဆိုတာကို သတိရမိတာနဲ့ စီယာတိုင်ကို တအား လှည့်လိုက်တယ်၊ ဒီနောက် ...တော့ ကျွန်တော်လဲ သတိမရတော့ပါဘူး... "ဟု မြကြီးက ရှင်းပြ လေ၏။

"အေး မျက်နှာမှာတော့ ဒဏ်ရာတော်တော်များတယ်မှတ်တယ် ...ောင်မြကြီး... "ဟု ဦးနက်ကျော်က ပြောလိုက်ရာ မြကြီးက...

"တောင်ကြီးတန်ဆောင်တိုင်မှာ မင်းကုသဇာတ်ကရင် ကျွန်တော် ...်းသွားလုပ်မှာပေါ့... "ဟုဆိုလေ၏။



www.burmeseclassic.com

"မင်းကုသလုပ်ရတာ အရေးမကြီးဘူးကွ၊ ငါက မျက်လုံးအတွက် ငိုးရိမ်နေတာ... "ဟု ဦးနက်ကျော်က ပြောရာ မြကြီးက...

"မျက်လုံးကန်းရင် စုဋ္ဌာသမ္မာ၀၊ မဟာသမ္မာ၀ ဇာတ်ကရတာပေါ့..." ဟု ပြောလိုက်ရာ ဦးနက်ကျော်က...

"မင်းကတော့ ပျော်ပျော်ပဲ... "ဟုပြော၍ ရယ်မောလေ၏။ ထို့နောက် ဦးနက်ကျော်နှင့် ရွှေရွှေက ပြန်မည့်အကြောင်းနှုတ်ဆက်ရာ မြကြီးက...

"ခင်ခင့်ကိုလွှတ်ဖြစ်အောင် လွှတ်လိုက်ပါ... "ဟု မှာကြား လေ၏။

ဦးနက်ကျော်နှင့် ရွှေရွှေကလည်း ခင်ခင်အား လွှတ်လိုက်မည့် အကြောင်း ပြောဆို၍ ပြန်သွားကြလေတော့၏။

အိမ်သို့ပြန်ရောက်ကြသည့်အခါ၌ ရွှေရွှေက...

"ညီမလေးရေ ညီမလေးရေ... "ဟု ခေါ်လေ၏။ ခင်ခင်က ပြန်၍ မထူးသဖြင့် ရွှေရွှေကလည်း တစ်ခန်းဝင်တစ်ခန်းထွက် ခင်ခင်အား ရှာဖွေလေ၏။ နောက်ဆုံး၌ အိမ်သာနှင့်ရေချိုးခန်းဖက်သို့ သွား၍ ရှာသော်လည်း မတွေ့သဖြင့် ထိတ်လန့်စိုးရိမ်၍ သွားလေတော့၏။

ထို့ကြောင့် ဖခင်ဖြစ်သူအား အကျိုးအကြောင်းပြောမည်ဟု မီးဖို ဘက်မှပြန်ထွက်ခဲ့ရာတွင် ထမင်းစား စားပွဲပေါ်၌ ခက်ရင်းဖြင့် ဖိ၍ထားသော စာတစ်စောင်ကိုတွေ့သဖြင့် ဖတ်ကြည့်ရာ အောက်ပါ အတိုင်း တွေ့ရလေတော့၏။

ဒယ်ဒီနှင့်မမ...

ခင်ခင်တော့ ထွက်သွားပါပြီ၊ ခင်ခင့်အတွက် စိတ်မပူကြပါနှင့် ခင်ခင်သူကို မယူနိုင်တော့ဘူး၊ ညက ဒယ်ဒီနဲ့ မမတို့ပြောနေကြတာကို ခင်ခင်ကြားပါတယ်၊





သူ့မျက်နှာကြီးဟာ မြင်မကောင်းအောင် အရုပ်ဆိုးသွားပါပြီ၊ မျက်လုံးတွေလဲ ကန်းကုန်မှာပဲ၊ ခင်ခင့်အနေနဲ့ ကျက်သရေမင်္ဂလာမရှိတဲ့ မျက်နှာနဲ့မျက်မမြင် ဒုက္ခိတကြီး တစ်ယောက်ကို ယင်မလုပ်နိုင်ပါဘူး၊ ဒါကြောင့် ခင်ခင် ကတော့ သူ့ကို မေ့ပစ်လိုက်ပါပြီ...။

ခင်ခင်

ရွှေရွှေသည် စာကိုဖတ်ရင်းတရှုံ့ရှုံ့ ငိုလေတော့၏။

"ကျက်သရေမင်္ဂလာမရှိတဲ့ မျက်နှာ၊ ပြီးတော့ မျက်မမြင်ဒုက္ခိတ ကြီးတစ်ယောက်ကို လင်မလုပ်နိုင်တော့ဘူးတဲ့၊ ရက်စက်လိုက်တာ ခင်ခင်ရယ်၊ ကိုမြကြီးများ ဒါတွေကိုသိသွားရင် ဘယ်လောက်များ အားငယ်သွားရှာမလဲ မသိဘူးနော်..."ဟု တတွတ်တွတ် ပြောဆိုရင်း ငိုကြွေးလေတော့၏။

ဦးနက်ကျော်လည်း အနီးသို့ရောက်ရှိ၍ လာပြီးလျှင် ရွှေရွှေ၏ ချထားသောစာကို ဖတ်၍...

"အင်း... သမီးလေးက ရက်စက်လိုက်တာကွယ်၊ ဒယ်ဒီတော့ မောင်မြကြီးကို ဘယ်လိုမျက်နှာပြရမယ်ဆိုတာတောင် မစဉ်းစားတတ် အောင်ပါပဲ၊ မတတ်နိုင်ပါဘူး ကံတရားပေါ့ကွယ်"ဟုဆိုကာ ထွက်၍ သွားလေတော့၏ ဦးနက်ကျော်သည် လွန်စွာစိတ်မကောင်း ဖြစ်သွား သည့်အလျောက် ထိုနေ့က နံနက်စာကိုပင် မစားဘဲ နေခဲ့လေ၏။

နံနက်ဆယ်နာရီကျော်ကျော်လောက်တွင် ဆေးရုံမှ အလုပ်သမား တစ်ယောက် ရောက်ရှိလာပြီးလျှင်...

"အစ်မကြီးတို့အိမ်က တစ်ယောက်ယောက်လိုက်ခဲ့ပါလို့ ဒေါက်တာ ကြီးက ခေါ်ခိုင်းလိုက်တယ်"ဟုဆိုသဖြင့် ရွှေရွှေက ဦးနက်ကျော်အား ပြောပြရာ၊ ဦးနက်ကျော်က...

www.burmeseclassic.com



"ဒယ်ဒီတော့ မလိုက်ပါရစေနဲ့တော့ကွာ...၊ ဒယ်ဒီ မောင်မြကြီး ရဲ့အဖြစ်ကို မကြည့်ရက်တော့ဘူး၊ သမီးကြီးပဲလိုက်သွား ပါတော့..."ဟု ဆိုကာ ဘုရားခန်းသို့ဝင်၍သွားသဖြင့် ရွှေရွှေပင် ဆေးရုံသို့လိုက်၍ သွားခဲ့ရလေတော့၏။

ဆေးရုံသို့ရောက်လျှင် ဆရာဝန်ကြီးက ရွှေရွှေအား ၎င်း၏ ရုံးခန်းအတွင်းသို့ ခေါ်ယူကာ အောက်ပါအတိုင်း ပြောလေ၏။

"လူနာက ခင်ခင့်ကိုမေးနေတယ်၊ ခင်ခင်နဲ့တွေ့ပေးလိုက်ပါ..."

ရွှေရွှေသည် တရှုံ့ရှုံ့ ငိုလေတော့၏။ ထိုအခါ၌ ဆရာဝန်ကြီး က. . .

"ဘာဖြစ်လို့တွေ့မပေးနိုင်တာလဲ မိန်းကလေး. . .၊ လူနာကို ကျုပ် တို့ဟာ သေမင်းဆီကနေ အသက်လုယူနိုင်ခဲ့ပေမယ့် သူ့ရဲ့မျက်လုံး ကိုတော့မရသေးဘူး၊ သိပ်ပြီး စိတ်ဆင်းရဲသွားရင် မျက်လုံးဟာ လုံးဝ အကြည်ဓာတ်ပျက်စီးသွားနိုင်တယ်၊ မျက်လုံးအိမ်ထဲမှာရှိတဲ့ မြူပဲလို့ ခေါ်တဲ့ သူငယ်အိမ်လေးဟာ ပြင်းပြင်းထန်ထန် ဒဏ်ရာရရင် ဖြစ်စေ၊ ပြင်းပြင်းထန်ထန်စိတ်ထိခိုက်ရင်ဖြစ်စေ ဒုက္ခဖြစ်နိုင်တယ် ပြီးတော့ စိတ်ထိခိုက်ရင် စိတ်ဆင်းရဲရင် မျက်စိနဲ့ ဦးနှောက်နဲ့ ဆက်သွယ်ပြီး အလုပ်လုပ်ပေးတဲ့ ဂလင်းခေါ်တဲ့ အဖုကလေးတွေဟာ ပျက်စီးသွားပြီး လုံးဝမျက်မမြင်ဘဝကို ရောက်သွားနိုင်တယ် အသက်မသေအောင်တော့ ကျုပ်တို့လုပ်ပြီးပြီ၊ မျက်လုံးမကန်း အောင်လဲ ကြိုးစားနေရတယ်၊ တဆိတ်လောက် ကူညီပါ မိန်းကလေး...၊ ကျုပ်ရဲ့ ပေးရှင့်ကို သူတွေ့ချင်တဲ့မိန်းကလေးနဲ့ တွေ့ပေးပါ..."ဟု ကုလားဆရာဝန်ကြီးက ရွှေရွှေအား ပြောလေ၏။

ရွှေရွှေလည်း ဆရာဝန်ကြီးပြောသည်ကို နားထောင်ပြီးနောက် ငို၍သာ နေလေ၏။

"ဘယ်လိုလဲ... မိန်းကလေး...၊ ခင်ခင်ဆိုတာနဲ့ ဘာဖြစ်လို့ တွေ့





ပေး နိုင်တာလဲ"ဟု ဆရာဝန်ကြီးက မေးလေ၏။

"တွေ့မပေးချင်တာမဟုတ်ပါဘူး၊ ခင်ခင်ကမရှိတော့ဘူး၊ ထွက် သွားပြီ..."

"ဘယ်ကိုထွက်သွားတာလဲ...၊ ဒီလူက သူနဲ့'အင်ဂေ့ချ်'လုပ်ထား တယ်လို့ ပြောနေပါလား..."

"ဟုတ်ပါတယ်ဒေါက်တာ...၊ မျက်နှာမှာ ဒဏ်ရာတွေရနေပြီဆို တော့ သိပ်ပြီးရုပ်ဆိုးသွားပြီဆိုပြီး ရှောင်ထွက်သွားတာပါ..."ဟု ဖော်မိုတ်၍ ပြောလိုက်ရာ ဆရာဝန်ကြီးက...

"အို... အရုပ်ဆိုးသွားပြီ၊ မိန်းမတွေဟာ သိပ်ပြီးလှပခြင်းကို မြတ်နိုးကြတာကိုး၊ လူလှဖို့အရေးမကြီးဘူး၊ စိတ်လှဖို့အရေးကြီးတယ်ဆို တာ မိန်းမတွေ မသိကြပဲကိုး၊ မတတ်နိုင်ဘူးလေ၊ ဘုရားသခင်ရဲ့ အလုပ်ပဲ..."ဟု ပြောဆိုကာ စိတ်ပျက်စွာဖြင့် ခေါင်းကိုခါလိုက် လေသ၏။

ထိုအချိန်၌ပင် ကရင်သူနာပြုဆရာမကလေး ရောက်ရှိလာ ကာ...

"ဒေါက်တာ. . . ပေးရှင့်ကမေးနေတယ်၊ ခင်ခင်မရောက်သေး ဘူးလားတဲ့၊ ခင်ခင်မလာရင် ခင်ခင်ရှိတဲ့နေရာကို သူကသွားမယ် ဆိုပြီး အတင်းပဲလုပ်နေပါတယ်..."ဟု ပြောလေ၏။

"ဟောဒါ... မြကြီးရဲ့ စစ္စတာပဲ၊ သူနဲ့ပြောပါ"ဟု ဆရာဝန်ကြီးက ပြောလေ၏။

ရွှေရွှေလည်းငို၍နေရာမှ...

"ဒီလိုလုပ်ရင် ရမလားဒေါက်တာ၊ ကျွန်မနဲ့ ခင်ခင်ဟာ အသံ ချင်း သိပ်ပြီးတူပါတယ်၊ ကျွန်မက ခင်ခင်ဆိုပြီးသွားတွေ့ချင်ပါ တယ်" ဟု ပြောလိုက်ရာ . . .

ဆရာဝန်ကြီးက...



www.burmeseclassic.com

www.burmeseclassic.com



"သုတ်ကြည့်လေ... ကျွန်ုပ်လဲမပြောနိုင်တော့ဘူး..."ဟုဆိုသ ရွှေရွှေလည်း မြကြီးအခန်းသို့ သွားလေ၏။ သူနာပြုဆရာမ တ. . .

"ရှင်တွေ့ချင်တဲ့ခင်ခင်လာပါပြီ"ဟု ပြောလိုက်ရာ မြကြီးက

"အောင်မလေးခင်ခင်ရယ်၊ မင်းအတွက် စိတ်ပူလိုက်ရ ဘာ. . . ဘာမှမဖြစ်ဖူးမဟုတ်လား... ကိုကိုမြကတော့ မင်းကု လား၊ စူဠာသမ္မာဝလားပဲကွ..."ဟု ပြောလေ၏။

ရွှေရွှေလည်း တရှုံ့ရှုံ့ငိုလေ၏။

"ငိုမနေပါနဲ့... ကိုကိုမြက အရုပ်ဆိုးသွားပေမယ့် အသံက ကောင်းပါသေးတယ်၊ တယောထိုးပြီးသီချင်းဆိုပြမယ်လေ၊ ဟား ဟား... မျက်စိပါကန်းသွားရင် ပိုပြီးကောင်းသေးတယ်၊ ခင် ဘာပဲဝတ်ဝတ် ကိုကိုမြ မျက်စိထဲမှာ လှနေတော့မှာကိုးကွ..." ပြောပြန်ရာ ရွှေရွှေသည် လွန်စွာစိတ်ထိခိုက်သွားရှာလေ၏။

"ခင်ခင်... ဘာမှမဖြစ်ပါဘူး။ ကို...ကို... ကိုကိုမြရယ်"ဟု ရွှေ က ခင်ခင်အနေနှင့်ပြောလိုက်ရာ မြကြီးက ရွှေရွှေ့လက်က နှစ်ဘက်ကိုဆွဲ၍ ထိုင်စမ်းပါအုံးခင်ခင်ရယ်"ဟု ပြောလိုက်လေ၏

"ကိုကိုမြအတွက် စိတ်ပူလိုက်ရတာ"ဟု ရွှေရွှေက ပြောလိုက် မြကြီးက...

"စိတ်မပူပါနဲ့တော့ကွယ်..." ဟု ပြောလေ၏။

"ကိုကိုမြ ထမင်းစားလို့ရပြီလား..."ဟု ရွှေရွှေက မေးပြန် မြကြီးက...

"မာတဲ့အစာဆိုရင် ကျောက်ခဲကလွဲပြီး အကုန်စားလို့ရပါတ ဒါပေမယ့်ဆရာဝန်ကြီးက မစားစေချင်သေးဘူး..."ဟု ပြောလေ

"ဒီလိုဆိုရင် 'စွပ်'ပဲ လုပ်လာခဲ့မယ်..."

"ကောင်းတာပေါ့..."ဟု မြကြီးက ပြောလေ၏။





ရွှေရွှေလည်း ခင်ခင်၏ လေယူလေသိမ်းနှင့် တူအောင် ကြိုးစား ဆို၍ မြကြီးအား ပြန်ရန် နှုတ်ဆက်လေ၏။

ထိုအခါ မြကြီးက "ပြန်တော့မလား၊ ပြန်တော့မယ်ဆိုရင် ကိုကိုမြကို - 'ကစ်'ဟု ပြောလိုက်ရာ ရွှေရွှေသည် မျက်လုံးပြူး၍ ားလေတော့၏။

"အို... ကိုကိုမြကလဲ မျက်နှာတစ်ခုလုံး ပတ်တီးတွေစည်းထား ာ ဘယ်လိုဖြစ်မှာလဲ..."ဟု ပြောရာ မြကြီးက တဟဲဟဲ... ရယ်မော တော့၏။

ရွှေရွှေလည်း ရှက်စိတ်ကြောင့် မျက်နှာကြီးတစ်ခုလုံး နီလျက် မြကြီးအား နှုတ်ဆက်ကာ ခပ်သုတ်သုတ် ထွက်သွား တော့၏။

အိမ်သို့ရောက်သည့်အခါ၌ ဦးနက်ကျော်က မေးမြန်းရာ ရွှေရွှေ အဖြစ်အပျက်ကို ပြောပြလေ၏။

"အင်း... သမီးကြီးက သူ့ကိုသနားလို့ လိမ်ခဲ့တာကတော့ ဟုတ်ပါ တကယ်လို့ မောင်မြကြီးဟာ မျက်စိမကန်းခဲ့ရင် အားလုံး ဗူးပေါ် လို ပေါ်ကုန်တော့မှ ရှင်းရခက်တော့မှာပဲ၊ အေးလေ... ဒီအချိန် ဒီလို မလိမ်ပြန်ရင်လဲ မဖြစ်ပြန်ဘူးကွယ်၊ ဒုက္ခ...၊ ဒုက္ခ..." ဟု ညည်းညူလိုက်လေတော့၏။

နောက်တစ်နေ့နံနက်၌ ရွှေရွှေသည် ဆေးရုံသို့သွားရန်အတွက် မိုးချိုး၍နေလေ၏။ စိတ်ထဲတွင်လည်း ဆေးရုံသို့သွားရမည်ကို ကိုသကဲ့သို့ ရှိနေလေ၏။

အမှန်စင်စစ်အားဖြင့် ရွှေရွှေသည် မြကြီးအာ လက်စွပ်ခိုးမှုဖြင့် တင်တွေ့ဆုံစဉ်ကပင် သနားမိခဲ့သူဖြစ်၏။ ဂါတ်သို့ရောက်၍ ကြီးအား ပုလိပ်များက ထိုးကြိတ်ရိုက်နှက်စဉ်ကလည်း သနား ခဲ့ပြန်သေး၏။ ထို့နောက်မြကြီးသည် လက်စွပ်ကို ခိုးယူခဲ့သူ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သိရပြန်သောအခါ၌လည်း လွန်စွာမှ အားနာခဲ့ရပြန်
ယောကျ်ားပီသ၍ ရွှေရွှေ၏ မသိစိတ်၌ ပျော်ပျော်နေတတ်သေ
မြကြီးကို အားကိုးချင်စိတ်များ ဖြစ်ပေါ်ခဲ့၏။ ခင်ခင်က မြကြီး
တပူးတွဲတွဲ ဖြစ်၍နေသည့်အခါ၌သာလျှင် ရွှေရွှေသည် မြ
အပေါ်၌ သနားခြင်း၊ စိတ်ဝင်စားခြင်း စသည်တို့ကို ကြိုးစာ
ဖျောက်ဖျက်ခဲ့ရပေသည်။

ယခုတစ်ဖန် ဒုက္ခိတဘဝသို့ ရောက်ရှိပြီး ခင်ခင်က ပစ်
သွားသောအခါ၌လည်း ရွှေရွှေသည် မြကြီးအပေါ်၌ သနား၍ မ
နိုင်အောင် ရှိလေ၏။ မြကြီးထံသို့ စွတ်ပြုတ်၊ ပေါင်မုန့်၊ ကော်
စသည်တို့ ပို့ရသည်ကိုလည်းကောင်း၊ မြကြီး၏ အဝတ်အ
ဟောင်းများကို လျှော်ဖွတ်ပေးနေရသည်ကိုလည်းကော
ပင်ပန်းသည်ဟု သဘောမထားနိုင်ဘဲ ကြည်နူး၍ပင် နေမိသေ
တော့၏။

ရေမိုးချိုးပြီးနောက် ကြက်သားကြော်၊ ဆိတ်ရိုးစွပ်နှင့် ပေါင်
တို့ကို ခြင်းတောင်း၌ထည့်၍ ဆေးရုံသို့ ထွက်လာခဲ့လေ၏။

ဆေးရုံသို့ရောက်လျှင် မြကြီးအား ကျွေးမွေးလေ၏။ မြကြီး
လက်များ မြှောက်နိုင်ခြင်းမရှိသဖြင့် ရွှေရွှေက ခွံ့၍ ကျွေးရလေ
ဤသို့နှင့်ပင် ရွှေရွှေသည် နေ့စဉ်နေ့တိုင်း ဆေးရုံသို့ လာ
လေ၏။ တစ်ပတ်ခန့်ကြာသောအခါ၌ မြကြီး၏ လက်များသ
လည်း ကောင်းစွာလှုပ်ရှားနိုင်သည်ဖြစ်သည့်အပြင် ပတ်တီး
လည်း ဖြေလိုက်ပြီးဖြစ်၏။

မျက်နှာမှာ အနည်းငယ်ပွန်းပဲ့ခဲ့သည်မှအပ တစ်စုံတစ်
ထိခိုက်ခြင်းမရှိသဖြင့် ရွှေရွှေသည် ဝမ်းမြောက်မိသေးတော့
မျက်လုံးများမှာမူ ကြောင်တောင်ကန်းဆိုသကဲ့သို့ရှိ၏။ မျက်လုံး
ပေါက်ခြင်း၊ ပျက်ခြင်း မရှိပါဘဲလျက် လုံးဝမမြင်ရသောအဖြစ်





ရောက်နေလေ၏။

မြကြီးက တယောထိုးချင်သည်ဆိုသဖြင့် ရွှေရွှေသည် ဦးနက်ကျော်
ထံမှ တယောကိုယူ၍ ပေးထားလိုက်လေ၏။ မြကြီးသည် အချိန်
ရှိသရွေ့ တယောထိုးခြင်းဖြင့်သာလျှင် စိတ်ကို ဖြေဖျောက်၍ နေရ
လေ၏။

တစ်နေ့သ၌ ရွှေရွှေသည်မြကြီးထံသို့ ထမင်းပို့သွားရာ မြကြီး၏
အခန်း၌ မြကြီးကို မတွေ့ရသဖြင့် ရင်ထဲတွင် ဒိတ်ကနဲဖြစ်၍ သွား
လေတော့၏ ထိုအခါ၌ ဆရာမကလေးရောက်လာပြီးလျှင် . . .

"ရှင်တို့လူနာ ဟိုဘက်ကဝရံတာမှာထိုင်နေတယ်..."ဟု ပြော
လိုက်မှ ရွှေရွှေလည်း စိတ်အေး၍သွားလေတော့၏။

ရွှေရွှေသည် မြကြီးရှိရာ ဝရံတာသို့ သွားရောက်လေ၏။

မြကြီးသည် ဝရံတာ၌ထိုင်လျက် တယောထိုးရင်း သီချင်း
တစ်ပုဒ်ကို ညည်းညည်းကလေးဆို၍နေ၏။ နဖူးပေါ်တွင် သူ၏
ဆံပင်လေးများက ကွေ့ဝိုက်၍ ကျနေသဖြင့် တစ်မျိုးတဖုံကြည့်၍
ကောင်းနေလေ၏။

"မြနန်းသေလာမဟီ၊ မြိုင်ကြီးစိမ့်ကြီး တောတောင်ကြီးရဲ့ဆီ၊
တောကောင်သားငှက် ဆက်ရက်မြည်တွန်၊ ရေတံခွန်စိမ့်စမ်း တသွင်
သွင်စီးသည်၊ မမောနိုင်သည် မပမ်းနိုင်သည်၊ လွမ်းရက်တာရှည်၊
ဘယ်ဆီမျှော်မှန်းသော်လည်း၊ စုံလုံးကန်းလို့ ဘဝဆုံးနေပါပြီ...။

အဖော်ကောင်းတစ်ယောက်တော့ လိုချင်ပါသည်၊ တွဲပြီးခေါ်
မယ့် အဖော်မွန်ရယ် ဘယ်ဆီဘယ်ကမ်း ရောက်နေပါသလဲ ပြော
စမ်းပါ၊ ချစ်ကေသီရယ်...၊ မောင်မောလှပါပြီကွယ်..."

ရွှေရွှေသည် မြကြီး၏သီချင်းအဓိပ္ပါယ်ကို စဉ်းစားမိလေ၏။
အလွန်အင်မတန် ကျယ်ပြောကြီးမားသော တောနက်ကြီးအတွင်း၌
ရေတံခွန်များကလည်း ရေများကျဆင်းနေသည်။ စိမ့်စမ်းများလည်း



www.burmeseclassic.com

www.burmeseclassic.com



တသွင်သွင်စီးနေသည်၊ ကျေးငှက် တိရစ္ဆာန်တို့ကလည်း တွန်မြည်နေသည်။ ထိုတောနက်ကြီးအတွင်းသို့ရောက်နေသော မျက်မမြင်တစ်ဦးက သူ့အားတွဲ၍ခေါ်မည့်အဖော်ကို တမ်းတနေသော အဓိပ္ပါယ်ရှိသည့် ထိုသီချင်းကိုကြားလျှင် ရွှေရွှေ၏ရင်သည် ဆို့နင့်၍ သွားလေတော့၏။

မြကြီး၏အသံမှာ ဆွေးဆွေးမြေ့မြေ့ရှိသကဲ့သို့ တယောသံမှာလည်း လွမ်းချင်စဖွယ်ကောင်းလှပေ၏။ သီချင်းပြီးဆုံးသည်နှင့် ရွှေရွှေကမြကြီးအား...

"ကိုကိုမြ... ခင်ခင်ရောက်ပြီလေ၊ လာလာ..." ဟုဆိုကာ သွား၍တွဲလေ၏။ ထို့နောက် ရွှေရွှေကဆက်၍...

"ကိုကိုမြ အားငယ်နေသလား...၊ ခင်ခင်ရှိသားပဲ၊ ခင်ခင်က တစ်သက်လုံးကိုကိုမြကို တွဲပြီးခေါ်မှာပေါ့၊ ဘာအားငယ်ရမှာလဲ"ဟု ပြောလေ၏။

"ခင်ခင်ရှိလို့လား"ဟု မြကြီးက တစ်လုံးချင်းပြောလိုက်လေ၏။

"ခင်ခင်လေ... ခင်ခင် ကိုကိုမြအနားမှာ တစ်သက်လုံးရှိမှာပေါ့..."

"အခုရော ရှိလို့လား..."

"ခင်ခင် ဒီမှာလေ... ကိုကိုမြကလဲ..."

"ကျုပ်သိပ်ပြီး အားနာတယ်ရွှေရွှေ..."

"ဟင်... ကိုကိုမြ၊ အဲ...ကိုမြကြီး"ဟု ရွှေရွှေက ယောင်ယမ်း၍ ပြောလိုက်လေ၏။

"ကျုပ်သိပါတယ် ရွှေရွှေစပြီးကျုပ်ကို ခင်ခင်အဖြစ်နဲ့ လာတွေ့ကတည်းက သိပါတယ်" ဟု မြကြီးက ပြောလိုက်ပြီးနောက် စကားကို ရပ်၍ ထားလေ၏။

"ရွှေရွှေမှာမူ ရှက်လွန်း၍ အသားများ တစ်ဆတ်ဆတ်တုန်ကာ ငို၍နေလေ၏။ ထိုအခါ၌ မြကြီးက...





"ရွှေရွှေမှန်း ဘယ်လိုသိသလဲလို့ မေးဦးမလား၊ ဟဲ...ဟဲ... အဲဒီနေ့က ရွှေရွှေ့လက်ကိုဆွဲလိုက်တော့ ရွှေရွှေစတ်ထားတဲ့ မြကိုဝိန်ခြယ် ထားတဲ့ လက်စွပ်ကလေးကို စမ်းမိတယ်လေ၊ ဒီလက်စွပ်ကလေးကိုတော့ ကျုပ်က ကောင်းကောင်းမှတ်မိပါတယ်၊ ပြီးတော့ ရွှေရွှေနဲ့ ခင်ခင်က အသံချင်းတူတယ်ဆိုပေမယ့် ကျုပ်အဖို့မှာတော့ မတူပါဘူး၊ ခင်ခင့်အသံက မာတယ်၊ မာနသံပါတယ်၊ ရွှေရွှေက တရုဏာသံ ပါတယ်၊ ပိုပြီးသေချာအောင်လို့ဆိုပြီး ပြန်ကာနီးမှာ ကျုပ်က နမ်းခိုင်းတယ်လေ၊ ဟဲ...ဟဲ... အဲဒီကတည်းက ကျုပ်သိပါတယ်၊ ဒီထက်ပိုပြီး သေချာတာကတော့ အဲဒီညနေမှာ ရွှေညောင်က မော်တော်ကားသမားတစ်ယောက်က ကျုပ်ကို စာတစ်စောင်လာပြီးပေးတယ်၊ အဲဒီစာကို ဆေးရုံက ကလေးတစ်ယောက်ကို ဖတ်ခိုင်းရတယ်၊ ရွှေရွှေ ဖတ်ကြည့်ချင်ရင် ဖတ်ကြည့်ဦးလေ" ဟုဆိုကာ အိတ်အတွင်းမှ စာတစ်စောင်ကို ထုတ်၍ပေးလေ၏။ ရွှေရွှေသည်း စာကိုကြည့်ကာ ခင်ခင်၏စာဖြစ်ကြောင်း တွေ့ရလေ၏။ စာမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

ကိုမြကြီးရှင့်

ခင်ခင့်ကို တစ်ခါတည်း မေ့ပစ်လိုက်ပါ၊ ခင်ခင်လည်း မေ့ပစ်လိုက်ပါ့မယ်၊ ဒယ်ဒီနှင့် မမကို အပူ ကပ်ပြီး ရှာမခိုင်း ပါနှင့်တော့ ရုပ်ပျက်ဆင်းပျက် ဖြစ်နေတဲ့ မျက်မမြင်ဒုက္ခိတကြီး တစ်ယောက်ကို ခင်ခင့် အနေနှင့် ရာသက်ပန်လက်တွဲသွားဖို့ ဘယ် နည်းနဲ့ မှ မဖြစ်နိုင်ပါဘူး၊ ကံတရားလို့ပဲ သဘောထား လိုက်ပါ။

ခင်ခင်



www.burmeseclassic.com

www.burmeseclassic.com



"ကိုမြကြီးရယ်. . . ရွှေရွှေကိုခွင့်လွှတ်ပါ၊ ရွှေရွှေ ကိုမြကြီးကို ခင်ခင်အဖြစ်နဲ့ လိမ်တာဟာ ကိုမြကြီးကို သနားလွန်းလို့ လိမ်မိတာပါ"ဟု ရွှေရွှေက တောင်းပန်လေ၏။

"သိပါတယ်ရွှေရွှေ၊ ရွှေရွှေ့ စေတနာကိုလည်း ကျုပ်သိပ်ပြီး လေးစားပါတယ်၊ ကျုပ်ကို အခုလိုပြုစုခဲ့တာတွေကိုလည်း ကျေးဇူး တင်လို့ မဆုံးပါဘူး၊ ဒါပေမယ့် ကျုပ်နဲ့ ရွှေရွှေက ဘာမှမတော်စပ်ဘဲ အခုလိုပြုစုနေလို့မဖြစ်ပေဘူး၊ ကျုပ်လဲ အတော်ကလေး သက်သာ သွားပါပြီ၊ ကျုပ်ကို ကူညီဖို့ ကလေးတစ်ယောက်ကိုလည်း လခနဲ့ ရှာခိုင်းထားပါတယ်၊ ဒီကနေ့ပဲ ရမှာပါ၊ ဒါကြောင့် ရွှေရွှေ မလာပါ နဲ့တော့ ရပါပြီ"ဟု မြကြီးကပြောလေ၏။ ရွှေရွှေလည်း မြကြီးအား စားသောက်ဖွယ်ရာများကို ကျွေးမွေး၍ ပြန်သွားလေတော့၏။

အိမ်သို့ရောက်လျှင် ဦးနက်ကျော်က . . . .

"သမီးကြီး မောင်မြကြီးတစ်ယောက် ဘယ့်နှယ်နေသေးသလဲ" ဟု မေးရာ ရွှေရွှေက ငိုယိုလျက် မြကြီးသည် ခင်ခင်ထွက်သွားသည် ကိုသိကြောင်း မိမိက ခင်ခင်အဖြစ် လိမ်နေသည်ကိုသိကြောင်း ရှင်းပြလျှင် ဦးနက်ကျော်က . . .

"ဖေဖေပြောထားတယ်၊ ဒီကောင်ကို သွားပြီးလိမ်လို့မရဘူးကွ ဒီကောင်က သိပ်ပြီးအကင်းပါးတဲ့ကောင်" ဟု ပြောဆိုလေတော့၏။

နောက်တစ်နေ့၌ ရွှေရွှေသည် မြကြီးထံသို့ ထမင်းသွားပို့လေရာ မြကြီးကုတင်၌ မြကြီးကို မတွေ့ရဘဲ တယောကလေးနှင့် တယော ကလေးပေါ်တွင် တင်၍ထားသော နှင်းဆီပန်းဖြူဖြူကလေး တစ်ပွင့်ကိုသာ တွေ့ရလေ၏။

ရွှေရွှေလည်း တယောပေါ်မှ နှင်းဆီပွင့်ကလေးကို သေချာစွာ ကြည့်ရင်း တယော၏လက်တံအဖြား၌ ညပ်၍ထားသော စာခေါက် ကလေးကိုတွေ့သဖြင့် ယူပြီးဖတ်ကြည့်လေတော့၏။





ကရုဏာရှင်မလေးရွှေရွှေ သို့မဟုတ် နိုက်တင်ဂေး

နိုက်တင်ဂေးလို လူနာကို ပြုစုဖေးမချင် လှတဲ့ရွှေရွှေ ကိုမြကြီး ဆေးရုံက ဆင်းသွားပါပြီ၊ ကိုမြကြီးကို တွဲဖို့ ကလေးတစ်ယောက်လဲ ရပါပြီ၊ ကလေးက ပအို့ အမျိုး သား ကလေးကွဲ့၊ သိပ်ပြီးစိတ်ရှည်တဲ့ ကလေးပါဘဲကွယ်၊ တယောကိုလည်း ထားခဲ့ပါတယ်၊ ရွှေရွှေ့ ဒယ်ဒီကို ပြန်ပေးလိုက်ပါ။

ကိုမြကြီး ဒီနေ့ဆေးရုံဘေးမှာ အညောင်းပြေလမ်း လျှောက်ရင်း နှင်းဆီပန်းခြံဆီကို စမ်းတဝါးဝါးနဲ့သွားပြီး နှင်းဆီပန်းတစ်ပွင့် ရွှေရွှေ့ အတွက် ခူးယူခဲ့တယ်၊ အဲဒီ နှင်းဆီပန်း အဖြူလား၊ အနီလားတော့ ကိုမြကြီးမသိဘူး၊ ကိုမြကြီးကတော့ အဖြူရောင်ကလေးဖြစ်ပါစေလို့ ဆုတောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ရွှေရွှေ့ အသဲ နှလုံးဟာ ဖြူစင်တယ် မဟုတ်လား။

မြကြီး

ရွှေရွှေသည် အထက်ပါစာကို ဖတ်ပြီးနောက် ချုံးပွဲချ၍ ငိုလေ တော့၏။ အချိန်အတော်ကြာအထိ ငိုကြွေးပြီးနောက် မြကြီးက မိမိ အတွက် ရည်ရွယ်၍ ခူးခဲ့သည်ဆိုသော နှင်းဆီပန်းကလေးကို ခေါင်း၌ပန်မည်ဟု စိတ်ကူးလေ၏။ သို့ရာတွင် ခေါင်း၌ပန်သည် ထက် ရင်ဘတ်ပေါ်၌ ထိုးထားရသည်က ပို၍ကောင်းပေမည်ဟု ယူဆသည့်အလျောက် ရင်ဘတ်ပေါ်တွင် ကလစ်ဖြင့် ထိုးထားလိုက် လေ၏။

ထို့နောက် မြကြီး၏ရင်ခွင်၌ အချိန်အတော်ကြာကြာအထိ နေခဲ့ရသော တယောကလေးကို အသာအယာနမ်းရှုံ့၍ တယောကို



www.burmeseclassic.com

www.burmeseclassic.com



ယူကာ ပြန်ခဲ့လေတော့သည်။

ထိုနေ့မှစ၍ ရွှေရွှေသည် မြကြီးနှင့် တွေ့ဆုံခြင်း မရှိတော့ပေ။ မြကြီးကား ပျောက်ခြင်းမလှ ပျောက်၍သွားလေတော့သတည်း။





## မြကြီးထံမှ သနားစရာစာတစ်စောင်

ညဉ့်လည်း ရွှေရွှေသည် မြကြီးတစ်ယောက် မမြင်မကန်းနှင့် မည်သို့မည်ပုံ စခန်းသွားနေရရှာမည်ကို စဉ်းစားရင်း မြကြီးအား သနားသောစိတ်များသည် တလိပ်လိပ်တက်၍ လာပြီးလျှင် ခြေမဆည်နိုင်အောင် ငိုကြွေးလေတော့၏။ ဤသို့နှင့်ပင် မိုးစင်စင် လင်းသည့်အချိန်အထိ အိပ်စက်နိုင်ခြင်း မရှိဘဲ အိပ်ယာထက်၌ တလူးလူး လိမ့်လိမ့်နေရရှာလေ၏။

မိုးလင်းသည့်အခါ၌လည်း ရွှေရွှေသည် မြကြီး အိမ်ငှား၍ နေထိုင်သည်ဆိုသော မြေဖြူရပ်ဘက်ဆီသို့ ရောက်၍ မြကြီးအား စုံစမ်းလေ၏။ ထိုရပ်ကွက်ကလည်း မြကြီးကို ကောင်းစွာမသိသဖြင့် ရတနာကုန်သည်များရှိရာ ဈေးအတွင်းသို့ သွားရောက်ပြန်၍ မြကြီးအား စုံစမ်းပြန်၏။ ရတနာကုန်သည်များကလည်း " ကိုမြကြီး တစ်ယောက် မေ်တော်ကားမှောက်လို့ ဆေးရုံတက်နေရတာပဲ သိတယ်" ဆိုသည့် အဖြေကိုသာ ပေးကြလေ၏။

ရွှေရွှေကား စိတ်ပျက်ခြင်းမရှိဘဲ နေ့စဉ်ရက်ဆက်သလိုပင် မြကြီးအား တွေ့လိုတွေ့ငြား တောင်ကြီးမြို့အတွင်း၌ ရှာဖွေလေ၏။

ဤသို့နှင့်ပင် မြကြီးတစ်ယောက် ဆေးရုံမှ ဆင်းသွားသည်မှာ တစ်လတင်းတင်း ပြည့်သောနေ့၌ ရွှေရွှေထံသို့ စာတိုက်မှ စာနှစ်ဒါစောင် ရောက်၍လာလေ၏။ တစ်စောင်မှာ မြကြီးထံမှဖြစ်ပြီး ကျန်တစ်စောင်မှာ ခင်ခင့်ထံမှ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရွှေသည် မြကြီးထံမှ စာအိတ်ကို အရင်ဖောက်လိုက်လေ၏။ ကလေးတစ်ဦး၏ လက်ရေးနှင့် ရေးထားသော စာတစ်စောင်ကို အောက်ပါအတိုင်း ဖတ်ရလေ၏။

ဂရုဏာရှင်မလေး ရွှေရွှေ

ကိုမြကြီးတစ်ယောက် ပျောက်ခြင်းမလှ ပျောက်သွားလို့ ရွှေရွှေတစ်ယောက် စိတ်မကောင်းဖြစ်နေမှာပဲနော်၊ ကိုမြကြီး မန္တလေးကို ရောက်နေပြီ၊ ပအို့ကလေး မစ္စတာ အိုင်းစ်ရဲ့ အကူအညီနှင့် လောကခံလှိုင်းတံပိုးကို ရင်ဆိုင်နေပါတယ်၊ မျက်လုံးက ကန်းနေပြီဆိုတော့ ကိုမြကြီးအဖို့ အမြဲတမ်း မှောင်ကျနေတာပါပဲ၊ အဲဒီမှောင်ထဲမှ ရွှေရွှေ့ကို တော့ အမြဲတွေ့လျက်ပါ. . .

ရွှေရွှေ့ဒယ်ဒီ ဦးနက်ကျော်ကိုလည်း သတိရပါတယ်လို့ ပြောပါ။ ဒီစာကို ကိုမြကြီးက မရေးနိုင်ဘူးမဟုတ်လား၊ ဒီတော့ ကိုမြကြီးက ပါးစပ်နှင့် ပြောတယ်၊ ပအို့ကလေးက လိုက်ပြီးရေးပေးတယ်။

မြကြီး

အစ်မကို. . . အစ်ကိုကြီးက ကြိုက်နေပါသည်။ ကျွန်တော့်ကို မကြာခဏ ပြောပါသည်။ အစ်မကြီးကလည်း ပြန်ပြီး ကြိုက်ပါ. . . အစ်မကြီးက မကြိုက်ရင် အကိုကြီး သေပါလိမ့်မယ် . . . ဒီစာကို အကိုကြီးမသိအောင် ကျွန်တော်ရေးလိုက်ပါသည်။ ညကလည်း အမကြီးနှင့် မင်္ဂလာဆောင် တယ်လို့ အကိုကြီး အိမ်မက်မက်နေသည်။

ပအို့ကလေး အိုက်စံ

ခေါ်

မစ္စတာအိုင်းစ်-အသက် (၁၁)နှစ်။





ရွှေရွှေလည်း မြကြီး၏တပည့် ပအို့ကလေး အိုက်စံ၏ စာကို ဖတ်ပြီးနောက် ပြုံးမိသေးတော့၏။ သို့ရာတွင် စာပြန်ရန် လိပ်စာကို ဖော်ပြထားခြင်း မရှိသဖြင့် အခက်ကြုံရလေ၏။

ထို့နောက် ညီမဖြစ်သူခင်ခင်၏ စာအိတ်ကို ဖွင့်၍ ဖတ်ကြည့်ပြန်ရာ အောက်ပါအတိုင်း တွေ့ရပြန်၏။

မမ

ညီမလေး စာရေးလိုက်ပါတယ်၊ ညီမလေး ရန်ကုန်စတီးဘရားသားရုံကြီးမှာ အလုပ်ရတော့မယ်၊ နေရေးထိုင်ရေး အဆင်ပြေပါတယ်၊ အခုလောလောဆယ်မှာ သူငယ်ချင်းတစ်ယောက်အိမ်မှာ နေတယ်၊ ညီမလေးရဲ့ အဝတ်အစားတွေ ပို့ပေးပါ၊ မျက်မမြင်ဒုက္ခိတကြီးကော ဆေးရုံက ဆင်းသွားပြီလား၊ အိမ်မှာ ခဏနေပါရစေဆိုပြီး လာနေရင် လက်မခံပါနဲ့၊ အိမ်မှာ သောင်တင်နေလိမ့်မယ် . . . ဒယ်ဒီကိုလည်း သတိရကြောင်းပြောပြပါ၊ ဒယ်ဒီကတော့ ညီမလေးကို စိတ်ဆိုးနေမှာပဲ၊ နောက်မှပဲ စာရှည်ရှည် ရေးဦးမယ်။

ညီမလေး

ခင်ခင်

နံပါတ် . . . ၊၃၃-လမ်း၊ ရန်ကုန်မြို့။

ရွှေရွှေသည် ခင်ခင်၏စာကို ဖတ်ပြီးနောက် စာထဲတွင် မြကြီးအား အိမ်၌လက်မခံရန်ကိုပင် မှာကြားလိုက်သည်ကို စိတ်မကောင်း ဖြစ်မိလေ၏။ "ခင်ခင်ရယ် ကိုမြကြီးအပေါ်မှာ ဒါလောက်တောင်ပဲ စိမ်းကားရက်စက်လှချည့်လား" ဟု ရွှေရွှေက တိုးတိုးကလေး ညည်းညူလိုက်လေတော့၏။ ထို့နောက် ရွှေရွှေသည်



www.burmeseclassic.com

www.burmeseclassic.com



စာကို ဖခင်ဖြစ်သူအား ပေးလိုက်ပြီးလျှင် မြကြီးစာကိုမူ ခေါင်းအုံးအောက်၌ ပေါင်ဒါမြူး၍ ထည့်ထားလိုက်လေ၏။

ထို့နောက် ညပိုင်းတွင် မြကြီးစာအား ပြန်၍ဖတ်ကာ ရင်ဘတ်၌ တင်၍ထားလိုက်လေတော့၏။ ထိုည၌ ရွှေရွှေသည် မြကြီးနှင့် ပန်းခြံတစ်ခုအတွင်း၌ လက်တွဲ၍ လျှောက်သွားကြသည်ဟု အိပ်မက် မြင်မက်လေတော့၏။

ရွှေရွှေလည်း မြကြီးအား လွန်စွာ လွမ်းဆွတ်လျက်ရှိပေသည်။ သို့ရာတွင် လွမ်းဆွတ်ရာမှအပ မည်သို့မှ မတတ်နိုင်ဘဲ ရှိလေ၏။

ထို့ကြောင့် တောင်ကြီးမြို့တွင် နာမည်ကြီးသော ဗေဒင်ဆရာထံ သွားရောက်၍ မြကြီး၏ ကံကြမ္မာကို ဗေဒင်တွက်ကြည့်ပြန်၏။ သို့ရာတွင် ရွှေရွှေသည် မြကြီး၏ မွေးသက္ကရာဇ်ကို မသိခြင်းကြောင့် ဗေဒင်ဆရာတို့လည်း လက်မှိုင်ချကြရပြန်၏။

ရွှေရွှေသည် မြကြီးအတွက် ရည်စူး၍ လှူဒါန်းပေး၏။ "ကိုမြကြီး တစ်ယောက် ကျန်းမာပါစေ၊ မျက်စိများအကောင်းပကတိဖြစ်ပါစေ၊ သွားလေရာရာ ခလုတ်မထိ၊ ဆူးမငြိပါစေနှင့်" စသည်ဖြင့် နေ့စဉ်နေ့တိုင်း ဘုရား၌ ဆုတောင်းရှာ၏။

မြကြီးထံမှမူ အထက်ပါ စာတစ်စောင်ရပြီးနောက် လပေါင်းများစွာ အဆက်ပြတ်၍ သွားလေတော့၏။ ရွှေရွှေသည်နေ့စဉ်လိုလိုပင် ရော်ရမ်း တမ်းတခဲ့ရလေ၏။ ထိုသို့လပေါင်းများစွာ အဆက်ပြတ်ပြီးနောက် မြကြီးထံမှ စာတစ်စောင် ရရှိပြန်၏။

ရွှေရွှေသည် ထိုစာရသည့်အခါ၌ ဝမ်းသာလွန်း၍ ကလေးငယ်ကဲ့သို့ပင် ခုန်မိလေ၏။ စာအိတ်ကို တော်တော်နှင့် မဖွင့်သေးဘဲ ရင်ဘတ်ပေါ်၌ ကပ်၍ မျက်စိကို မှိတ်ကာနေ၏။ သို့ရာတွင် ထိုသို့ ကြာကြာမနေနိုင်ဘဲ မျက်စိဖွင့်၍ စာအိတ်ကို ကြည့်ပြန်၏။ တဖန် ပြန်၍ မျက်စိမှိတ်ပြန်၏။ ဤသို့ သုံးလေးကြိမ်လုပ်ပြီးနောက်မှ စာအိတ်ကို ဖွင့်လိုက်လေ၏။





ကရုဏာရှင်မလေး ရွှေရွှေ

ကိုမြကြီး သတိရလွန်းလို့ စာရေးလိုက်ပါတယ်၊ ရွှေရွှေတို့ သားအဖ နေကောင်းကြရဲ့လား၊ ကိုမြကြီးတော့ မစ္စတာ အိုင်းစ်ကလေးနှင့် လက်တွဲပြီး လောကစံကို ရင်ဆိုင်နေတယ်၊ အခုဆိုရင် မြန်မာပြည်နယ်စပ်မြို့ကလေး တစ်မြို့ကို ရောက်နေတယ်. . .။

ဒါပါပဲ

မြကြီး

အစ်မကြီး အစ်ကိုကြီးက မျက်လုံးပြန်ကောင်းလာရင် အစ်မကြီးနှင့် မင်္ဂလာဆောင်မယ်လို့ ပြောပါတယ်၊ မင်္ဂလာဆောင်ရင်ကျွန်တော့်ကို အစ်ကိုကြီးဖက်က လူကြီးလုပ်နိုင်းမယ်လို့လည်း ပြောပါတယ်၊ အစ်မကြီးကို ကျွန်တော်မမြင်ဖူးပါဘူး၊ အစ်ကိုကြီးပြောတော့ သိပ်လှတယ်ဆိုပဲ၊ အစ်ကိုကြီးမျက်လုံးက ဘာမှမမြင်ဘူး၊ အစ်မကြီးကိုပဲ မြင်တယ်လို့ ပြောတယ်၊ မျက်လုံးကန်းတဲ့လူတွေဟာ ချစ်တဲ့မိန်းမ တစ်ယောက်တည်းကိုပဲ မြင်တယ်ဆိုတာ ကျွန်တော်အခုမှ သိတယ်။

ပအို့လေးအိုက်စံ

ခေါ်

မစ္စတာ အိုင်းစ်

အသက် ၁၁နှစ်ကျော်ပြီ။

ရွှေရွှေသည် စာကိုဖတ်ပြီးနောက် ကြည်နူးရပြန်၏။ ထို့ပြင် ကြီး၏ စာအောက်၌ ခိုး၍ရေးလိုက်သော အိုက်စံခေါ် မစ္စတာအိုင်းစ် လေးကိုလည်း တွေ့ချင်စိတ်များ ပေါ်ပေါက်၍ လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ကိုမြကြီးတစ်ယောက်တော့ ဒီကလေးလေး တ ယောက် ရထားတာ ကံကောင်းတာပဲ၊ သူလဲ ဒီကလေး အဖော်လုပ်ပြီးနေရှာတာပဲ"ဟု တွေးရင်း မြကြီးအား သနား နေမိလေတော့၏။ တိုက်ဆိုင်သည်ဟုပင် ဆိုရပေမည်။ ထိုနေ့၌ ခင်ခင့်ထံမှ စာတစ်စောင်လူကြုံနှင့်ပါ၍ လာလေ၏။

ရွှေရွှေလည်း ခင်ခင့်စာကို ဖတ်ကြည့်ရာ အောက်ပါအတို တွေ့ရလေ၏။

မမ

ခင်ခင်သတိရလို့ စာရေးလိုက်တယ်၊ ခင်ခင်အခုပညာတွေ တော်တော်ကလေးတိုးနေပြီ၊ ပိုကာတွေဘာတွေတောင် ပစ်တတ်နေပြီ၊ ပိုကာပစ်တယ်ဆိုလို့ အောက်တန်းစား ဖဲသမားတွေနှင့်ကစား နေတယ်လို့မထင်နှင့်နော်၊ မင်း ကတော်တွေ၊ သူဌေးကတော်တွေနှင့် ကစားတာပါ၊ ရန်ကုန်မြို့ရဲ့ မျက်နှာကြီးအသိုင်းအဝိုင်းမှာ ခင်ခင့် နာမည်ဟာ ရေပန်းစားနေပြီမမ၊ ခင်ခင် အိမ်ကထွက် လာတာ သိပ်မှန်တာပဲ၊ ဒီလိုထွက်မလာခဲ့ရင် နွားခြေရာ ခွက်ထဲက ဖားလို ဖြစ်နေမှာအမှန်ပဲ၊ အခု မင်းကတော် စိုးကတော် သူဌေးကတော်ရဲ့ အသိုင်းအဝိုင်းမှာ ဝင်ဆန့် နေပြီ၊ ခင်ခင့်ကိုလည်း ဟိုအရာရှိ၊ ဒီအရာရှိ၊ ဟိုသူဌေး၊ ဒီသူဌေးတွေက မျက်စိကျ နေကြပြီ၊ ခင်ခင်ဟာ အရာရှိ ကတော်ဖြစ်ချင်သလား သူဌေးကတော်ဖြစ်ချင်သလား ဖြစ်ချင်တာ ဖြစ်လို့ရပြီမမ။ ဒယ်ဒီကော နေကောင်းရဲ့ လား. . .

ခင်ခင်





ရွှေရွှေသည် ခင်ခင်၏စာကိုဖတ်ပြီးနောက် စိတ်မောရလေ တော့၏။ တအူတုံဆင်း ညီအစ်မရင်းမို့လည်း ခင်ခင်အတွက်စိတ်ပူ ရသေးတော့၏။ သို့ရာတွင် ခင်ခင့်ထံသို့ မည်သို့သော ဆုံးမစာမျိုးကို ရေးသည်ဖြစ်စေ ခင်ခင်က နာခံမည်မဟုတ်ကြောင်းကိုလည်း သိထားသဖြင့် ဆုံးမစာကိုမရေးဘဲ ခင်ခင်၏ စာကိုရကြောင်း၊ ဒယ်ဒီလည်း ကျန်းမာကြောင်းလောက်ကိုသာရေး၍ စာပြန် လိုက်လေတော့၏။

ရွှေရွှေအိမ်အလုပ်ကိုလုပ်၏။ ဖခင်ကြီး၏ ဝေယျာဝစ္စကို ဆောင်ရွက်ပေး၏ ဘုရားရှိခိုး၏။ အချိန်အားရသည့်အခါ၌ ဖခင် ကြီး ဆောင်းတွင်း၌ ဝတ်ရန်အတွက် သိုးမွေးဆွယ်တာထိုးရင်းမှ သည်း ပရိတ်တော်တို့ကို ရွတ်ဖတ်လေ၏။ ထိုမှတဖန် ညနေပိုင်းသို့ ရောက်လျှင် အိမ်နှင့် မလှမ်းမကမ်းလောက်တွင်ရှိသော ဘုန်းတော် ကြီးကျောင်းသို့သွားရောက်ကာ တံမြက်လှည်းခြင်း၊ သောက်တော် ရေများခပ်ခြင်း၊ ပန်းကန်ခွက်ယောက်များ ဆေးကြောသုတ်သင်ပေး ခြင်း အလုပ်ကို မပျက်မကွက် လုပ်လေ၏။

ထိုသို့ ဘုန်းကြီးကျောင်း၏ ဝေယျာဝစ္စများ ပြုလုပ်ပြီးစီးသည့်အခါ တိုင်း၌လည်း ဤသို့ ပြုရသော ကောင်းမှုကြောင့် တပည့်တော်မ၏ ချစ်သူသည် မျက်စိနှစ်ကွင်း အလင်းရပါစေသတည်းဟု ဆုတောင်း မြဲ ဖြစ်လေ၏။

ရွှေရွှေသည် မည်သည့်ကောင်းမှုမျိုးကို ပြုသည်ဖြစ်စေ မြကြီး၏ မျက်စိနှစ်ကွင်းအလင်းရရန်အတွက် ဆုတောင်းမြဲ ဖြစ်ပေသတည်း။

ဤသို့နှင့်ပင် မြကြီးနှင့် ကွဲကွာခဲ့ရသည်မှာ တစ်နှစ်တင်းတင်း ပြည့်ခဲ့လေပြီဖြစ်၏။

တစ်နေ့သ၌ မြကြီးထံမှ စာတစ်စောင် ရပြန်၏။ ထိုစာမှာ အောက်ပါအတိုင်းဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကရုဏာရှင်မလေးရွှေရွှေ

ကိုမြကြီးမျက်စိကို ကုသပေးနိုင်တဲ့ ဆရာဝန်ကြီး တစ်ယောက်နှင့်တွေ့ပြီ။ ငွေကတော့ အိတ်သွန်ဖာမှောက် ရှိစုမဲ့စု အကုန်သွန်ပြီး ပေးရမှာပဲ၊ မစ္စတာအိုင်းစ်ကလေး ကလည်း ကိုမြကြီးကို မျက်စိကုဖို့ အမြဲပူဆာနေတယ်၊ မျက်စိအလင်းနှင့်ငွေနှင့်လဲယူရမှာပဲဆိုပါတော့ကွယ်၊ ကိုမြကြီး စိုးရိမ်တာကတော့ ငွေတွေလည်းကုန်ပြီးမှ မျက်စိ လည်း နဂိုအတိုင်းပဲဆိုရင်တော့ ခွက်ဆွဲပြီး တောင်းစာဖို့ပဲ ရှိတော့တယ်. . . ရွှေရွှေ၊

ရွှေရွှေ့ ဒယ်ဒီကောနေကောင်းရဲ့လား. . .

မြကြီး

အစ်မကြီး. . .

အစ်ကိုကြီးက ပိုက်ဆံတွေကုန်ပြီး မျက်စိ မကောင်း ရင် ဒုက္ခပဲဆိုပြီး ဆေးမကုပဲနေတယ်၊ ကျွန်တော်က အတင်းပူဆာလို့ ကုတော့တယ်၊ တကယ်လို့ ပိုက်ဆံတွေ ကုန်ပြီး မျက်စိမမြင်ရင် အစ်ကိုကြီးက သူတောင်းစား ဖြစ်မယ်လို့ ထင်နေတယ်၊ အစ်ကိုကြီးက သူတောင်းစား မဖြစ်ပါဘူး၊ ကျွန်တော်ကပဲ သူတောင်းစားလုပ်ပြီး အစ်ကို ကြီးကို ကျွေးမှာပါ အစ်မကြီး. . .။

ပအို့လေးအိုက်စံ

ခေါ်

မစ္စတာ အိုင်းစ်

အသက် ၁၂နှစ်ကျော်ပြီ။

ရွှေရွှေသည် စာကိုဖတ်ပြီးနောက် မျက်ရည်များ ယိုစီး၍လာ လေ၏။ ငွေတွေကုန်ပြီးမှ မြကြီး၏ မျက်စိမှာ အကောင်းပကတိ





ဖြစ်၍မလာပါက အမှန်တကယ်ပင် တောင်းစားရမည်လောဟု တွေး၍ ဝမ်းနည်းမိပြန်၏။

"ကိုမြကြီးရယ်၊ ခွက်ဆွဲပြီးတောင်းစားနေတဲ့ သူတောင်းစားကြီး ဆာဝကို ရောက်သွားရင်လဲ ရွှေရွှေကတော့ချစ်နေမှာပဲ ကိုမြကြီးက သက်ခံမယ်ဆိုရင် အဲဒီအဖြစ်မျိုး ရောက်ရင်တောင် ရွှေရွှေလေ ကိုမြကြီးရဲ့ လက်ကိုဆွဲပြီး ခွက်တစ်လုံးနဲ့ တောင်းချင်ရင် တောင်းရ ပါစေ၊ ကိုမြကြီးနဲ့နေခွင့်ရရင် ရွှေရွှေပျော်နေမှာပါကိုမြကြီး" ဟု တိုးတိုးကလေးရေရွတ်မိလေတော့၏။

ထို့ပြင် အိုက်စံဆိုသည့်ကလေးက ကိုမြကြီးကို သူတောင်းစား အဖြစ်နှင့် တောင်း၍ ကျွေးပါမည်ဟု ရေးထားသည့်အတွက်လည်း အိုက်စံကလေးကို သနားသွားလေတော့၏။ ထို့ပြင် အိုက်စံကလေး ၏ စိတ်စေတနာကိုလည်း လေးစားမိလေတော့၏။

ထိုနေ့မှစ၍ မြကြီးအတွက် ဆုတောင်းသည့်အခါ၌ မြင်ဖူး တွေ့ဖူးခြင်းမရှိသော အိုက်စံကလေးကိုပါ ထည့်သွင်း၍ ဆုတောင်း မိလေတော့၏။

တစ်နေ့သ၌ ရွှေရွှေသည် အိမ်မှုကိစ္စများကို လုပ်ရင်း မြကြီးကို သတိရနေစဉ်၌ အိမ်ရှေ့တွင် မော်တော်ကားတစ်စီး ရောက်လာပြီး လျှင် မော်တော်ကားဟွန်း တပွမ်ပွမ်နှင့်မြည်လေတော၏။ ရွှေရွှေ လည်း အိမ်ပေါက်ဝသို့ ထွက်၍ ကြည့်လေ၏။ မည်သူများ ဖြစ်လေ မည်နည်းဟု တွေးတောကာ နေမိလေ၏။ ထိုအချိန် ကားပေါ်မှ မိန်းကလေးတစ်ယောက်ပြေး၍ ဆင်းလာပြီးလျှင် . . .

"မမရေ. . . မမ၊ ခင်ခင်ပြန်လာပြီ"ဟု အော်လိုက်မှပင် ခင်ခင် မှန်းသိ၍သွားကာ ရွှေရွှေလည်း ပြေး၍ကြိုလေ၏။

"ခင်ခင်ရယ်. . . မမဖြင့် မှတ်တောင်မမှတ်မိအောင်ပဲကွယ်၊ တော်စားထားတာတွေလည်း ခေတ်ဆန်လှချည့်လား. . ."ဟု



www.burmeseclassic.com

www.burmeseclassic.com



ရွှေရွှေကပြောရာ ခင်ခင်က . . .

" လုပ်ပြီ မမကဖြင့်လူချင်းမတွေ့ရသေးဘူး. . . အပြစ်ပြောပြီ" ဟု နှုတ်ခမ်းစူလိုက်လေ၏။

"အပြစ်ပြောတာမဟုတ်ပါဘူးခင်ခင်ရယ်"ဟု ရွှေရွှေက တောင်းပန်လိုက်လေ၏။

"မောင်. . . လာလေ"ဟု ခင်ခင်က ကားဘက်သို့လှည့်၍ ခေါ်လိုက်ရာ၊ ဥရောပ ဘိုင်စကုတ်မင်းသားများ ဝတ်ဆင်လေးရှိသည့် အဝတ်အစားမျိုးကို ဝတ်ဆင်ထားသည့် လူငယ်တစ်ဦးသည် ဟန်ပါပါနှင့်အနီးသို့လျှောက်၍ လာလေတော့၏။

"မမ. . . ဒါ ခင်ခင်နဲ့ယူမယ့်သူပဲ၊ စက်သူဌေး ဦးဘတင်ရဲ့သား ဂျင်မီဘသင်တဲ့၊ ဂျင်မီတို့က သိပ်ချမ်းသာတာပဲမမ၊ ခင်ခင်တို့နေတဲ့ ဟောဒီအိမ်ဟာ ဂျင်မီတို့ရဲ့ အိမ်သာလောက်ပဲ ရှိတယ်၊ ကုက္ကိုင်းမှာ ခြံကြီးကလည်း ,အကျယ်ကြီးပဲ၊ အိမ်ကြီးကလည်း အကြီးကြီးပဲ၊ ခြံထဲမှာ ဆွင်းမင်းပူးလ်တွေဘာတွေနဲ့၊ ခင်ခင်တော့ ဂျင်မီတို့ဆီ ရောက်ရင် ရေကူးတော့တာပဲ၊ အခုလာတာကတော့ ဂျင်မီက စေ့စပ်ကြောင်းလမ်းပေးဖို့ ပူဆာလို့ ရက်ရွှေးပြီး စေ့စပ်ကြောင်းလမ်း ကြဖို့ လာခဲ့တာပဲ၊ ဒါကလဲ ဂျင်မီ့မိဘတွေက သဘောတူလိုက်လို့ပါ၊ သဘောမတူရင်လဲ ခင်ခင်တို့ ထွက်ပြေးကြဖို့ စီစဉ်ပြီးပြီ၊ မပြေးလို့လဲ ဘယ်ဖြစ်မလဲ မမရဲ့၊ ခင်ခင်တို့က ကျုံးကျုံးလွန်လွန်တွေ ကလည်း ဖြစ်ပြီးနေကြမှုပဲဥစ္စာ"

"အို အို. . . ခင်ခင် ဘာတွေလျှောက်ပြောနေတာလဲ"ဟု ရွှေရွှေ ကအလန့်တကြားပြောလိုက်ရာ ခင်ခင်က တစ်ခစ်ခစ်ရယ်၍. . .

"ဂျင်မီ ခင့်မမက သိပ်ရှက်တတ်တာ၊ သူက စပင်စတား (အပျိုကြီး)မဟုတ်လား၊ ဟီ ဟီ"ဟု ဆိုလေ၏

ထို့နောက် ခင်ခင်သည် ရွှေရွှေကိုတစ်ဖက်၊ ဂျင်မီဘသင်ကို တစ်ဖက် ဖက်၍ အိမ်တွင်းသို့ ဝင်လေ၏။ အိမ်တွင်းသို့ရောက်လျှင် ည့်ခန်း၌ တရားစာအုပ်ဖတ်လျက်ရှိသော ဦးနက်ကျော်အား ရွှေရွှေက. . .

"ဒယ်ဒီ ခင်ခင် ပြန်ရောက်လာပြီ. . ."ဟု ပြောလိုက်ရာ ဦးနက်ကျော်သည် စာအုပ်ကိုချ၍ ခင်ခင်အား ကြည့်ပြီးလျှင် တစ်စုံတစ်ရာ ပြောဆိုခြင်းလည်းမရှိဘဲ ငူငူကြီး ထိုင်နေသဖြင့် ခင်ခင်က ပြေး၍ဖက်ကာ. . .

"ဒယ်ဒီကလဲ သမီးကို စိတ်ဆိုးတုန်းပဲ"ဟု ပြောလျှင် ဦးနက်ကျော်က

"စိတ်မဆိုးပါဘူး သမီးရယ်. . . ဒယ်ဒီ အံ့သြနေတာပါ။ အေး အေး. . . ဘုန်းကြီးကျောင်းသွားစရာရှိသေးတယ်"ဟုဆိုကာ ဦးနက်ကျော်လည်း ထွက်၍သွားလေတော့၏။

ရွှေရွှေမှာမူ "ကဲ. . . ခင်ခင်တို့ စားဖို့သောက်ဖို့ မမ. . . စီစဉ်လိုက်ဦးမယ်"ဟုဆိုကာ မီးဖိုတွင်းသို့ဝင်လေ၏။

ခင်ခင်မှာမူ ဂျင်မီဘသင်၏ ရင်ခွင်ထဲတွင်မှီလျက် အင်္ဂလိပ်သီချင်းကို လိုက်ဆို၍နေလေ၏။

ထမင်းဟင်းလျာများကျက်သည့်အခါ၌လည်း ရွှေရွှေက ခူးခပ်ပြင်ဆင်လေ၏။ ထိုအခါ၌ ခင်ခင်နှင့် ဂျင်မီဘသင်တို့သည် ရေချိုးခန်း၌ ပြောဆိုရယ်မောလျက် ရေချိုးကြလေ၏။ ရွှေရွှေက ထမင်းပွဲကို ယပ်ခတ်၍ စောင့်နေရလေ၏။

ရေချိုးပြီးသည့်အခါ၌ ခင်ခင်တို့ ဖီးလိမ်းဝတ်စားပြီးမှ ထမင်းစားခန်းသို့ ဝင်ကြလေ၏။ ထမင်းစားသည့်အခါ၌လည်း ခင်ခင်က ဂျင်မီဘသင်၏ ထမင်းပန်းကန်တွင်းသို့ ဟင်းများ ထည့်ပေးရင်း. . .

"မောင်. . . ခင်တို့အိမ်ကကျဉ်းလို့ စိတ်ညစ်နေပြီလား. . ."ဟု မေးလေ၏။







www.burmeseclassic.com

www.burmeseclassic.com



"အမြဲနေရမှာမှမဟုတ်ဘဲ။ ဒီနေ့ည မောင်တို့ကိစ္စကို ခင့်မ ဒယ်ဒီတို့ပြောပြီးရင် နက်ဖြန် မောင့်မာမီဆီကို ဝိုင်ယာရိုက်မယ်တွ မာမီတို့ရောက်တာနဲ့ အင်ဂေ့ဂျ်လုပ်ပြီး ပြန်ကြမှာဆိုတေ စုစုပေါင်းမှ လေးရက်လောက်ပဲနေရမဲ့ဥစ္စာ"ဟု ဂျင်မီဘသင် ပြန်၍ပြောလေ၏။

ရွှေရွှေကမူ ထမင်းဟင်းကို လိုလေသေးမရှိအောင် ထည့် ပေးလေ၏။ ထို့နောက် ရွှေရွှေသည် ဂျင်မီဘသင် အိပ်စက် အတွက် အခန်းကို ရှင်းလင်းပေးပြန်လေ၏။ ထိုသို့ ရှင်းလင်းပေး နောက် ခင်ခင့်အတွက် အခန်းကိုပါ ရှင်းပြန်လေ၏။

ခင်ခင်လည်း ထမင်းစားပြီးဖြစ်၍ ရွှေရွှေအခန်းရှင်းသည် နေရာသို့ ရောက်လာပြီးလျှင်...

"မမ...ထားလိုက်ပါ။ ဘာဖြစ်လို့ ရှင်းနေလဲ"ဟု မေးလေ၏

"ညီမလေးအိပ်ဖို့လေ"ဟု ရွှေရွှေကပြောလေသည်။

"ဟိုဘက်အခန်းကရော..."

"ဂျင်မီဘသင် အိပ်ဖို့လေ..."

"အဲဒါကြောင့် မမက အပျိုကြီးဖြစ်နေတာပေါ့။ ခင်ခင် ဂျင်မီက အတူတူအိပ်ကြမှာပဲ..."

"အို...ဘယ်ဖြစ်မလဲ ခင်ခင်ရယ်၊ ယူမှ မယူရသေးတာ ပဲ..."

"ဒီလိုအိပ်နေတာပဲ ကြာလှပြီ မမကလဲ..."

"အို...အို ဒယ်ဒီလဲရှိတာ ဘယ်ဖြစ်ပါ့မလဲ ညီမလေးရယ်"

"မမပြောသလို တစ်ခန်းစီအိပ်လဲ ဂျင်မီက ခင်ခင့်ဆီ ရောက်လာ မှာပဲ၊ ဂျင်မီမရောက်ရင်လဲ ခင်ခင်က သွားရမှာပဲ..."

"အလို... ဘုရား... ဘုရား..."

"ခင်ခင်တို့က ညားပြီးသားပါ။ လက်ထပ်တယ်ဆိုတာ တရားဝင်





အောင် လုပ်တာပဲရှိတယ်။ ခင်တို့အဖို့ ဘာမှမထူးတော့ဘူး။ မမတို့ လို ပြုတ်မနူးတဲ့ အပျိုကြီးတွေဟာ မင်္ဂလာဆောင်တဲ့ညမှ ယောကျ်ား ကိုတွေ့ဖူးတော့ အသည်းတွေ၊ အူတွေ ပြောင်းပြန်လန်အောင် လန့်ဖျပ်ကုန်ကြတာ... ဟီဟိ..."ဟု ပြုံတီတီပြောင်တောင်တောင် အသံဖြင့်ရယ်မောလေ၏။

ထို့နောက် ခင်ခင်နှင့်ဂျင်မီသည် တောင်ကြီးမြို့တွင်းသို့ လျှောက်၍ လည်ကြပြီးလျှင် ညနေပိုင်းလောက်တွင်မှ ပြန်ရောက်လာ ကြလေ၏။ "မမရေ...ဂျင်မီက မနက်ကချက်တဲ့ ငါးဖိန်းကို ကြိုက်ဘူးတဲ့။ ပြောင်းပြီးချက်ပေးပါ"ဟုဆိုကာ ရေချိုးကြ ပြန်လေ၏။ ရေချိုးပြီးနောက် ဖြီးလိမ်းဝတ်စား၍...

"မမ... ခင်ခင်တို့ ရွှေညောင်ကိုသွားဦးမယ်...၊ ပြန်မှ ထမင်းစားမယ်"ဟုဆိုကာ မော်တော်ကားဖြင့် ထွက်၍သွားလေ၏။

ရွှေရွှေမှာ ထမင်းပွဲပြင်ပြီးနောက် အုပ်ဆောင်းဖြင့် အုပ်ထားပြီး လျှင် ခင်ခင်တို့ကို စောင့်မျှော်၍ နေလေ၏။ ည(၈)နာရီထိုးသည့် တိုင်အောင်ပင် ပြန်၍မရောက်ကြသေးပေ။ ဟင်းချိုမှာမူ အေးစက် တန်ပြီဖြစ်၍ ပြန်နွှေးရပြန်လေ၏။ ရွှေရွှေ မီးဖိုတွင်း၌ အလုပ်ရှုပ်လျက် ရှိသည့်အချိန်လောက်မှာပင် အိမ်ရှေ့တံခါးခေါက်သဖြင့် "လာပြီ ခင်ခင်ရေ"ဟုဆိုကာ ပြေး၍ထွက်လာပြီးလျှင် တံခါးကိုဖွင့်လိုက်ရာ တစ်ကိုယ်လုံးသွေးများပေကျံလျက်ရှိသည့် ဂျင်မီဘသင်ကို ထိတ်လန့် ဖွယ်ရာ တွေ့ရလေ၏။

"ခင်ခင်ရော...ဟင် ခင်ခင်ရော"ဟု ရွှေရွှေက အလန့်တကြား မေးသည့်တိုင်အောင် ဂျင်မီက ပြန်၍မပြောနိုင်ဘဲ တံခါးကိုကိုင်၍ ရပ်နေလေ၏။

"ဟဲ့... ဘာဖြစ်တာလဲ၊ ခင်ခင်ရော ဘယ်မှာလဲ"ဟု ရွှေရွှေက အော်လိုက်လေမှသာလျှင် ဂျင်မီက အသံယဲ့ယဲ့ကလေးဖြင့် အောက်ပါ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ပြောပြလေ၏။

"ခင် ဆေးရုံမှာ. . ."

"ဟင်. . . ဘာဖြစ်လို့လဲ. . .၊ ဘာဖြစ်လို့ ဆေးရုံရောက်သွား တာလဲ. . ."

"တောင်ပေါ်အတက်မှာ ဂျင်မီတို့ကားနဲ့ လော်ရီကားကြီး တိုက်မိတယ်။ ဂျင်မီကတော့ ဘာမှမဖြစ်ဘူး။ ခင်ခင်တော့ တော တော်ထိသွားတယ်။ အသက် ရှင်ဖို့တောင် လမ်းမရှိဘူး တူပါရဲ့. . ." ဟုဆိုကာ ငိုလေ၏။ ထိုအချိန်၌ ဦးနက်ကျော်လည် အိမ်ပေါ်မှဆင်းလာပြီး "သမီးကြီး. . . ဘာဖြစ်တာလဲ"ဟု မေးလေ၏

"ဖေဖေ ကားချင်းတိုက်မိလို့ ခင်ခင်ဆေးရုံမှာတဲ့ ဟောဒီ ဂျင်မီ" ဟုဆိုကာ ရွှေရွှေလည်း တဟီးဟီးငိုလေတော့၏။ ဦးန ကျော်လည်း တုန်တုန်ယင်ယင်နှင့် အိမ်ပေါ်မှဆင်းလာပြီးလျှ သွေးရဲရဲသံရဲရဲနှင့် ဂျင်မီဘသင်ကို ကြည့်ပြီးနောက် ရွှေရွှေ့အ လှည့်ကာ. . .

"ဟိုရှေ့ကဟာ ဆေးရုံက ကားမဟုတ်လား"ဟု မေးလေ၏

ဂျင်မီက "ဟုတ်ပါတယ်. . . အန်ကယ်။ ဂျင်မီကိုလိုက်ပို့တဲ့ကာ ပါ"ဟု ပြောလျှင် ဦးနက်ကျော်လည်း. . .

"လာ. . သမီးကြီး"ဟုဆိုကာ ရွှေရွှေကိုခေါ်၍ သွားလေတော့၏ ရွှေရွှေကလည်း ဦးနက်ကျော်တို့နောက်သို့ မလိုက်မီ. . .

"ဂျင်မီ. . . ဟဲ့ နင်လဲလိုက်ခဲ့လေ"ဟုပြောရာ ဂျင်မီ ခေါင်းကို ခါ၍. . .

"ဂျင်မီ မလိုက်ပါရစေနဲ့. . . မမရယ်" ဟုဆိုကာ နေ ခဲ့လေ၏။

ဦးနက်ကျော်နှင့် ရွှေရွှေသာလျှင် ဆေးရုံမှကားနှင့်လိုက်ပါသွ ကြလေတော့၏။





## ဂျင်မီဘသင် စကား

ရွှေရွှေနှင့် ဦးနက်ကျော်လည်း ဆေးရုံသို့ ရောက်လျှင် ဆရာဝန်ကြီးနှင့်တွေ့ဆုံ၍ ခင်ခင်၏ အခြေအနေကို မေးမြန်းစုံစမ်းရာ ဆရာဝန်ကြီးက သူ၏ဦးခေါင်းကို တွင်တွင်ရမ်းလျက် . . .

"အသက်ကတော့မသေသေးပါဘူး၊ မျက်နှာကတော့ ဒဏ်ရာဒဏ်ချက်တွေများတယ်၊ အထူးသဖြင့်ကတော့ မျက်လုံးကို ထိခိုက်ဖို့ရှိတယ်"ဟု ပြောလိုက်ရာ ရွှေရွှေသည် ချုံးပွဲချ၍ ငိုလေတော့၏။

"ညီမလေးရယ်. . . အဖြစ်ဆိုးလှချည့်လားကွယ်"ဟုသော စကားကို ထပ်တလဲလဲပြောဆို၍ ငိုကြွေးလေတော့၏။ ဦးနက်ကျော်လည်း သမီးကလေးအတွက် လွန်စွာ ယူကြုံးမရဖြစ်ရလေတော့၏။

ရွှေရွှေတို့သည် ဆေးရုံ၌ ညလုံးပေါက်ထိုင်၍ စောင့်နေရာ ညနာရီပြန် သုံးချက်ထိုးလောက်တွင် ခင်ခင်သည် သတိရ၍ လာပြီးလျှင် . . .

"မောင်. . . မောင်"ဟု ခေါ်နေသဖြင့် ဆရာဝန်ကြီးက ရွှေရွှေတို့သားအဖအား ခင်ခင်ရှိရာသို့ ခေါ်သွားလေ၏။

ခင်ခင်၏ မျက်နှာတစ်ခုလုံးမှာ ပတ်တီးများဖြင့် စည်းနှောင်ထားလေ၏။ နှာခေါင်းပေါက်နှင့်ပါးစပ်ပေါက်ကလေးသာလျှင် အနည်းငယ် ချန်ထားလေ၏။

"မောင်. . . မောင်. . . မောင် မသေဘူးနော်. . . မောင့်ကို ခေါ်ပေးပါ"ဟု အသံသဲ့သဲ့ကလေးဖြင့် ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်ပေးပါ့မယ်ညီမလေး၊ ဂျင်မီအိမ်မှာရှိပါတယ်၊ ဘာမှ စိတ်ပူမနေနဲ့တော့ ဂျင်မီဘာမှမဖြစ်ပါဘူး"ဟု ရွှေရွှေက ပြောသော်လည်း ခင်ခင်က ပူဆာနေသဖြင့် ရွှေရွှေနှင့် ဦးနက်ကျော်သည် ဂျင်မီကို ခေါ်ရန်အိမ်သို့ ပြန်လာလေ၏။

အိမ်ရှေ့သို့ ရောက်ခါနီးတွင် သားရေသေတ္တာကိုဆွဲ၍ ခြံတွင်းမှ ထွက်၍လာသော ဂျင်မီဘသင်ကို ပက်ပင်းတွေ့လေတော့၏။ ထိုအခါ ရွှေရွှေက ပြေးသွားပြီးလျှင် ဂျင်မီဘသင်ရှေ့၌ ပိတ်၍ ရပ်ကာ

"ဟဲ့. . . ဂျင်မီ နင်က ဘယ်ကိုလဲ" ဟု ရွှေရွှေက မေးရာ ဂျင်မီဘသင်က တစ်စုံတစ်ရာမပြောဘဲ ခေါင်းကိုငုံ့၍နေလေ၏။

"ဟဲ့. . . ဂျင်မီ ဘယ်ကိုလဲ"ဟု ရွှေရွှေက ထပ်၍ မေးလိုက်သည့်အခါ . . .

"ကျွန်တော်ကားကြိုနဲ့ ရွှေညောင်ကိုသွားမယ်၊ ရွှေညောင်ကနေ မီးရထားနဲ့ ရန်ကုန်ကိုပြန်မယ်"ဟု ဂျင်မီဘသင်က ပြောလိုက်ရာ ရွှေရွှေက ဂျင်မီဘသင်အား ပုခုံးမှကိုင်တွယ်၍ သွက်သွက်ခါအောင် ဆွဲလှုပ်ပြီးနောက် . . .

"မင်း ရက်စက်လှချည်လား၊ ကိုယ်ယူမယ့်မိန်းမတစ်ယောက် သေလုမြောပါးဝေဒနာ ခံစားနေရတာကို တွေ့တောင်မတွေ့တော့ဘဲ သွားတော့မှာလား"ဟု ရွှေရွှေက ဒေါနှင့်မောနှင့်မေးလိုက်ရာ ဂျင်မီက . . .

"ကျွန်တော်မယူတော့ဘူး အစ်မ"

"ဟင်. . . ခွေးကောင်"ဟု ဆိုကာ ဂျင်မီဘသင်၏ ပါးကို "ဖြန်း"ကနဲ ရိုက်ချလိုက်လေတော့၏။

"ရိုက်ပါအစ်မ ရိုက်ပါ၊ ကျေနပ်အောင်ရိုက်ပါ၊ ကျွန်တော်ကတော့ ခင့်ကို မယူနိုင်တော့ဘူး၊ ကျွန်တော့်ဘက်က စဉ်းစား





ကြည့်စမ်းပါ၊ ကျွန်တော့်ကို အစ်မမောင်အနေနဲ့ထားပြီး စဉ်းစားကြည့်စမ်းပါ။ မျက်နှာတစ်ခုလုံး ဒဏ်ရာတွေနဲ့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့မိန်းမ၊ ဆရာဝန်ပြောပြချက်အရဆိုရင် မျက်လုံးလည်း တန်းဦးမယ်တဲ့၊ အဲဒီလို ဒုက္ခိတကြီးကို ကျွန်တော်တစ်သက်လုံး ပေါင်းရမှာလား၊ ကျွန်တော်ဟာ သူဌေးသားတစ်ယောက်ပါ၊ ကျွန်တော်ဟာ အစစ အရာရာ ပြည့်စုံနေပါလျက် ဒုက္ခိတမကြီးကို မယားအဖြစ်ယူရ မှာလား"ဟု ဂျင်မီဘသင်က ပြောလိုက်ရာ၊ ရွှေရွှေမျက်နှာကို လက်ဝါးဖြင့်အုပ်၍ ငိုချလိုက်လေတော့၏။

"ကျွန်တော်သွားမယ် အစ်မ"ဟုဆိုကာ ဂျင်မီဘသင်ကထွက်၍ သွားလေ။

ရွှေရွှေသည် မည်မျှကြာအောင် ငိုကြွေးနေသည်မသိပေ၊ ဦးနက်ကျော်က ပုခုံးကိုလာ၍ကိုင်ကာ . . .

"လာပါသမီးကြီးရယ်၊ မင်းညီမဟာ မောင်မြကြီးရဲ့ဝဋ်ကို လည်ပြီ ပေါ့၊ မောင်မြကြီးတုန်းက သူဒီလိုပဲပြောခဲ့တာမဟုတ်လား၊ အခု သူ့အလှည့်ပေါ့၊ ဟဲ. . . ဟဲ ကာလဝိပါတ်နောက်ပိုးတက်ဆိုတာ ဒါမျိုးပေါ့ကွယ်"ဟု ပြောကာ ရွှေရွှေအား အိမ်တွင်းသို့တွဲ၍ ခေါ်သွားလေတော့သတည်း။

၈ ၈ ၈



www.burmeseclassic.com

www.burmeseclassic.com



# ရင်ကွဲနာကျပြီ

နံနက် ၁၀ နာရီလောက်တွင် ရွှေရွှေသည် ဆေးရုံသို့သွားရန် ပြင်ဆင်၍ ဖခင်ကြီးအား "ဒယ်ဒီ ဆေးရုံသွားမယ်လေ"ဟုခေါ်ရာ ဦးနက်ကျော်က . . .

"ဒယ်ဒီမလိုက်တော့ပါဘူး သမီးကြီးရယ်"ဟု ပြောလိုက်သဖြင့် ရွှေရွှေတစ်ယောက်တည်း သွားရလေ၏။ ဆေးရုံသို့ ရောက်လျှင် ခင် ခင်၏ အခန်းတွင်းသို့ ဝင်လိုက်ပြီးနောက် . . .

"ညီမလေးသက်သာရဲ့နော်"ဟု မေးလေ၏။

"မမလား၊ ဂျင်မီရော. . . ဟင်မမ၊ ဂျင်မီရော"ဟု ခင်ခင်က အငမ်းမရ မေးလေ၏။

ရွှေရွှေက တစ်စုံတရာမပြောဘဲ ငြိမ်၍ နေလေ၏။ ထို့ကြောင့် ခင်ခင်က အဖြစ်မှန်ကို သိ၍သွားလေ၏။

"ဘယ်လိုလဲမမ၊ သူထွက်သွားပြီမဟုတ်လား၊ ခင့်ကို ရုပ်ပျက် ဆင်းပျက်ဖြစ်သွားပြီ၊ မျက်လုံးကန်းသွားပြီဆိုပြီး မယူနိုင်တော့ဘူး ပေါ့လေ၊ ယောကျ်ားတွေဟာ သိပ်ပြီး သစ္စာမဲ့တယ်၊ ခင့်ကို ဒီလိုလုပ်လို့ ဘယ်ရမလဲ မမရာ၊ ဂျင်မီနဲ့ခင်နဲ့ တွဲပြီးရိုက်ထားတဲ့ ဓာတ်ပုံတွေရှိတယ်၊ သတင်းစာကနေကြော်ငြာမယ် သူတစ်ခြား မိန်းမကိုယူရင် ခင်ကတော့ ကန့်ကွက်မှာပဲ၊ အရှက်ခွဲမှာပဲ မမ"ဟု ခင်ခင်က ပြောရင်းငိုလေ၏။

ရွှေရွှေ၏ စိတ်၌ ကိုမြကြီးကို ခင်ခင်သည် ဤကဲ့သို့သော



www.burmeseclassic.com

www.burmeseclassic.com



အဖြင်ချိုးဘွင် ဝစ်သွားခဲ့သည်ကို ပြန်လည်၍ သတိရလာလေ၏။ ဘိုအချိန်တ ကိုမြကြီးသည် မိန်းမများသည် သစ္စာမရှိဟုလည်းမဆိုခဲ့ ခင်ခင် တစ်ခြားယောကျ်ားတစ်ယောက်ကိုယူခဲ့လျှင် ကန့်ကွက်မည် အရှုတ်ခွဲမည်ဟုလည်း မပြောခဲ့ရုံမျှမက၊ မိမိက ခင်ခင်အယောင် ဆောင်ရှုက်နေသည်ကိုပင် အပြစ်မတင်ရှာခဲ့သော အဖြစ်ကိုလည်း စဉ်းစားမိလေတော့၏။

"ဘာပဲဖြစ်ဖြစ် သူနဲ့သွားတုန်းဖြစ်ရတဲ့ကိစ္စပဲ၊ သူ့ဆီမှာ နစ်နာ ကြေးကိုတော့ မရမက တောင်းရမှာပဲ၊ ခင့်ကို မယူတဲ့အတွက်လဲ နစ်နာကြေးတောင်းရမှာပဲ၊ ယောကျ်ားတွေဟာ သစ္စာမဲ့ကို မဲ့ပါတယ် မမ"ဟု ခင်ခင်က ပြောလိုက်လျှင် . . .

"ယောကျ်ားတွေသစ္စာမမဲ့ပါဘူးကွယ်၊ မောင်မြကြီးသာ ဒီစကား ကိုကြားရင် ဟားတိုက်ပြီးရယ်လိုက်လိမ့်မယ်၊ အဲဒီရယ်သံမှာ ဒယ်ဒီ ဟာ လိပ်ပြာလွင့်သွားနိုင်တယ်သမီး"

ဦးနက်ကျော်သည် မည်သည့်အချိန်က ရောက်ရှိလာသည်မသိ ပေ၊ အထက်ပါအတိုင်း ပြောလိုက်လေ၏။ ရွှေရွှေလည်း မျက်လုံး ပြူး၍ သွားလေသည်။

"ဝဋ်တုံ့ဝဋ်လှည့်ဆိုတာရှိတယ်သမီး၊ မောင်မြကြီးတုန်းက သမီး ပြောခဲ့တဲ့ စကားတွေပဲ၊ အခုဂျင်မီက ပြောသွားတယ်၊ တကယ်လို့သာ မောင်မြကြီးတုန်းက သမီးဟာ အဲဒီစကားမျိုးမပြောခဲ့ဘူးဆိုရင် အဲဒီညက ဂျင်မီကို ဒယ်ဒီကိုယ်တိုင်သတ်မိမှာပဲ၊ အခုတော့ ဒယ်ဒီ က ဂျင်မီကို သတ်ဖို့မပြောနဲ့ စိတ်တောင်မဆိုးတော့ဘူးကွ၊ အခု အခါမှာ ဂျင်မီကို ဒယ်ဒီက စိတ်ဆိုးလိုက်ရင် ဒယ်ဒီ ဘယ်တရားပါ့ မလဲသမီး၊ မောင်မြကြီးအလှည့်တုန်းက သမီးလုပ်သွားတာကိုတော့ ဒယ်ဒီက ဘာမှမပြောခဲ့ပဲကိုး"ဟု ဦးနက်ကျော်က ပြောလိုက်ရာ ရွှေရွှေက . . .





"ဒယ်ဒီရယ် ခင်ခင်စိတ်မကောင်းဖြစ်နေပါ့မယ် မပြောပါနဲ့"ဟု င်ကန့်ကွက်လိုက်လေ၏။

"ပြောပါဒယ်ဒီ. . . သမီးက အပြောခံရမယ့်ဘဝကို ရောက်နေ ပြီကိုး"ဟု ခင်ခင်ကပြောရင်း ငိုလေ၏။

"ဒယ်ဒီတို့ကဒါကြောင့် ဝဋ်ကို သိပ်ပြီးကြောက်တယ်၊ ဒယ်ဒီ ပြောဦးမယ်. . . ဒယ်ဒီဟာ တစ်ခါက မောင်မြကြီးကို လူသတ်မှုမှာ ပေါ်ဘဲနဲ့ဖမ်းဆီးပြီး၊ ဒယ်ဒီတပည့်တွေကို ရိုက်နှက်ခိုင်းပြီးအမှုစစ်ခဲ့ တယ်၊ ဟောနောက်တော့ မောင်မြကြီးဟာ ဒယ်ဒီသမက်လောင်း ဖြစ်ပြီးဖြစ်နေပြန်ရော"ဟု ပြောလိုက်လျှင် ရွှေရွှေက "သမက် လောင်း မဟုတ်ဘူး ဒယ်ဒီရေ၊ ကိုမြကြီးနဲ့သာ ပြန်ပြီးတွေ့ရင် သမီးက ယူမှာ၊ ဒယ်ဒီ့သမက်မှ သမက်အစစ်"ဟု စိတ်တွင်းမှ ပြောလိုက်မိလေတော့ ၏။

"ဒယ်ဒီပြောမယ်သမီး၊ တကယ်လို့သာ မောင်မြကြီးဟာ လူယုတ်မာတစ်ယောက်ဖြစ်ပြီး ငါ့သမီးကို ဖျက်ဆီးရုံဖျက်ဆီးပြီး မယူဘဲ ထားခဲ့မယ်ဆိုရင်လဲ ဒယ်ဒီအဖို့တော့ ဝဋ်လည်တယ်လို့ပဲ ယူဆမိမှာပဲ၊ အခုတော့ မောင်မြကြီးဟာ လူကောင်းမှ တကယ့် လူကောင်းပါကွယ်၊ ဒယ်ဒီတို့ဆီမှာ အပူမကပ်တဲ့အပြင် ပေးတဲ့ အကူအညီကိုတောင် အားနာလို့မယူဘဲ ရှောင်ထွက်သွားခဲ့တယ်"ဟု ဦးနက်ကျော်က ပြောလိုက်လေ၏။

ထို့နောက် ခင်ခင်အား ရွှေရွှေက ဖြောင်းဖြစကား ပြောပြီး နောက် ထမင်းစားလို့ရသည့်အခါ၌ စားချင်သည်ကိုပြောရန် ကြား၍ ဦးနက်ကျော်နှင့်အတူ အိမ်သို့ ပြန်ခဲ့လေတော့၏။

အိမ်သို့ပြန်ရောက်ပြီး များမကြာမီ၌ပင် စာပို့သမားလာ၍ ကြီးထံမှ စာတစ်စောင်ရရှိလေ၏။ ယင်းစာမှာ ရွှေရွှေလက်သို့ ခုအခါမှရောက်ရှိသော်လည်း အမှန်စင်စစ်အားဖြင့် လွန်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



သုံးပင်ခန့်က ရေးထားသော စာဖြစ်ကြောင်း စာ၌ပါသော နေ့စွဲက ဖော်ပြနေလေ၏။ ရွှေရွှေကလည်း မြကြီးထံမှ စာကို ကဗျာကယာ ဖွင့်၍ ဖတ်ကြည့်လေ၏။

ကရုဏာရှင်မရွှေ. . .

ကိုမြကြီးမျက်စိကို ကုနေပြီ၊ ဆရာဝန်ကတော့ မျက်စိပြန်ကောင်း ဖို့ သုံးပုံနှစ်ပုံရှိတယ်ဆိုပဲ၊ ကျန်တဲ့တစ်ပုံကတော့ ကံပေါ့ရွှေရွှေ။

ကိုမြကြီးမျက်စိပြန်ပြီးမြင်တဲ့အခါမှာ ပထမဆုံးမြင်ချင်တဲ့လူဟာ ရွှေရွှေပါပဲ၊ ဒါပေမယ့် မဖြစ်နိုင်ပါဘူး ရွှေရွှေ။

ပြီးတော့ ရွှေရွှေ့ဒယ်ဒီဆီကိုလည်း စာတစ်စောင် ပေးလိုက်ပါတယ်၊ အဲဒီစာကတော့ ရွှေရွှေနဲ့ကိုမြကြီးရဲ့ ကိစ္စကို အသိပေးတဲ့စာပဲ။

ရွှေရွှေပို့သတဲ့မေတ္တာကြောင့်
ကိုမြကြီးမျက်စိဟာ ပြန်ပြီးမြင်ရတော့မှာပါ။
မြကြီး

အစ်မကြီး

အစ်ကိုကြီးကတော့ ခဏခဏ ရွှေရွှေလို့ ပြောနေတယ်၊ အိမ်မက်မှာလည်း ရွှေပါတာပဲ၊ စားတဲ့နေရာမှာလည်း ရွှေပါတာပဲ၊ အစ်ကိုကြီးက ရွှေလို့တစ်ခွန်းပြောတိုင်း ရွှေတောင့် တစ်တောင့်, တစ်တောင့် ရမယ်ဆိုရင် ကျွန်တော်တို့ ရွှေတောင့်တွေအများကြီးရနေပြီ။

အစ်မကြီးကို အစ်ကိုကြီးက မျက်လုံးပြန်ပြီးမြင်တာနဲ့ ယူမှာ သေချာတယ်၊ အစ်ကိုကြီးနှင့် အစ်မကြီးယူလိုက်ရင်





ကျွန်တော်နဲ့ အစ်မကြီးနှင့် ဘာတော်သလဲဆိုတာ ကျွန်တော် သိချင်ပါတယ်။

ကျွန်တော်တို့ ပအိုမှာ မိန်းမရဲ့အစ်ကိုကိုလည်း မတ်လို့ ခေါ်တယ်၊ မောင်ကိုလည်း မတ်လို့ခေါ်တယ်။ ညီအစ်မ နှစ်ယောက်ဟာ ယောကျ်ားယူခဲ့လို့ရှိယင် အစ်မရဲ့ ယောကျ်ားကို ညီမရဲ့ယောကျ်ားက ဘကြီးလို့ ခေါ်ရပါတယ်။ တစ်ခါ အစ်မရဲ့ယောကျ်ားက ညီမရဲ့ ယောကျ်ားကို ဦးလေးလို့ ခေါ်ရပါတယ်။ ပြီးတော့ အမေရဲ့မောင်ကို ပဲဖြစ်ဖြစ်၊ အစ်ကိုကိုပဲ ဖြစ်ဖြစ်၊ ယောက္ခမလို့ ခေါ်ရပါတယ်။ ပြီးတော့ အဖေရဲ့ အစ်မနဲ့ ညီမကိုလည်း ယောက္ခမလို့ခေါ်ပါတယ်။ ကျွန်တော် ထင်တာကတော့ အစ်ကိုကြီးနဲ့ယူလိုက်ရင် အစ်မကြီးဟာ ကျွန်တော်ရဲ့ချွေးမ ဖြစ်သွားမယ်ထင်တယ်။

အိုက်စံ (ခေါ်) မစ္စတာအိုင်းစ်
အသက် ၁၂နှစ် ကျော်ပြီ။

ရွှေရွှေသည် ပအိုကလေး၏ စာကိုဖတ်ပြီးနောက် ရယ်မောရ နေလေ၏။ ထို့နောက် ဦးနက်ကျော်အတွက် ရေးလိုက်သောစာကို ဖတ်ကြည့်ပြန်၏။

ရာဇဝတ်အုပ်မင်း ဦးနက်ကျော်ခင်ဗျား . . .

ကျွန်တော့်မျက်စိကို ဆရာဝန်နဲ့ကုသလျက်ရှိပါတယ်။ ကျွန်တော် အရေးကြီးတဲ့ အကြောင်းအရာတစ်ခုကို ရာဇဝတ်အုပ်မင်းကို အသိပေးလိုပါတယ်။

နားနဲ့မနာ ဖဝါးနဲ့နာပါ၊ ကျွန်တော့်အပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရွှေရွှေဟာ ကရုဏာထားတာကို တွေ့ရပါတယ်၊ ကျွန်တော်မျက်လုံးတွေ ပြန်ပြီး ကောင်းခဲ့လို့ရှိရင် ရွှေရွှေကိုလက်ထပ်ပြီး ယူပါရစေလို့ အသိပေး ပါတယ်။

အဝေးမှ ရှိသေလေးစားလျက်

သား

မောင်မြကြီး

ရွှေရွှေသည် ထိုစာကိုဖတ်ပြီးနောက် မျက်လုံးပြူး၍ သွားလေ၏။ ထိုစာကို ဖခင်ဖြစ်သူအား သွားရောက်၍ပေးပါ အမှန်ပင်စိတ်ဆိုး ပေတော့မည်ဟုလည်း တွေးမိလေ၏။ သို့ရာတွင် မပေး၍ကလည်း မဖြစ်ပေ။ ဤစာကိုမပေးမိပါက တစ်ချိန်တွင် အခက်အခဲအဖုအထစ် ဖြစ်နိုင်စရာ ရှိသည်ကိုလည်းတွေးမိပြန်၏။ ထို့ကြောင့် ရွှေရွှေသည် ထိုစာကိုပေးသင့် မပေးသင့် ချီတုံချတုံ လုပ်ပြီးနောက် ဖြစ်ချင်ရာဖြစ်စေတော့ အခုရှုတ်မှ နောင်ရှင်းဖွ သဘောထားကာ ဦးနက်ကျော်ထံသို့ စာကိုသွား၍ ပေးလေ၏။

ဦးနက်ကျော်လည်း စာကိုဖတ်ပြီးနောက် ပြုံးရယ်လျက်. . .

"ခွေးမသားမြကြီး၊ ငါက သမီးနဲ့ သဘောတူမယ်၊ မတူမယ် မပြောရသေးဘူး ဒင်းက လက်မှတ်ထိုးတဲ့နေရာမှာ"သား" လေး "ဘာလေးနဲ့"ဟု ပြောကာ ရွှေရွှေလက်သို့စာကိုထည့်၍ "သမီးကြီး ဖတ်ကြည့်စမ်း"ဟု ဆိုလေ၏။

"သမီးဖတ်ပြီးပါပြီဒယ်ဒီ" ဟု ရွှေရွှေက ပြန်ပြောလိုက်ရာ ဦးနက်ကျော်က. . .

"သမီးကြီးကရောဘယ်လိုသဘောရသလဲ"ဟု မေးလေ၏။ ရွှေရွှေက ပြန်၍ မဖြေဘဲ ခေါင်းကိုငုံ့၍ ထားလေ၏။

"ဒယ်ဒီသိပါတယ် သမီး၊ အမှန်ကတော့ မောင်မြကြီးကို သမီးကြီး





တ အရင်မျက်စိကျခဲ့တာပါ၊ ဟိုမန္တလေးမှာ လက်စွပ်ခိုးမှုနဲ့ ဖမ်းကတည်းကပဲ၊ မောင်မြကြီးကလဲ ဒီလိုပါပဲ၊ ဒါပေမယ့် ခင်ခင်က သွက်သွက်လက်လက်နဲ့ မောင်မြကြီးကို သူက ဆွဲဆောင်သွားခဲ့တယ်၊ အမှန်ကတော့ ခင်ခင့်စရိုက်နဲ့ မောင်မြကြီးနဲ့က မဖြစ်ဘူးကွယ်၊ တကယ်လို့ ရရင်လဲ အဆင်ပြေမှာ မဟုတ်ပါဘူး၊ သမီးနဲ့ မောင်မြကြီး ကတော့ ရွှေနဲ့မြ ဆိုသလိုပါပဲ သမီး"ဟု ပြောလိုက်ရာ ရွှေရွှေက . . .

"ဘို ဒယ်ဒီကလဲ" ဟု ရှက်ရှက်နှင့် အော်လိုက်မိလေ၏။

"မဟုတ်ဘူး သမီး. . . သမီးတို့မာမိမရှိကတည်းက ဒယ်ဒီပဲ အဖေ၊ ဒယ်ဒီပဲအမေမဟုတ်လား သမီး. . . ဒီတော့ သမီးတို့ကို ဒယ်ဒီက ပွင့်ပွင့်လင်းလင်းပဲ ပြောရမယ်ကွယ့်"ဟု ဦးနက်ကျော်က ပြောလိုက်လေ၏။

"ဟုတ်ပါတယ် ဒယ်ဒီ၊ သမီးလဲ ကိုမြကြီးကို သနားမိပါတယ်'ဟု ရွှေရွှေက ပြောဆိုလေ၏။

"အေး. . . အေး. . . တစ်ခုပဲ ဒယ်ဒီတို့အဖို့ခက်တယ်၊ တကယ် လို့ မောင်မြကြီးနဲ့သမီးတို့ ယူလိုက်ကြရင် သမီးညီမက ရှိနေလေ တော့ သမီးတို့ဥစ္စာ မျက်နှာပူစရာကြီးဖြစ်မနေဘူးလားကွယ်"

ရွှေရွှေသည် ဦးနက်ကျော်၏ စကားအရာလိမ္မာကျွမ်းကျင်ပုံကို အံ့သြမိလေ၏။ 'မောင်မြကြီးနဲ့တော့ သဘောမတူနိုင်ဘူး"ဟု ပြော မည်အစား ဤသို့လျှင် အကွက်ကျကျ ပြောလိုက်ရာ ရွှေရွှေသည် မည်သို့မည်ပုံ ပြောရမည်ကို မသိတော့ဘဲ မျက်ရည်များ တတွေတွေ စီး၍ ကျလာလေတော့၏။

ဦးနက်ကျော် ပြောသည်မှာလည်း နည်းလမ်းကျပေသည်။ မိမိ ညီမနှင့် ယူအံ့ဆဲဆဲဖြစ်ပြီးသော ယောကျ်ားအား ညီမ ငုတ်တုတ် ရှိလျက် ယူရမည့်ကိစ္စသည် လွယ်ကူသော ကိစ္စမျိုးမဟုတ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ရွှေရွှေအနေနှင့်သိပြီးဖြစ်၏။

"ဒီလိုသမီးရဲ့ အစ်မရဲ့ ယောကျ်ားကို ညီမနဲ့လက်ဆက်တ ညီမရဲ့ယောကျ်ားကို အစ်မနဲ့ လက်ဆက်တယ်ဆိုတာက ရှိပါတ ဘယ်အခါမျိုးမှာ ဒီလိုလက်ဆက်ကြသလဲဆိုရင် အစ်မသေတဲ့အခါ ညီမနဲ့ လက်ဆက်တယ်၊ ညီမသေတဲ့အခါမှာလဲ အစ်မနဲ့လက်ဆ ကြတာကို တွေ့ဖူးပါတယ်၊ အေး ဒါပေမယ့် တစ်ဦးဦးမသေ ဝုတ်တုပ်ကြီး ကြောင်တောင်ကြီးနဲ့တော့ ဒီလို လုပ်ရိုးထုံးစံမရှိပါ ကွယ်၊ ဒီတစ်ချက်တည်း ဖေဖေစဉ်းစားနေတာ"ဟု ဦးနက်ကျော် ပြောလေ၏။ ရွှေရွှေမှာမူ တစ်စုံတရာ ပြောဆိုခြင်းမရှိဘဲ ရှိုက် ရှိုက်၍ ငိုကြွေးနေလေတော့၏။

ရွှေရွှေသည် နေ့စဉ်နေ့တိုင်းဆိုသလို ခင်ခင်ထံသို့ ထမင်းသွား ပို့ရလေ၏။ ခင်ခင်သည် အနည်းငယ်မျှ ထူထူထောင်ထော ရှိလာသည့်အခါမှစ၍ ဆေးရုံမှ ကလေးတစ်ဦးအားခေါ်၍ စာရေးခို ၏။ ၎င်းက ပါးစပ်မှပြော၏။ ထိုကလေးက ရေးရလေ ရေးရသောစာများမှာ ဂျင်မီအား ယုတ်ယုတ်ကန်းကန်း ဆဲ ထားသောစာများ ဖြစ်ပေသည်။

နေ့စဉ်နေ့တိုင်းလိုပင် ဂျင်မီကိုဖြစ်စေ၊ ဂျင်မီ၏ မိဘများ ဖြစ်စေ၊ ထိုသို့သောစာများကို ရေး၍ပို့လေ၏။

ရွှေရွှေက ချော့မော့၍ထိုစာများကို မရေးရန်ပြောသော်လည် မရပေ။ ရေးမြဲရေး၍နေလေ၏။

ခင်ခင်ဆေးရုံတက်ရသည်မှာ တစ်လတင်းတင်းပြည့်သော ရွှေရွှေသည် ထမင်းပို့ရန်အတွက် ဆေးရုံသို့ သွားရောက်လေ ခင်ခင်ကား ပတ်တီးများဖြေပြီးဖြစ်၍ ခုတင်ပေါ်တွင် ထိုင်၍ လေ၏။ ရွှေရွှေလည်း အမှတ်တမဲ့ အခန်းတွင်းသို့ဝင်လိုက် ရုပ်ပျက်ဆင်းပျက်ဖြစ်၍နေသော ခင်ခင်၏ မျက်နှာကိုမြင်လ





အား"ဟု လန့်၍ အော်မိလေ၏။ ထိုအခါ၌ ခင်ခင်က "မမလားဘာ ဖြစ်တာလဲ"ဟု မေးလိုက်မှပင် ရွှေရွှေလည်း ခင်ခင်ပါကလား ဟူသော အသိစိတ်ဝင်၍သွားလေ၏။

"ဘာမှမဟုတ်ပါဘူး၊ မမချော်လဲမလိုဖြစ်သွားလို့ အော်မိတာပါ" ဟု လိမ်လည်ပြောဆိုလေ၏။

ရွှေရွှေလည်း အိမ်မှယူလာသော စားသောက်ဖွယ်ရာများကို ခင်ခင်အား ကျွေးမွေးလေ၏။ ခင်ခင်လည်း စားသောက်ရင်း၌ အောက်ပါအတိုင်း ပြောလေ၏။

"ခင်ခင်တော့ ဟိုကောင်မဆီကိုပါ ဒီကနေ့စာထည့်လိုက်ပြီ"

"ဘယ်ကောင်မလဲ ခင်ခင်"ဟု ရွှေရွှေက မေးလေသည်။

"ဂျင်မီနဲ့လူကြီးချင်းသဘောတူထားတဲ့ ရီရီဆိုတဲ့ ကောင်မပေါ့"

"ခင်ခင်နဲ့လဲ သူ့ရဲ့လူကြီးတွေက သဘောတူကြတယ်မဟုတ် လား"

"ခင်ခင်နဲ့သဘောတူတာက ဂျင်မီအလိုကိုလိုက်ပြီး သဘော တူတာ၊ အမှန်က အဲဒီကောင်မနဲ့မှ တကယ်သဘောတူကြတာ မမ၊ အဲဒီကောင်မရုပ်ကလေ နှစ်ပြားတောင်မတန်ဘူး၊ မျက်လုံးပြူးပြူး၊ သွားခေါ်ခေါ်၊ နဖူးမောက်မောက်၊ နှာခေါင်းကလန်လန်" ခင်ခင် သည် သူတစ်ပါး၏ ရုပ်ဆင်းအင်္ဂါကို ဟန်နှင့်ပန်နှင့် ချိုးချိုးဖဲ့ဖဲ့ ပြော၍ နေလေ၏။

"မပြောပါနဲ့ခင်ခင်ရယ်၊ သူ့ကုသိုလ်နဲ့သူ့ပေါ့ကွယ်"ဟု ရွှေရွှေက ဟန့်တားလိုက်လေ၏။ အရုပ်ဆိုးပါသည်ဟုဆိုသည့် ရီရီကပင် ယခုအခါ၌ ခင်ခင်အား မြင်တွေ့ရပါမူ လန့်၍ အော်မိလောက် အောင် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော မိမိဘဝကို မတွေးမိ ရှာသော ခင်ခင်အား ရွှေရွှေသည် သနားလည်း သနားမိလေ တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ခင်တော့ ပယ်ပယ်နယ်နယ် ဖျစ်ဖျစ်နှစ်နှစ်ကို ဒီကောင် ဆီ ဆေးရေးလိုက်တာပဲ" ဟု ခင်ခင်က အားရပါးရ ပြောလေ၏ ရွှေရွှေတာမှ စကားစပြတ်သွားရန်အတွက် ကြက်သားစွပ်ပြုတ်ထ ချောမော့၍ တိုက်လေ၏။

ထို့နောက်၊ ရွှေရွှေသည် ခင်ခင်အား တွဲ၍ အညောင်းပြေစေရ လမ်းလျှောက်ပေးရာ နှင်းဆီပင်ကြီးအနီးသို့ရောက်လျှင် နှင်းဆီပ နှစ်ပွင့် ပွင့်နေသည်ကိုတွေ့ရသဖြင့် ကိုမြကြီးက ဆေးရုံမှ ဆင်းသည နေ့တွင် ထိုအပင်မှ နှင်းဆီပန်းကလေးတစ်ပွင့်ကို ကြိုးစားခူးယူ မိမိအား လက်ဆောင်ပေးခဲ့ပုံကို သတိရမိပြန်၏။

"မမ ဒီနားမှာ နှင်းဆီပန်းပင်ရှိတယ်မဟုတ်လား၊ ခင့်နှာခေါင် မှာ နှင်းဆီပန်းနံ့ရတယ်"ဟု ခင်ခင်ကမေးလိုက်လျှင် ရွှေရွှေက. . .

"ဟုတ်တယ် ခင်၊ နှင်းဆီပင်ရှိသားပဲ" ဟု ဖြေလေ၏။

"ပွင့်နေလား. . . ဘယ်နှစ်ပွင့်လဲ"ဟု ခင်ခင်က မေးပြန်၏

"နှစ်ပွင့် ပွင့်နေတယ်ကွယ်"

"ခူးလိုက်ပါမမ၊ သူများဦးသွားဦးမယ်"ဟု ဆိုက ရွှေရွှေကို ပန်းခူးခိုင်းသဖြင့် ရွှေရွှေက သွား၍ ခူးပေးရလေ၏။ ထိုအခါ ခင်ခင်သည် နှင်းဆီပန်းတစ်ပွင့်ကို ပန်လိုက်ပြီးနောက် ကျ တစ်ပွင့်ကို လက်ဖြင့် ကိုင်ထားလေ၏။ ပန်းပေးသော ရွှေရွှေကိုပ "မမ ပန်ပါဦးလား" ဟု မေးဖော်မရဘဲ နှစ်ပွင့်စလုံး အပိုင်စီ ထားသော ခင်ခင်၏စိတ်ဓာတ်ကို ရွှေရွှေသည် အံ့ဩခြင်းမက အံ့ဩ မိလေ၏။

ရွှေရွှေသည် ခင်ခင်အား တွဲ၍ လမ်းလျှောက်ပေးခဲ့ပြီးနောက် ၎င်း၏ ခုတင်သို့ပြန်ပို့ကာ မိမိလည်း အိမ်သို့ပြန်၍ လာလေတော့၏

ဤသို့လျှင် နေ့စဉ်နေ့တိုင်း ခင်ခင့်ထံသို့ သွားရောက်ကာ ပြု ခဲ့ရာ သုံးလတင်းတင်ပြည့်သောနေ့၌ ခင်ခင်လည်း ဆေးရုံမှ





ဆင်းခွင့်ရလေတော့၏။

ခင်ခင်အိမ်သို့ ရောက်လာလျှင်လည်း ရွှေရွှေသည် လိုလေသေး မရှိအောင် ပြုစုလေ၏။ ဆေးရုံဆင်းပြီး တစ်လခွဲခန့် ကြာသောအခါ ၌ ခင်ခင်၏ ကျန်းမာရေးအခြေအနေသည် မျက်လုံးမမြင်ခြင်း၊ မျက်နှာမှအမာရွတ်ကြီးများထင်နေခြင်းမှအပ အကောင်းပကတိ အခြေအနေသို့ ရောက်ခဲ့လေတော့၏။

တစ်နေ့သ၌ ရွှေရွှေသည် ထိုင်လျက် သိုးမွှေးဆွယ်တာအကျီ တစ်ထည်ကို လက်စ,သတ်၍ နေလေ၏။ ခင်ခင်လည်း မလှမ်း မကမ်း တစ်နေရာလောက်တွင်ထိုင်လျက် လောကကြီးတစ်ခုလုံး အား မကျေနပ်ကြောင်း ပြောဆို၍ နေလေ၏။ ရွှေရွှေသည် ခင်ခင် ၏ လောကကြီးအပေါ်၌ မကျေနပ်သော စကားတို့ကို နေ့စဉ် ရက်ဆက် ကြားနေရပြီးဖြစ်သဖြင့် အထူးအဆန်းမဖြစ်တော့ဘဲ မိမိထိုးလက်စ ဆွယ်တာကိုထိုးရင်း မေတ္တာသုတ်ကို ရွတ်ဖတ်၍ နေလေ၏။

ထိုအချိန်၌ အိမ်ရှေ့တွင် မော်တော်ကားတစ်စီး ရပ်သံကို ကြား ပြီးနောက် ခြေလှမ်းမှန်မှန်နှင့်လျှောက်၍ ဝင်လာသော ရှူးဖိနပ်သံ တို့ ကြားရလေ၏။

"မမ ကားသံကြားတယ် ဘယ်သူလဲ"ဟု ခင်ခင်က ပြောသဖြင့် ရွှေရွှေလည်း ဦးခေါင်းကို အနည်းငယ် ငုံ့စောင်း၍ကြည့်လိုက်ရာ မီးပြာရောင်ကုပ်အကျီ၊ မိုးပြာရောင်ဘောင်းဘီနှင့် လည်စည်း နက်တိုင်တို့ကို အကျအနဝတ်ဆင်ထားကာ သားရေအိတ်ကြီး တစ်လုံးကို လက်၌ဆွဲထားသော အရပ်မြင့်မြင့် ထောင်ထောင် မောင်းမောင်း ယောကျ်ားတစ်ယောက်လျှောက်လာသည်ကို တွေ့မြင်ရလေ၏။

"ဘယ်သူလဲမသိဘူးကွယ်၊ ဒယ်ဒီ့မိတ်ဆွေထဲကဖြစ်မှာပါ"ဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုတာ မိမိအလုပ်ကို မိမိလုပ်၍နေလိုက်လေ၏။

ထိုအချိန်၌ ဦးနက်ကျော်လည်း အပေါ်ထပ်မှ ဆင်း၍လာ
ဖြစ်ရာ ထိုသူအား လှမ်း၍ကြည့်မိလေ၏။ ထိုသူသည် အိမ်တွင်း
ရောက်သည့်အခါ၌ ဆွယ်တာထိုး၍နေသော ရွှေရွှေကိုမြင်လျှ
လက်တွင်းမှအိတ်ကို လွှတ်ချ၍ ရွှေရွှေ့ထံပြေးသွားကာ . . .

"ရွှေရွှေ ဟု အားရဝမ်းသာ ခေါ်လိုက်၏။ ရွှေရွှေလည်းထိုသူ
မော့ကြည့်ပြီးလျှင် . . .

"ဟာ. . . ကိုမြကြီး"ဟု ပြန်၍ခေါ်ကာ အံ့အားသင့်၍နေလေ

မြကြီးလည်း ရွှေရွှေ၏လက်မောင်းနှစ်ဖက်ကို အားရပါ
ဆုပ်ကိုင်လိုက်လေ၏။ ထိုအခါ၌ ရွှေရွှေက . . .

"ဟိုမှာ ဒယ်ဒီ"ဟု ပြောလိုက်လျှင် မြကြီးလည်း စောစော
မမြင်သော ဦးနက်ကျော်ကို မြင်တွေ့သွားကာ ရွှေရွှေအား လွှတ်
ဦးနက်ကျော်ထံသွားပြီးလျှင် ဦးနက်ကျော်၏ ခြေထောက်အနီး
ထိုင်ချ၍ ကန်တော့လေ၏။

"ရာဇဝတ်အုပ်မင်းအပေါ် ကျွန်တော့်အနေနဲ့ ပြစ်မှားကျူး
မိတာရှိရင် ခွင့်လွှတ်ပါ၊ ကျွန်တော်ကန်တော့ပါတယ်၊ ကျွန်တေ
ရေးလိုက်တဲ့စာကို ရတယ်မဟုတ်လား ရာဇဝတ်အုပ်မင်း၊ အ
ကျွန်တော့်မျက်လုံးတွေ ပြန်ပြီးမြင်ရပါပြီ၊ ရွှေရွှေနဲ့ လက်ထပ်ပါရ
ဟု မြကြီးက ကန်တော့ရင်း ပြောလိုက်ရာ ဦးနက်ကျော်လ
အကျပ်ရိုက်၍ သွားလေ၏။

"ဟော့. . . မောင်မြကြီး ဟိုမှာ၊ ခင်ခင်" ဟု ဦးနက်ကျော်
ပြောလိုက်သဖြင့် မြကြီးလည်း ခင်ခင့်ကိုကြည့်လိုက်ရာ ရုပ်ပျ
ဆင်းပျက်ဖြစ်၍နေသော ခင်ခင်ကိုမြင်လျှင် အံ့အားသ
သွားလေ၏။

"ဟိုက်. . . ခင်ပါလား"ဟု ဆိုကာ ခင်ခင့်အနီးသို့ သွားလေ





မြကြီး၏စိတ်၌ ခင်ခင်ဤသို့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေရသည်မှာ မိမိနှင့်အတူ မော်တော်ကားမှောက်ခဲ့စဉ်က ရရှိခဲ့သော ဒဏ်ရာဒဏ်ချက်များဟု မှတ်ထင်၍သွားလေ၏။ ခင်ခင်လည်း မြကြီးအားကြောင်အမ်းအမ်းဖြင့် ကန်းသောမျက်လုံးများနှင့် ကြည့်ရှုလေ၏။ မြကြီးလည်း ခင်ခင်၏ အမူအရာကိုမြင်ရုံနှင့်ပင် ခင်ခင်သည် မျက်လုံး များကွယ်၍နေပြီဟု အတတ်သိလိုက်လေ၏။

"အော်. . . ငါနဲ့အတူ ကားမှောက်ခဲ့တုန်းက မျက်လုံးလဲ ကွယ်သွားရှာခဲ့တာကိုး" ဟု စိတ်၌ အောက်မေ့လိုက်လေတော့၏။

"ခင်ရယ် ကိုကိုမြကိုခွင့်လွှတ်ပါ၊ အခုလိုဖြစ်မှန်းကို ကိုကိုမြမသိပါဘူး"ဟု မြကြီးက ပြောလေ၏။ မြကြီး၏စိတ်၌ ခင်ခင်သည် မိမိနှင့်အတူ ဒဏ်ရာများရခဲ့၍ မျက်လုံးများကွယ်ခဲ့ပြီး မိမိအား စိတ်မကောင်းဖြစ်မည်စိုး၍ မပြောဘဲ ထားခဲ့ကြသည်ဟု မှတ်ထင်၍ နေသည့်အလျောက် "အခုလိုဖြစ်မှန်း ကိုကိုမြမသိပါဘူး"ဟု ပြောလိုက်ခြင်းဖြစ်ပေသည်။

"ကိုကိုမြ. . . ခင့်ကိုမမုန်းဘူးလား"ဟု ခင်ခင်က ငိုရင်းမေးလေ၏။ မြကြီးလည်း ခင်ခင်၏ လက်ကလေးများကို ဆုပ်ကိုင်လိုက်ပြီးနောက် . . .

"မမုန်းပါဘူးကွယ်၊ ခင်ရှိနေမှတော့ ကိုကိုမြခင့်ကိုပဲ လက်ထပ်ပါ့မယ်၊ ခင့်အပေါ်မှာ ကိုကိုမြ သစ္စာမဖောက်ပါဘူး"ဟု မြကြီးကပြောလိုက်လျှင် ခင်ခင်က . . .

"ခင့်မျက်နှာမှာ ဒဏ်ရာတွေနဲ့ မျက်နှာဟာ ကျက်သရေကိုမရှိတော့ဘူး၊ မျက်လုံးကလည်း ကန်းနေပြီ၊ ကျက်သရေမရှိတဲ့ မျက်နှာနဲ့ အကန်းမတစ်ယောက်ကို ကိုကိုမြက တစ်သက်လုံး ပေါင်းနိုင်ပါ့မလား"ဟု ခင်ခင်က ပြောလေ၏။

" ကိုကိုမြပြောမယ်၊ ခင်ခင့်မျက်နှာက အရေးမကြီးဘူး၊ အသဲ



www.burmeseclassic.com

www.burmeseclassic.com



နှလုံးဖြူစင်ဖို့က အရေးကြီးပါတယ်၊ ခင့်ကို တစ်သက်လုံးပေါင်းမယ် ဘယ်တော့မှ ကိုကိုမြ ပြစ်မသွားဘူး" ဟု မြကြီးကပြောလိုက်ရာ ခင်ခင် ၏ စိတ်၌ "အော်. . . ငါက သူ့ကို အရက်စက်ကြီးရက်စက် အမုန်းကြီးမုန်းပြီး စွန့်ပစ်ခဲ့ပေမယ့်၊ သူက ငါ့အပေါ်မှာ ကောင်းလှ ချည့်လား၊ ခွင့်လွှတ်နိုင်လှချည့်လား၊ ငါက သူ့ကို ကျက်သရေမရှိတဲ့ မျက်နှာကြီး အကန်းကြီး၊ အိမ်ကိုတောင် အလာမခံနဲ့လို့ မ ကိုတောင် စာရေးပြီး မှာခဲ့မိတယ်၊ သူကတော့ ငါ့အပေါ်ကောင်းလှ ချည့်လား"ဟု တွေးမိသည့်အခါ၌ ခင်ခင်၏ရင်သည် ယူကျုံးမ ဖြစ်ခြင်းကြောင့် ပူလောင်၍ဆို့နှင့်လာကာ နောက်ဆုံး၌ အသံ ရှု၍ မရတော့ဘဲ ခွေလဲ၍သွားလေတော့၏။

"ဟင်. . . ညီမလေး"ဟုဆိုကာ ရွှေရွှေက ပြေး၍ပွေ့လေ၏ မြကြီးကလည်း ပွေ့၍ထားလေ၏။ ခင်ခင်၏ အသက်ဇီဝိန်ကာ နောင်တရခြင်း၊ ယူကျုံးမရဖြစ်ခြင်း စသည်တို့၌ လောင်မြိုက်ခြင် ခံရကာ ကျွမ်းလောင်၍ သွားခြင်းဖြစ်ပေသည်။

"ဒယ်ဒီ. . . ညီမလေး"ဟု ဆိုကာ ရွှေရွှေသည်ဆက်၍ မပြော နိုင်ဘဲ ရှိုက်၍နေလေ၏။

"ဒယ်ဒီ သိပါတယ်သမီးကြီး၊ ဘဝင်ကိုထိခိုက်သွားပြီကွယ် ရင်ကွဲနာကျတယ်ဆိုတာ ဒါမျိုးပေါ့ကွယ်၊ အေး. . . မောင်မြကြီ မင်းဟာ ခင်ခင်ကို အကောင်းဆုံးလက်စားချေနိုင်လိုက်ပါပြီ၊ မင်း သိပ်ပြီးခွင့်လွှတ်လိုက်တော့ ခင်ခင်ဟာ သိပ်ပြီး ယူကျုံးမရဖြစ်သွ ရှာတယ်၊ မင်းမှာ လုံးဝအပြစ်မရှိပါဘူး၊ သူ့တရားသူ စီရင်သွ တာပါ၊ အေး. . . မင်းကလဲ ခင်ခင့်မျက်နှာက ဒဏ်ရာတေ ခင်ခင်မျက်လုံး ကန်းနေတာတွေဟာ မင်းနဲ့အတူဖြစ်ခဲ့ရ ဒဏ်ရာတွေလို့ အောင့် မေ့နေတယ်၊ အမှန်က မင်းကိုဖြစ်သွား ဂျင်မီဘသင်ဆိုတဲ့ သူဌေးသားကလေးနဲ့ ရခဲ့တဲ့ဒဏ်ရာတွေ





အေး. . . ဂျင်မီဘသင် ကလည်း မင်းကို သူကပြစ်သွားသလို သူ့ကို တစ်ခါ ပြစ်သွားပြန်တယ်၊ အဲဒီအချိန်မှာ မင်းက ခွင့်လွှတ်စကားတွေ ကြင်နာမှုတွေပြလိုက်တော့ ရင်ကွဲနာကျသွားတာပေါ့ကွာ၊ ဘယ်သူ့ မှာမှ အပြစ်မရှိဘူး၊ သမီးကြီး မှာလည်း မရှိဘူး၊ တကယ်ကတော့ သူ့စေတနာ သူ့ကို အကျိုးပေးသွားတာပဲ"ဟု ဦးနက်ကျော်က တစ်လုံးချင်းပြောလိုက်လေ၏။ ရွှေရွှေ ကမူ "ညီမလေးရဲ့၊ ညီမလေး ရဲ့"ဟု ဆိုကာ ရှိုက်၍ရှိုက်၍ ငိုနေလေ တော့၏။

အမှန်စင်စစ်အားဖြင့် မြကြီးနှင့် ခင်ခင်တို့၏ အပြစ် အပျက်သည် ဆန်းကြယ်လှပေသည်။ ခင်ခင်ဒဏ်ရာရ၍ မျက်လုံး ကန်းသောနေ့၌ မြကြီးသည် မျက်လုံးများ ပြန်၍ အလင်းရခဲ့ခြင်း ဖြစ်ပေသည်။

ဦးနက်ကျော်လည်း ခင်ခင်၏ အလောင်းဆီသို့ သွားရောက်ကာ နဖူးဆံစလေးများ ပွတ်သပ်ပေးရင်း မျက်ရည်များ တတွေတွေ စီးကျ လေ၏။

"ဒယ်ဒီက သမီးလေးသေတာကို ဝမ်းမနည်းပါဘူး၊ ဒယ်ဒီ့ သမီး လေးဟာ စိတ်ထားက မကောင်းလေတော့ သုဂတိဘုံဘဝကို ရောက်နိုင်ရှာမှာမဟုတ်ဘူး၊ ဒါကိုပဲ တွေးပြီး သနားမိတာပါပဲကွယ် သတ္တဝါဆိုတာ မိမိရဲ့ စေတနာအလျောက် အကျိုးပေးကြတာ မဟုတ်လား"ဟု ပြောဆိုကာ မျက်ရည်များ စီးကျလာလေ၏။

မြကြီးနှင့် ရွှေရွှေတို့လည်း ခင်ခင်၏အလောင်းကို ပြင်ဆင်ရန် အတွက် ကုတင်များပြင်ကြလေ၏။

ထိုအချိန်၌ အိမ်တွင်းသို့ ၁၃နှစ်အရွယ် ဖြူဖြူစင်စင်ကလေး တစ်ယောက်ရောက်ရှိလာပြီးလျှင် မြကြီးအား. . .

"အစ်ကိုကြီး. . . . ဘာဖြစ်တာလဲ"ဟု မေးလေ၏။

"မစ္စတာအိုင်းစ်ရေ၊ ဒီမှာတော့ အသုဘကိစ္စဖြစ်နေပြီကွ"ဟု



www.burmeseclassic.com

www.burmeseclassic.com



မြကြီးကပြောလေ၏။

"လူသေတာလား၊ အခုသေတာလား၊"ဟု မစ္စတာအိုင်းစ်ကလေးက မေးရာ မြကြီးက ခေါင်းညိတ်၍ ပြလေ၏။

"အရေးကြီးတယ်အစ်ကိုကြီး၊ နံပါတ်တစ်လူသေကို ရေချိုးရမယ်၊ နံပါတ်နှစ် ရေချိုးပြီးရင် ပါးစပ်ထဲမှာ ပိုက်ဆံတစ်မတ်ထည့်ရမယ်၊ နံပါတ်သုံး လူသေရဲ့ခေါင်းကို ဘုရားစင်ဘက်မှာထားရမယ်၊ နံပါတ်လေး သရဏဂုံတင်ရမယ်၊ နံပါတ်ငါး လူသေကိုခေါင်းထဲ ထည့်ရမယ်၊ ကျွန်တော်တို့ ပအိုဝ့်လူမျိုးများဆိုရင် ခေါင်းရဲ့ ထိပ်ဘက်မှာ လူသေရဲ့ ဝိညာဉ်ဝင်ထွက်ဖို့ အပေါက်တစ်ပေါက် ဖောက်ထား ပေးရတယ်၊ ခြေရင်းဘက်မှာ ဝါးကိုကျစ်ပြီး ကြိုးတစ်ချောင်းလုပ်ရတယ်၊ အဲဒီကြိုးစကို ခေါင်းမြေမြှုပ်ပြီးတဲ့အခါမှာ နောက်ပြန်ဆွဲထုတ် ပြစ်ရမယ်၊ ပြီးတော့ သင်္ချိုင်းမှာ မီးသင်္ဂြိုဟ်လေ့မရှိဘူး၊ မြေပဲမြှုပ်ရ တယ်၊ သင်္ချိုင်းကအပြန်မှာ မသာပို့တဲ့ လူတွေက လမ်းမှာဆူးပင် (၃)ပင် စိုက်ရတယ်၊ လူသေရဲ့ ဝိညာဉ် ပြန်ပြီး မလိုက်နိုင်အောင်လို့ဘဲ"ဟု ပအိုဝ့်လေးမစ္စတာအိုင်းစ်က ပြောလိုက်ရာ မြကြီးက . . .

"ပအိုဝ့်အမျိုးသားအကြောင်း စာအုပ်ရေးတဲ့အခါမှာ မင်းအခု ပြောတာတွေ ထည့်ပေတော့၊ အခုတော့ ကုတင်တွေလာပြီး ဝိုင်းမဦး"ဟု ပြောလိုက်ရာ ပအိုဝ့်ကလေးက. . .

"လက်တွေ့. . . လက်တွေ့. . . အစ်ကိုကြီးပြောတဲ့ လက်တွေ့" ဟုဆိုကာ ပအိုဝ့်ကလေးမစ္စတာအိုင်းစ်မှာ မြကြီး၊ ရွှေရွှေတို့နှင့်အတူ ကုတင်များပြင်ဆင်ခြင်း၊ အသုဘကို ဝိုင်းဝန်းပြင်ဆင်ခြင်းများကို ကူညီ လုပ်ကိုင်ပေးလေ၏။

ထိုသို့လုပ်ကိုင်ပေးရင်း မြကြီးအနီးသို့ကပ်ကာ. . .

"အစ်ကိုကြီးအခုသေတာ ဘယ်သူလဲ"ဟု မေးသဖြင့် မြကြီး





က. . .

"ခင်ခင်. . . ရွှေရွှေညီမ"ဟု တိုးတိုးပြောလိုက်လျှင် ပအိုဝ့်လေးက. . .

"ရွှေရွှေသေတာမဟုတ်ရင် အရေးမကြီးပါဘူး၊ ရွှေရွှေ သေရင်တော့ အစ်ကိုကြီးပါ လိုက်ပြီးသေသွားမှာမဟုတ်လား"ဟု တိုးတိုး ပြောလေ၏။

"ဟုတ်ကောင် တိုးတိုးကွ" ဟု မြကြီးက ဟန့်လိုက်လေ၏။

ထို့နောက်မြကြီးသည် ပအိုဝ့်လေးမစ္စတာ အိုင်းစ်နှင့် ရွှေရွှေကို မိတ်ဆက်ပေးလေ၏။

ပအိုဝ့်ကလေးကလည်း အသုဘရက်အတွင်း၌ လိုလေသေးမရှိအောင် ကူညီလုပ်ကိုင်ပေးခဲ့လေ၏။ ဦးနက်ကျော်ကလည်း မစ္စတာအိုင်းစ်အား လွန်စွာသဘောကျလေ၏။

"မစ္စတာ အိုင်းစ်ကတော့ မောင်မြကြီးအတွက် တကယ်အဖော်ရတဲ့ကောင်ပဲ"ဟု ပြောဆိုလေ၏။

ခင်ခင်၏ ရုပ်ကလာပ်ကိုလည်း တောင်ကြီးမြို့ မြေဖြူရပ်ရှိ သင်္ချိုင်းတွင် ဂူသွင်းလိုက်လေ၏။

မှတ်ချက်။ ။ မြေဖြူရပ်၌ ယခုအခါတွင် သင်္ချိုင်းမရှိတော့ပါ၊ ထိုသင်္ချိုင်းနေရာ၌ ဈေးတစ်တစ်ခု ဆောက်လုပ်ရန်အတွက် သင်္ချိုင်းကို ဖျက်သိမ်းလိုက်ပြီဟု သိရပါသည်။

စာရေးသူ

မြကြီးနှင့် ပအိုဝ့်ကလေးလည်း ဦးနက်ကျော်တို့အိမ်၌ပင် နေထိုင်ရန်အတွက် ဦးနက်ကျော်က ပြောသဖြင့် နေထိုင်ကြလေ၏။ ခင်ခင်အား သင်္ဂြိုဟ်ပြီး တစ်ပတ်ခန့်ကြာလျှင် ဦးနက်ကျော်ကပင် မြကြီးနှင့် ရွှေရွှေကို ခေါ်ယူကာ အောက်ပါအတိုင်း ပြောကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . သမီးကြီး ခင်ခင်လဲမရှိတော့ဘူးဆိုတော့ သမီးနဲ့ မောင်မြကြီးကိစ္စကို စီစဉ်နိုင်ပါပြီ၊ ဒယ်ဒီသဘောတူပါတယ်"ဟု ပြော လေ၏။

ထိုအခါ ပအို့လေး မစ္စတာအိုင်းစ်က . . .

"မင်္ဂလာဆောင်မယ်ဆိုရင် ကျွန်တော်တို့ ပအို့မှာတော့ နံပါတ်တစ် ထုံးပူးအဖုံးကလေးပဲဖြစ်ဖြစ်၊ ရေဗူးကလေးပဲဖြစ်ဖြစ်၊ ဆေးတံပဲဖြစ်ဖြစ်၊ ယောကျ်ားက မိန်းမကို သစ္စာနဲ့ ပေးရပါတယ်၊ နံပါတ်နှစ် ကန်တော့ပွဲလုပ်ရပါမယ်၊ ငှက်ပျောသီး၊ လက်ဖက်ထုပ်၊ ငါးချဉ်ထုပ်၊ ဆေးရွက်တွေပါရမယ်၊ နံပါတ်သုံး လာတဲ့ဧည့်သည်ကို ကန်တော့ပွဲက လက်ဖက်၊ ငါးချဉ်၊ ငှက်ပျောသီးတွေ ကျွေးရမယ်၊ နံပါတ်လေး သတို့သမီးနဲ့ သတို့သားကို မိဘက ခေါ်ပြီးထားရမယ်၊ သူတို့မှာ ခြံတွေ၊ ယာတွေ၊ နွားတွေအားလုံးဝယ်ပြီးမှ တစ်ခြားမှာနေဖို့ ခွင့်ပြုရမယ်"ဟု ပြောလိုက်ရာ ဦးနက်ကျော်က သဘောကျလွန်း၍. . .

"မင်းတို့မင်္ဂလာဆောင်မှာ သူ့ကိုပဲ မစတားအောဖ်ဆာရီမိုနီ (ဘိသိက်ဆရာ) လုပ်ခိုင်းပြီး ဩဘာစာဖတ်ခိုင်းရရင် မကောင်းဘူးလား မောင်မြကြီး"ဟု ပြောဆိုရယ်မောလေတော့၏။

ရွှေရွှေနှင့်မြကြီးလည်း ဦးနက်ကျော်က သဘောတူလိုက်ပြီးဖြစ်၍ အထူးပင် ပျော်ရွှင်ကြရလေ၏။ ရွှေရွှေနှင့်မြကြီးသည် ခြံတွင်းသို့ ဆင်းကာ ပန်းများခူးကြလေ၏။

"မစ္စတာအိုင်းစ်ကလေးရောမမြင်ပါလား"ဟု ရွှေရွှေက ပြောလိုက်ရာ မြကြီးက . . .

"နှစ်ဘက်သော လူကြီးတွေ ကိုမြကြီးတို့မင်္ဂလာဆောင်အတွက် စီစဉ်နေကြတယ်လေကွာ၊ ဟိုမှာမမြင်ဘူးလာ"ဟု ပြောသဖြင့် ရွှေရွှေက ကြည့်လိုက်ရာ ဦးနက်ကျော်နှင့် ပအို့ကလေးသည် ပက်လက်ကုလားထိုင်ကိုယ်စီနှင့် စကားလက်ဆုံကျ၍ နေသည်ကို တွေ့ရ





လေတော့၏။

"ဒီကောင်လေးက သိပ်သွက်တာပဲနော်"ဟု ရွှေရွှေက ပြောလေ၏၊

"ကိုမြကြီး မျက်စိကန်းနေတုန်း သူနဲ့တွေ့တာဟာ သိကြားမင်းတာပဲလို့ အောက်မေ့မိပါတယ် ရွှေရွှေ"ဟု မြကြီးက ပြန်၍ ပြောလေ၏။

"ရွှေရွှေကို လက်ထပ်ပြီးရင် သူ့ကို ကျောင်းထားရမယ်နော်"ဟု ရွှေရွှေက ကိုမြကြီးကို ပြောလျှင် မြကြီးက . . .

"ဒီကောင် ကျောင်းသာနေရင် သိပ်ပြီးတော်မှာပဲ ရွှေရွှေ၊ ပြီးတော့ သူ့ကိုသားအဖြစ်နဲ့အမွေစားအမွေခံ လုပ်ပေးထားရမယ်ကွယ်"ဟု ဆိုလေ၏။

ထိုအချိန်၌ ဦးနက်ကျော်က ရယ်လျက် . . .

"ဟေ့ မောင်မြကြီးနဲ့ ရွှေရွှေတို့ လာကြစမ်းပါဦးကွ၊ ဒီမှာ မစ္စတာ အိုင်းစ်က ပြောနေတယ်၊ မင်းတို့နှစ်ယောက်ဟာ နဖူးစာ ရေးလာလည်ဆိုသလိုပဲတဲ့၊ ဟား. . . ဟား ဒီကောင်သိပ်ပြီးတတ်တဲ့ ကောင်ပဲ"ဟု ပြောလေ၏။

ထိုနေ့ညဉ့် ညစာစားသောက်ကြပြီးလျှင် လွန်စွာချမ်းအေးလှသည်ဖြစ်၍ ဧည့်ခန်းအတွင်း၌ မီးလင်းဖိုကို မီးထည့်၍ စုဝေးထိုင်ကြပြီးနောက် ကော်ဖီသောက်ရင်း ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုနေကြလေ၏။

"မင်းတို့ရဲ့မင်္ဂလာကိစ္စကိုတော့ ရှေ့လဆန်းလောက်မှ ရက်ကောင်းတယ်ကွ။ အဲဒီရက်ကိုရွေးထားလိုက်ပြီး မင်္ဂလာဖိတ်စာတို့ ဘာတို့တော့ အနားနီးမှပဲ ငါနဲ့ မစ္စတာအိုင်းစ်တို့တိုင်ပင်ပြီး ရေးကြမယ်ကွာ"ဟု ဦးနက်ကျော်က ပြောလေ၏။

ရွှေရွှေနှင့်မြကြီးတို့က "ဒယ်ဒီကြိုက်သလို စီစဉ်ပါ"ဟု ပြောကြ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ဖာဖြား ဒယ်ဒီ ပြောတာကို အားလုံးနားထောင်ရမှာပဲ။ နား
မထောင်ရင် ငရဲရောက်မယ်"ဟု ပအိုဝ့်ကလေးက ဝင်၍ပြောလေ၏။

['ဖာဖြား'ဆိုသည်မှာ ပအိုဝ့်ဘာသာ၌ 'အဘိုး'ဟူ၍ဖြစ်၏။]

"ဘာလဲကွ ဖာဖြား"ဟု ဦးနက်ကျော်ကမေးလျှင် ပအိုဝ့်ကလေးက
"ဖာဖြားဆိုတာ အဖေရဲ့အဖေကိုလဲ ခေါ်တယ်၊ အမေ့ရဲ့အဖေကိုလဲ
ခေါ်တယ်"ဟု ပြောလေ၏။

"အဘိုးကိုပြောတာပေါ့ ဒယ်ဒီ"ဟု ရွှေရွှေကဝင်၍ ပြောလေ၏။

"အင်း. . . မင်းနဲ့တွေ့မှပဲ ဖာလဲဖြစ်ရသေး၊ ဖျားလဲ ဖျားရ
သေး၊ ဟဲ. . . ဟဲ"ဟု ဦးနက်ကျော်က နောက်လိုက်လေ၏။

"ဖာဖြားဆိုတာ လူကြီးကိုပြောတာ။ မကောင်းတဲ့စကားမဟုတ်
ဘူး"ဟု ပအိုဝ့်ကလေးက ပြန်ပြောပြန်၏။

"ဟုတ်ပါတယ်ကွ၊ ဒယ်ဒီက အဲ အဲ ဖာဖြားက နောက်တာပါ"
ဟု ဦးနက်ကျော်ကပြောပြီးနောက် ကော်ဖီသောက်ရင်း . . .

"မောင်မြကြီးရေ. . . ဒီကလေးနဲ့ မင်းနဲ့ ဘယ်လိုတွေ့တာ
လဲကွ" ဟု ဦးနက်ကျော်က မေးလေ၏။

"ကျွန်တော်တို့ပအိုဝ့်မှာ ယောကျ်ားကလေးကို ငယ်ငယ်မှာဆိုရင်
ဘယ်သူ့ကိုပဲဖြစ်ဖြစ် 'ခိုမန်'လို့ခေါ်ရတယ်။ မိန်းကလေးဆိုရင် 'မူနန်'
လို့ခေါ်ရတယ်။ ကလေးလို့မပြောဘဲ ခိုမန်လို့ပြောရင် ရပါတယ်"ဟု
ပအိုဝ့်ကလေးက ပြောပြန်လေ၏။

"ဒီလိုပါ ဒယ်ဒီ၊ ကျွန်တော် ဆေးရုံကဆင်းမယ်လုပ်တော့
အဖော်လုပ်ဖို့ ကလေးတစ်ယောက်ကို လိုချင်တာနဲ့ ဆေးရုံအလုပ်
သမားတစ်ယောက်ကိုပြောတော့ သူ့ကိုရှာပေးတာပါ။ သူ့မှာ
အဖေရော အမေရော မရှိရှာတော့ဘူးလေ။ ဆေးရုံအလုပ်သမား
တစ်ယောက်အိမ်မှာနေပြီး ဈေးနေ့တွေမှာ ဈေးတွေလျှောက်သွားပြီး





ည်းလေး ဘာလေးသယ်နေရတဲ့ကလေးပါ. . . "မောင်မြကြီးက
နက်ကျော်အား ယခင်ကကဲ့သို့ ရာဇဝတ်အုပ်မင်းဟူ၍
ည်းကောင်း၊ ဦးနက်ကျော် ဟူ၍လည်းကောင်း မခေါ်တော့ဘဲ
ယ်ဒီဟုခေါ်ကာ ပြောလိုက်လေ၏။

"အစ်ကိုကြီး ဒယ်ဒီဆိုတာဘာလဲ"ဟု ပအိုဝ့်ကလေးက မေးလေ
၏။

"ဒယ်ဒီဆိုတာ အဖေလို့ပြောတာပေါ့ကွာ"ဟု မြကြီးက ရှက်ရှက်
င့်ဖြေလိုက်လေ၏။

"မြန်မာစကားလား. . ."

"မဟုတ်ဘူးကွ. . . အင်္ဂလိပ်စကား. . ."

"အင်္ဂလိပ်က ဘယ်မှာနေသလဲ. . ."

"အင်္ဂလန်မှာကွာ. . ."

"အင်္ဂလန်ဆိုတာ ဘယ်မှာလဲ. . ."

"အင်္ဂလန်ဆိုတာ ဟိုးအဝေးကြီးမှာ၊ မိုင်ရှစ်ထောင်လောက်
းတယ်. . ."

"အဝေးကြီးရဲ့အင်္ဂလိပ်စကားကို ဘာဖြစ်လို့ပြောတာလဲ။
န်မာလို မပြောချင်ရင် ပအိုဝ့်လိုပြောပါလား။ ပအိုဝ့်လို အဖေကို
ာ'လို့ခေါ်တော့ ဒယ်ဒီအစား'ဖာ'လို့ပြောပါလား။ ပအိုဝ့်က
င်္ဂလိပ်လောက် မဝေးဘူး" ဟု ပြောလိုက်ရာ ဦးနက်ကျော်က. . .

"တော်ပါတော့. . . မစ္စတာအိုင်းစ်ရယ်။ ငါ့မှာ ဖာဖြားဖြစ်ရ
ဖြစ်ရနဲ့ကွာ။ ဟဲ. . . ဟဲ. . . မင်းတို့ပဲ ငါ့ကို ဖေဖေလို့ပဲခေါ်ကြ
တော့။ မစ္စတာအိုင်းစ်ကလဲ ဘိုးဘိုးလို့ပဲခေါ်ပေတော့"ဟု ဦးနက်
ကျော်က ပြောဆို၍ တခွိခွိနှင့် ရယ်မောလေတော့၏။ ထို့နောက်
နက်ကျော်က . . .

"မောင်မြကြီး ဆေးရုံကဆင်းသွားပြီး ဘယ်ရောက်သွားသလဲ



www.burmeseclassic.com

www.burmeseclassic.com



ကာ မင်းတာတော့ ဖြစ်လိုက်ရင် ခပ်ဆန်းဆန်းမို့ ပြောစမ်းပါဦး”ဟု ဆိုလေ၏။

**ရွှေရွှေ**ကလည်း “ဟုတ်သားပဲ ကိုမြကြီး. . . ပြောစမ်းပါဦး **ရွှေရွှေ**နားထောင်ချင်တယ်”ဟု ပူဆာသဖြင့် ပအို့ကလေး မစ္စတာ **အိုင်းစ်**အား လှမ်း၍ကြည့်လိုက်ရာ ပအို့ကလေးက. . .

“ဟိုးရှေးရှေးတုန်းကလို့ စပြီးပြောလေ”ဟု ဆိုသဖြင့် ဝါးက ရယ်မောကြရလေ၏။ မြကြီးလည်း မျက်ရည်များထွက်သည်အထိ ရယ်မောပြီးနောက်. . .

“ဒီလို. . . ဒီလို. . . ကျွန်တော်လဲ ဟောဒီရွှေပအို့ကလေးကို ရရော ဆေးရုံကဆင်းပြီး . . .”ဟု အစချီကာ ဆေးရုံကဆင်းသွား ပြီး ယခုတဖန် ပြန်လည်ရောက်ရှိလာသည်အထိကို အသေးစိတ် ပြောပြခဲ့လေသည်။

မြကြီးအနေနှင့် ဆေးရုံကဆင်းပြီးနောက် အခက်အခဲပေါင်း များစွာကို ပအို့ကလေးနှင့်အတူ လက်တွဲ၍ ရင်ဆိုင်ခဲ့ပေသည် မြကြီးသည် ထိုအဖြစ်အပျက်များကို ကော်ဖီသောက်ရင်း၊ ဆေးလိပ် သောက်ရင်း ထိုညက အစမှအဆုံးတိုင် ပြောခဲ့ပါသည်။ ထိုပြောပြချက် များကို မြကြီးပြောသည့်အတိုင်း “စကားပြော” နှင့်ရေးပြလျှင် ဖတ်၍ကောင်းမည် မဟုတ်သဖြင့် ဝတ္ထုသွားအတိုင်းပင် ပြင်ဆင်၍ ရေးသားလိုက်ပေသတည်း။

စာရေးသူ





# ထွက်တော်မူ နန်းကန့်တယ်

မြကြီးကား ဆယ်နှစ်ဆယ့်တစ်နှစ်အရွယ် ပအို့ကလေးအား တွဲလျက် ဆေးရုံမှ ထွက်၍လာလေ၏။ မြကြီးသည် မိမိငှားရမ်းနေ ထိုင်သောအိမ်သို့ သွားရောက်ကာ အဝတ်အစားများကို သိမ်းပြီးနောက် မိမိ၏မော်တော်ကားနှင့်ပတ်သက်၍ ပုလိပ်များထံ၌ သတင်းစုံစမ်းမည်ဟု ထွက်၍လာရာ လမ်း၌ တစ်စုံတစ်ယောက်က မြကြီးအား သေချာစွာ ကြည့်နေသဖြင့် ပအို့ကလေးက. . .

“အစ်ကိုကြီး. . . အစ်ကိုကြီးကို လူတစ်ယောက်က သေသေချာချာ ကြည့်နေတယ်”ဟု ပြောလေ၏။

“အေး. . . အေး၊ သူ့ကိုလဲ မင်းက မသိမသာပြန်ပြီးကြည့်ထား ကွ”ဟု မြကြီးက သတိပေးလိုက်လေ၏။

ထို့နောက် ပအို့ကလေးက. . .

“အစ်ကိုကြီး အဲဒီလူကြီးက ကျွန်တော့်ကိုခေါ်နေပြီ၊ သွားရ မလား”ဟု မေးလေ၏။

“အေး. . . သွားကွာ. . . မင်းကို တစ်ခွန်းမေးရင် မင်းက သူ့ကို တစ်ခွန်းပြန်မေးပေါ့ကွာ”ဟု မှာလိုက်လေ၏။ ပအို့ကလေးလည်း မြကြီးအား ထားခဲ့၍ ထိုလူထံ သွားလေ၏။ ထိုလူလည်း ပအို့ကလေး အနီးသို့ရောက်လာလျှင်. . .

“ဟေ့ကောင်လေး. . . မင်းနဲ့လာတာ မြကြီးမဟုတ်လား”ဟု မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပအို့ကလေးက. . .

"တုတ်တယ်. . . ခင်ဗျားက ဘယ်သူလဲ၊ အစ်ကိုကြီးနဲ့သိလို့လား

"အေး သိတယ်၊ ဘာလဲ ဒီကောင်ကို မင်းကတွဲလာတာလား ဒီကောင်မျက်စိဘာဖြစ်လို့လဲ ကန်းနေပြီးလား. . ."

"ဟုတ်တယ်. . . ကန်းနေပြီ၊ ခင်ဗျားက ဘယ်သူလဲ၊ ဘာ မေးတာလဲ"ဟု ပြန်၍မေးလေ၏။

"ဘာမှမဟုတ်ဘူး။ သွားတော့၊ တူတူပုန်းတမ်းကစားနေတု အခုလို မျက်စိကန်းသွားတော့ ပုန်းရတဲ့သူအဖွဲ့ ပိုပြီးဟန်ကျတာ ဟု ထိုသူက သူ၏အဖော်ကိုပြောလိုက်လေ၏။

ပအို့ကလေးက ပြန်လာပြီးလျှင် အကျိုးအကြောင်း မြကြီးအား ပြောပြရာ မြကြီးသည် မစဉ်းစားတတ်ဘဲရှိလေတော့ ထို့နောက် မြကြီးလည်း ဆက်လက်၍ လျှောက်လာခဲ့ရာ အ သောနေရာ အရောက်၌ လူကြီးတစ်ဦးက မြကြီးအား မြင်လ ပြုံးပြလေ၏။ ထို့နောက် မြကြီးအနီးသို့ကပ်ကာ. . .

"ဟေ့သငယ်. . . ငါ့ကို မမှတ်မိဘူးလားကွ"ဟု မေးလေ၏

"ဘယ်သူပါလဲခင်ဗျာ. . .၊ ကျွန်တော်ကတော့ မျက်မမြင်ဘ ကိုရောက်နေပြီမို့ မမှတ်မိတာကို ခွင့်လွှတ်ပါခင်ဗျာ"ဟု မြကြီး ပြောလိုက်ရာ ထိုလူကြီးမှာ လွန်စွာအံ့အားသင့်၍ သွားလေတော့

"အို. . . ကျွတ်ကျွတ်. . . ဒုက္ခပါပဲ။ မင်းကို သူငယ်ချင်းဘသိ အိမ်မှာ တစ်ခါတွေ့ဖူးပါတယ်။ ငါ့နာမည် ဦးလယ်"ဟု အဘိုးကြီး ပြောလေ၏။

"သြော်. . . ဦးလေးကိုး၊ ဟဲ. . . ဟဲ၊ ဦးလေးပြောတဲ့အတိုင် ရထားဘီးကိုလှည့်နေတာပဲ ဦးလေးရေ။ အခုတော့ စုံလုံးကန် သွားပြီ" ဟု မြကြီးက ပြောလိုက်လေ၏။

"အေး. . . ဒါပေမယ့် စိတ်မပျက်နဲ့ကွ။ မင်းစိတ်ပျက်လို့





ဘယ်သူကမှ သနားပြီး ကူညီမှာမဟုတ်ဘူး။ ကိုယ့်ဟာကိုယ်လုပ်ရမဲ့ အတူတူ စိတ်မပျက်တာအကောင်းဆုံးပဲ။ မျက်စိကန်းတော့လဲ မျက်စိနောက်သက်သာတာပေါ့ကွာ။ မျက်စိကန်းနေတုံးမှာ ကျောက် ပွဲစားလုပ်ဖို့ကောင်းတယ်ကွ. . ."

"ဟာ. . . ဦးလေးကလဲ ကျောက်ပွဲစားလုပ်ပြီး မျက်စိကန်းနေ တော့ ဘယ်လိုလုပ်ပြီး ကျောက်ကိုကြည့်မှာလဲ"ဟု မြကြီးကပြော လိုက်လျှင် ဦးလယ်က ဟက်ဟက်ပက်ပက်ရယ်ရင်း. . .

"မျက်စိရှိလို့သာ ကြည့်နေကြတာပါကွာ။ ဘယ်သူမှ ဘယ် ကျောက်ဟာ ဘယ်လောက်တန်တယ်လို့ သေချာပေါက်ပြောနိုင်တာ မှ မဟုတ်ဘဲ။ ငါ့အထင်တော့ ကျောက်မျက်ရတနာအလုပ်ဆိုတာ မျက်စိကန်းနေပြီး စိတ်ထင်ရာဆုံးဖြတ်ပြီးလုပ်ရင် ပိုတောင် အောင်မြင်မယ်ထင်တယ်ကွ။ မျက်စိကလဲရှိ၊ မတောက်တစ်ခေါက် ကလေးပဲ သိတဲ့လူတွေဟာ အောင်မြင်ခဲ့တယ်ကွ၊ ဘာမှမသိတဲ့ အကန်းတွေလဲ ကြီးပွားနေကြတာပဲ။ ပြီးတော့ အဲဒီလို မတောက် တခေါက်သိတဲ့သူတွေက ကျောက်လောကမှာ သူတို့ကိုယ်သူတို့ ပဂေးကြီးတွေလို့တောင် အောင့်မေ့နေကြတာ"ဟု ပြောလိုက်ရာ မြကြီးက လွန်စွာ သဘောကျသွားလေ၏။ ထို့နောက် ဦးလယ်က မြကြီးလက်တွင်းသို့ ပစ္စည်းတစ်ခု ထည့်ပေးပြီး. . .

"ကဲ. . . မောင်မြကြီး ဒီကျောက်ဟာ ဦးရဲ့အဘိုးဆီက အမွေ ရထားတဲ့ ပတ္တမြားပဲ၊ ဦးအနေနဲ့တော့ သုံးထောင်လို့ခေါ်ထားတယ်။ အရည်ကလဲကောင်း၊ အနာကလဲလွတ်ဆိုတော့ မောင်မြကြီး ဘယ်လို သဘောရသလဲ။ မောင်မြကြီးဝယ်မယ်ဆိုရင် ဘယ်လောက်ပေးနိုင် မလဲ"ဟု ပြောလိုက်လေ၏။

ထိုအခါ၌ မြကြီးလက်တွင်းမှကျောက်ကို နေရောင်၌ထောင် လျက် မြင်ဘိသကဲ့သို့ ကြည့်ရှုပြီးလျှင်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး. . . ဘယ်လောက်ပဲပြောပြော ကျွန်တော့်အဖေ နဲ့တော့ တစ်ပြားမှကိုမပေးနိုင်ဘူး။ ဒီကျောက်မျိုးကိုပြောရမှာတော အားနာပါတယ်။ ဘယ်မှာပဲကောက်ကောက် ရနိုင်ပါတယ်။ အခု ဘာကြောင့် ပြောရသလဲဆိုတော့ ကျွန်တော်က ဝယ်သူဖြစ်နေလို့ ဟား. . . ဟား ဝယ်သူဖြစ်တဲ့အခါမှာ ဝယ်မဲ့ပစ္စည်းကို နှစ်ပြား တန်အောင် ပြောရမယ်လေ"ဟု မြကြီးက ပြောလိုက်ရာ. . . ဦးလယ်က . . .

"အဲဒါကြောင့်. . . မင်းကိုပြောတာပေါ့ကွ။ ကျောက်ပွဲစား လုပ်ပါလို့။ အခု မင်းပြောတာဟာ သိပ်ဟုတ်တာပဲ။ ငါပေးတာ ပတ္တမြားမှမဟုတ်ဘဲ။ ငါပေးတာ ကျောက်စရစ်ခဲပဲကွ"ဟု ပြော ရယ်မောလေတော့၏။ ထို့နောက် ဦးလယ်က ပြောပြန်လေ၏။

လောကမှာ အကန်းထက်ပိုပြီး မမြင်တဲ့လူ ရှိသေးတယ်ကွ"ဟု ပြောသဖြင့် မြကြီးက. . .

"မဟုတ်တာဘဲ ဦးလေးရယ်။ အကန်းထက်ပိုပြီး မမြင်တဲ့ လူရယ်လို့ ရှိနိုင်ပါ့မလား"ဟု မေးလိုက်ရာ ဦးလယ်က. . .

"ရှိတာပေါ့ကွ။ မကြည့်တဲ့လူဟာ အကန်းထက်ပိုပြီး မမြင်တဲ့လူ ပေါ့ကွ။ ကန်းမှမမြင်တာမဟုတ်ဘူးကွ။ မကြည့်ရင်လဲ မမြင်ဘူးကွ ဟဲဟဲ. . ."ဟု ရယ်မောပြောဆို၍ ဦးလယ်က ၎င်း၏နေရပ်လိပ်စာ ကိုပြော၍ ပြန်သွားလေ၏။

◻ ◻ ◻

မြကြီးလည်း ဂါတ်သို့သွား၍ ၎င်း၏မော်တော်ကားကို စုံစမ်းရာ မော်တော်ကားမှာ လုံးဝသုံး၍မရအောင် ပျက်စီးသွားရုံမက တောင် အောက်သို့ပင် ကျသွားပြီဖြစ်ကြောင်း ပြောလိုက်လေ၏။





မြကြီးလည်း မည်သည့်အရပ်သို့သွားရမည် မသိဘဲရှိရာမှ မန္တလေး သို့သွားရောက်ပြီး ကျောက်အရောင်းအဝယ်လုပ်စဉ်က သိကျွမ်းခဲ့ သော မိတ်ဆွေတစ်ဦးနှင့်နေထိုင်ကာ မိမိကငွေစိုက်၊ ဆိုသူက လူစိုက်ဖြင့် လုပ်ကိုင်စားသောက်ရလျှင် ကောင်းပေမည်ဟု သဘောထားကာ ပအို့ကလေးကိုခေါ်၍ မန္တလေးသို့ ဆင်း၍ လာလေတော့၏။

မန္တလေးသို့ရောက်လျှင် စမ်းတဝါးဝါးနှင့်ပင် ပအို့ကလေးကို အဖော်ပြုကာ မိတ်ဆွေ၏အိမ်ကို ရှာဖွေလေတော့၏။

မန္တလေးမြို့၌ မိတ်ဆွေဖြစ်သူ ကိုဘိုနီအား မရမကရှာဖွေခဲ့ရာ နောက်ဆုံးတွင် ကိုဘိုနီနှင့်ပက်ပင်းတွေ့ဆုံလေတော့၏။ ကိုဘိုနီ ဘပင် စတင်၍ မြကြီးကို နှုတ်ဆက်လေ၏။

"ကိုမြကြီး ဘယ်လိုဖြစ်တာလဲဗျ"ဟုမေးရာ မြကြီးက မိမိအဖြစ် အပျက်ကို ပြောပြပြီးနောက် . . .

"ကျုပ်. . . ခင်ဗျားကိုရှာနေတာ ငါးရက်တောင်ရှိပြီ။ ကျုပ်မှာ က မျက်စိကလဲကွယ်သွားပြီဆိုတော့ အားကိုးရာမဲ့နေပြီ။ ဒါပေမယ့် ငွေကလေးတော့ ပါခဲ့ပါသေးတယ်။ အဲဒီငွေကလေးကို ခင်ဗျားကို အပ်မယ်။ ခင်ဗျားက အလုပ်လုပ်ပါ။ ကျုပ်ကငွေစိုက်၊ ခင်ဗျားက လူစိုက်ပေါ့ ကိုဘိုနီ။ ရတနာအလုပ်က ကျုပ်နဲ့လဲ ကံစပ်တယ်။ ခင်ဗျား နဲ့လဲ ကံစပ်တယ်မဟုတ်လား"ဟု ပြောလိုက်ရာ. . .

ကျောက်ကုန်သည် ကိုဘိုနီက. . .

"ကောင်းသားပဲဗျာ။ ခင်ဗျားက ဒီလိုဖြစ်လာမှတော့ ကျုပ်က ကူညီရမှာပေါ့။ လောလောဆယ်တော့ ဥပုသ်တော်ကုန်းဘက်မှာ ကျုပ်ငှားပြီးနေတဲ့အိမ်ရှိတယ်။ အဲဒီမှာပဲ လိုက်ပြီးနေပေါ့"ဟု ဆိုကာ မြကြီးနှင့်ပအို့ကလေးအားခေါ်၍ သွားလေ၏။

ကိုဘိုနီအိမ်သို့ရောက်လျှင် ကိုဘိုနီက မြကြီးတို့အား နေရာ



www.burmeseclassic.com

www.burmeseclassic.com

ချထားပေးလေ၏။ ထို့နောက် ထမင်းစားရန်အတွက် ထမင်းဝယ်မည်ဟု ကိုဘိုနီက ပြောသောအခါ ပအို့ ကလေးက . . .

"အိုးရှိလား ကျွန်တော်ချက်မယ်" ဟု ပြောရာ ကိုဘိုနီက "ဘယ်လိုလဲ ကိုမြကြီး ခင်ဗျားလူက ချက်မယ်ဆိုပါလား၊ ဖြစ်ပါ့မလား" ဟု မေးလေ၏။

"ဟုတ်တယ် သူချက်တတ်တယ်ဗျ၊ ဟင်းကျတော့ကျုပ်ကဘေးကထိုင်ပြီး ပြောရတယ်၊ ဘာပြီး ဘာထည့်ပေါ့ဗျာ" ဟု မြကြီးက ပြောရာ ကိုဘိုနီက . . .

"ဒီလိုဆိုရင် အိုးတွေခွက်တွေ ဝယ်လိုက်မယ်ဗျား ကျုပ်ကတစ်ယောက်တည်း လူပျိုလူလွတ်ဆိုတော့ ဆိုင်မှာပဲစားတာအဲဒီတော့၊ ဘာမှမရှိဘူးဗျ" ဟု ဆိုသဖြင့် မြကြီးက အိုးခွက်ပန်းကန်ဆန်၊ ဆီ၊ ဆားများဝယ်ယူရန် ငွေထုတ်ပေးလိုက်လျှင်၊ ပအို့ကလေးက ငှင်းပါ ဈေးသို့လိုက်မည်ဟု ပြောသဖြင့် ကိုဘိုနီက . . .

"အေး ကောင်းတာပေါ့ မင်းလဲ ဈေးကိုလိုက်ခဲ့၊ ဒါနဲ့ နေပါအုံးမင်းနာမည်က ဘယ်လိုခေါ်သလဲကွ" ဟု မေးလေ၏။

"အိုက်စံပါ၊ အကိုကြီးကတော့ မစ္စတာအိုင်းစ် လို့ခေါ်တယ်" ဟု ပအို့ကလေးကပြောလေ၏။

"ဒီလိုလေဗျာ၊ သူ့နာမည်ကအိုက်စံတဲ့၊ ဒါပေမဲ့ကျုပ်ကမျက်လုံးကန်းနေလေတော့ သူ့ကိုမျက်လုံးအစား ခေါ်ထားရတာမဟုတ်လား၊ ဒါကြောင့် အိုင်းစ်(မျက်လုံး)လို့ခေါ်ရတာ၊ အိုက်စံနဲ့အိုင်းစ်နဲ့လဲ အသံခြင်း သိပ်မကွာဘူးလေ" ဒါပေမယ့် "အိုင်းစ်ဆိုတာ ခေါ်လို့ မကောင်းတာနဲ့ မစ္စတာအိုင်းစ်လို့ ခေါ်တာ" ဟု မြကြီးက ရှင်းပြလိုက်ရာ ကိုဘိုနီက သဘောကျစွာရယ်မော၍

"ကဲ. . . မစ္စတာအိုင်းစ် ဈေးကိုလိုက်ခဲ့ပေတော့" ဟုဆိုကာ ပအို့ကလေးကိုခေါ်၍ သွားလေ၏။ တစ်နာရီကျော်ကျော်ခန့် ကြာ



သောအခါ မစ္စတာအိုင်းစ်သည် ရထားလုံးဖြင့်ပြန်၍ ရောက်လာပြီးလျှင် ပန်းကန် ခွက်ယောက်များလည်း ပါ၍လာလေတော့၏။ အိမ်သို့ရောက်လျှင် ရောက်ခြင်း မစ္စတာအိုင်းစ်က မြကြီးအနီးသို့ကပ်ကာ . . .

"အစ်ကိုကြီး. . . ဟိုလူကို ပိုက်ဆံတွေအကုန်မပေးနဲ့နော်. . ." ဟုဆိုလေ၏။

"ဘာဖြစ်လို့လဲကွ" ဟုမြကြီးကမေးရာ မစ္စတာအိုင်းစ်က . . .

"ဈေးနားက လက်ဖက်ရည်ဆိုင်မှာ လူတစ်ယောက်နဲ့တွေ့တော့အဲဒီလူကိုပြောဘယ်၊ အမဲရပြီတဲ့၊ အမဲရပြီဆိုတာ မကောင်းတာလုပ်မယ်လို့ ပြောတာပဲမဟုတ်လား၊ ပြီးတော့ ဘလိုင်းပါကွာ ပူစရာမလိုပါဘူးတဲ့၊ ဘလိုင်းဆိုတာဘာလဲ" ဟုမြကြီး အားမေးလေ၏။

"ဘလိုင်းဆိုတာ မျက်မမြင်ပေါ့ကွာ"

"အေး. . . မင်းသတိပေးတာလဲ ကောင်းတယ်ကွ၊ အစစအရာရာ သတိထားရမှာပေါ့ကွာ" ဟု မြကြီးကပြောလေ၏။

မစ္စတာအိုင်းစ်က ထမင်းချက်ပြီးသည့်အခါ၌ မြကြီးအားဟင်းချက်ရန်အတွက် မီးဖိုအတွင်းသို့ ခေါ်လာလေ၏။ မြကြီးက . . .

"ဝက်သားတုံးပြီးရင် ဆားနဲ့နယ်၊ နနွင်းမှုန့် နည်းနည်းထည့်၊ ဆိုနည်းနည်းထည့်" စသည်ဖြင့် ပါးစပ်နှင့် ပြောပေးလေ၏။ မစ္စတာအိုင်းစ်က လိုက်၍လုပ်ရလေ၏။

ဤသို့နှင့်ပင် ဝက်သားဟင်း၊ ငပိရေဖျော် စသည်တို့ဖြစ်၍လာလေ၏။ မြကြီးနှင့်မစ္စတာအိုင်းစ်တို့ ထမင်းစားကြလေ၏။ ထမင်းစားရင်း မစ္စတာအိုင်းစ်က . . .

"ဘယ်သူကပဲဖြစ်ဖြစ် အစ်ကိုကြီးကို ညာနေပြီလို့ ကျွန်တော်သိရင် သိချင်းဆိုမယ်၊ ကျွန်တော်သီချင်းဆိုရင် အစ်ကိုကြီးသတိ

www.burmeseclassic.com

www.burmeseclassic.com



ထားပေတော့" ဟုဆိုလေ၏။

"မင်းကဘာသီချင်းရသလဲကွ"

"မြန်မာသီချင်းရပါတယ်အကိုကြီး"

"ဆိုစမ်းပါဦး"

"ဝန်မင်း၊ ဝန်မင်း၊ ညီလာခံမစဲခင်နန်းထဲဝင်မယ်ဗျာ" ဟု အသံနေအသံထား နှင့်ဆိုလေ၏။

"ဟော့ကောင် အဲဒါသီချင်းမဟုတ်ဘူးကွ၊ ဝန်စကားခေါ်တယ်တွ ပွဲထဲမှာ ဝန်ကြီးတွေ ပြောတဲ့စကားကွ"ဟု မြကြီးကပြောလေ၏

"နောက်တစ်ခု ရသေးတယ်၊ ရွှေညောင်မှာ ပွဲပြတုန်းက ရ တာ" ဟု မစ္စတာအိုင်းက ပြောပြန်လေသည်။

"လုပ်စမ်းပါအုံး မစ္စတာအိုင်းစ်" ဟု မြကြီး ထမင်းလုပ်ဝါးရင်း ပလုပ်ပလောင်းနှင့် ပြောလိုက်လေ၏။

"ဝန္နစ်လုံးပူးတော့ ထဆင့်ထူး၊ ထဆင့်ထူးကို ထောင်တော ဝိဖြစ်ရော မောင်၊ နောင်လာနောက်သားတွေ သိဖို့ ဝိစကား အ ပြောမည်၊ ဝိ-ဝိယောဂ၊ ဝိ-ဝိဝါဒ၊ ဝိ-ဝိဝုဒ္ဓ၊ ကျွန်တော်မောင်ဝိ ဝိမောင်က လူလိမ်ဗျ"

"ဟိုက်. . တယ်ကောင်းတဲ့ သီချင်းပါလား၊ သီချင်းစပ်တဲ့ လူ ပညာရှိပဲ"ဟု မြကြီးကပြောလိုက်ရာ မစ္စတာအိုင်းက . . .

"ပညာရှိမဟုတ်ဘူး၊ လူပျက်ဆိုတာ၊ 'ရွှေအ'ဆိုတဲ့ လူပျက် တာ"ဟု ပြောလေ၏။

"အေး. . သူလဲပညာရှိပေါ့ကွ၊ ကောင်းတယ်၊ အဲဒီသီချင်းဆိုရ ငါသိပြီ၊ မင်းကအလာကြီးပဲကွ"ဟု မြကြီးပြောလိုက်ရာ မစ္စတာ အိုင်းစ်က . . .

"အလာကြီး မဟုတ်ပါဘူး၊ ပအို့ပါ" ဟုပြန်၍ ပြောလိုက်သ မြကြီးသည် ထမင်းများသီး၍ကုန်သည်အထိ ရယ်ရသေးတော့





မြကြီးတို့ ထမင်းစားပြီးသည့်အခါ၌ ကိုဘိုနီပြန်၍ လာလေ၏။ ၎င်းနှင့်အတူ ကောင်းမွန်စွာဝတ်စား၍ထားသော လူတစ်ယောက် လည်း ပါလာလေ၏။

"ကိုမြကြီးရေ အတော်ပဲဗျို့၊ လုပ်ငန်းစမယ်လို့ ကြံသေးတယ်၊ အလုပ်က ဖြစ်ပြီဗျို့၊ ဟောဒီမှာ ကျုပ်မိတ်ဆွေ ရတနာကုန်သည် တစ်ယောက်ခေါ်လာခဲ့တယ်၊ ခင်ဗျားနဲ့လည်း နာမည်က ခင်ဆင်ဆင်ပဲ၊ ကိုမြသာတဲ့"ဟု ကိုဘိုနီက မိတ်ဆက်ပေးလေ၏။ မြကြီး၏ နှာခေါင်း၌ ကိုမြသာကိုယ်မှ ဆွတ်လာသော ရေမွှေးနံ့သာ များကို ရှူရှိုက်မိလေ၏။

"ထိုင်ပါ ကိုမြသာ"ဟု မြကြီးက ပြောလေ၏။

ရတနာကုန်သည် ကိုမြသာလည်း သူ၏ သားရေအိတ်ကြီးကို ချ၍ ကျောက်များကို ထုတ်လေ၏။

"ပစ္စည်းကတော့ တကယ့်ပစ္စည်းတွေပဲ ကိုမြကြီး၊ ဟောဒီ ပတ္တမြားဟာဆိုရင် သူတစ်လုံးတည်းကို ငါးထောင်နဲ့ဈေးဆိုင်ဖူးတာ၊ ကျုပ်က မရောင်းခဲ့မိဘူး၊ အခုမှအရေးကြုံလို့ သုံးထောင်တည်းနဲ့ ဆုတ်ရမှာ" ဟုဆိုကာ မြကြီး၏ လက်တွင်းသို့ ရတနာကုန်သည် ကိုမြသာက ပတ္တမြားတစ်လုံးကို တင်၍ပေးလိုက်လေ၏။

"ကျုပ်ကတော့မျက်စိနှစ်ကွင်းအလင်းမရလေတော့ ကိုဘိုနီက ပဲ ကြည့်ပါလိမ့်မယ်" ဟုဆိုကာ မြကြီးက ကိုဘိုနီဘက်သို့ ပတ္တမြားကို ပေးလိုက်လေ၏။ ကိုဘိုနီက ပတ္တမြားကို ကြည့်ပြီးနောက် . . .

"အရည်တော့ ကြိုက်ပါတယ်၊ ဈေးကတော့ တဆိတ်များနေတယ်ဗျာ၊ နှစ်ထောင်လောက် ဆိုရင်တော့ ဖြစ်နိုင်ပါတယ်"ဟုပြော၍ မျက်စိ တစ်ဖက် မှိတ်ပြလိုက်လေ၏။ အမှန်စင်စစ် ထိုပတ္တမြားမှာ လေးငါး ခြောက်ရာလောက်သာ တန်သောပတ္တမြား ဖြစ်ပေသည်။

ထိုအခါ၌ မြကြီးသည် ဆုံးဖြတ်ရန် ခက်နေ၏။ ပြောရမည့်



www.burmeseclassic.com

www.burmeseclassic.com



စကားမှာလည်း "ကိုဘိုနီကြိုက်ရင်ယူလိုက်လေဗျာ"ဟု ပြောရန်သာ ဖြစ်ပေသည်။ ထိုအချိန်၌ ပအို့ကလေး မစ္စတာအိုင်း(စ်)က . . .

အခန်းတွင်းသို့ ဝင်သွားပြီးလျှင် ပန်းကန်ဆေးချင် ဟန်ဆောင်၍ သီချင်းဆိုလေတော့၏။

"ဝနှစ်လုံးပူးတော့ ထဆင့်ထူး၊ ထဆင့်ထူးကိုထောင်တော့ ဝိဖြစ် ရောမောင်၊ နောင်လာနောက်သားတွေ သိထားဖို့ ဝိစကား အချို့ ပြောမည်၊ ဝိ-ဝိယောဂ၊ ဝိ-ဝိဝါဒ၊ ဝိ-ဝိဝုဒ္ဓ၊ ကျွန်တော်မောင်ဝိ၊ ဝိမောင်က မျက်စိမှိတ်လို့ပြတယ်ဗျ"

မြကြီးလည်း မစ္စတာအိုင်း(စ်)ကလေး၏ သီချင်းသံကို ကြားလျှင် . . .

"ကိုဘိုနီရေ နွားရှေ့ ထွန်ကျူးတယ်လို့ မအောင့်မေ့နဲ့နော်. . ကျွန်တော့်စိတ်မှာ တစ်မျိုးပဲ၊ ဒီကျောက်ဟာကျုပ်တို့ဆီမှာ သောင်တင်ပြီးနှစ်ချို့နေလိမ့်လို့ထင်တယ်၊ နောက်ထပ်ကြည့်ဦးဗျ" ဟု ပြောလိုက်ရာ ကိုဘိုနီနှင့် ကိုမြသာတို့သည် တစ်ဦးမျက်နှာတစ်ဦးကြည့်၍ မျက်လုံးပြူးသွားကြလေတော့၏။ ထိုအခါ၌ပင်မြကြီးက အပေါ် အပါး သွားမည့်ဟန်ဖြင့် စမ်းတဝါးဝါးနှင့် အိမ်ခန်းတွင်းသို့ဝင်လေ၏။

မစ္စတာအိုင်း(စ်)ကလေးက ရေနွေးကရားနှင့် ပန်းကန်လုံးများကို ယူ၍ ကိုဘိုနီနှင့် ကိုမြသာအနီး၌ ရေနွေးလာ၍ချပေးလေ၏။ ထိုအချိန်၌ ၎င်းတို့နှစ်ဦးသည် မြကြီးအား မည်သို့မည်ပုံ နှပ်ချရမည်ကို တိုင်ပင်လျက်ရှိလေ၏။

"ကျောက်နှစ်လုံးသုံးလုံးတော့ အရှုံးခံပြီး ပေးလိုက်ရမှာပဲ၊ အဲဒီမှာ အမြတ်ကလေးနည်းနည်းစားပြီးတော့မှ သူ့ဆီကထွက်မှာ" ဟု ကိုမြသာကပြောရာ ကိုဘိုနီက "ဟုတ်တယ် ဟုတ်တယ်" ဟု ထောက်ခံလေ၏။

ထိုအချိန်၌ပင် မြကြီးရောက်လာသဖြင့် ကိုဘိုနီတို့က ပြော





သက်စ စကားတို့ ရပ်လိုက်ပြီးလျှင် ကိုမြသာက ပတ္တမြားတလုံး ထုတ်၍ . . .

"ကိုမြကြီးရေ ဟောဒီဟာကတော့လည်းသီးရေပဲဗျ၊ မုချစားရမယ့်အလုံးပဲ၊ မစားရရင် ကျုပ်လျှာဖြတ်ပစ်မယ်ဗျာ" ဟု ဆိုကာ မြကြီး၏ လက်တွင်းသို့ ပတ္တမြားတစ်လုံးကို ထည့်၍ "အဲဒါကိုတော့ ဘစ်ထောင်တည်းနဲ့ ပေးမယ်"ဟု စကားကိုဆက်လိုက်လေ၏။

မြကြီးက ပတ္တမြားကို ကိုဘိုနီ၏ လက်တွင်းသို့ ထည့်ပေးလိုက်လေ၏။ ကိုဘိုနီက သေချာစွာကြည့်ပြီးနောက် . . .

"ရှစ်ရာဆိုရင်တော့ ယူလိုက်မယ်ဗျာ" ဟု ဆိုလေ၏။

ကိုမြသာကလည်း အနည်းငယ် စဉ်းစားသလိုလို လုပ်ပြီးနောက်. . .

"ဒီဟာကတော့ ရွှေလမ်းငွေလမ်း ဖောက်တဲ့သဘောနဲ့ ပေးလိုက်ပါ့မယ်" ဟုဆိုသဖြင့် မြကြီးက ကိုဘိုနီအား ငွေထုတ်ပေးလိုက်လျှင် ကိုဘိုနီက ငွေရှစ်ရာရေတွက်၍ ကိုမြသာအားပေးကာ ပိုသောငွေကို မြကြီးအားပြန်၍ပေးလေ၏။ ပအို့ကလေးလည်း ပတ္တမြားကို မြင်ဖူးလိုသော သဘောနှင့် ဝင်ရောက်ကြည့်ရှုလေ၏။ ထို့နောက် ကိုမြသာလည်း နှုတ်ဆက်၍ ပြန်သွားလေ၏။

ကိုမြသာ ပြန်၍သွားသည့်အခါ၌ ကိုဘိုနီက ကိုမြကြီးအား . . .

"ညနေကျရင် ကျုပ်သွားမယ်ဗျ၊ ကျုပ်မှာ ရောင်းချက်ရှိတယ်၊ ဟောဒီဉစ္စာ ခေါက်ချိုးလောက်ကိုမြတ်မှာဗျ" ဟု စကားပျိုး၍ ထားလေ၏။

ညနေပိုင်းသို့ရောက်လျှင် ကိုဘိုနီသည် ပတ္တမြားကိုယူ၍ ရောင်းရန် ပြမည်ဟုဆိုကာ ထွက်သွားလေ၏။ ကိုဘိုနီထွက်သွားသည်နှင့် မစ္စတာအိုင်းစ်က မြကြီးအား အောက်ပါအတိုင်းပြောလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံက လူကို ဘယ်တော့မှမလိမ်ဘူး၊ တစ်ပြားဆိုရင် တစ်ပြားပဲ၊ တစ်ကျပ်ဆိုရင် တစ်ကျပ်ပဲ၊ ကျွန်တော့်ဆီမှာ ရောက်ရင်လည်း တစ်ကျပ်ပဲ၊ အကိုကြီးဆီမှာ ရောက်ရင်လည်း တစ်ကျပ်ပဲ၊ နှစ်ကျပ်ပါလို့ ဘယ်တော့မှ လိမ်ပြီးမပြောဘူး၊ ဒါပေမယ့် လူတွေက လိမ်ပြီဆိုရင်တော့ လိမ်မပြောတဲ့ပိုက်ဆံကပါ လူလိမ်နောက်ကို အဖော်လိုက်သွားတတ်တယ်"

"အလိုလေး ပညာရှိနဲ့ တွေ့နေရပါလား၊ မစ္စတာအိုင်းစ် တော်လှချည်လား၊ မှန်လှချည်လား၊ ပိုက်ဆံကမလိမ်တတ်ဘူး၊ ဒါပေမယ့် လူလိမ်ကလိမ်ပြီဆိုရင်တော့ အဖော်လိုက်သွားတတ်တယ် ဟုတ်လား။ တော်လှချည်လား၊ ရွှေပအို့ကလေးရယ်" ဟုဆိုကာမြကြီးက မစ္စတာအိုင်း(စ်) ကလေးအား ပွေ့လိုက်လေ၏။

"အစ်ကိုကြီး လွှတ်ပါဦးဗျ၊ ကျွန်တော် လိုက်သွားဦးမယ်" ဟုဆိုကာ အိမ်ပေါ်မှပြေးဆင်း၍ ကိုဘိုနီနောက်သို့ မယောင်မလည်နှင့် လိုက်သွားလေ၏။

နှစ်နာရီခန့်ကြာလျှင် မစ္စတာအိုင်း(စ်) ပြန်ရောက်လာပြီး

"အစ်ကိုကြီးကျောက်ကို ကိုဘိုနီက ဈေးနားက လက်ဖက်ရည်ဆိုင်မှာ ကိုမြသာကို ပေးတယ်၊ ကိုမြသာက ပိုက်ဆံပြန်ပေးတယ်" ဟုပြောလေ၏။ မြကြီးလည်း မစ္စတာအိုင်း(စ်)၏ စကားကို နားထောင်ပြီးနောက် . . .

"ဒီလိုကွ ကျောက်တစ်လုံး နှစ်လုံးကိုတော့ အရှုံးခံပြီး ငါတို့ကို ရောင်းလိမ့်မယ်၊ နောက်ဆုံးမှ အချိုကြီး ချလိမ့်မယ်ထင်တယ်" ဟု ပြောလိုက်ရာ မစ္စတာအိုင်း(စ်)က . . .

"အချိုကြီးဆိုတာ ဘာလဲ အကိုကြီး" ဟု မေးလေတော့၏။

"အချိုကြီးဆိုတာ အများကြီးကို ပြောတာကွ"

"ဟုတ်မယ်ထင်တယ် အစ်ကိုကြီး"





"ဟုတ်ပါတယ်ကွ၊ ဒီလူတွေက လိမ်နည်းသိပ်ပြီး မကျွမ်းကျင်သေးပါဘူး" ဟု မြကြီးက ပြောရာ မစ္စတာအိုင်း(စ်)ကလေးက. . .

"ကျွမ်းကျင်တယ်ဆိုတာ ဘာလဲ"ဟု မေးပြန်၏။

"ကျွမ်းကျင်တယ်ဆိုတာ အလုပ်တစ်ခုကို ခဏခဏလုပ်တဲ့အတွက် အကျင့်ရနေတာကို ပြောတာကွ"ဟုဆိုလေ၏။

ထို့နောက်ပအို့ကလေး မစ္စတာအိုင်း(စ်)နှင့် မြကြီးတို့သည် ညစာထမင်းစားရင်း ကိုဘိုနီနှင့် ကိုမြသာတို့၏ အတင်းကိုပြောနေကြလေ၏။ မြကြီးတို့ ထမင်းစားပြီးကြသည့်အချိန်လောက်တွင် ကိုဘိုနီပြန်ရောက်လာပြီးလျှင် . . .

"ကိုမြကြီးရေ. . ဟန်ပြီဗျို့၊ စစချင်းမှာပဲ ခေါက်ချိုးလောက်မြတ်ခဲ့တယ်ဗျို့၊ ကိုမြသာဆီက နေ့ခင်းကဝယ်ခဲ့တဲ့ ကျောက်ဟာ ရန်ကုန်က ပွဲစားတစ်ယောက်က ထောင့်ငါးရာနဲ့ ပေးပြီးယူသွားလေရဲ့" ဟုဆိုကာ ငွေထောင့်ငါးရာကိုပေးလေ၏။ ထိုအခါ၌ မြကြီးက အရင်းငွေရှစ်ရာ နှုတ်ပြီးနောက် မြတ်စွန်းသည်ဆိုသော ငွေခုနစ်ရာကို တစ်ဝက်တိတိခွဲ၍ ကိုဘိုနီအား သုံးရာ့ငါးဆယ် ပေးလိုက်ပြီးလျှင် မိမိ၏ အိတ်အတွင်းသို့ သုံးရာ့ငါးဆယ်ထည့်လိုက်လေ၏။

ကိုဘိုနီကလည်း "စစချင်း ဒီလိုအဖွင့်ကောင်းရင် ဆက်တိုက်ကောင်းပြီ ကိုမြကြီးရေ"ဟု တဖွဖွပြောလေ၏။

ထို့နောက်မိမိ၏ သူငယ်ချင်းသားကလေး ဆုံးသဖြင့် အသုဘသို့ သွားရန်ရှိသည်ဟု ဆိုကာ ကိုဘိုနီသည် ထွက်၍သွားလေ၏။

မြကြီးနှင့်ပအို့ကလေး မစ္စတာအိုင်း(စ်)သာလျှင် အိပ်စက်ကြလေ၏။ အိပ်ရာထဲတွင် မစ္စတာအိုင်း(စ်)က . . .

"အစ်ကိုကြီး ဘယ်လောက်မြတ်သလဲ" ဟုမေးရာ မြကြီးက "တစ်ဝက်ခွဲပေးရသေးတာဆိုတော့ သုံးရာ့ငါးဆယ်မြတ်တာပေါ့"ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး မြွတ်တာအရေးမကြီးဘူး သူတို့လဲ မြွတ်အောင် လုပ်ကြလိမ့်မယ်၊ သူတို့မမြွတ်မချင်းတော့ စိတ်မချရဘူး" ဟု မစ္စတာအိုင်း(စ်)က ပြောလျှင် မြကြီးက ရယ်မော၍

"မှန်တာပေါ့ကွာ၊ သူတို့က ငါ့ကို လိမ်လို့မရမချင်း ငါ့ဆီမှာရှိနေမှာပဲ၊ လိမ်ပြီးရင်တော့ပြေးကြမှာသေချာတယ်ကွ" ဟုပြော လေ၏။

"အလိမ်ခံရမှာလည်း သိပ်ပြီးပူမနေပါနဲ့ ကျွန်တော်လဲ ရှိသားပဲ အစ်ကိုကြီး"ဟု မစ္စတာအိုင်း(စ်)က အားပေးစကားပြောလေ၏၊

"အေး. . ငါကလဲ မင်းကို အားကိုးတာပဲကွ. . ၊ မင်းတစ်ယောက် ရှိတာဟာ ငါ့အတွက်တော့ အခေါဘဏီတပ်ကြီး တစ်တပ်လောက် အားကိုးရတယ်ကွ"

"အခေါဘဏီတပ်ဆိုတာ ဘာလဲ"

"အခေါပဏီတပ်ဆိုတာ စစ်သားတွေ အများကြီးရှိတဲ့ တပ်ပေါ့ ကွ"

"ဘယ်လောက်အများကြီးလဲ"

"ဝါးလုံး၊ ဝါးလုံးတောင် ရိုးရိုးဝါးလုံးမဟုတ်ဘူး၊ ဝါးဘိုးဝါးလုံး တစ်ထောင်ကို အဲဒီစစ်သားတွေ နင်းသွားရင် ဝါးလုံးဟာ အမှုန့်ဖြစ် သွားနိုင်တယ်၊ အဲဒါလောက်များတယ်ကွ၊ မင်းဟာ အဲဒီစစ်သား အရေအတွက်လောက်ရှိတဲ့ တပ်ကြီးတစ်တပ်လောက် အားကိုးရ တယ်ကွ" ဟု မြကြီးက ရှင်းပြလိုက်လျှင် မစ္စတာအိုင်း(စ်)က. . .

"ဒါတော့ အစ်ကိုကြီးက ကျွန်တော့်ကို နည်းနည်းနှိမ့်ချ ပြောတာ ပဲ" ဟု ပြောလိုက်ရာ မြကြီးအူတက်မတတ် ရယ်မောလေတော့၏၊





နောက်တစ်နေ့၌ ကိုမြသာနှင့် ကိုဘိုနီတို့သည် မြကြီးထံသို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြပြီးလျှင်၊ ကိုမြသာက သူ၏ အိတ်ကြီးကိုချ၍ ပတ္တမြားတစ်လုံးကို ထုတ်ယူကာ . . .

"ဟောဒီအလုံးလဲစားရမှာပဲ၊ မစားရရင် ကျုပ်လျှာကို ဖြတ်ပစ်" ဟုဆို၍ မြကြီးလက်တွင်းသို့ ထိုပတ္တမြားကို ထည့်လိုက်လေ၏။

မြကြီးကကိုဘိုနီလက်သို့ ထည့်လိုက်လျှင် "ကိုဘိုနီက ဘယ် လောက်လဲ" ဟု မေးလေ၏။

"အဲဒါကတော့ နှစ်ထောင်ပဲ ပေးပါ" ဟုဆိုလေ၏။ ကိုဘိုနီက ထောင့်ငါးရာ ဆစ်ရာ၊ ကိုမြသာက "ရပါတယ်၊ ရွှေလမ်း ငွေလမ်း ဖောက်တာပဲ" ဟုဆိုကာ ပေးလိုက်လေ၏။

ထို့နောက် ကိုမြသာထွက်သွားလျှင် ကိုဘိုနီက ကျုပ်မှာ ရောင်းချက်ရှိတယ်ဟုဆိုကာ ထွက်၍သွားပြန်၏။

ညနေပိုင်းသို့ ရောက်လျှင်၊ ကိုဘိုနီ ပြန်လာပြီးလျှင် "သုံးထောင် တောင်ရခဲ့တယ်ဗျို့" ဟုဆိုလေ၏။

"အဲဒီတော့ အမြတ်ထောင့်ငါးရာကနေ တစ်ဝက်ခွဲပြီး ခုနှစ်ရာ ငါးဆယ်တိတိယူပေါ့ဗျာ"ဟု မြကြီးကပြောဆို၍ ခွဲဝေပေးလိုက်လေ၏။ ကိုဘိုနီလည်း မိတ်ဆွေ၏ကလေး အသုဘသို့သွားမည်ဟုဆိုကာ ထွက်သွားလေ၏။ ထိုအခါ၌ ပအို့ကလေးက . . .

"အစ်ကိုကြီး. . ဒီအလုံးစားရမှာပဲ၊ မစားရရင် လျှာဖြတ်ပစ်ဆို တာရယ်၊ ကိုဘိုနီက ရောင်းချက်ရှိတယ်ဆိုပြီး ထွက်သွားတာရယ်၊ ပြီးရင် ကိုဘိုနီက အသုဘအိမ်သွားအုံးမယ်ဆိုတာရယ်က အတူတူ ပဲ နည်းပဲ၊ အဲဒါကိုစဉ်းစားပါ" ဟု သတိပေးလေ၏။

ကိုဘိုနီနှင့်ကိုမြသာသည် နောက်တစ်နေ့၌ပေါ်၍မလာဘဲ၊ ငါးစ်ရက်ကျော်မှပင် ရှေ့ဆင့်နောက်ဆင့် ရောက်လာကြပြီးလျှင်၊ ကိုမြသာက ထုံးစံအတိုင်း အိတ်ကြီးကိုချ၍ ပတ္တမြားတစ်လုံးကို



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ကာ မြကြီး၏လက်တွင်းသို့ ထည့်ပေးလိုက်လေ၏။

"ဒီအလုံးကတော့ သေချာပေါက်စားရမယ့်အလုံးပဲ" ဟု ဆိုပြန်သဖြင့် မြကြီးက ပတ္တမြားကို၊ ကိုဘိုနီ၏လက်သို့ ပေးလိုက်လျှင် . . .

ခင်ဗျားပြခဲ့တဲ့ဟာတွေထဲမှာ ဒါအကြိုက်ဆုံးပဲ၊ ဆိုစမ်းပါဦး ဘယ်လောက်လဲ" ဟု ပြောရာ ကိုမြသာက "ဒါကတော့ရှစ်ထောင် ကိုဘိုနီ" ဟုပြောလေ၏။

"ရှစ်ထောင်တော့ မဖြစ်ဘူး (၇)ထောင်ပေးမယ်" ဟု ဆိုလေ၏။ ထိုနောက် တစ်ဦးကိုတစ်ဦး မျက်စပစ်လိုက်လျှင် ပအို့ကလေးသည် အိမ်တွင်းသို့ဝင်သွားပြီးလျှင် . . .

"ဝနှစ်လုံးပူးတော့ ထဆင့်ထူး၊ ထဆင့်ထူးကို ထောင်တော့ ဝိ-ဖြစ်ရောမောင်၊ နောင်လာနောက်သားတွေသိကြဖို့ ဝိ-စကားအချို့ပြောမယ်၊ ဝိ-ဝိယောဂ၊ ဝိ-ဝိဝါဒ၊ ဝိ-ဝိဝုဒ္ဓ၊ ကျွန်တော်မောင်ထိ ဝိမောင်က မျက်စပစ်တယ်ဗျ" ဟု သီချင်းဆိုလိုက်ရာ မြကြီးက. . .

"ဒီလိုလုပ်ပါလားကိုဘိုနီ၊ ကျောက်ကနည်းနည်းကြီးလေတော့ တစ်ရက်ဆိုင်းလိုက်ပါ၊ နက်ဖြန်ကျတော့ ယူလိုက်တာပေါ့" ဆိုလေ၏။

ကိုမြသာကလည်း"ရပါတယ် . . ရပါတယ်"ဟုဆိုကာပြန်လေ၏။ ကိုဘိုနီကမူ "ဒီတစ်ခါမှ အချိုကြီးစားရမှာ ကိုမြကြီး၊ ကျောက်ထဲ အရည်ရော၊ အရွယ်ရော၊ ဈေးရော ဘာမှဆိုစရာမရှိဘူး၊ ယူဖြစ်အောင်တော့ ယူဗျို့၊ ထိုက်လို့ရတဲ့ပစ္စည်းပဲ" ဟုပြောဆိုလေ၏။

ညနေခင်းသို့ ရောက်လျှင် အသုဘရက်လည်ညဖြစ်၍ သွားဦးမယ်ဆိုကာ ထွက်၍သွားလေ၏။

ကိုဘိုနီထွက်သွားသည့်အခါ၌ မြကြီးက ပအို့ကလေးအား . . .

"မစွတာအိုင်း(စ်) ဘယ်လိုလုပ်မလဲကွ" ဟု အကြံတောင်းရာ ပအို့ကလေးက . . .





"ဒီတစ်ခါတော့ အစ်ကိုကြီးပြောတဲ့ အချိုကြီးပဲ၊ မနက်ဖြန်ဆို မဝယ်လို့မဖြစ်ဘူး၊ မဝယ်ရင် ဒုက္ခပေးမှာပဲ၊ ဒီဥစ္စာကို ဝယ်ဖို့ ကျောက်နှစ်လုံးကို လျှော့ဈေးနဲ့ရောင်းခဲ့ပြီးပြီ မဟုတ်လား" ဟု ပြောရာ မြကြီးက . . .

"အဲဒါကြောင့် အကြံပေးပါလို့ ပြောတာကွ" ဟု ဆိုလေ၏။

"အကြံပေးလို့ မရဘူး၊ ဒီက ထွက်ပြေးရမယ်၊ ကျွန်တော်တို့ ထွက်ပြေးတယ်ဆိုတာ ချက်ချင်းမသိအောင် အိုးတွေ ခွက်တွေ အိပ်ရာတွေ၊ အဝတ်အစားတွေထားခဲ့ရမယ်၊ ပြေးဖို့နေရာပဲ အစ်ကိုကြီး စဉ်းစားပေတော့" ဟုပြောလေ၏။

မြကြီးလည်း ခေါင်းကိုကုတ်၍ စဉ်းစားလေ၏။ အတန်ကြာအောင် စဉ်းစားပြီးနောက် . . .

"ပြင်ဦးလွင်မြို့မှာတော့ ငါနဲ့ အရောင်းအဝယ်လုပ်ခဲ့ဖူးတဲ့ လူတစ်ယောက် ဈေးထဲမှာ ကုန်ခြောက်ဆိုင်ဖွင့်နေတယ်လို့ ကြားတယ်ကွ၊ သူ့ဆီ ပြေးပြီးအကူအညီ တောင်းရမှာပဲ"ဟု ပြောရာ ပအို့ကလေးက . . .

"ပြောမနေနဲ့တော့ အစ်ကိုကြီး၊ အခုပဲထွက်ကြရအောင်" ဆိုသဖြင့် မြကြီးက . . .

"လုပ်ကွာ" ဟု ဆိုကာ နေရာမှထလေတော့၏။

ပအို့ကလေးလည်း မြကြီး၏ လက်ကိုဆွဲကာ လူလိမ်ကိုဘိုနီနှင့် ကိုမြသာတို့၏ လက်မှ လွတ်မြောက်ရန် ထွက်လာခဲ့ကြလေတော့၏။ ထို့နောက် ပြင်ဦးလွင်မြို့သို့ထွက်မည့်ကားကြုံရှိရာကို စုံစမ်း၍ ပြင်ဦးလွင်မြို့ဆီသို့ ဦးတည်ကာ ထွက်ပြေးခဲ့ကြလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



# မိတ်ဆွေကောင်းအလိုရှိသည်

မြင်ဦးလွင်မြို့သို့ရောက်လျှင် ပအို့ကလေးက မြကြီးအား လက်တွဲ၍သွားရင်း"အစ်ကိုကြီးမိတ်ဆွေက တော်တော်ရှာရမှာ ထင်တယ်"ဟု ပြောလေ၏။

"သိပ်ပြီးမရှာရပါဘူးကွ၊ ဈေးထဲမှာ ကုန်ခြောက်ဆိုင်ဖွင့်ထား တယ်၊ နာမည်က ကိုမျိုးချစ်တဲ့ကွ"ဟု မြကြီးကပြောသဖြင့် ပအို့က လေးသည် ဈေးရှိရာအရပ်သို့စုံစမ်း၍သွားရာ ဈေးအနီး တိုက်ကြီး တစ်တိုက်၌ ဒေါက်တာမဇွန်းဝါး မျက်စိအထူးကု ဆရာဝန်ကြီးဟူ သော ဆိုင်းဘုတ်ကိုတွေ့လျှင် . . .

"အစ်ကိုကြီး မျက်စိအထူးကု ဆရာဝန်ကြီးဆိုပါလား၊ ဝင်ရ အောင်" ဟုဆိုကာ ပအို့လေးက မြကြီးအား ထိုတိုက်ကြီးအတွင်းသို့ ဆွဲခေါ်သွားလျှင် အိန္ဒိယအမျိုးသားအစေအပါးတစ်ဦးက . . .

"ဘာလဲ. . . ဒေါက်တာနဲ့တွေ့ဖို့လား ဟိုမှာထိုင်၊ ဆေးလိပ် သောက်ရဘူး၊ စကားမပြောရဘူး၊ ဆေးလိပ်သောက်ရင်၊ စကား ပြောရင် တစ်ခါထဲမောင်းထုတ်ပစ်မယ်"ဟုပြောရာ ပအို့လေးက. .

"ဆေးလိပ်တော့မသောက်ဘူး၊ စကားတော့ပြောမယ်၊ မောင်း ထုတ်လို့မရဘူး၊ ပိုက်ဆံပေးပြီးကုမှာ"ဟု ခပ်မာမာပြန်၍ ပြောလိုက် လျှင် အစေအပါးက . . .

"စကားပြောရင် ဒေါက်တာကြီးစိတ်ဆိုးမယ်"ဟု ဆိုပြန်လျှင် ပအို့ကလေးက . . .

မဂ္ဂဇင်းတာဝင်းစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



"စကားမပြောရရင် ပအို့လဲ အားကြီးစိတ်ဆိုးတာပဲ၊ လူဆိုရင် စိတ်ဆိုးတတ်တာချည်းပဲ၊ ဒေါက်တာကြီးမှ စိတ်ဆိုးတတ်တာမဟုတ် ဘူး"ဟု ပြန်ပြောလိုက်ရာ အစေအပါးက . . .

"ပြောပါ. . . တိုးတိုးပြောပါ"ဟု လျှော့ပေးလိုက်လျှင် ပအို့လေး က . . .

"အေး၊ တိုးတိုးပဲပြောမယ်၊ ဒေါက်တာကြီးကိုပြောလိုက်၊ မျက် ကုချင်တယ်လို့၊ နင်မပြောရင် ငါဝင်ပြောမယ်"ဟု ဆိုသဖြင့် အစေ အပါးလည်း ပအို့လေးအား ထိုင်နေရန် ပြောပြီးနောက် ဆရာဝ ကြီးထံ အကြောင်းကြားပြီးလျှင် ဆရာဝန်ကြီးက မြကြီးတို့အား အခန်းတွင်းသို့ဝင်စေပြီးလျှင် မြကြီး၏မျက်လုံးအား လက်နှိ ဓာတ်မီးဖြင့်ထိုး၍ . . .

"ရန်ကုန်ကနေ အနားယူဖို့ရောက်နေတဲ့ ဆရာဝန်အကြီးကြ တစ်ယောက်ရှိတယ်"ဟု ပြောလျှင် ပအို့ကလေးက . . .

"ဘယ်လောက်ကြီးတဲ့ ဆရာဝန်ကြီးလဲ၊ ဒေါက်တာထက်ပို ကြီးသလား၊ ကြီးဖို့အရေးမကြီးဘူး၊ မျက်လုံးပြန်မြင်ဖို့အရေး တယ်"ဟု ပြောလိုက်ရာ ဒေါက်တာမဌွန်းဒါးသည် မျက်လုံးပြ ပအို့ကလေးကိုကြည့်ကာ . . .

"ဟုတ်တယ်. . ကျွန်ုပ်ထက်ကြီးတယ်၊ သူနဲ့ဆိုရင် ပျောက်မယ် ဟု ပြောလေ၏။

"ဒါဖြစ်ရင် ဒေါက်တာကြီးက မကုတတ်ဘူးပေါ့"ဟု ပအို့ကလေး က ပြောပြန်၏။

"ကျွန်ုပ်မကုနိုင်ဘူး. . . ဒါသိပ်ပြီးခက်တယ်"

"မကုနိုင်ပဲနဲ့ မျက်စိအထူးကု ဆရာဝန်ကြီးလို့ ဘာဖြစ်လို့ ထားတာလဲ၊ မျက်စိနည်းနည်းပါးပါးကုတတ်တဲ့ ဆရာဝန်ကြီးလို့ ရေးရမယ်၊ ဆိုင်းဘုတ်ကိုပြင်လိုက်ပါ" ဟု ပအို့ကလေးက ပြော





မြကြီးက . . .

"ဟော့ကောင် မင်းလုပ်တာနဲ့ ငါ့မျက်လုံးကို ထိုးဖောက်လိုက်အုံး မယ်"ဟု တိုးတိုးကပ်၍ သတိပေးရလေ၏။

"ညနေသုံးနာရီမှာ တစ်ခါလာပါ၊ ဆရာဝန် အကြီးကြီး လာမယ်"ဟု ဒေါက်တာ မဌွန်းဒါးက ပြောလိုက်လျှင် ပအို့ကလေးက မြကြီးအား လက်ဆွဲ၍ ထွက်လာတော့၏။ လမ်းသို့ရောက်လျှင် မြကြီးက . . .

"မစ္စတာအိုင်းစ်. . . စကားပြောတာ ဘုကျလှချည့်လား" ဟု ပြောရာ ပအို့ကလေးက . . .

"ဆရာဝန်နဲ့ပြောရင် ဒီလိုပဲ ပြောရတယ်၊ ဆရာဝန်ဆိုတာ သူတိုင်းကို ညစ်ပတ်တယ်လို့ ထင်နေတဲ့ လူတစ်မျိုးပဲ၊ ဒါကြောင့် ဘယ်သူ့ကိုပဲ ကိုင်မိကိုင်မိ လက်ကိုဆပ်ပြာနဲ့ခဏခဏ ဆေးနေ တာပဲ၊ ကျွန်တော်ထင်တယ်၊ ဆရာဝန်ဖြစ်ဖို့မှာ လက်ကိုဆပ်ပြာနဲ့ ခဏခဏ ဆေးတတ်ဖို့ဟာ အရေးအကြီးဆုံးပဲနဲ့တူပါတယ်"ဟု ပြောလိုက်သဖြင့် မြကြီးလည်း ခွက်ထိုးခွက်လန် ရယ်မောလေ တော့၏။

ဤသို့နှင့်ပင် ဈေးအတွင်းသို့ရောက်ခဲ့ကြလေတော့၏။ ဈေး အတွင်းသို့ ရောက်လျှင်မြကြီး၏ အသိဖြစ်သူ ကိုမျိုးချစ်အား ရှာဖွေ ရာ မျှားစွာမရှာရပဲနှင့်တွေ့လေ၏။ ကိုမျိုးချစ်လည်း မြကြီးကို တွေ့လျှင် . . .

"ဘယ်လိုဖြစ်တာလဲ ကိုမြကြီး၊ ကျုပ်တော့ ရတနာအလုပ်ကို နှုန်လွှတ်ပြီး ကုန်ခြောက်ဆိုင် လုပ်နေတယ်"ဟု ပြောလေ၏။

မြကြီးသည် ကိုမျိုးချစ်နှင့် မိုးကုတ်တွင် သိကျွမ်းခဲ့ခြင်းဖြစ်ပေရာ မိုးကုတ်မှ ခေါက်ဆွဲဆိုင်ကိုဖြုတ်ပြီး ကျောက်မျက်ရတနာလုပ်ခဲ့ပုံမှ အစ ကားမှောက်၍ မျက်လုံးကွယ်သည်အထိ ပြောပြီးလျှင် ကော်လော



www.burmeseclassic.com

www.burmeseclassic.com



ဆယ်၌ ပြင်ဦးလွင်မြို့တွင် ဈေးသက်သက်သာသာဖြင့် ငှားရမ်းနေထိုင်၍ရမည့် အိမ်ခန်းတစ်ခန်းအလိုရှိကြောင်းပြောရာ ကိုမျိုးချစ်က . . .

"ခင်ဗျားသိပ်ပြီးကံကောင်းတယ်၊ နက်ဖြန်ဆိုရင် ကျုပ်ခရီးသွားမှာ၊ အမေနေမကောင်းလို့သွားရမှာ၊ ဆိုင်တောင်ပိတ်ပြီးသွားရမှာပဲ၊ ကဲ. . . ကဲ. . . လာ. . . လာ. . ကျုပ်အိမ်ရှာပေးမယ်"ဟုဆိုကာ မြကြီးအား ခေါ်ယူ၍ ဘူတာအနီးရှိရပ်ကွက်တစ်ခု၌ အိမ်ခန်းတစ်ခန်းရှာ၍ ပေးလေ၏။ ထို့နောက်ကိုမျိုးချစ်က "ကျုပ်လဲနက်ဖြန်ခရီးထွက်မယ်၊ နှုတ်ဆက်တယ်ဗျာ"ဟုဆိုကာ ထွက်သွားသဖြင့် မြကြီးလည်း လွန်စွာ အားငယ်၍ကျန်ခဲ့လေ၏။ မြကြီးသည် ဤအရပ်ဤဒေသသို့ လာခြင်းပင်လျှင် ကိုမျိုးချစ်နှင့်တွေ့ဆုံ၍ ကိုမျိုးချစ်ကို အားကိုးအားထားပြုကာ အလုပ်လုပ်မည်ဟု လာခဲ့ကာမှပင် ကိုမျိုးချစ်က ခရီး ထွက်တော့မည် ဆိုသဖြင့် မိမိ၏ မူလရည်ရွယ်ချက်ကို မပြောဖြစ် တော့ပဲ စိတ်ပျက်အားငယ်စွာဖြင့် ထိုင်၍နေလေ၏။

"စိတ်မပျက်ပါနဲ့အစ်ကိုကြီး၊ ကျွန်တော်ရှိပါတယ်၊ ဘာမှ မပူပါနဲ့"ဟု ပအိုဝ့်ကလေးက အားပေးသဖြင့် ပအိုဝ့်ကလေး၏ ဆံပင်ကို လက်ဖြင့်သပ်ရင်း . . .

"နည်းနည်းတော့ အားငယ်မိတယ်ကွာ၊ ဒါပေမယ့် မင်းက အခုလို အားပေးစကားပြောတော့လဲ ငါ့မှာ အားတက်ပါတယ်"ဟု ပြောဆိုလေ၏။ ညနေသို့ရောက်သည့်အခါ၌ ပအိုဝ့်ကလေးက မြကြီးအား လက်ကိုဆွဲ၍ "ဆရာဝန်ကြီးဆီကို သွားမယ်" ဟုဆိုကာ ခေါ်၍ သွားလေတော့၏။

ဆေးတိုက်သို့ရောက်လျှင် ရန်ကုန်မှလာရောက်၍ အနားယူနေသည့် ဆရာဝန်ကြီးက မြကြီး၏ မျက်လုံးကိုကြည့်ရှုပြီးနောက်. .





"ကျွန်ုပ်ကုမယ်၊ အားလုံးကုခ ဆေးဖိုးငွေရှစ်ထောင်ကုန်မယ်" ဟုပြောရာ မြကြီးသည် လွန်စွာစိတ်ပျက်၍ သွားလေတော့၏။

"သိပ်ပြီးများတယ်" ဟု ပအိုဝ့်ကလေးကဝင်ရောက်ပြောလျှင် ဆရာဝန်ကြီးက

"မျက်လုံးဆိုတာသိပ်ပြီးအဖိုးတန်တယ် ကောင်ကလေး" ဟု ပြောလိုက်လေ၏။

"ဆရာဝန်ကြီးဆေးက မျက်လုံးထက်ပိုပြီးအဖိုးတန်နေတယ်" ဟု ပအိုဝ့်ကလေးက ပြန်ပြီးပြောလေ၏။

"ကျွန်ုပ်က အနားယူဖို့လာတာဆိုတော့ ဒီအချိန်မှာ ဆေးကုရရင် ကုခကို နှစ်ဆယူတယ်၊ မရှိဆင်းရဲတဲ့လူဆိုပြီးနည်းနည်း လျှော့ယူတာ"ဟု ဆရာဝန်ကြီးက ပြောလိုက်လေ၏။

"ပိုက်ဆံရှာပြီး လာခဲ့ပါမယ်"ဟု ပအိုဝ့်ကလေးက ပြောလျှင် ဆရာဝန်ကြီးက . . .

"ယခု ကြည့်ပေးခ စမ်းသပ်ခ တစ်ရာကျတယ်" ဟု ဆိုလေ၏။ ပအိုဝ့်ကလေး မျက်လုံးပြူး၍သွားလေ၏။

"အစ်ကိုကြီးမျက်လုံးကို လက်နှိပ်ဓာတ်မီးနဲ့ထိုးတဲ့အတွက် ငွေတစ်ရာတောင်းနေပြီ၊ ကျွန်တော် ကင်းသမားတွေနဲ့ ကင်းစောင့်တုန်းက လူတွေရဲ့ မျက်လုံးကို လက်နှိပ်ဓာတ်မီးနဲ့အများကြီးထိုးဖူးပါတယ်၊ တစ်ပြားမှမယူခဲ့ပါဘူး"ဟု ဆိုလေ၏။

မြကြီးလည်း အိတ်တွင်းမှ ငွေတစ်ရာကိုထုတ်၍ ဆရာဝန်ကြီးအား ပေးခဲ့လေ၏။

အိမ်သို့ရောက်လျှင် မြကြီးသည် မိမိ၌ရှိသမျှသော ငွေတို့ကို ထုတ်၍ ရေတွက်ရာ စုစုပေါင်း ငွေခြောက်ထောင်သာရှိကြောင်း သိရလေတော့၏။

"သူကရှစ်ထောင်တောင်းတာကွ၊ ငါ့မှာက ခြောက်ထောင်ပဲရှိ



www.burmeseclassic.com

www.burmeseclassic.com



"တာ" ဟု မြကြီးက စိတ်ပျက်စွာနှင့်ပြောလိုက်ရာ ပအို့ကလေးက "[illegible]ကြီး" ဟု ဆိုပြီးလျှင်မြကြီး၏လက်ကို ဆွဲ၍ လက်ဝါးပေါ်သို့ တစ်ရုံတစ်ခုတင်၍ ပေးလိုက်လေ၏။

"အဲဒါ ပတ္တမြားပဲ၊ အစ်ကိုကြီးတို့ရောင်းတဲ့ပတ္တမြားထက် အရောင်က ပိုပြီးနီတယ်၊ အဲဒါကိုသွားရောင်းမယ်"ဟု ပအို့ကလေးက ပြောလိုက်လျှင် မြကြီးက

"မစ္စတာအိုင်းစ် ဒါကိုဘယ်ကရတာလဲ" ဟု မေးလေ၏။

"ကိုမြသာက အစ်ကိုကြီးကို ကျောက်ပြတုန်းက ကျွန်တော်နှိုက်ယူထားလိုက်တာ၊ ခိုးတာမဟုတ်ဘူး၊ တကယ်လို့အစ်ကိုကြီးကို သူတို့လိမ်သွားရင် အစ်ကိုကြီးအနေနဲ့ မရှုံးရအောင်လို့ နှိုက်ထားလိုက်တာ" ဟုပြောရာ မြကြီးသည် ပအို့လေးကလေး၏ ကွက်ကျော်တွက်တတ်ပုံကို သဘောကျသော်လည်း ခိုးယူခြင်းကိုမူ ကန့်ကွက်ပြောဆိုလေ၏။

ထို့နောက် စိန်ရွှေရတနာဆိုင်တန်းသို့ သွားရောက်ရောင်းချခဲ့ရာ ထိုပတ္တမြားသည် ငွေနှစ်ထောင့်ငါးရာရရှိခဲ့လေတော့၏။ ထို့ကြောင့် မြကြီးထံတွင် စုစုပေါင်း ငွေရှစ်ထောင့်ငါးရာ ရှိသွားပြီဖြစ်ရာ အိမ်လခ ခြောက်လအတွက် ကြိုတင်ပေးခြင်း၊ အိပ်ရန်အတွက် အိပ်ရာခြင် ထောင်ဝယ်ခြင်း၊ အိုးခွက်ပန်းကန်ဝယ်ခြင်းတို့ကို ပြုလုပ်လိုက်ရာ ငွေနှစ်ရာကျော်သုံးရာနီးပါး ကုန်သွားလေ၏။

မြကြီးအနေနှင့် ဤမျှအထိ ငွေအမြောက်အများ ကုန်ကျခံ၍ မျက်လုံးကို ကုသရန်အတွက် ဝန်လေးနေလေ၏။ ပအို့ကလေးကလည်း ကုသရမည်ဟု ပူဆာလေ၏။ ထိုနေ့ညက မြကြီးသည် ရွှေရွှေထံသို့ စာတစ်စောင့်ထည့်လေ၏။ ၎င်းက ပါးစပ်ကပြော၍ ပအို့ကလေးက လိုက်၍ ရေးရလေသည်။

နောက်နေ့သို့ရောက်လျှင်လည်း မြကြီးက ဆရာဝန်ကြီးဆီ





မသွားသဖြင့် ပအို့ကလေးက ...

"မျက်စိမကုရင် ကျွန်တော်လဲ မနေတော့ဘူးသွားမယ်"ဟု အကျပ်ကိုင်သဖြင့် မြကြီးသည် ငွေထုပ်ကိုပိုက်လျက် ဆရာဝန်ကြီးထံသို့ လိုက်ခဲ့ရလေတော့၏။

ဆေးတိုက်သို့ရောက်လျှင် ဆရာဝန်ကြီး မရောက်သေးသဖြင့် စောင့်ဆိုင်းနေရစဉ်၌ မြကြီးက ပအို့ကလေးအား ...

"မင်းကိုငါပြောခဲ့တယ်မဟုတ်လား၊ ငွေတွေကုန်ပြီးမှ ငါ့မျက်လုံးဟာ ပြန်ပြီးမကောင်းရင်တော့ အခက်ပဲ မစ္စတာ အိုင်းစ်"ဟု ပြောရာ ပအို့ကလေးက ...

"သူတို့တောင်းသလောက်ငွေကိုပေးတာပဲ၊ ပျောက်အောင်ကုရမှာပေါ့၊ မပျောက်ရင် ငွေတွေပြန်ပြီးတောင်းမယ်"ဟု ပြောလေ၏။

"ဘယ်ပြန်ပေးမလဲကွာ. . ."ဟု မြကြီးကပြောရာ ပအို့ကလေးက. . .

"မပေးရင် သူ့မျက်လုံးကိုဖောက်ပစ်မယ်"ဟု ပြောလေတော့၏။

"ကိုယ့်ကိုကုသမယ့်ဆရာဝန်ဆိုတာ ကိုယ့်ရဲ့အသက်သခင်ပဲကွ၊ ဒီလိုစိတ်မျိုးမထားရဘူး" ဟု မြကြီးက ပြောဆိုဆုံးမလေ၏။

အချိန်အတော်ကြာ စောင့်ဆိုင်းခဲ့ပြီးနောက် ဆရာဝန်ကြီးရောက်၍လာလေ၏။ ဆရာဝန်ကြီးရောက်၍လာလျှင် မြကြီးက ငွေရှစ်ထောင်ကို တုန်တုန်ယင်ယင်ဖြင့် ပေးလိုက်လေ၏။ ငွေထုပ်ကိုမြင်လျှင် ဆရာဝန်ကြီးက ပြုံးပြုံးရွှင်ရွှင်ဖြင့် ...

"ဘာမှ အားမငယ်နဲ့၊ ကျိုပ်ပျောက်အောင်ကုပေးမယ်"ဟု ပြောလေ၏။

"အစ်ကိုကြီးငွေတွေလဲရရော ဆရာဝန်ကြီးမျက်နှာဟာ ပြုံးပြုံးပြုံးပြုံးနဲ့ ဖြစ်သွားတာပဲ၊ သူမှာလဲ ငွေကိုမမြင်ရရင် စိတ်ညစ်တဲ့ ရောဂါ တစ်မျိုးရှိတယ်ထင်တယ်"ဟု ပအို့ကလေးက မြကြီးနားကို



www.burmeseclassic.com

www.burmeseclassic.com



ဟု၍ ပြောလိုက်ရာ မြကြီးက ပအို့ကလေး၏ပေါင်ကို လိမ်၍ဆွဲကာ သဘောပေးလိုက်ရလေ၏။

"ခင်ဗျားဒီဆေးခန်းမှာ (၇)ရက်နေရမယ်၊ (၇)ရက်နေပြီးရင် အိမ်ကိုပြန်နိုင်တယ်၊ အိမ်မှာတစ်လအနားယူရမယ်၊ အားလုံး တစ်လနဲ့ (၇)ရက်ကြာမယ်၊ အဲဒီမှာ မျက်လုံးပြန်ပြီးကောင်းမယ်၊ ဟော့ကောင် ကလေး ဟိုခုတင်ကိုခေါ်သွား" ဟု ဆရာဝန်ကြီးက ပြောသဖြင့် ပအို့ကလေးက မြကြီးအား ခုတင်အလွတ်တစ်လုံးဆီသို့ ခေါ်၍သွားလေ၏။

ထိုနေ့၌ ဆရာဝန်ကြီးသည် မြကြီးမျက်စိအား စတင်ခွဲစိပ်ကုသလေ၏။ ဆေးခန်းပိုင်ရှင် ဒေါက်တာ မင့်ွန်းဒါးကအကူအညီအဖြစ် ဆောင်ရွက်လုပ်ကိုင် ပေးရလေ၏။ မြကြီး၏ မျက်လုံးအား ခွဲစိတ်ပြီးနောက် ပတ်တီးစည်းပေးကာ ခုတင်ထက်၌ အနားယူစေလေ၏။

"ခင်ဗျား 'စွပ်'ကို ကောင်းကောင်းသောက်ရမယ်၊ ကြက်ဥစားရမယ်၊ အသီးအနှံ လတ်လတ်ဆတ်ဆတ်စားရမယ်၊ နွားနို့သောက်ရမယ်"ဟု ဆရာဝန်ကြီးက မြကြီးကို ပြောသဖြင့် မြကြီးလည်း ပအို့ကလေးအား လက်ကျန်ပိုက်ဆံနှစ်ရာကိုပေး၍ ဝယ်ခိုင်းလိုက်လေ၏။

ပအို့ကလေးလည်း အိမ်သို့ပြန်ကာ ဈေးခြင်းတောင်းယူပြီးလျှင် နွားနို့၊ ကြက်ဥ၊ စွပ်ပြုတ်ပြုတ်ရန်အတွက် ကြက်သားစသည်တို့ကို ဝယ်ယူ၍ စွပ်ပြုတ်ကို မပြုတ်တတ်ပြုတ်တတ်နှင့် ပြုတ်ကာ မြကြီးထံသို့ ယူလာလေ၏။

မြကြီးလည်း ပအို့ကလေးယူခဲ့သော စွပ်ပြုတ်ကို သောက်ကြည့်ရာ ဆားလွန်စွာငန်နေသဖြင့် မဲ့ရှုံ့၍သွားလေ၏။

"ဘာလဲအစ်ကိုကြီးဆားပေါ့လို့လား"ဟု ပအို့ကလေးက





မေးရာ. . .

"ပေါ့လို့မဟုတ်ဘူး ငန်လို့ကွ"ဟု ဆိုလေ၏။

"ငန်တာက ရပါတယ်"ဟုဆိုကာ အသင့်ယူလာသော ရေနွေးကို စွပ်ပြုတ်အတွင်းသို့ရောလိုက်လေ၏။ ထိုအခါ၌လည်း ရေနွေးများသွားသဖြင့် လွန်စွာပေါ့၍သွားပြန်ရာ မြကြီးက . . .

"ပေါ့သွားပြန်ပြီ" ဟု ပြောရပြန်လေ၏။

"ပေါ့ရင်လဲ ရပါတယ်"ဟု ဆိုကာ ပအို့ကလေးက စွတ်ပြုတ်အတွင်းသို့ ဆားအနည်းငယ် ထည့်ပေးလိုက်လေ၏။

"အေး. . . အခုမှ အတော်ပဲ" ဟု မြကြီးကပြော၍ စွတ်ပြုတ်ကို သောက်လေ၏။

"လက်တွေ့မှာ ဘာအလုပ်ဖြစ်ဖြစ် ခက်တယ်ကွ၊ စွတ်ပြုတ်ပြုတ်တာဟာ ကြည့်ရင် ဘာမှမခက်ဘူး၊ အခုမင်းသိပြီမဟုတ်လား၊ လက်တွေ့လုပ်ကြည့်တော့ မလွယ်ဘူးဆိုတာ၊ ဒါကြောင့် ခေါင်းထဲမှာ 'လက်တွေ့''လက်တွေ့'ဆိုတာ အမြဲသတိထားရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပြောရတာက လွယ်တယ်၊ လက်တွေ့ကခက်တယ်ကွ"ဟု မြကြီးက ပြောလိုက်ရာ ပအို့လေးက . . .

"ကောင်းပါပြီအစ်ကိုကြီး လက်တွေ့ လက်တွေ့"ဟု ပြောလိုက်လေ၏။

နေ့စဉ်နေ့တိုင်းလိုပင် ဆရာဝန်ကြီးက သောက်ရန် ဆေးပေးခြင်း ဆေးထိုးခြင်းတို့ပြုလုပ်ပြီးသည့်အခါတိုင်း "ကြက်ဥစားရမယ်၊ နွားနို့ သောက်ရမယ်၊ အဝါရောင်ရှိတဲ့သစ်သီးစားရမယ်၊ ကြက်သားဆိတ်သား စွပ်ကို များများသောက်ရမယ်" ညွှန်ကြားသဖြင့် မြကြီး၏တပည့်ကျော် ပအို့ကလေးလည်းနေ့စဉ် ဈေးသို့ပြေးရလေ၏။

ပအို့ကလေး၏စွပ်ပြုတ်များမှာလည်း တစ်စထက်တစ်စ သောက်၍ကောင်းလာလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြုတ်တဲ့ စွပ်ပြုတ်တွေက အရသာရှိလာပြီကွ" ဟု မြကြီးကပြောရာ ပအို့လေးက . . .

"လက်တွေ့ လက်တွေ့"ဟု ပြန်၍ ပြောလေ၏။ ထို့နောက် ပအို့လေးက . . .

"အရသာရှိလာသလို အစ်ကိုကြီးရဲ့ပိုက်ဆံတွေကလဲ ကုန်ကုန်သွားတော့တာပဲ မဟုတ်လား"ဟု ပြောလေ၏။

"အဲဒါလဲ လက်တွေ့၊ လက်တွေ့"ဟု မြကြီးက ပြောလိုက်၍ နှစ်ယောက်သား ရယ်မောကြပြန်လေ၏။

ဤသို့နှင့်ပင်၊ (၇)ရက်ပြည့်မြောက်သောအခါ၌ မြကြီးအား ဆေးတိုက်မှ ဆင်းခွင့်ပြုလိုက်ပြီးလျှင်၊ အိမ်၌အနားယူခိုင်းလေတော့၏။ တစ်လတင်းတင်းပြည့်မြောက်သည့်အခါ၌ ပတ်တီးကိုဖြေပေးမည်ဟု ဆရာဝန်ကြီးက ပြောသဖြင့် မြကြီးအား ပအို့ကလေးကတွဲကာ အိမ်သို့ခေါ်၍ လာခဲ့လေတော့၏။

အိမ်သို့ရောက်ပြီး နှစ်ရက်မြောက်သောနေ့၌ ပအို့ကလေးသည် တစ်အိမ်လုံးကို ကြိုးများရှုပ်ယှက်ခတ်သည်အထိ သွယ်တန်းနေသဖြင့် မြကြီးက . . .

"ဘာလုပ်တာလဲ၊ မစ္စတာအိုင်းစ်"ဟု မြကြီးကမေးလျှင် . . .

"မီးရထားလမ်းလုပ်တာ၊ ဒီမှာကြည့်အစ်ကိုကြီးအိပ်ရာဘေးမှာ ကြိုးတွေရှိတယ်"ဟု ဆိုကာ မြကြီး၏လက်ကိုကိုင်၍ ကြိုးများနှင့်ထိစေပြီးလျှင်၊ ဒီကြိုးကနံပါတ်တစ်၊ နံပါတ်တစ်ကြိုးကို ကိုင်ပြီးသွားရင် အိမ်သာကိုရောက်မယ်၊ နံပါတ်နှစ်နဲ့သွားရင် အိမ်ရှေ့ကိုရောက်မယ်၊ နံပါတ်သုံးနဲ့သွားရင် ဘုရားစင်ဖက်ကိုရောက်မယ်၊ နံပါတ်လေးကသွားဖို့မဟုတ်ဘူး၊ လှုပ်ဖို့လှုပ်ကြည့်စမ်း"ဟု ပြောသဖြင့် မြကြီးက လှုပ်ကြည့်ရာ ခေါင်းလောင်းသံတစ်ခုထွက်ပေါ်၍လာလေ၏။ "ဒီကြိုးက ကျွန်တော့်ကိုခေါ်တာ ပါးစပ်နဲ့ခေါ်ရင်မောမယ်"





ဟု ပအို့ကလေးက ပြောလေ၏။

"မင်းကတော့အကြံသိပ်ပိုင်တာပဲကွ၊ တစ်အိမ်လုံး ရထားလမ်းတွေဖောက်ထားပြီကိုး၊ မင်းကို လမ်းဗိုလ်ခန့်ရမှာပဲ"ဟု မြကြီးက ပြောလေ၏။

ထို့နောက်မြကြီးသည် ပအို့ကလေးဆင်ထားသည့်ကြိုးများကို ကိုင်၍ လျှောက်စမ်းကြည့်ပြီးနောက်၊ "သိပ်ကောင်းတာပဲ"ဟုပြောလျှင် ပအို့ကလေးက "လက်တွေ့၊ လက်တွေ့"ဟု ပြောလေ၏။

နောက်တစ်နေ့နံနက် မြကြီးအိပ်ရာနိုးသည့်အခါ၌ မြကြီးသည် အနီး၌ ပအို့ကလေးကို မတွေ့သဖြင့် နံပါတ်(၄)ကြိုးကိုလှုပ်ရမ်း၍ ခေါင်းလောင်းကိုမြည်စေပြီးလျှင်၊ ပအို့ကလေးကိုခေါ်သော်လည်း တုတ်တုတ်မျှ မလှုပ်သဖြင့် . . .

"ဟ. . . ဒီကောင်ဘယ်သွားပါလိမ့်"ဟု အောက်မေ့ပြီးလျှင်၊ အိပ်ရာအနီး၌ စမ်းကြည့်ရာ ပေါင်မုန့်၊ ဆန်ပြုတ်ပူပူနွေးနွေး၊ နွားနို့ပူပူနွေးနွေးနှင့်ကြက်ဥများ အဆင်သင့်လုပ်ထားသည်ကို တွေ့ရသဖြင့် . . .

"အော်. . ဒီကောင်လေး၊ အပြင်ကိုသွားစရာရှိလို့ အားလုံးအဆင်သင့် လုပ်ခဲ့တာကိုး"ဟု အောက်မေ့မိလေတော့၏။

ပအို့ကလေးသည် တစ်နေ့လုံးပေါ်၍ မလာသဖြင့် မြကြီးမှာ အစဉ်းစားရကြပ်၍နေလေ၏။ "မစ္စတာအိုင်းစ်ကလေးဘယ်ကိုသွားပါလိမ့်"ဟု စဉ်းစားရင်းတမ်းတ၍ နေမိလေ၏။

ညနေပိုင်းသို့ရောက်သည့်အခါ၌ အိမ်ရှေ့ဘက်မှနေ၍

"ပြန်လာပါပြီ. . . ပြန်လာပြီ. . . စားစရာတွေပါလာပြီ၊ ကြက်ဥ တွေလဲပါလာပြီ၊ နို့ကိုဥလဲပါလာပြီ၊ နွားနို့တွေလဲပါလာပြီ၊ ပိုက်ဆံ တွေလဲပါလာပြီ၊ ကျွန်တော်မစ္စတာအိုင်းစ်ပြန်လာပါပြီ"ဟု သီချင်းကလေး တကြော်ကြော် ဆိုလာသော ပအို့ကလေး၏အသံကို



www.burmeseclassic.com

www.burmeseclassic.com



ကြားရလေ၏။

"အစ်ကိုကြီး ကျွန်တော့်ကို မျှော်နေသလား၊ ဟောဒီမှာ ကြက်သားရယ်၊ ကြက်ဥရယ်၊ နို့ကိုဥရယ်၊ နွားနို့ရယ်၊ ဟောဒီမှာက ပိုက်ဆံ"ဟု ဆိုကာ မြကြီးအား ပေးလေ၏။

"နေပါဦး မင်းက ဘယ်ကိုသွားသွားတာလဲကွ၊ တစ်နေကုန်ပါပဲ"ဟု မြကြီးက ပြောလေ၏။

"အလုပ်သွားလုပ်တာ ဈေးထဲက ဆိုင်တစ်ဆိုင်မှာကူပြီးရောင်းပေးတယ်၊ ပစ္စည်းတွေဘာတွေ ထမ်းပေးတယ်"ဟု ပအို့ကလေးက ပြောလေ၏။

"ဘာဖြစ်လို့ သွားလုပ်တာလဲ မစ္စတာအိုင်းစ်"

"မလုပ်လို့မဖြစ်ဘူးလေ၊ အစ်ကိုကြီးဆေးတိုက်မှာတက်ပြီးဆေးကုတာ ပိုက်ဆံတွေကုန်သွားပြီလေ"ဟု ပအို့ကလေးက ပြောလျှင် မြကြီးသည် ပအို့ကလေးအား လွန်စွာသနား၍သွားလေ၏။ မိမိထံ၌ ထမင်းကလေးစာရန်အတွက် မိမိအား ထမင်းရှာ၍ ကျွေးနေပြီကော ဟု တွေးမိပြီးဝမ်းနည်းမိလေတော့၏။

"မလုပ်ပါနဲ့မစ္စတာအိုင်းစ်ရယ်"ဟု မြကြီးကပြောရာ မစ္စတာအိုင်းစ်က . . .

"အစ်ကိုကြီးမေ့သွားပြီလား၊ လက်တွေ့. . လက်တွေ့ လက်တွေ့ မလုပ်ရင် အစ်ကိုကြီးရော ကျွန်တော်ရော ငတ်သွားမယ်"ဟု ပြောလိုက်ရာ မြကြီးလည်း တစ်စုံတရာပြန်၍ မပြောနိုင်ဘဲ ရှိလေ၏။

ပအို့ကလေးလည်း နံနက်၌ မြကြီးအတွက် စားသောက်ဖွယ်ရာများသာမက သောက်ရန်၊ ချိုးရန် ရေများကိုပါ အဆင်သင့်လုပ်ပြီး နောက်ထွက်၍ သွားပြီးလျှင် ညနေသို့ရောက်သည့်အခါ၌ . . .

"ပြန်လာပြီ၊ ပြန်လာပြီ၊ စားစရာတွေပါလာပြီ"ဟူသော သီချင်း





ကို သီဆိုလျက် ပြန်လာတတ်မြဲဖြစ်ပေသည်။

ဤသို့နှင့်ပင် မြကြီး၏ မျက်လုံးပတ်တီးဖြေရန် ရက်သည် ဘစ်ရက်မျှသာလိုသောအချိန်သို့ ရောက်ရှိလာခဲ့၏။

"အစ်ကိုကြီး နက်ဖြန် မျက်လုံးဖြေရမယ့်နေ့လေ၊ ကျွန်တော် ဒီနေ့ နည်းနည်းနောက်ကျမယ်အစ်ကိုကြီး"ဟု ပြောဆိုကာ ပအို့ကလေးက ထွက်၍ သွားလေ၏။ ထိုနေ့က ပအို့ကလေးသည် ပြောသွားသည့် အတိုင်းပင် မိုးစုတ်စုတ်ချုပ်မှ ရောက်၍လာလေ၏။

"ပြန်လာပြီ ပြန်လာပြီ၊ စားစရာတွေအများကြီး ပါလာပြီ"ဟူသော သီချင်းသံကို ကြားရလေ၏။

"ဟေး. . . မစ္စတာအိုင်းစ်၊ မိုးချုပ်လှချည်လား၊ ငါဖြင့်မင်းကို စိတ်ပူလိုက်တာကွာ"ဟု မြကြီးက ပြောလိုက်ရာ ပအို့ကလေးက. . .

"အစ်ကိုကြီးကို ကျွန်တော်ပြောပြီးသွားပြီပဲ၊ နောက်ကျမယ်လို့"ဟု ပြောလေ၏။

"ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမယ့်ငါကတော့ စိတ်ပူတာပဲကွ"ဟု မြကြီးက ပြောလေသည်။

"စိတ်ကို အေးအေးထား၊ ဟင်းကိုပူပူစား၊ အဲဒါက ကောင်းတယ်၊ လက်တွေ့ လက်တွေ့"ဟု ပအို့ကလေးကပြောလျှင် မြကြီးက. . .

"မင်းကတော့ အတော်လည်တဲ့ကောင်ဘဲ"ဟု ပြောဆို၍ . . . "ဟော့ကောင် . . . မင်း ထမင်း စားလေ"ဟုဆိုရာ . . . ပအို့တလေးက စားခဲ့ပြီဖြစ်ကြောင်း ပြောလေ၏။

ညအိပ်ရာဝင်သည့်အခါ၌ မြကြီးက ပအို့ကလေးအား . . .

"ငါ့စိတ်တွေ သိပ်ပြီးလှုပ်ရှားနေတယ်ကွ၊ နက်ဖြန်ပတ်တီးဖြေတာကတော့ဟုတ်ပါပြီ၊ ငါ့မျက်လုံးတွေပြန်ပြီး မြင်မှ မြင်ပါ့မလားလို့ စိုးရိမ်မိတယ်"ဟု ပြောလိုက်ရာ ပအို့ကလေးက . . .

"မပူပါနဲ့ အစ်ကိုကြီးရယ်၊ ကျွန်တော်တို့ပေးထားတဲ့ပိုက်ဆံက



www.burmeseclassic.com

www.burmeseclassic.com



အများကြီးပဲ၊ မြင်ရမှာပေါ့"ဟု အားပေးလေ၏။

"ဝေဒနာကို ဒီလိုပြောလို့မရဘူးကွ"

"ကျွန်တော်ကတော့ မြင်ရမယ်လို့ထင်တာပဲ၊ စိတ်မပူပါနဲ့ အစ်ကိုကြီးရာ၊ မမြင်ရလဲ အရင်းပေါ့"

"ဘယ့်နှယ်အရင်းရမှာလဲကွ၊ ရှုံးနေပြီပဲ"

"မမြင်ရတဲ့မျက်လုံးကို ကုတာ မမြင်ရရင်လဲ အရင်းပါပဲ၊ ပိုက်ဆံ ရှုံးတာက ပြန်ပြီးရှာရင် ရနိုင်ပါတယ်"ဟု အားပေးစကား ပြောလေ၏။

"အေး . . . တကယ်လို့ ပြန်ပြီးမြင်ရရင်လဲ ပထမဆုံး မြင်ချင်တာက ရွှေရွှေ့မျက်နှာပဲကွ"ဟု မြကြီးကပြောလိုက်ရာ ပအို့ကလေး ဟက်ဟက်ပက်ပက်ရယ်မော၍ . . .

"ပထမဆုံးမြင်ရမှာ ရွှေရွှေ့မျက်နှာမဟုတ်ဘူး၊ ကုလား ဆရာဝန်ကြီးမျက်နှာ၊ ဒုတိယမြင်ရမှာက ကျွန်တော့်မျက်နှာ" ဟု ဆိုလေ၏။

ထိုသို့ပြောဆိုပြီးနောက် အိပ်စက်ကြလေ၏။ နောက်နေ့နံနက် ပအို့ကလေးက မြကြီး၏လက်ကိုတွဲ၍ ဆေးတိုက်သို့ခေါ်လာလေ၏။

"အခုသွားတဲ့လမ်းမှာ ထင်းရှူးပင်ကြီးတွေက စိမ်းလို့၊ ဟိုဆ တိုက်အမိုးကလေးက နီလို့၊ ပန်းကလေးတွေက ရောင်စုံပွင့်နေတယ် အစ်ကိုကြီး၊ ဒါပေမယ့် အစ်ကိုကြီးရဲ့ မျက်လုံးထဲမှာတော့ အဲဒါတွေ မှာမဟုတ်ဘူး၊ အားလုံးအမဲကြီးပဲမြင်ရမယ်၊ ဒါပေမယ့် ပြန်တဲ့အခါ မှာတော့ ဒါတွေအားလုံးမြင်ရမယ်ဟု"ပအို့ကလေးက ပြောလျှင်. . .

"မင်းကလဲ တကယ့် 'ပိုဝက်' ပါလားဟု" မြကြီးကပြောလေ၏။

"ပိုဝက်ဆိုတာ ဘာလဲ"

"အခုမင်းပြောသလို ဩကာသလောကကြီးကိုကြည့်ပြီး ကြည်နူးအောင် စာစပ်တဲ့၊ ကဗျာစပ်တဲ့ လူကိုခေါ်တာ ကဗျာဆရာ





ပေါ့ကွာ"

"အစ်ကိုကြီးပြောတဲ့ ပိုဝက်ဆရာဆိုတာ ကျွန်တော်တို့ပအို့မှာ "မော်အေးပွဲ"ဆိုတာရှိတယ်၊ အဲဒီမှာ မော်အေးဆရာက စာတွေ ပ်ပြီးဆိုတယ်၊ ကျွန်တော်တောင် နည်းနည်းရသေးတယ်၊ ဆိုပြ ယ် . . .

အေးသောကာလ၊ ခပ်သိမ်းသူနှင့် လူများတို့နားထောင်ကြ၊ ာဇသခင်ဘုရင်မျိုး၊ ပိတ်ဖွင့်ထူလို့၊ ထီးဖြူမိုး၊ နန်းရိုးနွယ်ဆက်၊ င်းတုန်းဖွားတဲ့၊ သားပန်းခက်၊ နိုပ်စက်ရန်သူ၊ တို့သခင်နှင့် ဘုရင် င်းကို ကုလားယူ၊ ဖမ်းယူသောနှစ်၊ သက္ကရာဇ် မှတ်ထားကြပါ၊ ထောင့်နှစ်ရာသာသည် လေဆယ်"

"မင်းက အလာကြီးပဲကွ၊ ပိုဝက်ဆိုတဲ့ ကဗျာစပ်တဲ့လူ ကဗျာဆရာ ိုတော့ မင်းပြောတဲ့ မော်အေးဆရာနဲ့ပဲတွဲပြီး မှတ်ထားပေဦး၊ ါပေမယ့် ဟုတ်တော့မဟုတ်သေးဘူးကွ"ဟု မြကြီးက ပြောလေ၏။

ဤသို့နှင့်ပင် ဆေးတိုက်သို့ရောက်သည့်အခါ၌ ဆရာဝန်ကြီးက ကြီးအား "ဂွတ်မောနင်း"ဟု နှုတ်ဆက်လျှင် မြကြီးကလည်း မောနင်းဒေါက်တာ'ဟု ပြန်၍ နှုတ်ဆက်သည်ကို ပအို့လေးက. . .

"အစ်ကိုကြီး ဆရာဝန်ကြီးက ဘာပြောတာလဲ"ဟု ထိတ်ထိတ် ာပြာနှင့် မေးလေ၏။

"ကောင်းတဲ့နံနက်ခင်း ဖြစ်ပါတယ်လို့ ဆရာဝန်ကြီးက ပြောတာ"

"နံနက်ခင်းနဲ့ အစ်ကိုကြီးမျက်လုံးက ဘယ်လိုပတ်သက်တာလဲ"

"မပတ်သက်ပါဘူး၊ အင်္ဂလိပ်လို နှုတ်ဆက်တာ"

"အင်္ဂလိပ်လိုနှုတ်ဆက်ရအောင် သူကအင်္ဂလိပ်မှမဟုတ်ပဲ၊ ူက ကုလားကြီး"

"ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမယ့် အင်္ဂလိပ်စာတတ်တွေဟာ



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ နှုတ်ဆက်တယ်ကွ"

"ဒီလိုဆိုရင်လဲမှားတယ်၊ နှင်းတွေဒါလောက်ကျပြီး မှောင်နေ
တဲ့ဥစ္စာ ဘယ်လိုကောင်းသော နံနက်ခင်း ဖြစ်မှာလဲ"

"ဒါတော့ ဒါပေါ့ကွာ၊ မုသားမပါ လင်္ကာမချောတဲ့"

"လင်္ကာဆိုတာ ဘာလဲ"

"လင်္ကာဆိုတာ စောစောက မင်းပြောတဲ့ မှော်အေးဆရာ ရွတ်
တာမျိုးကိုပြောတာ"

"မုသားဆိုတာကော အစ်ကိုကြီး"

"မုသားဆိုတာ လိမ်ပြောတာ"

"လင်္ကာဆရာက လိမ်ပြောတယ်လို့ အစ်ကိုကြီးက ပြောတာ
လား. . . . ကျွန်တော်တို့ပအို့ မှော်အေးဆရာက လိမ်မပြောဘူး
သူရွတ်တာကို ကျွန်တော်တို့က မှတ်သားရတယ်"

"ထားလိုက်ပါတော့ကွာ"ဟု မြကြီးက စကားကိုဖြတ်လိုက်
လေ၏။

ထို့နောက် ဆရာဝန်ကြီးက မြကြီးအား ခုတင်ပေါ်၌ ထိုင်
ခိုင်းပြီးလျှင် မြကြီး၏ ပတ်တီးကိုဖြေရန် ပြင်ဆင်လေ၏။ ပ
ကလေးကလည်း ပတ်တီးစများထည့်ရန်အတွက် ထွေးခံပောင်း
ဆေးကြောကာ အနီးသို့ချထားလေ၏။

"ဟော့ကောင်ကလေး. . . လူနာက မျက်လုံးဖြေပြီးကာစမှ
စိတ်လှုပ်ရှားမယ်၊ မလှုပ်ရှားရအောင် ကော်ဖီတိုက်ရမယ်၊ ကော်
သွားယူချေ"ဟု ပြောသဖြင့် ပအို့ကလေးလည်း ကော်ဖီဆိုင်သ
ပြေးလေ၏။

ထိုအချိန်၌ပင် မြကြီးမျက်လုံးတွင် စည်းထားသော ပတ်တီး
ဖြေလေတော့၏။ ဖြေပြီးနောက် ဆရာဝန်ကြီးက. . .

"မျက်လုံးကို မဖွင့်နဲ့နော်. . . ကျွန်ုပ်ကဖွင့်ဆိုမှ ဖွင့်ရမယ်"ဟု





ဆိုလေ၏။ ထို့နောက်ဆရာဝန်ကြီးက . . .

"ဖြည်းဖြည်းဖွင့်. . . ဖြည်းဖြည်းဖွင့်"ဟု ဆိုသဖြင့် မြကြီးလည်း
မျက်လုံးများကို တဖြည်းဖြည်းဖွင့်လိုက်ရာ လွန်စွာကျိန်းစပ်စပ်
ဖြစ်သွားသဖြင့် ပြန်၍မှိတ်လိုက်ရ၏။

"မကြောက်နဲ့၊ ပြန်ပြီးဖွင့်"ဟု ဆိုပြန်သဖြင့် တဖြည်းဖြည်းဖွင့်
ရပြန်လေ၏။ ထိုအခါ၌မူ ကောင်းစွာ မြင်ရပြီဖြစ်၏။ ပအို့လေးပြော
သည့်အတိုင်းပင် ကုလားဆရာဝန်ကြီး၏ မျက်နှာကို မြင်ရသဖြင့်
မြကြီးသည် ပြုံးမိသေးတော့၏။

ထိုအချိန်၌ ဆေးခန်းတွင် တောက်တိုမယ်ရ လုပ်သောကလေးက
ခုတင်အနီးသို့သောက်ရေအိုးလာ၍ထားသည်ကို မြကြီးက သူ၏
ပအို့ကလေး မစ္စတာအိုင်းစ်မှတ်ထင်၍ . . .

"ဟေး. . . ငါမျက်လုံးတွေမြင်ပြီကွ"ဟု ဆိုကာ ဖက်လိုက်
သဖြင့် ထိုကလေးမှာ အူကြောင်ကြောင်ဖြစ်၍ သွားလေ၏။
ထိုအချိန်၌ ကော်ဖီပန်းကန်များကို ဗန်းဖြင့်သယ်၍လာသော
ပအို့ကလေးက မြကြီးအား . . .

"အစ်ကိုကြီး မြင်ပြီလား" ဟု အော်လိုက်လေ၏။

"ဟ. . . ကောင် ငါ့မှာ မျက်လုံးမြင်မြင်ချင်း ဒီကလေးကိုတွေ့
တော့ မင်းအောင့်မေ့လို့"ဟု မြကြီးက ပြောလိုက်ရာ၊ ပအို့ကလေး
က . . .

"အစ်ကိုကြီးက ဒါတော့ညံ့တာပဲ၊ ကျွန်တော်က ဒါလောက်
ရုပ်ဆိုးပါ့မလားဗျ"ဟုပြောဆိုသဖြင့် မြကြီးမှာ ရယ်မောရသေးတော့
၏။

"အစ်ကိုကြီးကော်ဖီသောက်"ဟု ဆိုကာ ပအို့ကလေးက
ကော်ဖီခွက်ကို ပေးလေ၏။

"ဒေါက်တာကြီးလဲသောက်"ဟုဆိုကာ ပအို့ကလေးက ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နိုးနိုး"ဟု ဒေါက်တာကြီးက ပြောလျှင် ပအိုဝ့်ကလေးက . . .

"နို့မဟုတ်ဘူး ကော်ဖီ"ဟု ပြန်၍ ပြောလေ၏။

"ဒါကိုပြောတာမဟုတ်ဘူး၊ လမ်းဘေး ကော်ဖီဆိုင်က ကော်ဖီကို ကျွန်ုပ်မသောက်ဘူး"ဟု ဒေါက်တာကြီးက ပြောပြန်၏။

"ကော်ဖီဆိုင်ဟာ လမ်းဘေးမှာပဲရှိတယ်၊ ကွင်းလယ်ခေါင်မှာ ကော်ဖီဆိုင်မရှိဘူး၊ လမ်းဘေးကော်ဖီဆိုင်က မသောက်ရင် မသောက်နဲ့တော့၊ ဟော့ကောင် မင်းသောက်လိုက်"ဟု ဆေးတိုက်မှ ကောင်လေးကို ပေးလေ၏။ ကောင်လေးက မယူရဲပေ၊

"ယူပါကွ သောက်ပါ" ဟု ပအိုဝ့်ကလေးက ပြောလေ၏။

ဒေါက်တာကြီးကပါ ယူရန် ပြောဆိုလိုက်မှ ကောင်လေးက လှမ်း၍ယူလိုက်လေ၏။

ထိုအချိန်၌ ဆေးတိုက်အတွင်းသို့ လူတစ်ယောက်ဝင်လာသဖြင့် ပအိုဝ့်ကလေးက ကြည့်လိုက်ရာ၊ မြကြီး၏မိတ်ဆွေ ကိုမျိုးချစ်ဖြစ်ကြောင်း တွေ့ရလေ၏။

"ကျွန်ုပ်လဲ မနေ့ကပဲရောက်တယ်၊ ဒီကနေ့ ခင်ဗျားမျက်လုံးကြေ မယ်ဆိုတာ ကျုပ်က ဒေါက်တာမဒွန်းဒါးဆီက ကြားတာနဲ့ ထွက်လာ တာပဲ"ဟု ကိုမျိုးချစ်က ပြောလေ၏။

"ကဲ သွားပါဦး၊ ကိုမျိုးချစ်အတွက် ကော်ဖီမှာပါဦး"ဟု ပအိုဝ့် ကလေးကို မြကြီးက ခိုင်းလိုက်သဖြင့် ပအိုဝ့်ကလေးလည်း သော ပြီးသောကော်ဖီပန်းကန်များကို ဗန်း၌ တင်လေ၏။

ကိုမျိုးချစ်လည်း ပအိုဝ့်ကလေးကို သေချာစွာကြည့်ရှုလေ၏။ ပအိုဝ့် ကလေးထွက်သွားလျှင် ကိုမျိုးချစ်က . . .

"ကိုမြကြီး . . . ဒီကောင်ကလေးဟာ ခင်ဗျားနဲ့ပါလာတဲ့ ကောင် လေး မဟုတ်လား"ဟု မေးလေ၏။

"ဟုတ်တယ်လေ. . . ကျွန်တော့်ကောင်လေးပါ၊ ဘာဖြစ်လို့လဲ





"ဒီကောင်ကလေးဟာ၊ မနေ့ကလမ်းတကာလျှောက်ပြီး ခွက် တစ်လုံးနဲ့ သူတောင်းစားလုပ်နေတယ်ဗျ၊ ကျုပ်တို့နေတဲ့ ရပ်ကွက် တောင် ရောက်လာသေးတယ်"

"ဟင်. . . ကျုပ်ဖြင့် မသိပေါင်ဗျာ"ဟု မြကြီးက အံ့အားသင့်စွာ ပြောလိုက်လေ၏။

မျှားမကြာမီ၌ ပအိုဝ့်ကလေးပြန်၍ ရောက်လာပြီးလျှင်၊ ကိုမျိုးချစ် ကို ကော်ဖီပန်းကန်ပေးလေ၏။ ကိုမျိုးချစ်လည်း ကော်ဖီသောက်ပြီးနောက် . . .

"ကဲ. . . ကိုမြကြီး၊ မေးလေဗျာဟု" ပြောလိုက်လေ၏။

"ဟော့ ကောင်၊ မင်းဟာ လမ်းတကာလျှောက်ပြီး ခွက်တစ်လုံး နဲ့ သူတောင်းစားလုပ်တယ်ဆို"ဟု မြကြီးက အသံမာမာနှင့် မေးလိုက် လေ၏။

"ဒီလိုပါအစ်ကိုကြီး၊ ဈေးထဲမှာ ပစ္စည်းကလေးဘာလေး ထမ်း တယ်၊ အဲဒီမှာ ပိုက်ဆံရရင်တော့ မတောင်းပါဘူး၊ မရရင်တော့ တောင်းပါတယ်"ဟု ပအိုဝ့်ကလေးကပြောလျှင်၊ မြကြီးက . . .

"မင်း ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ"ဟု အော်လိုက်လေ၏။

"ဒီလိုမလုပ်ရင် အစ်ကိုကြီးဘာနဲ့ စွပ်ပြုတ်သောက်မလဲ၊ ဘာနဲ့ ကြက်ဥစားမလဲ၊ ဆရာဝန်ကြီးက ဒါတွေစားရမယ်၊ ဒါတွေစားမှ နေကောင်းမယ်၊ မျက်လုံးကောင်းမယ်လို့ ပြောတယ်မဟုတ်လား"ဟု ပအိုဝ့်ကလေးက ပြောလိုက်လေ၏။ မြကြီးမှာ တစ်စုံတရာ ပြောဆို ခြင်း မရှိဘဲ၊ ငြိမ်၍သွားလေ၏။

"မင်းဒီလိုလျှောက်ပြီး သူတောင်းစားလုပ်တာ၊ ငါ့ရဲ့မိတ်ဆွေ ကိုမြကြီးရဲ့ဂုဏ်ကို အများကြီး ထိခိုက်တယ်ဆိုတာကော၊ နားလည်ရဲ့ လား"ဟု ကိုမျိုးချစ်က ပြောလိုက်ရာ၊ ပအိုဝ့်ကလေးက . . .

"ခင်ဗျားကဘာဖြစ်လို့ ဝင်ပြောနေရတာလဲ၊ ခင်ဗျားဟာ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းတဲ့လူပဲ၊ အစ်ကိုကြီးကို အကူအညီပေးရမှာစိုးလို့၊ ခရီးထွက်မယ်လို့ ညာပြောခဲ့တယ်၊ ဘယ်မှလဲမထွက်ဘူး၊ ခင်ဗျားဆိုင်မှာပဲ ခင်ဗျားရှိနေတာပဲ၊ ခင်ဗျားက ဘာမှမကူညီပဲ ကျုပ်က ကူညီတာကို ဘာဖြစ်လို့ အပြစ်တင်ရတာလဲ၊ သူတောင်းစားလုပ်တာ ကျုပ်စားဖို့ မဟုတ်ဘူး၊ အစ်ကိုကြီးအတွက် လုပ်ပေးတာ၊ ခင်ဗျားဟာ အဲဒီတုန်းက ကြက်ဥတစ်လုံးလာပေးသလား၊ နို့ကိုဥတစ်ဥ လာပေးသလား၊ ပါးစပ်နဲ့ ခင်ပါတယ်လို့ ပြောလို့မရဘူး 'လက်တွေ့-လက်တွေ့' အခု ခင်ဗျားသောက်တဲ့ ကော်ဖီဟာလဲ ကျုပ်သူတောင်းစားလုပ်ပြီး ရတဲ့ ပိုက်ဆံနဲ့တိုက်တာ၊ အစ်ကိုကြီးဒီလို ဟန်ဆောင်တတ်တဲ့လူကို မိတ်ဆွေ မလုပ်နဲ့ဗျ"ဟု အော်ဟစ် ပြောဆိုလိုက်ရာ မြကြီးက . . .

"မင်းပြောတာ အမှန်ပဲလား၊ ကိုမျိုးချစ်ဟာ တကယ်ခရီးမထွက်ခဲ့ဖူးလား"ဟု ပြန်၍ မေးလေ၏။

"အမှန်ပဲ၊ ဘယ်မှ ခရီးမထွက်ခဲ့ဘူး၊ ကျွန်တော်နေ့တိုင်း သူ့ကို မြင်တယ်"ဟု ပအိုဝ့်ကလေးက ရဲတင်းစွာပြောလိုက်လျှင် မြကြီးက. . .

"မစ္စတာအိုင်းစ်. . . မင်းလုပ်တာမှန်တယ်၊ မင်းပြောတာလဲ မှန်တယ်၊ ဒီမှာ ကိုမျိုးချစ် ခင်ဗျားထွက်သွားပါ၊ ခင်ဗျားလို မိတ်ဆွေမျိုး ကျုပ်အလိုမရှိဘူး"ဟု မြကြီးက ပြတ်သားစွာ ပြောလိုက်လျှင် ကိုမျိုးချစ်လည်း ထွက်၍သွားလေ၏။ ထိုအခါ၌ ပအိုဝ့်ကလေးက မြကြီးထံ ပြေးသွားပြီးလျှင် မြကြီးအားဖက် လိုက်လေ၏။ မြကြီးကလည်း ပြန်၍ ဖက်ထားလိုက်လေ၏။

"ဘာမှမပူနဲ့တော့ကွ၊ အစ်ကိုကြီးမျက်လုံးတွေမြင်ပြီ"ဟု မြကြီးက ပြောလိုက်လျှင် ပအိုဝ့်ကလေးက . . .

"အစ်ကိုကြီးမျက်လုံးတွေ မမြင်လဲ ကျွန်တော်ကတော့ ဘာမှ မပူပါဘူး၊ ဒီမှာတွေ့လား ခွက်၊ ပစ္စည်းထမ်းမယ်၊ မရရင်





တောင်းမယ်" ဟု ပြောလိုက်လေ၏။

"မင်း ဘာဖြစ်လို့ ဒါလောက်တောင် ရဲရင့်ရတာလဲကွ" ဟု မြကြီး က မေးလိုက်ရာ ပအိုဝ့်ကလေးက . . .

"ရဲရင့်ရမယ် အစ်ကိုကြီး၊ အစ်ကိုကြီးပဲပြောတာပဲ၊ ရဲရင့်ခြင်းဟာ အားလုံးကိုဖြစ်စေနိုင်တယ်၊ ရဲရင့်ခြင်းမရှိတာနဲ့ ဘာမှမဖြစ်နိုင်တော့ဘူး ဆိုတာလေ"ဟု ပအိုဝ့်ကလေးက ပြောလိုက်ရာ မြကြီးက ဟက်ဟက်ပက်ပက်ရယ်မောရင်း "မင်းကတော့ တကယ့်ကို တော်တဲ့ကောင်ပဲကွာ"ဟု ပြောဆိုချီးမွမ်းလိုက်လေတော့သတည်း။

"ငါတို့ခရီးထွက်မယ်ကွ၊ မင်းမှာ ပိုက်ဆံရှိသေးသလား" ဟု မြကြီးက မေးလိုက်လေ၏။

"ရှိသေးတယ်အစ်ကိုကြီး၊ ပိုက်ဆံခြောက်ကျပ်ရှိသေးတယ်"ဟု ပြောလေ၏။

"ဒီနေ့ညတော့ ဒီမှာအိပ်မယ်ကွား၊ မနက်ကို ဒီမြို့ကနေထွက်ကြတာပေါ့"ဟု မြကြီးက ပြောသဖြင့် မြကြီးအား "လာ. . . သွားမယ်" ဟုဆိုကာ ပအိုဝ့်ကလေးက လက်ကိုတွဲလျှင် မြကြီးက . . .

"ဘာလဲမင်းက ငါ့ကိုအကန်းမှတ်လို့လား"ဟု ပြောလိုက်သဖြင့် ပအိုဝ့်ကလေးက ရယ်မောလေ၏။

ထို့နောက် နှစ်ယောက်သား လျှောက်၍ လာခဲ့ရာဇင်းတို့နေထိုင်ရာ ရပ်ကွက်အနီးသို့ရောက်လျှင် ခပ်လှမ်းလှမ်းမှ အမိုးနီနီနှင့်တိုက်ပုကလေးကို တွေ့မြင်ရလေ၏။ ထိုအခါ မြကြီးက . . .

"ဟော့ကောင်. . . မနက်က ထင်းရှူးပင်ကြီးတွေကလဲစိမ်းလို့၊ တိုက်အမိုးကလေးကလဲ နီနီရဲရဲကလေး လမ်းဘေးမှာပွင့်နေတဲ့ ရောင်စုံပန်းတွေကလဲ ဝေလို့ဆိုပြီးပြောတာ ဒီနေရာမှာ မဟုတ်လား"ဟု မြကြီးက ခန့်မှန်းပြောဆိုလိုက်ရာ ပအိုဝ့်ကလေးက

"ဟုတ်တယ် အစ်ကိုကြီး"ဟု ပြန်၍ ဖြေလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"တိုက်အမိုး နီနီရဲရဲကလေးကတော့ဟုတ်ပါပြီ၊ ထင်းရှူးပင် စိမ်းစိမ်းကြီးတွေက ရောင်စုံပွင့်နေတဲ့ပန်းတွေက ဘယ်မှာလဲကွ"ဟု မြကြီးကမေးရာ ပအို့ကလေးက . . .

"မရှိပါဘူး အစ်ကိုကြီး၊ လက်ာဆရာ လိမ်ပြောတတ်တယ်လို့ အစ်ကိုကြီးပဲပြောတာပဲ" ဟု ပြောလေ၏။

"ဘယ်ကလာ လက်ာဆရာ လိမ်ပြောတယ် ရမှာလဲကွ၊ မုသားမပါ လက်ာမချောလို့ ပြောတာပါ"

"အဲဒါ ကျွန်တော်ပြောတဲ့အဓိပ္ပါယ်ပါပဲ၊ အတူတူပါပဲ"ဟု ပအို့ကလေးက ပြောပြန်၏။

"အေး. . . ငါက မင်းကိုအရှုံးပေးတယ်ကွာ"ဟု မြကြီးက ပြောလိုက်လေ၏။

အိမ်သို့ရောက်သည့်အခါ၌ ပအို့ကလေးက ထမင်းဟင်းချက်ပြုတ်လေ၏။ ပအို့ကလေး ထမင်းချက်နေစဉ်၌ မြကြီးသည် တစ်အိမ်လုံး သွယ်တန်းထားသောကြိုးများကို လျှောက်၍ ဖြုတ်လေ၏။

ထို့နောက် ထမင်းစားကြပြီးလျှင် စောစောစီးစီးပင် အိပ်ရာသို့ဝင်၍ ကွေးနေကြလေ၏။

"အစ်ကိုကြီးကို ကျွန်တော် ပုံကလေးတစ်ခုပြောမယ်" ဟု ပအို့ကလေးက စကားစလိုက်လေ၏။

"ပြောလေကွာ. . နားထောင်ရတာပေါ့"ဟု မြကြီးက ပြောလျှင် ပအို့လေးက . . .

"ဟိုး ရှေးရှေးတုန်းက မောင်နှမနှစ်ယောက်ရှိကြတယ်၊ သူတို့ဟာ ထမင်းသိပ်ပြီးငတ်လာကြတဲ့အခါမှာ ထမင်းလုံးတစ်လုံးကို တစ်ယောက်တလှည့် ပါးစပ်နဲ့စုပ်ကြရတယ် အဲဒီအခါမှာ နှမလေးစုပ်တဲ့ အလှည့်မှာ ထမင်းလုံးဟာ လျှောပြီးဝမ်းထဲကို ဝင်သွားပါရော။





"အဲဒီတော့ အစ်ကိုလုပ်တဲ့လူက နှမလေးရဲ့ဗိုက်ကို ဓားနဲ့ခွဲပြီး ထမင်းလုံးကို ထုတ်ယူတယ်၊ အဲဒီနှမလေးရဲ့နာမည်က စောရွှေလို့ ခေါ်တယ်၊ စောရွှေလေးဟာ သေပါလေရော။

"အဲဒီတော့ သူ့ရဲ့အစ်ကိုလဲ ရင်ကွဲနာကျပြီး သေသွားတယ်၊ အဲဒီလို သေသွားပြီး ငှက်ဖြစ်သွားတယ်၊ ငှက်ဖြစ်သွားတော့ သူ့ရဲ့နှမလေးကိုလိုက်ပြီးခေါ်တယ်၊ 'စောရွှေ၊ စောရွှေ'နဲ့ အော်တဲ့ငှက်ကလေး အစ်ကိုကြီး တွေ့ဖူးတယ်မဟုတ်လား၊ အဲဒါပေါ့ဗျ၊ နှမလေးကလဲ သေပြီးတော့ ငှက်ဖြစ်သွားပြန်တယ်၊ အဲဒီငှက်ကလေးကတော့ 'စပါးပေါပြီ၊ ဆန်ပေါပြီ'လို့အော်တယ် အစ်ကိုကြီးရ၊ ဟဲ. . . ဟဲ၊ ကျွန်တော်တို့လဲ ဘာမှမပူရတော့ပါဘူး၊ ငတ်စရာမရှိတော့ဘူး၊ စပါးပေါပြီ၊ ဆန်ပေါပြီ"ဟု ပြောလိုက်ရာ မြကြီးမှာ ပအို့ကလေး၏ သိတတ်ပုံကိုကြည့်၍ စိတ်မကောင်းဖြစ်ရလေတော့၏။

နောက်တစ်နေ့နံနက်တွင် မြကြီးနှင့် ပအို့ကလေးတို့သည် ဘူတာရုံ ဘက်သို့ထွက်လာရာ တစ်စုံတစ်ယောက်က မြကြီးအား . . .

"ဟိုးကောင်. . . လူနောက် ဘယ်ရောက်နေပြီလဲ"ဟု တရှုတ်သံ ဝဲတဲဝဲတဲနှင့် နှုတ်ဆက်လိုက်သဖြင့် မြကြီးလည်းထိုသူကို ကြည့်လိုက်ရာ ပွဲရုံပိုင်ရှင် တရုတ်ဗိုက်ပူဖြစ်ကြောင်း တွေ့ရလေ၏။

"ဟာ. . . ဗိုက်ပူပါလား"

"အေးပါ နီဘယ်ကိုလဲ"

"ဒီလိုပဲ ခြေဦးတည်ရာ ထွက်လာတာပဲ"

"အလုပ်မိရှိဘူးလား"

"မရှိဘူး. . . ဗိုက်ပူ"

"ထမင်းချက်ဦးမီလား"

"ထမင်းတော့ မချက်ချင်ဘူး"

"နီဘာလုပ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျောက်လေး ဘာလေး အရောင်းအဝယ်လုပ်မလို့"

"ကျောက်အရောင်းအဝယ်လုပ်ရအောင် နို့မှာပိုက်ဆံဘယ်လောက်ပါစလဲ"

"ခြောက်ကျပ်ပါတယ်"

"ခြောက်ကျပ်နဲ့ဘာရမလဲ၊ အနည်းဆုံးခြောက်ထောင်ရှိရမယ်၊ နို့ကျောက်ကိုသိသလား"

"သိတာပေါ့ ဗိုက်ပူရ"

"ဒီကျောက်က ဘာလဲ"ဟုဆိုကာ သူ၏ခါးပတ်အိတ်မှ ကျောက်ကိုထုတ်၍ ပြလေ၏။ မြကြီးက . . .

"ပတ္တမြားပေါ့. . . ဗိုက်ပူရ"

"ဒါ ဘယ်လောက်တန်သလဲ"

"လေးထောင်လောက် တန်တယ်"

"နို့ လေးထောင်ပေးမလား"

"ကျုပ်မှာ အခုခြောက်ကျပ်ပဲပါတယ်၊ နောက်တော့ပေးမယ်"

"ဟီး. . . ဟီး. . . နို့အားကီး ရယ်ဖို့ကောင်းတဲ့ကောင်၊ နို့တော့မွဲမှာပဲ၊ ဒီကျောက်ကို ဖဲသမားဆီက ငါယူထားတာ တစ်ရာပဲပေးရတယ်၊ နို့ကို နှစ်ရာနဲ့ပေးမယ်၊ ပိုက်ဆံရရင်တော့ ငါ့ဆီကို လာပေးလိုက် ငါအခု ဈေးထဲကပွဲရုံမှာရှိတယ်၊ မန္တလေးက ပွဲရုံကိုခွဲလာတာ ဟိုမှာလဲအလုပ်ကောင်းတယ်၊ ဒီမှာထပ်ပြီးတိုးတာပေါ့ကွာ"

"စောစောက သိရရင်အကောင်းသား ဗိုက်ပူရာ ကျုပ်မျက်လုံးကန်းသွားလို့ မနေ့ကမှ ပြန်ပြီးကောင်းတာ"

"အေးလေ၊ နို့ကိုတော့ယုံပါတယ်၊ ယူစွား၊ ငါ့ကိုနှစ်ရာပေးရမယ်" ဟုဆိုကာ ဗိုက်ပူက ကြွေးဖြင့်ရောင်းလိုက်လေ၏။ မြကြီးလည်း ထိုကျောက်ကို ယူသည့်အပြင် တရုတ်ဗိုက်ပူဆီမှ ငွေတစ်ရာ





ကိုပါ ထပ်မံချေးယူပြန်လေ၏။

"နို့ဆီမှာ အားလုံးသုံးရာ"ဟု တရုတ်ဗိုက်ပူက ပြောလိုက်လေ၏။

"ငါးရာပို့လိုက်မယ်"ဟုဆိုကာ မြကြီးလည်း တစ်ခါက ရောက်ခဲ့ဖူးသော နယ်စပ်မြို့ကလေးဆီသို့ ထွက်၍လာခဲ့လေ၏ ထိုမြို့သို့ ထွက်၍လာခြင်းမှာ တစ်ခါက ရောက်ဖူးခဲ့သည့်အပြင် ခေါက်ဆွဲဆိုင်ကဲ့သို့သော ဆိုင်မျိုးတည်ခင်းရောင်းချလျှင် ဖြစ်နိုင်သောကြောင့် ထွက်လာခဲ့ခြင်းဖြစ်ပေသည်။ သို့ရာတွင် ရောက်ရှိသောအခါတွင် ထိုဒေသ၌ ခေါက်ဆွဲဆိုင်အမြောက်အများ ဖွင့်လှစ်ထားရှိနေပြီကို တွေ့ရသဖြင့် မြကြီးသည်သူ၏ အကြံအစည်ကို လက်လျှော့၍ ပြန်ခဲ့ရလေတော့၏။ မပြန်မီ၌ တစ်ခါက သိကျွမ်းခဲ့ဖူးသော တရုတ်လောလျှံဆီသို့ သွားရောက်ခဲ့လေသည်။

လောလျှံ၏ အိမ်ဝန်းအတွင်းသို့ ဝင်လိုက်သည့်အခါ ဒရဝမ်ကြီးက မြကြီးအား တရုတ်ဘာသာစကားဖြင့် အောက်ပါအဓိပ္ပါယ်ရသော စကားကိုဆိုလေ၏။

မင်းညီမင်းသားကြီးလာပြန်ပြီလား၊ ဒီတစ်ခါတော့ စုတ်စုတ်နုတ်နုတ်ပါလား" ဟု ဆိုလေ၏။

"ဟုတ်ပါတယ်. . . ဒီတစ်ခါလာတာက အရေးကြီးလို့ လာခဲ့တာပဲ၊ ခင်ဗျားကို အလုပ်ဖြုတ်ဖို့လာခဲ့တာပါ"ဟု တရုတ်ဘာသာဖြင့် ပြောဆို၍ အိမ်တွင်းသို့ဝင်ရာ လောလျှံကို တွေ့လျှင် ခါးကိုညွတ်၍ အရိုအသေပေးပြီး . . .

"အလွန်အင်မတန် ဂုဏ်သရေရှိတဲ့ သူဌေးမင်း၊ မဖိတ်ခေါ်ပဲ လာရောက်လည်ပတ်တာကို ခွင့်လွှတ်ပါ"ဟု မြကြီးကပြောလိုက်ရာ လောလျှံက မြကြီး၏ စုတ်နုတ်နုံချာသော အဝတ်အစားကို ကြည့်၍. . .



www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေကြီး ဘယ်လိုဖြစ်တာလဲ၊ ငယ်ကျွန်ကြီးလဲပါသေးသလား။ မိတ်ဆွေကြီးမှာ အကြောင်းထူးရှိပြီထင်တယ်"ဟု လှိုက်လှိုက်လှဲလှဲပင် နှုတ်ဆက်လေ၏။

"ဟုတ်ပါတယ်. . . ကျွန်တော့်မှာ အလွန်ပဲဆင်းရဲနေပါတယ်၊ ဒီ့ထက်အရေးကြီးတာကတော့ သူဌေးကြီးရဲ့ ဒရဝမ်ဟာ ကျွန်တော်တို့ဘက်မှာရှိတဲ့ ဒမြတွေနဲ့ အဆက်အသွယ်ရှိတဲ့ ဒမြတစ်ဦးဖြစ်ပါတယ်၊ အဲဒါကိုသတိထားပါ၊ ကျွန်တော်ဒီကိုလာတာ သူဌေးမင်းကို အကူအညီတောင်းဖို့လာတာမဟုတ်ပါဘူး၊ တစ်ခါကသိကျွမ်းဖူးတဲ့ မိတ်ဆွေအဖြစ်နဲ့ ရောက်တုန်းပေါက်တုန်း အလည်ဝင်တာပါ"ဟု မြကြီးက ပြောလိုက်လေ၏။ တစ်ခါက မြကြီး လောလျံဆီသို့ ရောက်ခဲ့ကြောင်းကို ဒမြရှမ်းကြီးတို့ လူစုအား လောလျံ၏ ဒရဝမ်ကြီးက သတင်းပေးလိုက်ခြင်းဖြစ်ပေရာ မြကြီးက လောလျံနှင့် တွေ့စဉ် ထိုကိစ္စကို တိုင်တန်းလိုက်ခြင်းဖြစ်ပေသည်။

"ဒရဝမ်ကိုစွထားလိုက်ပါ၊ အခုပဲအလုပ်ကထုတ်ပစ်လိုက်ပါ့မယ်၊ မိတ်ဆွေလို ဂုဏ်သရေရှိပုဂ္ဂိုလ်တစ်ဦးက ပြောတဲ့သတင်းကို ကျုပ်က အမှန်ယူရမှာပေါ့၊ ပြီးတော့မိတ်ဆွေကို ကူညီချင်ပါတယ်၊ ဒါပေမယ့် ကျုပ်အနေနဲ့ ဟိုနိုင်ငံကပစ္စည်းကို ဒီဘက်ခိုးထုတ်၊ ဒီကပစ္စည်းကို ဟိုဘက်ခိုးသွင်းလုပ်တဲ့ အလုပ်မျိုးကိုမကြိုက်ဖူး၊ ဒါကြောင့် ဘယ်လိုမှ မိတ်ဆွေကို အကူအညီ မပေးနိုင်ပါဖူး"ဟု ပြောဆိုလေ၏။

ထို့နောက်လောလျံသည် ခြံဝတွင် စောင့်နေသော ဒရဝမ်အား ခေါ်၍ လခကိုရှင်းပေးလိုက်ပြီးလျှင် အလုပ်မှထုတ်ပစ်လိုက်လေတော့၏။ အနီး၌ တရုတ်လောလျံမရှိသည့်အခါ၌ ပအို့ကလေးက မြကြီး အနီးသို့ကပ်ကာ . . .

"အစ်ကိုကြီးတရုတ်လို တယ်ပြီးပြောတတ်ပါလား"ဟု မေးလေ၏။





"မပြောတတ်လို့မဖြစ်ဘူးကွ၊ ဒီတရုတ်ကြီးက သိပ်ပြီးမာနကြီးတာ၊ တရုတ်လိုကလွဲပြီး ဘာစကားမှ မပြောဘူးကွ၊ သူက ကျေးဇူးရှိတယ်ကွ၊ တစ်ခါက ငါ့ကို ကူညီဖူးတယ်ကွ"ဟု မြကြီးက ပြောလိုက်လေ၏။

တရုတ်လောလျံ ပြန်ရောက်လာသည့်အခါ၌ မြကြီးက အပေါ့သွားရန်အတွက် နေရာမှထ၍သွားလျှင် တရုတ်လောလျံက ပအို့ကလေးအား တရုတ်ဘာသာစကားဖြင့် ပြောကြည့်၏။ ပအို့ကလေးက မဖြေသည့်အခါ၌ မြန်မာစကားနှင့်ပင် . . .

"မင်းနဲ့သူနဲ့ ဘာတော်သလဲ၊ မင်းတို့ ဒီနယ်စပ်ကို ဘာလာလုပ်တာလဲ၊ မင်းနဲ့လာတဲ့သူက ဘာအလုပ်လုပ်နေသလဲ" စသည်ဖြင့် မေးသော်လည်း ပအို့ကလေးက မဖြေပဲ ငြိမ်၍နေလေ၏။ ထိုအချိန်၌ မြကြီးပြန်၍ ရောက်လာသဖြင့် လောလျံက တရုတ်စကားဖြင့် . . .

"မိတ်ဆွေရဲ့ ကလေးက စကားပြောတတ်ရဲ့လား"ဟု မေးလေ၏။

"မင်းကို စကားပြောတတ်ရဲ့လားလို့ မေးနေတယ်ကွ"ဟု မြကြီးက ဘာသာပြန်၍ ပေးလိုက်လျှင် . . .

ပအို့ကလေးက မြကြီးနား နားသို့ကပ်ကာ . . .

"ဒီကောင်လေးက ပအို့စကားကလွဲပြီး ဘာစကားမှမပြောဘူးလို့ ပြန်ပြောလိုက်ပါ"ဟု ဆိုသဖြင့် မြကြီးက လောလျံအား . . .

"ဒီလိုပါ သူဌေးကြီး ဒီကလေးက ပအို့လူမျိုးကလေးပါ. . . သူကပအို့လိုကလွဲပြီး ဘာစကားနဲ့မှ မပြောချင်ဘူးလို့ ပြောပါတယ်"ဟု တရုတ်ဘာသာဖြင့် ပြောလိုက်ရာ လောလျံက ပအို့ကလေးအား လေးစားသောအားဖြင့် ခါးညွတ်ကာ အရိုအသေပြုလေ၏။

ထို့နောက်မြကြီးတို့လည်း လောလျံထံမှ ပြန်လာခဲ့ကြလေတော့၏။ တစ်ဘက်ကမ်းသို့ ရောက်လျှင် တစ်ညအိပ်ပြီးနောက် နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ပြန်မည်အလုပ်၌ လူတစ်ယောက် ရောက်ရှိလာပြီးလျှင် လွန်စွာလှပသော ဝါးကျည်ထောက်လေး တစ်ခုကို ပေးသဖြင့် ဖွင့်ကြည့်လိုက်ရာ ပိုးစလိပ်ကလေးထွက်၍ လာလေ၏။ ပိုးစလိပ်ကလေး အား ဖြန့်၍ ကြည့်ပြန်ရာ မြန်မာဘာသာဖြင့် ရေးထားသော အောက်ပါ စာကို တွေ့ရလေ၏။

လွန်စွာယဉ်ကျေးသိမ်မွေ့သောမိတ်ဆွေ

မိတ်ဆွေပြောပြချက်အရ ကျုပ်ရဲ့ခြံစောင့်ကို အလုပ်ထုတ်ပစ်ခဲ့ပြီ၊ အဲဒီညနေမှာပဲ သူ့ကိုဖမ်းဆီးပြီး သူ့အတွက် ကျုပ်ကပေးထားတဲ့ အိမ်မှာ တက်ပြီးရှာတဲ့အခါမှာ မိတ်ဆွေတို့ဘက်က ဒမြတွေနဲ့ အဆက်အသွယ် လုပ်ထားတဲ့စာကိုလဲ တွေ့ရတဲ့အပြင် . . . လွန်စွာ အဖိုးတန်တဲ့ ပတ္တမြား သုံးလုံးကိုလည်း တွေ့ရပါတယ်။

အဲဒီလိုပဲ မိတ်ဆွေတို့ဘက်က ထွက်ပြေးလာတဲ့ ဝရမ်းပြေးတစ် ယောက်ဆီကလဲ ပတ္တမြားနှစ်လုံး ရရှိခဲ့ဖူးပါတယ်။ အဲဒီပတ္တမြား ဆိုတာက မိတ်ဆွေတို့ဆီက ထွက်တဲ့ပစ္စည်းပါ။ မိတ်ဆွေတို့ဘက်မှာပဲ ရှိစေချင်ပါတယ်. . . ဒါကြောင့် ယဉ်ကျေးသိမ်မွေ့တဲ့မိတ်ဆွေကို ပတ္တမြားသုံးလုံးနဲ့ လွန်စွာမာနကြီးတဲ့ ပအို့လေးကို ပတ္တမြားနှစ်လုံး လက်ဆောင်အဖြစ် ပြန်ပေးလိုက်ပါတယ်။

ဒါပေမယ့် အဲဒီပတ္တမြားကို နယ်စပ်၌မရောင်းစေလိုပါ။ နယ်စပ်ဆိုတာက တခြားကိုထွက်သွားဖို့သိပ်ပြီးနီးစပ်ပါတယ်။ နွားရှေ့ ထွန်ကျူးတယ်လို့ မထင်စေလိုပါ။ တကယ်ယဉ်ကျေးတဲ့ လူမျိုးဟာ ကိုယ့်တိုင်းပြည်ကထွက်တဲ့





ပစ္စည်းကို တန်ဖိုးထားတတ်ရပါတယ်။ ပြီးတော့ တိုင်းပြည်ကထွက်တဲ့ ကျောက်မျက်ရတနာဆိုတာ တိုင်းပြည်ရဲ့ ဥစ္စာဘဏ္ဍာပါပဲ။ တစ်နည်းဆိုရရင် တိုင်းပြည်ရဲ့ မဏ္ဍိုင်တွေပါပဲ၊ ပြည်ကြီးမဏ္ဍိုင်တွေကို ကာကွယ်ဖို့ တိုင်းကြီးပြည်ကြီးသား စိတ်ရှိတဲ့ လူတိုင်းရဲ့တာဝန်ပါ။

မိတ်ဆွေ လောလျှံ

မြကြီးလည်း စာကိုဖတ်ပြီးနောက် ဝါးကျည်ထောက်ကို သွန်ချိုက်ရာ လွန်စွာ အရည်အသွေးကောင်းသော ပတ္တမြား ငါးလုံးွက်ကျလာသဖြင့် မြကြီးက ပတ္တမြားနှစ်လုံးကို ပအို့ကလေးား‌ပေး၍ . . .

"ကဲ မစ္စတာအိုင်းစ် မင်းကို လောလျှံက သဘောကျလို့ ပေးတဲ့က်ဆောင်ပဲ၊ မင်းယူပေတော့"ဟု ဆိုလေ၏။ ပအို့ကလေးကခါင်းကို တွင်တွင်ခါကာ . . .

"မယူပါရစေနဲ့ အစ်ကိုကြီး. . . ကျွန်တော့်ပစ္စည်းဆိုတာလဲစ်ကိုကြီးပစ္စည်းပေါ့ဗျာ၊ ခွဲခြမ်း ခွဲခြမ်း မလုပ်ပါနဲ့"ဟု ပြောသဖြင့်ကြီးလည်း လောလျှံဆီမှရသော ပတ္တမြားနှင့် တရုတ်ဗိုက်ပူထံမှရှိခဲ့သော ခပ်ညှံ့ညှံ့ပတ္တမြားကို လက်ကိုင်ပဝါ၌စု၍ ထုပ်လိုက်ပြီးနောက် ခရီးထွက်၍ လာခဲ့လေ၏။

စော်ဘွားများအုပ်ချုပ်သော မြို့ကလေးတစ်မြို့သို့ရောက်လျှင်ကြီးအတွက် မင်္ဂလာရှိသော သတင်းကို ဈေးအနီး၌ ငါးထမင်းးနေစဉ် ကြားရလေ၏။

စော်ဘွားသည် ဂုင်း၏သမီးတော် ထိမ်းမြားမင်္ဂလာပွဲ၌တ်ဆင်ရန်အတွက် ပတ္တမြားအလိုရှိသဖြင့် မိုးကုတ်သို့ပင် လူလွှတ်၍ အရည်အသွေးကောင်းသောပတ္တမြား ကျောက်များ ရှာဖွေနေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ဖြစ်လေ၏။

ထို့ကြောင့် မြကြီးတို့လည်း စော်ဘွား၏ ငွေခွန်မှူးထံချဉ်းကပ်၍ စော်ဘွားနှင့်တွေ့လိုကြောင်း ပြောဆိုလေ၏။ ငွေခွန်မှူးထ စော်ဘွားနှင့် တွေ့ခွင့်ရနိုင်ရန် စီစဉ်ပေးခဲ့လေသည်။ မြကြီးလည် စော်ဘွားနှင့်တွေ့လျှင် ပတ္တမြားကို ပြရာ စော်ဘွားကတော်က မြကြ ထံမှ ပတ္တမြားငါးလုံးအား ငွေနှစ်သောင်းဖြင့် ဝယ်ယူလိုက်ဖြ လေတော့၏

တရုတ်ဗိုက်ပူထံမှ ရရှိခဲ့သော ပတ္တမြားကိုမူ စော်ဘွားထ မကြိုက်ဟုဆိုသဖြင့် ဈေးအနီး ရတနာဆိုင်၌ပင် ရောင်းချလေရာ ငွေတစ်ရာပင်ရသဖြင့်မြကြီးလည်း သူ၏ကတိအတိုင်း တရုတ်ဗိုက် ထံသို့ 'တရုတ်ဗိုက်ပူပွဲရုံ၊ ဈေးအတွင်း၊ ပြင်ဦးလွင်မြို့'ဟု လိပ်စာတပ်ကာ ငွေငါးရာ ပို့လိုက်ရလေ၏။

ပအို့ကလေးက မြကြီးအား "အစ်ကိုကြီး ပိုက်ဆံတွေအများကြီး ရပြီပဲ၊ အစ်မကြီးဆီ မသွားသေးဘူးလား"ဟု မေးရာ မြကြီးက. . .

"သွားရမှာပေါ့ကွ"ဟု ဖြေလေ၏။

"ဘယ်တော့သွားမှာလဲ"

"အခုသွားမှာ. . . မန္တလေးကို အယင်သွားရမယ်၊ မန္တလေး ရောက်ရင် ကားတစ်စီးဝယ်ပြီး ကားနဲ့ဆက်သွားမယ်"ဟု ဆိုကာ နှစ်ယောက်သား မန္တလေးသို့ ထွက်၍ လာခဲ့ကြလေ၏။

မန္တလေးသို့ရောက်လျှင် ကားဝယ်ရန်အတွက် ကားဈေးကိုစုံစမ်း ခြင်း၊ လိုက်လံကြည့်ရှုခြင်းများ ပြုလုပ်လေ၏။ မန္တလေးမြို့၌ကား ရန်ကုန်မြို့၊ ပန်းဆိုးတန်း၊ အင်ဆိုင်း မော်တော်လီမိတက်မှ ကိုယ်စား လှယ် တစ်ဦးထားရှိပေရာ ၎င်းထံ၌ မော်တော်ကား ကက်သလော့ ကို ကြည့်ရှုရာတွင် ပအို့ကလေးက 'နက်ရှ်'ဟူသော ကားပုံအား တွေ့လျှင် လက်ဖြင့်ထောက်၍ "အစ်ကိုကြီးဒါဝယ်"ဟု ဆိုသဖြင့်





ကိုယ်စားလှယ်အား 'နက်ရှ်'ကားကိုဝယ်လိုကြောင်းပြောလျှင် ကိုယ် ားလှယ်က ရန်ကုန်မှပို့ထားသော ထိုအမျိုးအစား ကားတစ်စီးရှိ ကြောင်း ပြောဆို၍ ပြသ,သဖြင့် မြကြီးသည် ပအို့ကလေးကိုတင်၍ ျူးကြီးတစ်ပတ် စမ်းသပ်မောင်းနှင်ကြည့်ရာ ပအို့ကလေးက. . .

"ဝယ်လိုက်တော့၊ သိပ်ကောင်းတာပဲ၊ ကျွန်တော်တို့ရွာက အပြေးဆုံး နွားလှည်းတောင် သူ့ကိုမီမှာမဟုတ်ဘူး"ဆိုသဖြင့် ကြီးလည်း ငွေချေလိုက်လေတော့၏။

ထို့နောက် မြကြီးနှင့်ပအို့ကလေးသည် ဈေးချိုတော်ကြီး၌ ဝတ် သစ် အစားသစ်များ ဝယ်ယူပြီးလျှင် လမ်း၌စားသောက်ရန် စားအသောက်များပါ အပြည့်အစုံထည့်၍ ရွှေရွှေ့ထံသို့ စတင် မောင်းနှင်လာခဲ့ကြလေတော့သတည်း။

꩜ ꩜ ꩜

မကျမ်းတာလင်းစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



မြကြီးပြောပြသော အကြောင်းအရာများကား အထက်ပါအတိုင်း ဖြစ်ပေသည်။ ပြီးဆုံးသွားသည့်အခါ၌ ရွှေရွှေနှင့် ဦးနက်ကျော် သားအဖလည်း လွန်စွာမှပင် စိတ်ဝင်စားစွာ နားထောင်ခဲ့ကြရသ ဖြစ်ရာ ညောင်းညာ၍ နေပြီဖြစ်သည့်အလျောက် အကြောဆန် လေ၏။ ဦးနက်ကျော်ကမူ "မင်းအဖြစ်အပျက်ကလဲ ဝတ္ထုစာ ကျနေတာပဲ"ဟု ပြောလိုက်ရာ မြကြီးနှင့် ရွှေရွှေသည် ရယ် ရသေးတော့၏။





# သေနတ်သမား မြကြီး

မြကြီးလည်းမင်္ဂလာခန်းဝင်ပစ္စည်းများဝယ်ယူရန်အတွက် မန္တလေးသို့ဆင်း၍ လာခဲ့လေ၏။ မန္တလေးသို့ရောက်လျှင် မင်္ဂလာ အခမ်းအနား၌ ဝတ်ဆင်ရန်အတွက် ပိုးထည်ဆိုင်များဆီသို့ သွား ရောက်ကာ ငှက်ပျောညွန့်ရောင် ပိုးထည်များကို ဝယ်ယူလေ၏။ ထို့ပြင် ပအို့လေးအတွက်ကိုပါ ပိုးလုံချည်နှင့် အင်္ကျီချုပ်ပေးရန် အင်္ကျီစများကို ဝယ်ယူခဲ့လေ၏။

ပိုးထည်များကို ဝယ်ယူပြီးနောက် ဆိုင်မှ ထွက်လာကာ လမ်း တစ်ဘက်ရှိ လက်ဖက်ရည်ဆိုင်သို့ ဝင်၍ လက်ဖက်ရည်တစ်ခွက် မှာယူသောက်နေစဉ် လူတစ်ယောက်သည် ထိုဆိုင်အတွင်းသို့ ဝင်မည်ပြုပြီးကာမှ ကပျာကယာပြန်၍ ထွက်သွားပြီးလျှင် အခြား သော လူတစ်ယောက်ကို ခေါ်၍ လာလေ၏။

ပထမလူမှာ ကျောက်ကုန်သည် ကိုမြသာဖြစ်၍ ဒုတိယလိုက်ပါ လာသူမှာ ကိုဘိုနီဖြစ်လေသည်။

"ကိုဘိုနီရေ. . . ကျုပ်တို့ကို ပတ်တီးချသွားတဲ့အကန်းကတော့ ဟိုဆိုင်ထဲမှာ လက်ဖက်ရည်သောက်နေလေရဲ့၊ ဒီတစ်ခါတော့ ဒီကောင်ကျုပ်တို့လက်ထဲ ရောက်ပြီ၊ မှတ်လောက်သားလောက် အောင် တွယ်လိုက်စမ်းမယ်"ဟု ကိုမြသာက ကိုဘိုနီအား ပြောလေ၏။

"တွယ်ရမှာပေါ့ ကိုမြသာရယ်၊ ကျုပ်လဲ တွယ်ချင်စမ်းပါဘိ၊ အကန်းကများ ကျုပ်တို့ကို တစ်ပတ်ရိုက်သွားတယ်လို့ဗျာ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com

နေဦး သူ့ကောင်လေးရောပါသလား၊ ကောင်လေးကိုပါ ခေါ်ရမယ်" ဟု ကိုဘိုနီက ပြောလေ၏။

ထိုသို့ပြောဆိုပြီးနောက် ကိုမြသာသည် မြကြီးရှေ့ရှိ ထိုင်ခုံ အလွတ်၌ ဝင်၍ ထိုင်လေ၏။ မြကြီးမှာ မျက်မမြင်ဘဝတ ဆက်ဆံဖူး သော ကိုမြသာအား ယခုအခါ၌ မြင်တွေ့ရသော်လည်း မည်သူမည်ဝါ ဟု မသိရှာပေ။

ဤသည်ကိုပင် ကိုမြသာက မြကြီးမှာ မျက်လုံးကန်းလျက်ရှိသေး သည်ဟု လွဲချော်စွာ မှတ်ထင်သွားလေ၏။ ထို့ကြောင့် မျက်မမြင် တစ်ယောက်နှင့် သတ်ပုတ်ရမည်ဖြစ်ရာ လွန်စွာ အားတက်လျက် ရှိပေသည်။

"ဘယ်လိုလဲ ကိုမြကြီး၊ အကန်းက လူကောင်းကို တစ်ပတ်ရိုက် လို့ ဘယ်ရပ့်မလဲဗျာ"ဟု ပြောလိုက်မှပင် မြကြီးလည်း မိမိရှေ့တွင် ရောက်နေသူမှာ ကျောက်ကုန်သည် ကိုမြသာဖြစ်ကြောင်း သိရလေ တော့၏။

"အော်. . . ကိုမြသာလား၊ ကျုပ်က ခင်ဗျားတို့ကို ဘယ်မှာ တစ်ပတ်ရိုက်လို့လဲဗျ၊ နောက်ဆုံးလာပြတဲ့ကျောက်ကို မဝယ်ချင်လို့ မဝယ်ဘဲ ရှောင်ထွက်သွားတာပဲရှိပါတယ်ဗျာ"ဟု မြကြီးကပြောလိုက် ပြီးလျှင် စီးကရက်တစ်လိပ်ကိုထုတ်ယူ၍ မီးညှိလေ၏။

"ဒီမှာကိုယ့်လူ ကျုပ်ဟာ ကျောက်ကုန်သည်ဆိုပေမယ့် လူများ မျက်ခုံးမွေးပေါ်မှာစကြံ လျှောက်နေတဲ့လူပဲ၊ ရှင်းရှင်းပြောမယ် လူလိမ်ပဲ၊ ကျုပ်ဟာလူကောင်းတွေကိုတောင် ရအောင်လိမ်လာ သေးတာ၊ ကိုယ့်လူလိုအကန်းကျမှ ခံရတယ်ဆိုတာ ရာဇဝင်ရိုင်း လှတယ်၊ အကန်းနဲ့အကောင်းဘောက်ဆင်ပလေးရမှာတော အားနာပါရဲ့၊ ဒါပေမယ့် လူကောင်းကို အကန်းက ကျောသွားတယ် ဆိုတာ မဖြစ် ရအောင် ဆုံးမထားလိုက်မယ်. . . ရော့"ဟု ဆိုကာ





မြကြီး၏ မျက်နှာကိုလက်သီးဖြင့် စွတ်၍ထိုးလိုက်လေ၏။ မြကြီးလည်း ရုတ်တရက်ရှောင်တိမ်းလိုက်လေ၏။

ထိုအခါ၌ ကိုမြသာသည် မြကြီးအား မျက်မမြင်တစ်ယောက်ဟု ပင် သဘောထားကာ ဆိုင်ရှေ့တွင် သစ်သားချောင်းကြီးကိုကိုင်၍ ရပ်နေသော ကိုဘိုနီအား နောက်မှဝင်ရိုက်ရန် မြကြီးရှေ့၌ပင် ပြောင်ပြောင်ကြီးအချက်ပြလိုက်လေ၏။ ကိုမြသာစိတ်၌ ဤသို့ အချက်ပြသည်ကို မြကြီးသည် မျက်မမြင်တစ်ဦးဖြစ်၍ မမြင် မတွေ့နိုင်ဟု မှတ်ထင်လေ၏။ ကိုဘိုနီလည်း မြကြီးအနီးသို့ ခြေသံ မကြားအောင် လျှောက်၍လာလေ၏။

ထိုအခါကျမှပင် မြကြီးလည်း ထိုသူနှစ်ဦးသည် မိမိမျက်စိများ ပြန်၍ ကောင်းသည့်အဖြစ်ကို မသိကြသေးပါတကားဟု သိရှိသွား သဖြင့် ၎င်းအားထက်ရယ်အားသန်ဆိုသကဲ့သို့ဖြစ်ကာ ခြေသံမကြား အောင်လှမ်း၍လာသော ကိုဘိုနီအား မြကြီးက . . .

"ကိုဘိုနီ ဘာဖြစ်တာလဲ. . .၊ ဘာဖြစ်လို့ ဖြည်းဖြည်းလျှောက် နေတာလဲ ခြေသံကြားမှာစိုးလို့လား၊ ကျုပ်က အကန်းမဟုတ်ဘူးဗျ" ဟု ပြောလိုက်လျှင် ကိုမြသာလည်း ခါးကြားတွင်ဆောင်၍လာသော ဓားမြှောင်ကို ဆွဲထုတ်လေ၏။ ကိုဘိုနီလည်း သစ်သားတုတ်ကြီးဖြင့် ရိုက်ရန် ရှေ့သို့တိုး၍လာလေ၏။

ထိုအခါ၌ မြကြီးသည် လမ်း၌ ဒမြတိုက်မည်စိုးသဖြင့် ဦးနက် ကျော် ပေးလိုက်သော ခြောက်လုံးပြူးကို ချိုင်းအောက်မှ ဆွဲထုတ်ကာ ထိုသူတို့အား ချိန်ရွယ်သည်မဟုတ်ဘဲ သေနတ်ဒင်မှ တံဆိပ်ဝိုင်း ကလေးကို ကြည့်ဟန်ဖြင့် ကြည့်ရှုရင်း . . .

"လူကြီးမင်းတို့. . . သေနတ်မှန်ရင် ပရှုပ်ဆီ ထည့်လို့မပျောက် ဘူး ဆိုတာကို သိပါတယ်နော်"ဟု မေးလိုက်ရာ ထိုသူတို့လည်း ဆိုင်တွင်းမှ ထွက်ပြေးကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မြကြီးလည်း ထိုသူတို့အားကြည့်၍ ပြုံးလိုက်ပြီးလျှင် သေနတ်တို့ ဂျိုင်းအောက်၌ ပြန်၍ သိမ်းလိုက်စဉ်၌ပင် ၎င်း၏ဘေးဘက်ဆီမှ အသံတစ်သံကို ကြားရလေ၏။

"ခုနက ဟိုနှစ်ယောက်ကို သေနတ်ထုတ်ပြီး ပစ်တာလဲမဟုတ်၊ ချိန်တာလဲမဟုတ်ပဲ သေနတ်တံဆိပ်ကလေးကို ကြည့်ပြီး ခြိမ်းခြောက်လိုက်ပုံ အမူအရာကတော့ အင်္ဂလိပ်မင်းသားကြီး ဘလင်တိန်ုရဲ့ အမူအရာကို မှီပါတယ် မောင်မြကြီး"

မြကြီးလည်း ထိုအသံကို ကြားဖူးပါသည်ဟု ထင်မှတ်၍ လှည့်ကြည့်လိုက်ရာ ကံကြမ္မာရထားဘီးလှည့်နည်းကို သင်ကြားပေးသွားသည့် ဦးလယ်ဆိုသည့် လူကြီးဖြစ်ကြောင်း တွေ့ရလေ၏။

"ဟာ... ဦးလေးပါလား" ဟုမြကြီးက အားရဝမ်းသာနှုတ်ဆက် လိုက်လေ၏။

"မောင်မြကြီး မျက်စေ့က ကောင်းသွားပြီလား၊ ဟဲ..ဟဲ.. မင်းကြည့်ရတာ ရထားဘီး အမြူအခြမ်းအပေါ် ရောက်နေတဲ့ပုံပဲ၊ ဟော့မောင်မြကြီး အမြူခြမ်းအပေါ်ကို ရောက်နေပြီဆိုရင်တော့ ရထားဘီး မလည်စေနဲ့တော့ကွ၊ တစ်ခါတည်းရပ်ထားပေတော့ဟေ့" ဟု ဦးလယ်က အားရပါးရ ပြောလေ၏။

"ဦးလေးထိုင်ပါဦး၊ လက်ဖက်ရည်သောက်ပါဦး"ဟု ဆိုကာ မြကြီးက လက်ဖက်ရည်မှာလေ၏။ ဦးလယ်ကလည်း လက်ဖက်ရည် သောက်ရင်း ...

"အိမ်လာခဲ့ဦးလေကွာ၊ ပြည်ကြီးပျော်ဘွယ်ရပ်မှာနေတယ်ကွ၊ အဲဒီကို ရောက်တာနဲ့ ငါ့အိမ်ကိုမေးရင် လူတိုင်းသိပါတယ်ကွ၊ ရတနာ ကုန်သည်ကြီး ဦးရွှေလယ်ဆိုရင် နှပ်ချေးတွဲလောင်းနဲ့ ကလေးတောင် သိပါတယ်"ဟု ပြောလေ၏။

မြကြီးကလည်း ယနေ့အဖို့ ဝယ်စရာ၊ ခြမ်းစရာလေးများရှိသေး





ကြောင်း၊ သန်ဘက်ခါညနေတွင် လာခဲ့မည်ဖြစ်ကြောင်း ပြောဆို၍ လမ်းခွဲခဲ့ကြလေ၏။

ခွဲခွာခါနီးတွင် ဦးလယ် ခေါ် ဦးရွှေလယ်က...

"မင်းကြည့်ရတာ မကြာခင် မင်္ဂလာဆောင်တော့မယ့် သတို့ သား ပုံပေါက်နေပါလား..."ဟု ဆိုသဖြင့် မြကြီးက...

"အစစ်ပေါ့ ဦးလေးရာ... ဒီမှာလေ မတွေ့ဘူးလား။ မင်္ဂလာ ဆောင်မှာ ဝတ်ဖို့လေ..."ဟု ဆိုလေ၏။

"အေး...လူ့ဘဝမှာ မင်္ဂလာစောစောဆောင်တာက ဝတ္ထု ဇာတ်လမ်းထဲမှာ ဇာတ်လိုက်ကို ဇာတ်ဖွင့်ဖွင့်ခြင်း စာရေးဆရာက သတ်ပစ်လိုက်တဲ့ ဝတ္ထုမျိုးဖတ်ရသလိုပဲကွ။ ဖတ်ရတဲ့လူအဖို့ အားမလို အားမရ ဖြစ်စရာကြီးပဲ..."ဟု ဦးလယ်ကပြောသဖြင့် မြကြီးက...

"နောက်ကျမှ မင်္ဂလာဆောင်ရင်ကော ဦးလေး"ဟု မေးလေ၏။

"အဲဒါကျတော့ ဇာတ်သိမ်းပိုင်းမကောင်းတဲ့ ဝတ္ထုစာအုပ်ကို ဖတ်ရသလိုပဲ။ ဟာတာတာကြီးဖြစ်သွားမှာပေါ့ကွ..."ဟု ဦးလယ် ပြောလေ၏။

"ဒါဖြင့်ရင်... ဘယ်အချိန်မှာ မင်္ဂလာဆောင်ရမှာလဲ ဦးလေး" ဟု မြကြီးက မေးလေ၏။

"ဖြစ်နိုင်ရင် ဘယ်တော့မှမဆောင်နဲ့...။ မဖြစ်နိုင်ရင်တော့ မင်္ဂလာကို ခဏခဏဆောင်ပေတော့ဟေ့..."

"တော်ပြီ ဦးလေးရ..."ဟုဆိုကာ မြကြီးက ရယ်မော၍ ပိုးထည်များပွဲပိုက်ကာ ဆိုင်တွင်းမှ ထွက်၍လာလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မြကြီးသည်း မန္တလေးမြို့ရှိ မိတ်ဆွေ ကိုဘတော်အိမ်၌ တည်းခိုသော မော်လာခန်းဝင်ပစ္စည်းများ နေ့စဉ်ရက်ဆက်ဝယ်ယူနေလေ၏။ အသုံးစုံဝယ်ယူပြီးသော ညနေ၌ ဦးလယ်အား တွေ့ဆုံ၍ နှုတ်ဆက်ရန်အတွက် ပြည်ကြီးပျော်ဘွယ်ရပ်ဆီသို့ ရထားလုံးဖြင့် ထွက်၍လာတော့၏။

ပြည်ကြီးပျော်ဘွယ်ရပ်သို့ရောက်လျှင် ပုဆိုးမပါသော ကလေးငယ်တစ်ဦးအား မြကြီးက. . .

"ဟေ့. . . ကလေး ဒီရပ်ကွက်မှာ ဦးရွှေလယ်ဆိုတဲ့ လူကြီးရှိသလား. . . "ဟုမေးရာ ထိုကလေးက. . .

"ရှိပါတယ်၊ ဟိုကအိမ်ကြီးမှာနေတယ်။ မုန့်ခဏခဏကျွေးတယ်။ ဦးလေးက မုန့်စားချင်လို့လား"ဟု ပြောလေ၏။

"အေး. . . ငါလဲ မင်းတို့လို မုန့်စားချင်လို့ ဦးရွှေလယ်ဆီကို သွားမှာကွ"ဟုဆိုကာ မြကြီးသည် ကလေးညွှန်ပြသည့် အိမ်ကြီးဆီသို့ ထွက်လာရာ အိမ်အနီးသို့ရောက်လျှင် အံ့အားသင့်သွားလေတော့၏။

ထိုအိမ်ကြီးမှာ တစ်ခါက မှတ်ဆိတ် ခင်မောင်တင့်နေထိုင်ရာ အိမ်ကြီးဖြစ်ကြောင်းကို မှတ်မိ၍သွားလေတော့၏။ အိမ်ရှေ့ပိုင်းမျက်နှာစာကို အနည်းငယ်ပြင်ထားသည်မှအပ အနေအထားမှာ ယခင်အတိုင်းဖြစ်ကြောင်း သတိပြုမိလေသည်။

မြကြီးလည်း ခြံဝင်းအတွင်းသို့ဝင်ရင်း ယခင်ကနှင့်တူ မတူ ကြည့်ရှုမှတ်သားကာ အိမ်ပေါ်သို့တက်လေ၏။

အိမ်ပေါ်သို့တက်ခါနီးတွင် အိမ်ပေါ်၌ ဦးလယ်နှင့် တစ်စုံတစ်ယောက်သည် အကြိတ်အနယ်ငြင်းခုံပြောဆိုနေကြသည်ကို မြကြီးက ကြားလိုက်ရသဖြင့် ခြေလှမ်းတွန့်ကာ မတက်သေးဘဲ ရပ်၍ နေလေ၏။





"ခင်ဗျားကို ကျုပ်တို့ရောင်းဖို့အပ်ထားတဲ့ ရတနာတွေ ဘယ်မှာလဲ၊ ရတနာတွေပြန်ပေးမလား၊ ဒါမှမဟုတ် ငွေပဲပေးမလား ဦးလယ်" ဟု တစ်စုံတစ်ယောက်၏ပြောဆိုသံကို ကြားရလေ၏။

"ဒီလိုရှိတယ်မောင်ရင်. . .၊ မောင်ရင်က ကျုပ်ကိုဘယ်တုန်းက ပစ္စည်းတွေအပ်လို့လဲ"ဟု ဦးလယ်၏ ပြန်လည်ချေပသံကို ကြားရပြန်၏။

"ကျုပ်အပ်ထားတာတော့ မဟုတ်ဘူး. . .။ ခင်မောင်တင့်က ဦးလယ်ဆီမှာ ရောင်းဖို့အပ်ထားတယ်လို့ ပြောတယ်. . ."

"ဟ . . မောင်ရင်ရ. . . ခင်မောင်တင့်ပြောတာနဲ့ပဲ ကျုပ်က ဘာမှမရဘဲနဲ့ မောင်ရင့်ကိုစိုက်ပြီး လျော်ရတော့မှာလား. . . "ဟု ဦးလယ်၏ပြောသံကို ကြားရပြန်၏။

"ဒီမှာ ဦးလယ် ကျုပ်ကိုတော့ အူကြောင်ကြောင်မလုပ်နဲ့နော်၊ အဲဒီပစ္စည်းတွေ ပြန်ပေးမလား၊ မပေးဘူးလား. . ."

"ဒီလိုရှိတယ်ကွ . . . အပ်ထားပါတယ်လို့ပြောတဲ့ ခင်မောင်တင့်ကလဲ သေပြီ၊ ပြီးတော့ လာတောင်းတဲ့ မင်းကိုယ်တိုင်ကလဲ လူစာရင်းဝင်တဲ့ကောင် မဟုတ်ဘူး"

"ကျုပ်က ဘာလို့လူစာရင်းမဝင်ရတာလဲ. . ."

"ဘယ်လိုလုပ်ပြီး လူစာရင်းဝင်မှာလဲကွ၊ မင်းက မင်းကိုယ်မင်း သေပြီဆိုပြီး သေစာရင်းသွင်းထားတဲ့ကောင်ပဲ။ တကယ်တော့ မင်းဟာ ဒီလောကကြီးမှာ အသက်ရှင်လျက်နဲ့ မရှိတော့တဲ့ကောင်ပဲ၊ မင်းကို ဘာတစ်ခုမှ မပေးနိုင်ဘူး"ဟု ဦးလယ်၏ပြောသံကို ကြားရပြီးနောက် တစ်ဦးနှင့်တစ်ဦး လုံးထွေးပုတ်သတ်သံကို ကြားရသဖြင့် မြကြီးလည်း အိမ်ပေါ်သို့ ပြေးတက်သွားလျှင် ဦးလယ်၏ ဘယ်လက်မောင်း၌ သွေးများစီးကျနေသည်ကို တွေ့ရလေ၏။ တစ်ဘက်မှလူမှာလည်း တစ်စုံတစ်ခုနဲ့အရိုက်ခံလိုက်ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာ၌ သွေးများစီးဖြာကျလျက်ရှိ၏။ ထိုလူ၏လက်၌မူ ဓားမြှောင်တစ်လက် ပါရှိသည်ကို ကိုမြကြီးက သတိပြုမိလေ၏။

ထိုသူသည် ဦးလယ်အား ဓားဖြင့်ဝင်ထိုးပြန်၏။ ဦးလယ်က ဆေးလိပ်ခွက်ဖြင့် လှမ်း၍ပေါက်၏။ ထိုသူက အတင်းဝင်၏။ ဦးလယ် က ကုလားထိုင်ဖြင့်တွန်း၏။ ထိုသူမှာ လူငယ်ဖြစ်၏။ ဦးလယ်မှာ အသက်ကြီးပြီဖြစ်၍ မကြာမီ၌ပင် ထိုသူ၏ ဓားမြှောင်များတွင် အသက်ပါရတော့မည်ကို မြကြီးကောင်းစွာရိပ်မိပေသည်။

သို့ရာတွင် ဦးလယ်အား မည်သို့မည်ပုံကူညီရမည်ကို မသိဘဲ ရှိနေစဉ်မှာပင် ထိုသူက ဦးလယ်အား တစ်အားစွတ်၍ထိုးလိုက်၏။ ဦးလယ်က ရှောင်တိမ်း၍ပြေးခဲ့ရာ မြကြီးအနီးသို့ရောက်လျှင် မြကြီးကို ဆက်လိုက်လေ၏။ ထို့နောက် မြကြီး၏ ချိုင်းအောက်မှ သေနတ်ကိုဆွဲထုတ်ကာ ထိုသူအား 'ဒိုင်း. . . ဒိုင်း'ဟု နှစ်ချက်ဆင့်၍ ပစ်ချလိုက်ရာ ထိုသူလည်း ကားကနဲ လဲကျသွားလေတော့၏။

"ဟ. . . ဦးလေး ဘယ်လိုလုပ်လိုက်တာလဲ"ဟု မြကြီးကမေးရာ ဦးလယ်က. . .

"အသက်ဘေးလေကွာ။ ဘယ်လိုပဲလုပ်လုပ် အဲဒါအမှန်ပဲကွ။ ငါ မသေတော့ဘူးလေကွာ"ဟု ဆိုသဖြင့် ဦးလယ်လည်း သေနတ်ကို ပစ်ချ၍ လက်မြှောက်လိုက်လေ၏ မြကြီးလည်း လက်မြှောက်လိုက်လေ၏။ ပုလိပ်များ အိမ်ပေါ်တက်လာပြီးနောက် ဦးလယ်နှင့်မြကြီးကို လက်ထိပ်ခတ်လိုက်ကြတော့၏။

ရာဇဝတ်အုပ်တစ်ယောက်က တစ်ဘက်သို့စောင်း၍နေသော လှမောင်၏ဦးခေါင်းကို ခြေထောက်ဖြင့် တည့်လိုက်ပြီးနောက် အိတ်တွင်းမှ ဓာတ်ပုံနှစ်ပုံကိုထုတ်၍ ဓာတ်ပုံနှင့်အလောင်းကို တိုက်ဆိုင်ကြည့်ကာ အနီးမှ အခြားသောရာဇဝတ်အုပ်အား. . .

"ဒီကောင် လှမောင်ပေါ့ဗျ. . . ၊ ဟိုတစ်နှစ်ကျော်ကျော်က စီဘီ





လိုင်းနားမှာ အသတ်ခံရတဲ့ဆိုတဲ့ လှမောင်ဟာ သူပေါ့ဗျ" ဟုပြောလိုက်ရာ အပြောခံရသော ရာဇဝတ်အုပ်က . . .

"ဘယ်လိုလဲဗျ၊ အသတ်ခံရတဲ့ လှမောင်ဟာ သူပေါ့ဆိုတာ ဘယ်လိုလဲ ဆရာကျော်မြင့်ရဲ့၊ ရှင်းစမ်းပါအုံး" ဟု ဆိုလေ၏။

"ဒီလို ဒီလို. . အဲဒီတုန်းက ရာဇဝတ်အုပ် ဦးနက်ကျော်တို့ လက်ထက်လေဗျာ၊ စီဘီလိုင်းနားမှာ လူတစ်ယောက် အသတ်ခံရတယ်ဆိုတဲ့ အမှုလေ၊ သေတဲ့လူဟာ ရန်ကုန်မြို့၊ ကျောက်မြောင်းရပ်၊ ကျောက်ရေတွင်းလမ်းက အိမ်နံပါတ်. . ." ဟု ပြောဆိုကာ မေ့သွားသဖြင့် ဓါတ်ပုံနောက်ကျောကို လှန်ကြည့်ကာ . . .

"အဲ. . ဟဲ အိမ်နံပါတ်(၁၄)" က လှမောင်ဆိုတာ ဖြစ်ပါတယ်လို့ ရဲကို ကျောက်ပွဲစား ခင်မောင်တင့်ဆိုတဲ့ကောင်က လာပြီး အမှုဖွင့်တယ်လေ၊ အမှန်ကတော့ အဲဒီတုန်းက အလောင်းဟာ လှမောင်ရဲ့ အလောင်းမဟုတ်ဘူး၊ မီးရထားကြိတ်ပြီးသေတဲ့ အမည်မသိ လူတစ်ယောက်ရဲ့ အလောင်းပဲ၊ လှမောင်နဲ့ခင်မောင်တင့် ပူးပေါင်းပြီး ကြံတာ၊ လှမောင်ဟာ လိမ်မှုတွေကများ၊ သူများသားမယားနဲ့ သမီးပျိုကလေးတွေကိုလဲ ဖျက်ဆီးခဲ့တာကများ၊ တစ်ခါ ဒမြရှမ်းကြီးတို့ဆီက တိုက်ရာပါ ရတနာပစ္စည်းတွေကို ရောင်းပေးမယ်ဆိုပြီး၊ တစ်ခါတည်းဖြောင်သွားလို့ ဒမြရှမ်းကြီးတို့ကလဲ လှမောင်ကို အသေရရ အရှင်ရရ ရှာနေ တာ၊ ပုလိပ်ကလည်း ရှာနေတယ်၊ အလိမ်ခံရတဲ့သူတွေနဲ့၊ ဖျက်ဆီးခံရတဲ့ သမီးရှင်တွေကလဲ သတ်မယ်ဆိုပြီး ရှာနေတဲ့အခါမှာ လှမောင် က သူ့ကိုယ်သူ သေပြီဆိုပြီး လုပ်လိုက်တာ"ဟု ရာဇဝတ်အုပ် ကိုကျော်မြင့်က ပြောလိုက်ရာ နားထောင်နေသော ရာဇဝတ်အုပ်က . . .

"ဟာ. . . တယ်လဲလာတဲ့အကောင်ပါလား"ဟု ပြောလေ၏။

အဲဒီအထဲမှာ အမှုကမရှုပ်သင့်ဘဲ ရှုပ်သွားတာက လှမောင်



www.burmeseclassic.com

www.burmeseclassic.com



သေတယ်ဆိုပြီး လှမောင်ရဲ့အမေဆီကို ခင်မောင်တင့်က သံကြိုးရိုက်လိုက်တဲ့အခါမှာ လှမောင်ရဲ့အမေမလာဘဲနဲ့ ကြားထဲက အကောင်တစ်ကောင်က ရှူးကြောင်ကြောင်နဲ့ ရောက်လာတယ်။ အဲဒီကောင်ရောက်ပြီး သိပ်မကြာခင်မှာ ခင်မောင်တင့် အသတ်ခံရပြန်တော့ အဲဒီကောင်ကို ဦးနက်ကျော်တို့က ဖမ်းရပြန်တယ်။ အမှုက အဲဒီမှာရှုပ်သွားတာ။ ဦးနက်ကျော်လဲ အဲဒီအမှုမှာ မျက်စိလည်ပြီး တစ်ခါတည်း ပင်စင်ယူသွားရရှာတော့တာပဲ။ အဲဒီကောင်နာမည်က မြကြီးတဲ့"ဟု ရာဇဝတ်အုပ် ကိုကျော်မြင့်က သူ၏အဖော်ရာဇဝတ်အုပ်ကို ပြောလိုက်ရာ မြကြီးလည်း မျက်လုံးပြူးသွားလေတော့၏။

"ခင်ဗျား. . . ဒီအမှုကို သေသေချာချာသိနေတာပဲ"ဟု ရာဇဝတ်အုပ်က ပြောလိုက်ရာ ကိုကျော်မြင့်ဆိုသော ရာဇဝတ်အုပ်က. . .

"ကျုပ်လဲ တော်လို့မဟုတ်ဘူးဗျ။ ဦးနက်ကျော်လို ဝါရင့်ရာဇဝတ်အုပ်ကြီးတစ်ယောက်လုံး လက်မြှောက်ခဲ့ရတဲ့အမှုဆိုတော့ ကျုပ်လဲ စိုးရိမ်တာနဲ့ အမှုတွဲမှတ်တမ်းကို မကြာခဏပြန်ဖတ်ပြီး စဉ်းစားထားရတာဗျ။ မိုးကုတ်မှာ အဖမ်းခံရတဲ့ ဒမြရှမ်းကြီးတို့ကို မိတဲ့အခါမှာ ကျုပ်က ထောင်ထဲမှာ ရှမ်းကြီးတို့နဲ့သွားတွေ့ပြီး မေးထားတာ။ ရှမ်းကြီး ပြောပြချက်ကိုလဲ ထည့်ပြီးစဉ်းစားရတာကိုး။ အမှုကို တစ်စစီစုဆောင်းထားရတာဗျ၊ တစ်နေ့ရာမှာ လူလိမ်ဂိုဏ်းကကောင်တစ်ကောင်ကို ဖမ်းမိတဲ့အခါမှာ အဲဒီကောင် ပြောပြချက်အရ လှမောင်ဟာမသေဘဲနဲ့ သေစာရင်းကို လိမ်လည်ပြီးသွင်းထားတယ်ဆိုတာ သိရကတည်းက လှမောင်ကို ကျုပ်မျက်ခြေမပြတ် စောင့်နေတာဗျ၊ ဟောဒီ ဦးလယ်နဲ့လှမောင်ဟာ တစ်ချိန်ချိန်မှာ ဆက်သွယ်လိမ့်မယ်လို့ ကျုပ်က မျှော်လင့်ထားတာ၊ ဘာကြောင့်လဲဆိုတော့





အသတ်ခံရတဲ့ မုတ်ဆိတ် ခင်မောင်တင့်နဲ့ ဦးလယ်နဲ့က အဆက်အသွယ်ရှိတယ်၊ ခင်မောင်တင့်က ဦးလယ်ဆီမှာ ဟောဒီအိမ်ကို ပေါင်ထားတာလဲ ကျုပ်က သတင်းရထားတယ်၊ အားလုံး ကွင်းဆက်ဆက်ထားရတာ"ဟု ရာဇဝတ်အုပ် ကိုကျော်မြင့်က ပြောလေ၏။

ထို့နောက်အခင်းဖြစ်စွားရာ၌ အသုံးပြုခဲ့သော ခြောက်လုံးပြူးနှင့် ဓားမြှောင်ကို သိမ်းယူ၍ မြကြီးနှင့် ဦးလယ်အား ငါးမှတ်ဂါတ်သို့ ပို့၍ချုပ်ထားလိုက်လေတော့၏ ထိုသို့ချုပ်ထားပြီးနောက် ရာဇဝတ်အုပ် ကိုကျော်မြင့်က ဦးလယ်အား စစ်ဆေးလေတော့၏။

ဦးလယ်အားစစ်ဆေးရာတွင် ဦးလယ်က . . .

"ကျုပ်သတ်လိုက်တာကတော့ ကျုပ်အသက်ကို ကာကွယ်တာပါ၊ မောင်မြကြီးရဲ့ ချိုင်းအောက်မှာ ခြောက်လုံးပြူးပါတာကို မနေ့ကတည်းက ကျုပ်ကတွေ့ထားလေတော့ မောင်မြကြီးနား ကပ်သွားပြီး သေနတ်ကို နှိုက်ယူလိုက်တာပါ၊ ပြီးမှလှမောင်ကို ကျုပ်ကပစ်ချလိုက်တာပါ၊ ရာဇဝတ်အုပ်မင်းပြောပြတဲ့ လှမောင်ရဲ့လိပ်စာဟာ တစ်ခါက ကျုပ်နဲ့ အိမ်ထောင်ကျဖူးတဲ့ မရွှေရ လိပ်စာဖြစ်နေပါတယ်၊ မရွှေရဆီကို သံကြိုးရိုက်ပြီးခေါ်လိုက်ပါ၊ မောင်မြကြီးကတော့ ကျုပ် အိမ်ကိုလာပြီးလယ်တဲ့ ဧည့်သည်ပါ၊ ဒီအမှုမှာ မောင်မြကြီး ဘာမှ မပါရှာဘူး၊ ကျုပ်သတ်တာပါ"ဟု ဦးလယ်က ပြောလျှင် ရာဇဝတ်အုပ် ကိုကျော်မြင့်က . . .

"လှမောင်ဟာ မသေပဲနဲ့သေတယ်ဆိုပြီး သေစာရင်းကိုလိမ်ပြီး သွင်းတာကို ဦးလယ် သိပါသလား"ဟု မေးရာ ဦးလယ်က . . .

"မသိပါဘူး၊ ကျုပ်က ခင်မောင်တင့်နဲ့ပဲ အဆက်အသွယ်ရှိပါတယ်၊ ခင်မောင်တင့်က ကျုပ်ဆီမှာ ရတနာပစ္စည်းတွေလာပြီး ရောင်းခိုင်းတယ်၊ ကျုပ်က အပိုင်ယူလိုက်တယ်၊ အဲဒီအချိန်မှာ ခင်မောင်တင့်ကို ရှမ်းကြီးတို့လူစုက သတ်လိုက်တော့ ကျုပ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ရတနာပစ္စည်းတွေ ပိုင်ဖြိုလို့မှတ်နေတုန်း ကျုပ်ဆီကို လှမောင်က စာတိုက်ကနေစာပို့ပြီး ရတနာပစ္စည်းတွေ ရလိုကြောင်း မကြာခဏ တောင်းနေပါတယ်၊ သေစာရင်းဝင်လှမောင်က ဒီရက်အတွင်း ပြည်ကြီးပျော်ဘွယ်ရပ်ကို လာမယ့်အကြောင်း ရာဇဝတ်အုပ်မင်း ဆီကို အမည်မတပ်ဘဲ လျှို့ဝှက်တိုင်စာပို့တာဟာ ကျုပ်ပါပဲ ရာဇဝတ်အုပ်မင်း" ဟု ဦးလယ်က ပြောလေ၏။

ဦးလယ်အား စစ်မေးပြီးနောက် ရာဇဝတ်အုပ် ကိုကျော်မြင့်သည် မြကြီးအား စစ်ဆေးပြန်၏။

"ကဲ မောင်မြကြီး၊ မင်းဆီက သေနတ်လို့ပြောနေတယ်၊ ဟုတ်သလား"

"ဟုတ်ပါတယ်. . ရာဇဝတ်အုပ်မင်း"ဟု မြကြီးက ဖြေလေ၏၊

"ဘယ်သူ့သေနတ်လဲ"

"ရာဇဝတ်အုပ်မင်း ဦးနက်ကျော်ပင်စင်ယူပြီးတဲ့နောက် လိုင်စင်နဲ့ကိုင်တဲ့ သေနတ်ပါ၊ ကျွန်တော်က ဦးနက်ကျော်သမီးနဲ့ မင်္ဂလာဆောင်ဖို့ ပစ္စည်းလာဝယ်တာပါ၊ သေနတ်ကို ပူးတွဲလိုင်စင် ယူထားပါတယ်၊ ငွေနည်းနည်းပါလာလေတော့ လမ်းမှာ အလုခံရမှာစိုးလို့ ကျွန်တော့် ဒယ်ဒီ. . . အဲ ကျွန်တော့် ယောက္ခမလောင်း ဦးနက်ကျော် က ပေးလိုက်တာပါ" ဟု မြကြီးက ပြောလိုက်ရာ. . . ရာဇဝတ်အုပ် ကိုကျော်မြင့်လည်း . . .

"ကောင်းကွာ"ဟု ဆိုလေ၏။

ထို့နောက် ရာဇဝတ်အုပ် ကိုကျော်မြင့်က မြကြီးအား . . .

"မင်း ရန်ကုန်ကနေ မန္တလေးကိုထွက်လာပုံ၊ ဘာကြောင့်ထွက်လာရပုံ အမှုထဲမှာ ဘယ်လိုပတ်သက်ပုံကို တစ်ခုမကျန် ပြောပေတော့ . . . မောင်မြကြီး၊ မပြောဘဲ ချန်ထားရင်မင်းမှာ ဒုက္ခတွေ့နိုင်တယ်"ဟု ပြောဆိုသဖြင့် မြကြီးလည်း အရက်သမား





အဖြစ်ဖြင့် မူးရူးနေရာမှ ဒေါ်ရွှေရကြီးသည် သကြန်စာဖတ်နေစဉ် သွားရောက်၍ အရက်သမားတို့ထုံးစံအတိုင်း တဂျီဂျီနှင့် ပိုက်ဆံတောင်းခဲ့ပုံ၊ ဒေါ်ရွှေရကြီး က ပိုက်ဆံပေး၍ ရေများလောင်းလိုက်ပုံ၊ အရက်ဆိုင်သို့ ရောက်သည့်အခါ၌ စာပို့သမားစိန်ဝင်းသည် လှမောင်သေဆုံးကြောင်းသံကြိုးစာ ယူလာပုံ၊ မိမိက ဒေါ်ရွှေရကြီး အား သနားသဖြင့် သံကြိုးစာကို ဖျောက်ကာ မန္တလေးသို့တက်လာပုံ၊ ဒေါ်ရွှေရကြီးအား လှမောင် အဖြစ်ဖြင့် ငွေများပို့နေရပုံမှအစ ယခုကဲ့သို့အဖမ်းခံရသည်အထိကို ခရေစေ့တွင်းကျ ပြောပြလေ၏။ ဂါတ်စာရေးက လိုက်လံရေးမှတ် ထားရလေ၏။ မြကြီးပြော၍ ပြီးဆုံးသွားသည့်အခါ၌ ရာဇဝတ်အုပ် ကိုကျော်မြင့်က . . .

"အခုရော မောင်လှမောင်ရဲ့ အမေကြီးဒေါ်ရွှေရဆီကို မင်းက ငွေပို့တုန်းပဲလား"ဟု မေးလေ၏။

"ပို့ပါတယ် မနေ့ကတင်ပဲ ပို့လိုက်ပါသေးတယ်"ဟု မြကြီးက ပြောလိုက်ရာ ကိုကျော်မြင့်ကလည်း . . .

"မင်းကလည်း အဆန်းပဲကွာ၊ ဒါနဲ့နေပါဦးကွ၊ လှမောင်သေတယ်ဆိုပြီးတဲ့နောက် မင်းနဲ့လှမောင်နဲ့တစ်ခါမှ မတွေ့ခဲ့ဘူးပေါ့"ဟု ဆိုပြန်၏။ "ကျွန်တော်မျက်လုံး မမြင်ရခင်တုန်းက လူတစ်ယောက်က ကျွန်တော်မွေးစားထားတဲ့ ကလေးကိုခေါ်ပြီး ဟော့ကလေး မင်းနဲ့တွဲလာတာ မြကြီးမဟုတ်လားလို့မေးတယ်၊ ပြီးတော့သူ့ရဲ့အဖော်ကို အခုလို တူတူပုန်းနေတုန်းမှာ လိုက်ရှာရမယ့်သူက မျက်လုံးကန်းသွားလေတော့ ပုန်းရတဲ့သူအဖို့ပိုပြီး ကောင်းတာပေါ့လို့ ပြောသွားတာကိုတော့ ကျွန်တော်မွေးစားထားတဲ့ ပအိုဝ်ကလေးက ပြန်ပြောလို့ သိရပါတယ်၊ အခု ကျွန်တော်စဉ်းစားကြည့်တယ်၊ အဲဒီလူဟာ လှမောင် ဖြစ်နေတာပေါ့ခင်ဗျာ"ဟု မြကြီးက ပြောလိုက်လျှင်. . .

"မင်းလဲ ရာဇဝတ်အုပ်သမက်ဖြစ်တော့မှာဆိုတော့ အမှုကို



www.burmeseclassic.com

www.burmeseclassic.com



ဆက်စပ်တတ်ပြီပေါ့"ဟုဆိုကာ အမှုစစ်ဆေးခြင်းကို ရပ်ဆိုင်းလိုက်လေတော့၏။ မြကြီးနှင့် ဦးလယ်ကို အချုပ်တွင်သို့ပြန်၍ထည့်သည့်အခါ၌ ဦးလယ်က မြကြီးအား . . .

လူတွေဟာ ကိုယ့်ရဲ့ ကံကြမ္မာ လှည်းဘီးကိုယ့်ဘာသာ လှည့်နေကြတဲ့အထဲမှာ မင်းကတော့ ငါရပ်ထားခဲ့တဲ့ ရွှေရတို့သားအမိရဲ့ လှည်းဘီးကို ဝင်ပြီးလှည့်မိတာကိုး၊ ဟား . . . ဟား ခွီးတဲ့မှပဲ၊ မင်းအဖြစ်ကဆန်းလှချည့်လားမြကြီးရာ၊ စိတ်ကူးကောင်းကောင်းနဲ့ ရေးထားတဲ့ အလက်ဇန်းဒါးဒူးမားတို့ခေတ်က ပြင်သစ်ဝတ္ထုကြီးကျနေတာပဲ၊ ဟား-ဟား-ဟားဟု ပြောဆို ရယ်မောလေတော့၏။

"ရယ်မနေနဲ့ ဦးလေးအမှုက လူသတ်မှုကြီး"ဟု မြကြီးက သတိပေးလိုက်ရာ ဦးလယ်က . . .

"ဟေ့ကောင် ငါက ကံကြမ္မာရထားဘီးကိုလှည့်ရင်း လှည့်ရင်းနဲ့ပဲ လှည်းဝင်ရိုးကျိုးသွားတာကွ၊ ဘာမှ လုပ်လို့မရတော့ဘူး။ အခုမှငိုနေရင်လဲမရတော့ဘူး၊ ငါကတော့မင်းစိတ်ဓာတ်ကိုတော့ ချီးကျူးတယ်ကွ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စမှာ အခုလောက် ပွေလီမ်ရှုပ်ထွေးပြီး အမှုတွေဖြစ်၊ ဒုက္ခတွေရောက်နေတဲ့အထိ နောက်ပြန်မဆုတ်ဘဲ ဆုံးဖြတ်ချက်အတိုင်း လုပ်နေတာဟာ နည်းနည်းနောနော စိတ်ဓာတ်မဟုတ်ဘူး၊ တကယ့်ရဲရင့်တည်ကြည်တဲ့ စိတ်ဓာတ်ကွ"ဟု ဦးလယ်က ပြော၍ သဘောကျစွာ ရယ်မောလေ၏။ ထို့နောက်ဆက်၍ ပြောပြန်သည်မှာ . . .

"မင်းဟာက ဘယ်လောက်ဆန်းသလဲ၊ လှမောင်သေပြီဆိုတဲ့ သံကြိုးစာကိုတွေ့လို့ မင်းကလှမောင်အစား မရွှေရကြီးကို လုပ်ကျွေးဖို့ မန္တလေးကို ရောက်လာတယ်၊ အမှန်က လှမောင် သေတာမဟုတ်ဘူး၊ လှမောင်တကယ် သေမယ့်သေတော့ မင်းဆီက သေနတ်နဲ့သေရတယ်၊ အဲဒီသေနတ်ကလဲ လှမောင်သေပြီဆိုပြီးမန္တလေးကို





အရောက်မှာ လှမောင်ရဲ့ပါတနာ ခင်မောင်တင့်က တကယ်သေသွားလို့ မင်းကို ရာဇဝတ်အုပ် ဦးနက်ကျော်က ဖမ်းခဲ့တယ်၊ တစ်ခါ ဦးနက်ကျော်ဟာ မင်းရဲ့ယောက္ခမလောင်း ဖြစ်နေပြန်ရော၊ အဲဒီ ဦးနက်ကျော်ရဲ့ သေနတ်နဲ့မှ လှမောင်တကယ်သေရရှာတာဆိုတော့ တော်တော့ကို ဆန်းတဲ့အဖြစ်အပျက်ကြီးပဲကွ၊ နောက်ပြီးမန္တလေးကို ရောက်ပြီး ခင်မောင်တင့်အိမ်မှာ မင်းက တည်းခိုခဲ့တယ်၊ အဲဒီအိမ်မှာ ဇာတ်လမ်းစခဲ့တာ၊ ဇာတ်သိမ်းတော့လည်း အဲဒီအိမ်မှာပဲပြန်ပြီး သိမ်းရပြန်ရော၊ ဟား ဟား" ဦးလယ်က ပြောဆိုရယ်မောလေတော့၏။ မြကြီးလည်း ဦးလည်ပြောမှပင်မိမိ၏အဖြစ်အပျက်သည် ထူးထူးဆန်းဆန်းကြီးဖြစ်၍နေကြောင်း ရိပ်စားမိလေတော့၏။

ထိုညက ဦးလယ်နှင့်မြကြီးသည် အချုပ်ခန်းတွင်း၌ တော်တော်နှင့်မအိပ်ကြဘဲ ညဉ့်နက်သည်အထိ စကားလက်ဆုံကျ၍နေကြသဖြင့် နံနက် (၈) နာရီ ထိုးသည်အထိ အိပ်ရာမှမထဘဲ အိပ်မောကျ၍ နေကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## မင်္ဂလာဆောင်ပြီးတဲ့နေ့မှာ (၇)နှစ်လောက် အိုသွားတတ်တယ်

နောက်နေ့နံနက်ပိုင်းတွင် ဦးနက်ကျော်သည် ရှမ်းပြည်နယ်မှ ရောက်လာ ပြီးလျှင် ငါးမှတ်ဂါတ်မှ ရာဇဝတ်အုပ် ကိုကျော်မြင့်နှင့် တွေ့ဆုံလေ၏။ ဦးနက်ကျော်က ရာဇဝတ်အုပ် ကိုကျော်မြင့်ကို တွေ့လျှင်တွေ့ခြင်း . . .

"ဘယ်လိုလဲ ကိုကျော်မြင့်၊ လူမောင်အသတ်ခံရတဲ့အမှုဟောင်း ပေါ်ပြီ၊ လာခဲ့ပါဆိုလို့ ကျုပ်လဲချက်ချင်းထွက်လာတာပဲ"ဟု ပြောလိုက်ရာ ကိုကျော်မြင့်က . . .

"ဦးနက်ကျော်လက်မြှောက်ပေးသွားတဲ့အမှုလေ . . . ထိုင်ပါအုံး တရားခံတွေကို ထုတ်ပေးပါ့မယ်"ဟုဆိုကာ ဦးနက် ကျော်အား ထိုင်ခိုင်းပြီးနောက်၊ အချုပ်ခန်းစောင့် ပုလိပ်အား . . .

"အချုပ်ထဲက နှစ်ယောက်ကို ထုတ်ခဲ့စမ်း"ဟု အမိန့်ပေး လိုက်လျှင် ထိုပုလိပ်က ဦးလယ်နှင့်မြကြီးအား ထုတ်၍လာလေတော့ ၏။

ဦးနက်ကျော်လည်း မြကြီးကိုမြင်လျှင် . . .

"ဟိုက် . . . မောင်မြကြီးပါလား၊ ဘယ်လိုဖြစ်ပြန်ပါလိမ့်"ဟု အာ်ဟစ် လိုက်လေ၏။

"ပစ်တဲ့သေနတ်ကို ကြည့်အုံးမလား"ဟု ဆိုကာ ရာဇဝတ်အုပ် ကိုကျော်မြင့်က ဆွဲအံအတွင်းမှ ခြောက်လုံးပြူးသေနတ်ကိုထုတ်၍ နက်ကျော်အား ပေးလိုက်ရာ ဦးနက်ကျော်လည်းခြောက်လုံးပြူး



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကိုတွေ့လျှင် မိမိ၏ ခြောက်လုံးပြူးသေနတ်ဖြစ်ကြောင်း သိ၍သွားသဖြင့် "အလိုလေး ငါ့သေနတ်နဲ့ကို လုပ်တော့တာကိုး ဒုက္ခတော့ဖြစ်ပြန်ပြီ မြကြီးရေ"ဟု အော်ဟစ်လေ၏။

ထိုအချိန်၌ပင် ဂါတ်စာရေးအဖြစ်မှ ဆပ်ကျောင်းသို့တက်နေသည် ဂါတ်စာရေး ဝင်းဖေဆိုသူလည်း ရောက်ရှိလာလေ၏။

"လှမောင် အသတ်ခံရတဲ့အမှု တရားခံမိပြီ၊ ဆပ်ကျောင်းကနေ ခဏပြန်လာခဲ့ဦးဆိုလို့ ကျွန်တော် ပြန်လာခဲ့တာပဲ၊ ဆရာဦးနက်ကျော် လဲ ရောက်နေတာကိုး" ဟု ဂါတ်စာရေးက ပြောလေ၏။

"ဟုတ်တယ် ကိုဝင်းဖေ၊ ခင်ဗျားနဲ့ဦးနက်ကျော် လိုက်ခဲ့တဲ့ အမှု ဆိုတော့အမှုသွား အမှုလာကို ပြန်ပြီးဆက်စပ်နိုင်အောင်လို့ ခင်ဗျား တို့ကို ခေါ်လိုက်ရတာပဲ"ဟု ရာဇဝတ်အုပ် ကိုကျော်မြင့်က ပြောလိုက်လေ၏။

"တရားခံတွေဘယ်မှာလဲ"ဟု ဂါတ်စာရေးကိုဝင်းဖေက မေးလျှင် ကိုကျော်မြင့်က မြကြီးကို မေးငေါ့ပြလေ၏။

ဂါတ်စာရေးဝင်းဖေလည်း မြကြီးကို အစက သတိမပြုမိသော်လည်း ကိုကျော်မြင့်က မေးငေါ့ပြသဖြင့်တွေ့မြင်သွားရာ . . .

"ဟာ . . . ပြည်ကြီးမဏ္ဍိုင်မြကြီးပါလား၊ လူသတ်မှုထဲပါနေပြီ ပြီလား"ဟု အားရဝမ်းသာ နှုတ်ဆက်လေ၏။

"ဟုတ်တယ် ဂါတ်စာရေးကြီး . . . နေပါဦး ခင်ဗျားမှာ ရာထူး လဲတိုး၊ လူကလဲ လှလို့ဝလို့ပါလား . . . ရွှေနီငှက်ပျောပင် စိုက်ပြီ ပြီ မှတ်တယ်"ဟု မြကြီးက ပြောလိုက်လျှင် ဂါတ်စာရေးက . . .

"ရွှေနီငှက်ပျောနဲ့တော့ ကန်တော့ပွဲထိုးပါတယ် ကိုမြကြီးရာ"ဟု ဖြေလေ၏။

ရာဇဝတ်အုပ်ကိုကျော်မြင့်က ဦးနက်ကျော်တို့ လက်မြောက် သော လှမောင် အသတ်ခံရမှုအား မိမိအနေနှင့် ကွင်းဆက်ရမိ





အစ နောက်ဆုံး၌ လှမောင်သည် ဦးလယ်၏လက်ချက်ဖြင့် သေရပုံ၊ မြကြီးက လှမောင်သေသည် ထင်မှတ်ကာ ရန်ကုန်မှ ထွက်လာပုံကို အသေးစိတ်ပြောပြခဲ့လေ၏။

ဦးနက်ကျော်က "မြကြီးကတော့ ဖြစ်လိုက်ရင် အဆန်းချည့်ပဲ" ဟု ပြောလေ၏။

ဂါတ်စာရေး ဝင်းဖေကလည်း "မြကြီးရေ . . . မင်းဟာက မဆီ မဆိုင်နဲ့ လူသတ်မှုထဲချည်း ပါနေတာကိုး"ဟု ပြောလေ၏။

ရာဇဝတ်အုပ် ကိုကျော်မြင့်လည်း ဦးနက်ကျော်အား နက်ဖြန် တွင် အမှုနှင့်ပတ်သက်သော အစီရင်ခံစာအသေးစိတ်ကို ရာဇဝတ် ဝန်ထံ ရေးသားတင်သွင်းရမည်ဖြစ်ကြောင်း ထိုသို့ရေးသားတင်သွင်း ပြီးနောက် အမှု၌ပါဝင်ခြင်းမရှိသော မြကြီးအား လွှတ်ပေးမည် ဖြစ်ကြောင်း ပြောဆိုပြီးလျှင် အောက်ပါအတိုင်း အကြံဉာဏ်ပေး လေ၏။

"ဦးနက်ကျော်ရဲ့သေနတ်က အမှုမှာပါနေတော့ ရာဇဝတ်ဝန် မစ္စတာ ဖော်စတာကို ဦးနက်ကျော်ကိုယ်တိုင်သွားတွေ့ပြီး သမက် လောင်း မြကြီးနဲ့ ပူးတွဲလိုင်စင်ယူထားကြောင်း ရှင်းလင်းအောင် ပြောပြပါ၊ ဒီကိစ္စက ဒါလောက် မခက်ပါဘူး"

ဦးနက်ကျော်ကလည်း . . .

"ဟုတ်တယ်၊ မစ္စတာဖော်စတာနဲ့ သွားတွေ့ရမယ်၊ ကျုပ်နဲ့ ရင်းနှီးပါတယ်"ဟု သွက်လက်စွာ ပြောလေ၏။

ထိုသို့ပြောပြီးနောက် ဦးနက်ကျော်လည်း မြကြီးအား စိတ်မညစ် ရန် အားပေးစကားပြော၍ မစ္စတာ ဖော်စတာထံသို့ ထွက်သွားလေ တော့၏။

ဦးနက်ကျော်ထွက်သွားသည့်အခါ၌ မြကြီးနှင့် ဦးလယ်အား အချုပ်ခန်းအတွင်းသို့ ထည့်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အချုပ်ခန်းအတွင်းသို့ရောက်သည့်အခါ၌ ဦးလယ်က မြကြီးအား . . .

"ပျော်ပျော်နေစမ်းပါကွာ" ဟု ဆိုလေ၏။

"မပျော်နိုင်ဘူး ဦးလေးရ. . . ကျုပ်က မင်္ဂလာဆောင်ခါနီးမှာ အဖမ်းခံရတယ်ဆိုတော့ သိပ်ပြီးခက်တာပေါ့ဗျ" ဟု မြကြီးက ပြောလေ၏။

"ဟကောင်ရ လူတစ်ယောက်ဟာ မင်္ဂလာဆောင်ပြီးတာနဲ့ (၇) နှစ်လောက် အိုမင်းရင့်ရော်သွားတယ်လို့ ဘေကွန်က ပြောတယ်ကွ" ဟု ဦးလယ်က ပြောလျှင် မြကြီးက . . .

"ဟုတ်ရဲ့လားဦးလေးရယ်"ဟု မေးရာ ဦးလယ်က အောက်ပါ အင်္ဂလိပ်စာကို ရွတ်ပြလေတော့၏။

**A MAN FINDS HIMSELF SEVEN YEARS OLDER THE DAY AFTER HIS MARRIAGE.**

"ဦးလေးကတော့ ရှာရှာပေါက်ပေါက်ဗျာ"ဟု မြကြီးက ပြောလေ၏။

ထို့နောက်ဦးလယ်သည် မြကြီးအား မှတ်သားဖွယ်ရာကောင်းသော ပုံပြင်များကို ပြောပြလေ၏။ ညစာထမင်းစာပြီးနောက်လည်း မအိပ်မချင်း ပုံပြင်အမြောက်အများ ပြောပြလေတော့၏။

နောက်တစ်နေ့နံနက်၌ ဂါတ်သို့ ဦးနက်ကျော် ရောက်လာပြီးလျှင် ရာဇဝတ်အုပ် ကိုကျော်မြင့်အား. . . ခွင့်တောင်း၍ မြကြီးအား လက်ဖက်ရည်နှင့်မုန့်များ တိုက်လေ၏။ မြကြီးတစ်ဦးတည်းကို ဤသို့ ပြုလုပ်လျှင်လည်း မသင့်သောကြောင့် ဦးလယ်ကိုပါ မြကြီးနှင့်အတူ လက်ဖက်ရည်နှင့်မုန့်များ တိုက်ကျွေးလေ၏။

"ငါတော့ ဆင်ဖြူတော်မှီပြီး ကြံစုပ်ရတာပဲကွ"ဟု ဦးလယ်က ပြောလေ၏။ ထို့နောက်မကြာမီတကြာကပ်၍ . . .





"မင်းယောက္ခမက မင်းကိုချစ်သားပဲကွ"ဟု ပြောပြန်၏။

ထိုသို့ကျွေးမွေးပြီးနောက် မြကြီးနှင့်ဦးလယ်အား အချုပ်ခန်းအတွင်းသို့ပြန်၍ အပို့တွင် ဂါတ်အတွင်းသို့ တစ်စုံတစ်ယောက်ရောက်ရှိလာလေ၏။

"အောင်မလေး. . . ကျွန်မသားလေးက လူလိမ္မာလေးကိုတော်၊ ဘယ်လူယုတ်မာကများသတ်လိုက်ပါလိမ့်၊ ဟီး ဟီး. . . သံကြိုးရတာနဲ့ ကျွန်မချက်ချင်း လာခဲ့တာပဲ ရာဇဝတ်အုပ်မင်းတို့ရဲ့"ဟု အော်ဟစ်ငိုကြွေးသဖြင့် မြကြီးက ကြည့်လိုက်ရာ လှမောင်၏မိခင် ဒေါ်ရွှေရကြီးဖြစ်ကြောင်း တွေ့မြင်ရလေတော့၏။

"ကျွန်မသားကိုသတ်တဲ့တရားခံတွေကောမိပြီလား"ဟု ဒေါ်ရွှေရက မေးလိုက်ရာ အနီးမှ ပုလိပ်တစ်ဦးက "မိပါပြီ အဒေါ်ကြီး ဟိုမှာလေ"ဟု ပြလိုက်လျှင် ဒေါ်ရွှေရကြီးသည် အချုပ်ခန်းအတွင်းသို့ ဝင်လုနီးနီးဖြစ်နေသော မြကြီးနှင့် ဦးလယ်ထံသို့ ပြေးသွားပြီးနောက် အနားသို့ရောက်သောအခါ မြကြီးကို မှတ်မိသွားရာ . . .

"ဟင်. . . အရက်သမား မြေ၊ နင်က ဒီကိုရောက်လာပြီး ငါ့သားကို သတ်တယ်ပေါ့လေ"ဟုဆိုကာ မြကြီး၏ပါးကို တအားလွှဲ၍ ရိုက်လေတော့၏။ ထိုသို့ရိုက်ရုံနှင့်အားမရဘဲ ဖိနပ်ချွတ်၍ ရိုက်ပြန်ရာ အနီးရှိပုလိပ်က ဆွဲထားရလေ၏။ ထို့နောက်မြကြီးအား အချုပ်ခန်းအတွင်းသို့ ကပျာကယာ သွင်းလိုက်ရလေ၏။ မြကြီး၏ မျက်နှာမှာမူ ဖူးယောင်၍ ပါးစပ်မှ သွေးများ စီးကျလေတော့၏။

ထို့နောက် ဒေါ်ရွှေရသည် ဦးလယ်ကိုမြင်တွေ့သွားလျှင် မျက်လုံးပြူး၍ အံ့အားသင့်ကာ . . .

"အော်. . . ရှင်လဲပါသကိုး"ဟု ပြောလိုက်လျှင် ဦးလယ်က. . .

"ပါတာမဟုတ်ဘူး၊ လှမောင်ကိုသတ်တာ မြကြီးမဟုတ်ဖူး၊



www.burmeseclassic.com

www.burmeseclassic.com



ငါသတ်တာ"ဟု ပြောလျှင် ဒေါ်ရွှေရက . . .

"အဲဒါ ဘယ်သူမှတ်လဲ၊ ကျွန်မသား ကျွန်မသား"ဟု ပြောကာ တဟီးဟီး ငိုလေတော့၏။

"မင်းသားပဲဖြစ်ဖြစ်၊ ဘယ်သူ့သားပဲဖြစ်ဖြစ် လူမောင်ကတော့ သတ်ရမယ့်ကောင်ပဲ မိရွှေရ"ဟု ဦးလယ်က တစ်လုံးချင်းပြောလိုက်လျှင် ဒေါ်ရွှေရလည်း "သတ်ဦးဟယ် . . . သတ်ဦးဟယ်"ဟု ဆိုကာ ဦးလယ်၏ပါးကို ဝင်၍ရိုက်သဖြင့် ပုလိပ်တို့က ဒေါ်ရွှေရအား ရာဇဝတ်အုပ် ကိုကျော်မြင့်၏ စားပွဲသို့ ခေါ်ယူလာခဲ့ရလေ၏။

"ထိုအခါ၌ ရာဇဝတ်အုပ် ကိုကျော်မြင့်က ဒေါ်ရွှေရအား ထိုင်စေ၍ အမောအပန်းဖြေခိုင်းပြီးလျှင် အမောပြေစေရန်အတွက် ကော်ဖီတစ်ခွက်မှာယူ၍ တိုက်ကျွေးလိုက်လေ၏။ ဒေါ်ရွှေရ အနေနှင့် အတော်အတန် စိတ်တည်ငြိမ်သောအခါ၌ ရာဇဝတ်အုပ် ကိုကျော်မြင့်က အဖြစ်အပျက်မှန်ကို ပြောပြလေ၏။ ဒေါ်ရွှေရလည်း ရာဇဝတ်အုပ် ကိုကျော်မြင့် ပြောသည်ကို နားထောင်ပြီးနောက် . . .

"ဒီလိုဆိုရင် အဒေါ့်ဆီကို လစဉ်မှန်မှန် ငွေပို့တာဟာ အဒေါ့်သား လူမောင်မဟုတ်ဘူးပေါ့ ရာဇဝတ်အုပ်မင်း"ဟု ဒေါ်ရွှေရက မေးလိုက်လျှင် ရာဇဝတ်အုပ် ကိုကျော်မြင့်က . . .

"ဘယ်ကလာ ဟုတ်ရမှာလဲ၊ လူမောင်သေပြီထင်ပြီး အဒေါ့်ကို သနားလို့မြကြီးက လူမောင်အနေနဲ့ ငွေတွေ ပို့နေတာ၊ အိမ်ပြင်ဖို့ ငွေတစ်ထောင်လဲ သပ်သပ်ပို့ခဲ့သေးတယ်၊ လူမောင်အဖြစ်နဲ့ မြကြီးက မာကြောင်း၊ သာကြောင်း စာတွေတောင် ရေးခဲ့သေးတယ်"ဟု မဲ့ကာရွဲ့ကာနှင့် ပြောလေ၏။

"ဒီအမူးသမားငမြက ဘာဖြစ်လို့ ကျုပ်ကို ဒီလိုငွေတွေ ပို့နေရတာလဲ၊ လူမောင်သေတော့ကော သူကအနေသာကြီး မဟုတ်လား ရာဇဝတ်အုပ်ရဲ့"ဟု ဒေါ်ရွှေရက ပြောလိုက်လေ၏။





"ဒီလိုပါအဒေါ်၊ တစ်နေ့မှာ မြကြီးက အဒေါ့်အိမ်ရှေ့မှာလာပြီး ပိုက်ဆံတစ်မူးကို မရမကတောင်းပြီး အဒေါ်စိတ်ညစ်အောင် လုပ်ခဲ့တယ်မဟုတ်လား၊ အဲဒီမှာ အဒေါ်ကစိတ်ညစ်ညစ်နဲ့ သူ့ကို ရေတွေလောင်းချပြီး ပိုက်ဆံတစ်မတ်ပေးလိုက်တယ်မဟုတ်လား"

"အင်း . . . မှတ်မိပြီ၊ ဟုတ်သားပဲ"

"အဲဒီ ပိုက်ဆံတစ်မတ်လဲရရော အရက်ဆိုင်ကိုသွားတာ၊ အရက် ဆိုင်ရောက်တော့ သံကြိုးစာပို့တဲ့လူနဲ့တွေ့တာ၊ လူမောင် သေပြီဆို တဲ့ သံကြိုးဖြစ်နေတာကိုလဲတွေ့ရော မြကြီးဟာ အဒေါ့်ကို သိပ်ပြီး သနားသွားပြီး လူမောင်အစား အဒေါ့်ကို အမေအမှတ်နဲ့ လုပ်ကျွေး တော့မယ်ဆိုပြီး မန္တလေးကို တက်လာတာ၊ အမှန်ကတော့ လူမောင် တကယ်မသေဘူး၊ သေတယ်ဆိုပြီးလုပ်တာ၊ အမှုတွေကလဲ များနေ ပြီ၊ မြကြီးကတော့ မသိရှာဘူး"

"ဒီလိုတော့လဲ ငမြက စိတ်ကောင်းရှိသားပဲ"ဟု ဒေါ်ရွှေရက ပြောလိုက်ရာ အနီးတွင်ရှိသော ဦးနက်ကျော်က . . .

"မောင်မြကြီးဟာ တကယ်စိတ်ကောင်းရှိတဲ့လူပါ။ သူ့အကြောင်း ကျုပ်က ကောင်းကောင်းသိတဲ့လူပါ၊ ခင်ဗျားဆီကို လစဉ်ငွေပို့နေတာ ဘယ်လိုပို့ရတယ် မှတ်သလဲ၊ သူ့ခမြာ မျက်လုံးကလဲ ကန်းသွားရှာ သေးတယ်"ဟု ဝင်၍ထောက်လိုက်လျှင် ဒေါ်ရွှေရမှာ မြကြီး အပေါ်၌ မိမိအထင်မှား၍ ရိုက်နှက်ခဲ့ပုံများကို သနား၍ သွားမိသည့် အလျှောက် မြကြီးရှိရာ အချုပ်ခန်းဆီသို့ လှမ်းကြည့်လိုက်မိလေ တော့၏။

ဦးနက်ကျော်၊ ရာဇဝတ်အုပ် ကိုကျော်မြင့်၊ ဂါတ်စာရေး ဝင်းဖေ ဘို့က မြကြီးကကောင်းပုံ၊ စိတ်ထားမွန်မြတ်ပုံနှင့်တကွ၊ လူမောင်၏ ရှုပ်ပုံ ပွေပုံ၊ အမှုများ မြောက်မြားစွာ ရှိပုံတို့ကို ရှင်းပြသောအခါ၌ ဒေါ်ရွှေရလည်း ငိုကြွေးလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်အချုပ်ခန်းအတွင်းမှ ဦးလယ်က ရာဇဝတ်အုပ်ကို ကျော်မြင့်နှင့် တွေ့လိုကြောင်း ပြောသဖြင့် ဦးလယ်ကို အချုပ်ခန်း အတွင်းမှ ထုတ်လိုက်သည့်အခါ၌ ဦးလယ်က ရာဇဝတ်အုပ် ကိုကျော်မြင့်အား . . .

"ကျုပ်အမှုကို ရုံးမတင်ခင်မှာ ကျုပ်တရားသဖြင့် ရှာဖွေထားတဲ့ ပစ္စည်းတွေကို မောင်မြကြီးကို တရားဝင် လွှဲပေးပါတယ်၊ ဝတ်လုံ တစ်ဦးနဲ့ တွေ့ပါရစေ"ဟု ပြောသဖြင့် ရာဇဝတ်အုပ် ကိုကျော်မြင့် က စီစဉ်ပေးမည်ဖြစ်ကြောင်းပြောပြီးလျှင် မြကြီးကို အချုပ်ခန်းမှ ထုတ်၍ ဦးလယ်ပြောသည့်စကားကို ပြန်၍ပြောပြရာ မြကြီးက. . .

"ဟာ. . . ဦးလေးကလဲ ကျွန်တော့်ကို မပေးပါနဲ့၊ အဒေါ်ကို သာပေးပါ၊ ကျွန်တော်မယူပါရစေနဲ့"ဟု ငြင်းဆန်လေရာ. . .

"မင်းကိုပဲ ပေးချင်တာ မင်းရဲ့စိတ်သဘောထားမျိုးဟာ လူတစ် သောင်းမှာ တစ်ယောက်တောင်မရှိနိုင်ဘူးကွ၊ အဲဒါကို သဘောကျ လို့ ပေးချင်တာ"ဟု ဦးလယ်က ပြောပြန်၏။

"ကျွန်တော် မယူချင်ဘူး၊ ဦးလေးပေးခဲ့လဲ ကျွန်တော်ကတော့ အဒေါ်ကိုပဲ ပေးပစ်လိုက်မှာပဲ"

"ဒါကတော့ မင်းလက်ထဲ ရောက်ရင် မင်းသဘောပဲ၊ မင်းပေး ချင်တဲ့လူကို ပေးနိုင်တယ်၊ မီးရှို့ချင်လဲ ရှို့ပစ်နိုင်တယ်လေကွာ"ဟု ဦးလယ်က ပြောလေ၏။

"သူက နင့်ကိုပေးချင်တာ နင်ပဲယူပါငမြရယ်"ဟု ဒေါ်ရွှေရက ပြောလေသည်။

ဒေါ်ရွှေရမှာလည်း မန္တလေးမြို့၌ အသိအကျွမ်းမရှိသဖြင့် ရာဇဝတ်အုပ် ကိုကျော်မြင့်အိမ်၌ပင်လျှင် တည်းခိုရလေ၏။ ညပိုင်း သို့ရောက်လျှင်လည်း ရာဇဝတ်အုပ် ကိုကျော်မြင့်က ဒေါ်ရွှေရအား အသတ်ခံရသူ ဒေါ်ရွှေရ၏သား လှမောင်နှင့် ပတ်သက်၍ ဖွင့်ထား





သော အမှုတွဲများကို ပြသလျှင် ဒေါ်ရွှေရလည်း . . .

"အဒေါ်ကတော့ မသိပါဘူးကွယ်၊ အဒေါ့်သားကလေးဟာ လူကောင်းကလေးမှတ်ထင်နေတာပါပဲ၊ အရင်ကလဲ ပိုက်ဆံမပို့ပါ ဘူး၊ အဒေါ့်ဆီကတောင် ပြန်ပြီးယူသွားတာပါကွယ်၊ တစ်နှစ်ကျော် ကျော်ကမှ လှမောင်ဆီက လစဉ်ငွေမှန်မှန်ရလို့ အဒေါ်ဖြင့် ဝမ်းသာ ခဲ့ရပါတယ်၊ ဒီအထဲ အိမ်ပြင်ဖို့ပါ ငွေပို့လိုက်လေတော့ ငါ့သား ကလေးကတော့ အားကိုးရပြီလို့ အောက်မေ့မိပါတယ်" ဟု ပြောဆို ကာ ရှိုက်ကြီးတငင် ငိုလေတော့၏။

"အဲဒီမှာ ငွေကို မှန်မှန်ပို့နေတယ်ဆိုတာက လှမောင်မဟုတ် တော့ဘူး၊ လှမောင်အစား မြကြီးက ပို့နေတာအဒေါ်"ဟု ရာဇဝတ် အုပ် ကိုကျော်မြင့်က ရှင်းပြလျှင် ဒေါ်ရွှေရက . . .

"အဒေါ်တို့ရပ်ကွက်မှာက မြကြီးကို အမူးသမား ဖဲသမားဆိုပြီး ဘယ်သူကမှ ဆေးဖော်ကြောဖက် လုပ်တာမဟုတ်ပါဘူး၊ ငမြမှာ ဒါလောက်စိတ်ကောင်းနှလုံးကောင်းရှိမှန်းလဲ အခုမှပဲ သိရပါတယ်" ဟု ပြောလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



# သူများချစ်သူ လေးဘက်သွားလို့ နွားနှင့်တူ

မြကြီးအား နောက်တစ်ရက်တွင် အချုပ်မှလွှတ်လိုက်လေတော့၏။ မြကြီးလည်း ဦးလယ်အား "ဘာမှမပူနဲ့ ဦးလေး၊ ဝတ်လုံကောင်းကောင်းငှားပြီး အမှုကို ကျွန်တော်လိုက်ပါ့မယ်. . ." ဟု အားပေးစကားပြောကာ အချုပ်မှထွက်လာပြီးလျှင် ဒေါ်ရွှေရနှင့်တွေ့ဆုံ၍ ဒေါ်ရွှေရအား ကန်တော့လေတော့၏။

ဒေါ်ရွှေရလည်း မျက်ရည်များ တတွေတွေစီးကျလာပြီးလျှင်. . .

"သာဓုကွယ်၊ သာဓု. . . သာဓု. . . ငါ့သားကြီး ဘုန်းကြီးလို့ သက်ရှည်ပါစေကွယ်" ဟု ပြောဆို၍ မျက်ရည်များကို အကျီစဖြင့် သုတ်လေ၏။

"အမေ. . . အမေ. . . ကျွန်တော့်မှာလဲ အမေမရှိပါဘူး။ အမေ့ကိုပဲ လုပ်ကျွေးပါ့မယ်။ အမေတစ်ယောက်ရသလိုပဲ။ ကျွန်တော်ဝမ်းသာပါတယ် အမေ. . ." ဟု မြကြီးက လှိုက်လှိုက်လှဲလှဲပြောလိုက်ရာ ဒေါ်ရွှေရလည်း လွန်စွာမှပင် ဝမ်းမြောက်ဝမ်းသာဖြစ်၍ သွားလေတော့၏။

ထို့နောက် မြကြီးသည် လှမောင်၏အလောင်းအား ဆေးရုံကြီးမှ ထုတ်ယူ၍ ဆင်ဖြူကန်သုသာန်၌ ဂူသွင်းရန် စီစဉ်လေ၏။ အုတ်ဂူနေရာမှာလည်း ယခင်တစ်ခါ လှမောင်သေပြီအမှတ်နှင့် အမည်မသိ သူတစ်ဦးအား ဂူသွင်းခဲ့သောနေရာနှင့်ယှဉ်လျက် ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . မောင်မြကြီး၊ ဒီမှာလဲ လှမောင်ဆိုပါလား. . ."ဟု ဒေါ်ရွှေရက မေးလေ၏။

"အဲဒါပေါ့ အမေ. . . ကျွန်တော်ရန်ကုန်ကရောက်လာပြီး လှမောင်အလောင်းမှတ်လို့ သဂြိုဟ်ခဲ့တာပေါ့. . ."ဟု ရှင်းပြလျှင် ဒေါ်ရွှေရက "အမလေး လူဆိုးကြီးရဲ့ တစ်သက်မှာ နှစ်ခါသေရပါပေါ့လား" ဟုဆိုကာ ငိုကျွေးလေတော့၏။

ထိုသို့ လှမောင်အား သဂြိုဟ်ခြင်းကိစ္စ ပြီးစီးသွားသည့်အခါ၌ မြကြီးက လှမောင်အတွက် ဆွမ်းသွတ်ရန်ဟုဆိုကာ ဒေါ်ရွှေရကြီးအား ငွေ ၃၀၀ိ ပေးလေ၏။ ဒေါ်ရွှေရကြီး ပြန်ရန်အတွက် ရထား လက်မှတ်ဝယ်ပေးပြီး ဘူတာရုံသို့လည်း မြကြီးသာမဟုတ်ပဲ ဦးနက်ကျော်၊ ရာဇဝတ်အုပ် ကိုကျော်မြင့်နှင့် ဂါတ်စာရေး ဝင်းဖေတို့ကပါ လိုက်၍ ပို့ကြလေ၏။

မြကြီးသည် ရထားထွက်ခါနီး၌ ဒေါ်ရွှေကို ကန်တော့လေ၏၊ ဦးနက်ကျော်ကလည်း "ဒေါ်ရွှေရရေ. . . ခင်ဗျားရဲ့ကိတ္တိမသား မြကြီးနဲ့ ကျုပ်ရဲ့သမီးက ယူကြတော့မှာဆိုတော့ ခင်ဗျားနဲ့ကျုပ်နဲ့လဲ ခမည်းခမက်ဖြစ်သွားပြီပေါ့ဗျာ။ လိုတဲ့အကူအညီကိုပြောပါ. . ."ဟု အားပေးစကားပြောလေ၏။

မီးရထားထွက်သည့်အခါ၌ ဒေါ်ရွှေရကြီးသည် ငိုယိုလျက် ရန်ကုန်သို့ လိုက်ပါခဲ့လေတော့၏။

အိမ်သို့ရောက်သည့်အခါ၌လည်း အိမ်နီးပါးချင်းများက ဒေါ်ရွှေရကြီးထံသို့ လာရောက်၍ "ဒေါ်ရွှေရ လှမောင်က ဘယ်လိုဖြစ်တာလဲ ကျွန်မလဲမသိပါဘူး၊ လှမောင်ဆုံးပြီးဆိုတဲ့ သံကြိုးစာရလို့ ဒေါ်ရွှေရ မန္တလေးကို ချက်ချင်းထွက်သွားတာပဲ သိတယ်"ဟူ၍ သတင်းမေးမြန်းကြလေတော့၏။

ဒေါ်ရွှေရလည်း "ပြောတောင်မပြောချင်ပါဘူးတော်. . . ဒီလို





အဖြစ်မျိုးက ကျုပ်တစ်ယောက်တည်းဖြစ်မှာပါ. . ."ဟု အစချီလျက် လှမောင်သေဆုံးရပုံ၊ ရပ်ကွက်အော့ကြောလန် အရက်မူးသမားမြေက လှမောင်အတွက် အနစ်နာခံရပုံကို ဇွင်းနေထိုင်ရာ ကျောက်ရေတွင်း လမ်းလေး၌သာ မဟုတ်ဘဲ အောင်မင်္ဂလာလမ်း၊ နတ်စင်လမ်း၊ သီတာလမ်း စသည်တို့၌လည်းကောင်း၊ ထိုတစ်ဝိုက်ရှိ လူစုဝေးရာဖြစ်သော 'အိန္ဒိ'လက်ဖက်ရည်ဆိုင်၊ အောင်သပြေ ဒေါ်တင်ညွန့်၏ လက်ဖက်ရည်ဆိုင်၊ ကိုထွန်းစိန်လက်ဖက်ရည်ဆိုင်၊ ဒေါ်စံရှား၏မုန့်ဟင်းခါးဆိုင် စသည်တို့၌လည်း အရက်မူးသမား မြေ၏ အကြောင်းကို ပုံပြင်သဖွယ် ပြောဆိုကြဖြစ်နေလေတော့၏။

တစ်နေ့သ၌ ဒေါ်ရွှေရသည် သီတာလမ်းထိပ်ရှိ နေပြည်တော် ပင်းမင်းဆိုင်၌ အရက်မူးသမား မြေခေါ် မြကြီး၏အကြောင်းကို ပြောနေစဉ် မြေနှင့် သောက်ဖော်သောက်ဖက်ဖြစ်ကြကုန်သော သိန်းလှိုင်၊ မောင်ပု၊ တင်ငွေ၊ သန်းမောင်တို့ပါ လာရောက်၍ နားထောင်ကြလေ၏။

နေပြည်တော်ပင်းမင်းပိုင်ရှင် ဦးမြိုင်က "ဟေ့ကောင်တွေ မင်းတို့ လာတာတော့ကောင်းပါရဲ့ကွာ၊ မင်းတို့ဆီက အရက်နံ့က ငါတောင် မသောက်ဘဲ ရေချိန်ကိုက်သွားတော့တာပဲ"ဟု နောက်ပြောင်လေ၏။

ထိုအချိန်၌ စာတိုက်မှ စာပို့သမား စိန်ဝင်းဆိုသူ ရောက်လာသဖြင့် သိန်းလှိုင်က "အခုမှ လူစုံတော့တယ်၊ ဟိုမှာ ဖွတ်စမင်းလာပြီ" ဟု ပြောရာ တင်ငွေက. . .

"ဟေ့ကောင်. . . သူက ဖွတ်စမင်းမဟုတ်တော့ဘူး။ ရာထူးတက်သွားပြီကွ။ စာတိုက်ဗိုလ် ဖွတ်မာစတာဖြစ်သွားပြီ"ဟု ပြေလေ၏။

စာတိုက်ဗိုလ် စိန်ဝင်းအနီးသို့ရောက်လာသည့်အခါ၌လည်း အရက်သမားတစ်စုက "ထိုင်ပါ. . . ထိုင်ပါ ဖွတ်မာစတာကြီး၊



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား မိတ်ဆွေ ငမြရဲ့အထုပ္ပတ္တိကို ပြောနေတာပါ"ဟု ပြောဆိုကြလေ၏။

"ကျုပ်လဲသိချင်လို့ လာတာဗျ။ ဟိုကဒီက တစ်စွန်းတစ်စတော့ ကြားနေပါရဲ့ဗျာ။ ဒေါ်ရွှေရကြီးနဲ့ လာတွေ့ပြီး မေးမှဖြစ်တော့မယ်" ဆိုပြီး လာခဲ့တာပဲ။ လှမောင်သေပြီဆိုတဲ့ သံကြိုးစာက ဟိုတစ်နှစ် ကျော်ကျော်က တစ်ခါရတယ်ဗျာ။ ပြီးတော့တခါ ဟိုသုံးလေးရက်က လှမောင်သေပြီဆိုပြီး သံကြိုးစာလာပြန်တော့ ကျုပ်လဲ အူကြောင် ကြောင် ဖြစ်သွားတာပေါ့"ဟု ပြောလိုက်ရာ ပင်းမင်းဆိုင် ဦးမြိုင် က . . .

"ဘာမှ အူကြောင်ကြောင် ဖြစ်မနေနဲ့ မောင်စိန်ဝင်း၊ ဒီ ဇာတ်လမ်းက မင်းကြောင့်ဖြစ်တာ။ မင်းက သံကြိုးစာကို မရွှေရ ဆီကို သွားမပို့ဘဲ ဓာတ်ဆီဝင်ထည့်တော့ ငမြက အဲဒီသံကြိုးစာကို တွေ့သွားတယ်။ ဒါကနေ စခဲ့တာပဲ"ဟု ပြောလိုက်ရာ စာတိုက်ဗိုလ် စိန်ဝင်းကလည်း . . .

"ငမြ . . . ငမြ . . . လာပစေဦး၊ လာရင်တော့လား တို့လူအုပ် ကြီးကို တဝကြီးဒါနလုပ်ခိုင်းရမယ်"ဟု သိန်းလှိုင်က ပြောလိုက်ရာ အရက်သမားများမှာ ပွဲကျ၍ သွားလေတော့၏။

ဤသို့နှင့်ပင် သီတာလမ်းထိပ် ဘုံဆိုင်ကြီးမှာ အရက်မူးသမား ငမြအကြောင်းသည် ရုပ်ရှင်ဇာတ်လမ်းသဖွယ် ပြောဆိုကြရလေ တော့၏။





ဦးနက်ကျော်နှင့် မြကြီးတို့သည် ရှမ်းပြည်နယ်သို့ပြန်ကြလေ၏၊ မြကြီးသည် ဦးလယ်၏အမှုအတွက် နာမည်ကြီးဝတ်လုံတစ်ဦးကို ငှားရမ်း ပေးခဲ့လေသည်။

ဦးနက်ကျော်တို့အိမ်သို့ရောက်လျှင် ရွှေရွှေက . . .

"ကိုမြကြီးနဲ့ ဒယ်ဒီတို့ကလဲ ကြာလိုက်တာ . . ."ဟု အပြစ်တင် လျှင် ဦးနက်ကျော်က . . .

"ကံကောင်းလို့ သမီးကြီးရေ့ . . . မောင်မြကြီး မန္တလေးမှာ လူသတ်မှုနဲ့ အချုပ်ခံနေရလို့"ဟု ပြောလိုက်ရာ ရွှေရွှေက . . .

"ဖြစ်မှဖြစ်ရလေ ကိုမြကြီးရယ်"ဟု ညည်းညူ၍ အကျိုးအကြောင်း ကို မေးမြန်းရာ ဦးနက်ကျော်က အဖြစ်အပျက်အလုံးစုံကို ရှင်းပြလေ၏။

ထိုအခါ ပအို့ကလေးအိုက်စံက မြကြီးအား . . .

"ဘယ်လိုလဲ အစ်ကိုကြီး၊ ဦးမြသာတို့ ဦးဘိုနီတို့နဲ့ တွေ့သေးလား" ဟု မေးလေ၏။

"အေး . . . တွေ့တယ်ကွ။ သူတို့က စတာပေါ့ကွာ။ သူတို့နဲ့ ဖြစ်တော့ ငါ့ဆီမှာ သေနတ်ပါတယ်ဆိုတာကို ဦးလယ်သိသွားပြီး ဒုက္ခဖြစ်တော့ တာပါပဲကွာ"ဟု မြကြီးက ပြောလေ၏။

ထိုည၌ မြကြီးတို့သည် မီးလင်းဖို၌ မီးလှုံရင်း မဂ်လာကိစ္စကို တိုင်ပင်ဆွေးနွေးကြလေ၏။ ထိုသို့ တိုင်ပင်ဆွေးနွေးပြီးနောက် ဦးနက်ကျော်က "မောင်မြကြီး တယောထိုးစမ်းပါအုံးကွ"ဟု ဆိုသဖြင့် မြကြီးက တယောထိုး၍ ဦးနက်ကျော်က စည်းနဲ့ဝါးကို ကိုင်၍ ဆိုလေ၏။ ရွှေရွှေနှင့် ပအို့ကလေးက ကော်ဖီ၊ ရေနွေးကြမ်း စသည်တို့ စီစဉ်ပေးလေ၏။ ရွှေရွှေလည်း မြကြီးနှင့် ပြန်လည် ဆုံဆည်းရသည်က တစ်ကြောင်း၊ မိမိယူမည့်ယောကျ်ားနှင့်မိမိ ဖခင်သည် လွန်စွာ ခင်မင် ရင်းနှီးသူများဖြစ်ကြသည်ကတစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြောင့် အထူးပင် စိတ်ချမ်းသာရလေတော့၏။

များမကြာမီ၌ပင် မန္တလေးမှ ဝတ်လုံတော်ရတစ်ဦးသည် မြကြီးထံ လိုက်၍လာပြီးလျှင် စာချုပ်စာတမ်းအချို့ကို လက်မှတ်ထိုးခိုင်းလေ၏။ ထိုသို့လက်မှတ်ထိုးခိုင်းသည်မှာ ဦးလယ်က ရင်းပိုင်ပစ္စည်းများကို မြကြီးအား အပြီးအပိုင်လွှဲပြောင်းပေးလိုက်သောကြောင့် ဖြစ်လေသည်။ မြကြီးလည်း ဝတ်လုံတော်ရနှင့်တိုင်ပင်ကာ ဦးလယ်၏ပစ္စည်းများအား လှမောင်၏မိခင် ဒေါ်ရွှေရကြီးအား တစ်ခုမကျန် လွှဲပြောင်းပေးရန် စီစဉ်လိုက်လေတော့သတည်း။

မြ မြ မြ

မင်္ဂလာဆောင်မည့်ရက်မှာ နီးကပ်လာပြီဖြစ်သဖြင့် ဦးနက်ကျော်က. . .

“မြကြီးရေ မင်းကိုတော့ ရှင်ပြုခါနီး ရှင်လောင်းကို ဂရုစိုက်သလို ဂရုစိုက်ရမှာပဲ။ မင်္ဂလာဆောင်ခါနီးတိုင်း မင်းမှာက ဒုက္ခတစ်ခုပြီးတစ်ခု ရောက်ရောက်လာတာကိုးကွ။ အပြင်မထွက်နဲ့ကွာ။ အိမ်ထဲမှာနေပါ။ အပြင်သွားစရာရှိတဲ့ကိစ္စကို ငါနဲ့ မစ္စတာအိုင်းစ်ကလေးနဲ့ သွားကြမယ်။ တို့မြေးအဖိုးက သိပ်ပြီးအထွေ ညီတာကွ”ဟု ဆိုလေ၏။

ဦးနက်ကျော်သည် မြကြီးအနေနှင့် တစ်ခုခုထပ်မံဖြစ်ပွားမည်ကို အစိုးရိမ်ကြီး စိုးရိမ်၍နေလေသည်။ ရွှေရွှေကလည်း စိုးရိမ်ပေသည်။ ထို့ကြောင့် မင်္ဂလာဆောင်မည့်ရက်တိုင်အောင် ဥပုသ်စောင့်ရမည်ဟု တိုက်တွန်းသဖြင့် မြကြီးမှာ ဥပုသ်စောင့်၍ နေရလေ၏။

“ရွှေရွှေရယ်. . . မင်္ဂလာဆောင်မယ့်သတို့သားက ဥပုသ်စောင့်နေရတယ်လို့ ကိုမြကြီးက မကြားဘူးပေါင်. . .”ဟု ပြော





သော်လည်း အမှန်ပင် ရှစ်ပါးသီလနှင့် နေထိုင်ခဲ့ရလေတော့၏။

တစ်နေ့သ၌ ဦးနက်ကျော်၏အိမ်ရှေ့သို့ အငှားကားတစ်စီး ရောက်လာပြီးလျှင် “ဒါ. . . ဦးနက်ကျော်အိမ်မဟုတ်လား. . .”ဟု မေးကာ အထုပ်အပိုးများ၊ ဝန်စည်စလည်များနှင့် ဝင်၍လာလေတော့၏။ ရွှေရွှေက “ကိုမြကြီးရေ. . . အထုပ်အပိုးတွေနဲ့ ဘယ်က အဒေါ်ကြီးမှန်းမသိဘူး”ဟု ဆိုသဖြင့် မြကြီးလည်း အိမ်ရှေ့ဆီသို့ ကြည့်လိုက်ရာ ဒေါ်ရွှေရကြီးဖြစ်ကြောင်း တွေ့ရလျှင် ‘အမေ’ဟု အော်ဟစ်ကာ ပြေးသွားလေ၏။ ရွှေရွှေလည်း မြကြီးနှင့်အတူ ပြေးလိုက်ခဲ့လေ၏။

“အမေရယ်. . . လာမယ်ဆိုရင် စာဖြစ်ဖြစ်၊ သံကြိုးစာဖြစ်ဖြစ် ပို့လိုက်ပေါ့၊ ကျွန်တော်လာကြိုမှာပေါ့”ဟု ပြောရာ ဒေါ်ရွှေရက ‘မင်းကို ဒုက္ခမပေးချင်လို့ ငါ့ဘာသာလာခဲ့တာပဲ”ဟု ပြောလေ၏။

ဦးနက်ကျော်ကလည်း ဒေါ်ရွှေရကိုမြင်လျှင်. . .

“အတော်ပဲ ဒေါ်ရွှေရ. . . ရှေ့အပတ် တနင်္ဂနွေနေ့ဟာ မင်္ဂလာ ဆောင်ရက်ပဲ”ဟု ပြောလျှင် ဒေါ်ရွှေရက “ဖိတ်စာရိုက်ပြီးပြီလား”ဟု မေးလေ၏။

“ဖိတ်စာ ရိုက်ပြီးပါပြီ။ ကမ်းတော့မကမ်းရသေးဘူး”ဟု ဆိုကာ ဖိတ်စာတစ်ရွက်ကိုပြလျှင် ဒေါ်ရွှေရက ဖတ်ကြည့်ပြီးနောက်

“ဒီလိုလုပ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ ဖိတ်စာကလဲ နှစ်ဘက်မိဘ နာမည် ပါရမှာပေါ့၊ ရတနာကုန်သည် ဦးရွှေလယ်၊ ဒေါ်ရွှေရတို့၏ တစ်ဦးတည်းသောသားကြီး ရတနာကုန်သည် မောင်မြကြီးကို၊ ပင့်စင်စား ရာဇဝတ်အုပ်မင်း ဦးနက်ကျော် ဒေါ်ဘယ်သူတို့၏သမီး သုပ်စမ်းပါ၊ ဦးနက်ကျော်ရဲ့ . . . မြကြီးက သစ်ခေါင်းပေါက်က မွေးထားတာမှ မဟုတ်ဘဲ၊ သူ့မိဘနာမည်တော့ထည့်ရမှာပေါ့”ဟု ဆိုလိုက်ရာ ဦးနက်ကျော်က . . .



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မဆိုးပါနဲ့ ဒေါ်ရွှေရရယ် ခင်ဗျားစိတ်ကြိုက် လုပ်ပေးပါ့မယ်" ဟု ဆိုကာ ဖိတ်စာအသစ်ပြင်၍ ရေးလိုက်လေတော့၏။

ဒေါ်ရွှေရမှာလည်း ပျော်တပြုံးပြုံးရှိလေ၏။ ရွှေရွှေကိုလည်း "ငါ့သားမြေကတော့ သူ့စေတနာ သူ့အကျိုးပေးတာပဲကွယ်၊ မယားချောကလေးလဲရ၊ ယောက္ခမကလဲ ချစ်"ဟု ပြောလေ၏။

ဤသို့နှင့်ပင် မြကြီးနှင့် ရွှေရွှေတို့ မင်္ဂလာဆောင်ရက်သို့ ရောက်လျှင်၊ ခမ်းခမ်းနားနားနှင့် ရှေးထုံးရှေးနည်းမပယ်ဘဲ မင်္ဂလာဆောင်ခြင်းအမှုကို ပြုကြလေ၏။

ပအိုဝ်ကလေးအိုက်စံလည်း မြကြီးဝယ်ယူလာသည့် ပိုးလုံချည်ကို မဝတ်လို၊ ပအိုဝ်အမျိုးသားဝတ်စုံကိုသာဝတ်လိုသည်ဆိုသဖြင့် မြကြီးက ဈေး၌ အနက်ရောင်ဘောင်းဘီပွ၊ အနက်ရောင်အပေါ်အင်္ကျီ၊ ခေါင်း၌ ပေါင်းရန် အဝါရောင်မျက်နှာသုတ်ပဝါတို့ကို ဝယ်၍ပေးရလေ၏။

ပအိုဝ်ကလေးသည် လူကြီးများကို အကြောင်းမကြားဘဲ၊ ရင်းနှီးသိကျွမ်းသော၊ ပအိုဝ်မောင်း ဆိုင်းအဖွဲ့ကို မင်္ဂလာဆောင် သို့ခေါ်ယူခဲ့ကာ တီးမှုတ်စေတော့၏။ မောင်းဆိုင်းမှာ အထူးမြိုင်လှ ပေသည်။

"ပအိုဝ်အိုက်စံသည် အခြားသော ပအိုဝ်အမျိုးသားကြီးနှင့်အတူ သီချင်းဆိုခြင်း၊ သံချပ်တိုင်ခြင်းများ ပြုလုပ်လေ၏။

မင်္ဂလာဆောင်သို့လာသော ပရိသတ်တို့သည် ပအိုဝ်ကလေး၏ မောင်းဆိုင်းအဖွဲ့နှင့် ပအိုဝ်ကလေး သီဆိုခဲ့သော သီချင်းနှင့် သံချပ်တို့ အိမ်သို့ရောက်သည်အထိ နား၌ စွဲထင်၍ သွားကြလေ၏။

ပအိုဝ်ကလေး၊ သီဆိုခဲ့သောသီချင်းမှာ. . .

"သူများချစ်သူ လေးဘက်သွားလို့ နွားနှင့်တူ
တို့များချစ်သူ သနပ်ခါးနှင့် အဖုံသားယူ
မုန့်ဖြူစက်မို့ စားခက်တယ်၊ ချစ်သူပျက်မို့ ကြည့်ခက်တယ်





မောင်မြကြီးရည်းစား တစ်ဆယ့်ငါး မကဘူးလို့ဆို၊ သုံးဆယ်ပို"

ပရိသတ်အပေါင်းသည် ပအိုဝ်ကလေး အိုက်စံ၏အဆိုကို လွန်စွာသဘောကျ၍ သွားလေတော့၏။ မိန်းမပျိုများလည်း . . .

"ငါတို့မင်္ဂလာဆောင်မှာ အဲဒီ မောင်းဆိုင်းနဲ့ဆိုတဲ့ ပအိုဝ်ကလေးကို ငှားမယ်"ဟု အချင်းချင်းပြောရာ၊ တစ်ယောက်က . . .

"ဟဲ့. . . အဲဒီသီချင်းဆိုတဲ့ ပအိုဝ်ကလေးက သတို့သားရဲ့မွေးစား သားကလေး" ဟဲ့ဟု ပြောလေ၏။

မင်္ဂလာဆောင်သည့် ညတွင် မြကြီးတို့ အိမ်သားတစ်စုလုံး မီးလင်းဖို အနီး၌ စုဝေး၍ထိုင်ကာ စကားပြောဆိုနေကြလေ၏။

မြကြီးက လက်ဖက်ရည်ကြမ်းတစ်ခွက်ကိုယူ၍ တစ်ငုံမျှသောက်ပြီးလျှင် တို့ဟူးကြော်တစ်ခုကို ယူ၍ စားလိုက်သဖြင့်၊ ပအိုဝ်ကလေးက . . .

"အစ်ကိုကြီး ဒီညတော့စားရပါပြီ"ဟု ပြောလိုက်သောကြောင့် မြကြီးလည်း မျက်လုံးပြူးကာ ပါးစပ်တွင်းမှ တို့ဟူးကြော်ကိုပင် မမျိုနိုင်တော့ဘဲ ရှိလေတော့၏။

"ကိုမြကြီး ဥပုသ်စောင့်နေရလို့ ညစာမစားရတာကို သူက ကြည့်ပြီး သနားနေတာ။ ဒီနေ့ ဥပုသ်ကထွက်ပြီဆိုတော့ သူက ဝမ်းသာနေတယ်လေ"ဟု ရွှေရွှေက ဝင်ပြောလိုက်မှပင် မြကြီးလည်း တို့ဟူးကြော်ကို မျိုချပြီးနောက် လက်ဖက်ရည်ကြမ်းကို သောက်လိုက်လေတော့သည်။

ထိုအခါ ဒေါ်ရွှေရသည် ဂျုံအိတ်ဖြင့် ထည့်ထားသော လွန်စွာ ခေးလံသည့် အထုပ်တစ်ထုပ်ကို ဒရွတ်တိုက်ဆွဲလာသဖြင့် မြကြီးတို့လည်း ဘာပါလိမ့်ဟု တွေးတောကာ ကြည့်နေကြစဉ်၌ပင် ဒေါ်ရွှေရက . . .

"အမေက ငါ့သား မြေနဲ့ ရွှေရွှေတို့ မင်္ဂလာဆောင်မှာ တောခါ



www.burmeseclassic.com

www.burmeseclassic.com



ကို လက်ဖွဲ့ပါတယ်၊ လက်ဖွဲ့ဆိုတာ မပယ်ရဘူး။ လက်ခံရတယ်"ဟု ဆိုလေ၏။

"ဘာတွေလဲ ဒေါ်ရွှေရရဲ့"ဟု ဦးနက်ကျော်ကမေးလိုက်ရာ ဒေါ်ရွှေရက ဂျုံအိတ်ကိုဖွင့်၍ အတွင်းမှ ပစ္စည်းများကို တချင်ချင်နှင့် နှိုက်လျှင် ဦးနက်ကျော်က. . .

"အဒေါ်ရယ်. . . ပိုက်ဆံအကြွေတွေကို အလေးခံပြီး အကြွေအတိုင်း သယ်လာရသလားဗျာ၊ ငွေစက္ကူနဲ့ လဲခဲ့ရင်ပြီးရော"ဟု ပြောလိုက်သည့်အချိန်၌ ဒေါ်ရွှေရကြီးသည် အိတ်အတွင်းမှ ပစ္စည်းများကို လက်နှစ်ဖက်နှင့်ဆုပ်လျက် စားပွဲပေါ်သို့တင်လိုက်ရာ ဦးနက်ကျော်၊ မြကြီး၊ ရွှေရွှေနှင့်တကွ ပအို့ကလေးတို့သည် "ဟာ"ကနဲ ဖြစ်၍ သွားကြလေ၏။

"ရွှေပြားတွေ"ဟု ပအို့လေးက အော်လိုက်လေသည်။

"ရွှေဒင်္ဂါးပြားတွေပါလား။ ဒီတစ်အိတ်လုံးပဲလား။ များလှချည်လား"ဟု ဦးနက်ကျော်က ပြောလိုက်ရာ၊ ဒေါ်ရွှေရက. . .

"ဟိုမှာတစ်အိတ်ရှိသေးတယ်"ဟု ပြောလေ၏။

"များပါတယ် အမေရယ်. . . လက်ဖွဲ့ဆိုတာ နည်းနည်းပါးပါး လုပ်တာပါ" ဟု မြကြီးက ပြောလျှင် ဒေါ်ရွှေရက . . .

"အမေ့မှာ နောက်ထပ်နှစ်အိတ်ကျန်သေးတယ်သားရဲ့" ဟု ဒေါ်ရွှေရက ပြောလျှင် ဦးနက်ကျော်က . . .

"နေစမ်းပါဦး ဒေါ်ရွှေရရဲ့ ဒါလောက်ရွှေတွေ အများကြီး ဘယ်ကရထားတာလဲ"ဟု မေးလိုက်ရာ ဒေါ်ရွှေရက . . .

"ဦးနက်ကျော်ကတော့ ရာဇဝတ်အုပ်ပီသပါရဲ့၊ အစစ်အဆေး အမေးအမြန်း တယ်လဲထူတာကိုးရှင့်၊ ဒီလိုပါဦးနက်ကျော်ရယ်၊ ဟောဒီရွှေတွေဟာ ကျွန်မသား မြကြီးရဲ့ ရွှေတွေလို့ ပြောရင်လဲ မမှားပါဘူး"ဟု အစချီလိုက်လေ၏။





"ကျွန်တော်ရွှေတွေဟုတ်လား. . ."ဟု မြကြီးက မေးလေ၏။

"ဒါပေါ့ကွယ်. . ဒီလိုဒီလို. . ကိုနက်ကျော်. . ၊ ကျောက်မြောင်းချပ်ကွက်မှာ သီတာလမ်း၊ ဩဘာလမ်း၊ သင်္ဂဟလမ်း၊ မင်္ဂလမ်း၊ ဒဂုံသီရိလမ်း၊ ကျားကွက်သစ်လမ်း၊ ကျောက်မြောင်းလမ်း၊ ကျောက်တောလမ်း၊ ကျောက်ရေတွင်းလမ်းရယ်လို့ လမ်းတွေရှိပါတယ်။ ကျွန်မနေတာက ကျောက်ရေတွင်းလမ်းပါ။ သီတာလမ်းနဲ့ အောင်မင်္ဂလာလမ်းကိုဖြတ်သွားတဲ့ လမ်းတိုလေးပါ။ ကျောက်ရေတွင်းလမ်းဆိုပေမယ့် အဲဒီလမ်းမှာ အခုသွားကြည့်ရင် ကျောက်ရေတွင်းလဲမရှိ ဝိန်ရေတွင်းလဲ မရှိ ရေတွင်းနဲ့တူတာဆိုလို့ ကြွက်တွင်းကြီးကြီးတောင် မရှိပါဘူးတော်. . .။

"ဒါဖြင့်ရင်. . . ဘာဖြစ်လို့. . . ကျောက်ရေတွင်းလို့ ခေါ်ရတာလဲ ဒေါ်ရွှေရ" ဟု ဦးနက်ကျော်က ထောက်လိုက်လေ၏။

"အဲဒါပြောမလို့ပါဘဲ ကိုနက်ကျော်။ ကျောက်ရေတွင်းတစ်တွင်း ကျောက်မှတကယ့်ကျောက်သားအစစ်နဲ့ ဘောင်ခတ်ပြီး လုပ်ထားတဲ့ ကျောက်ရေတွင်းတစ်တွင်း အဲဒီလမ်းမှာ ရှိခဲ့ဖူးပါတယ်။ အဲဒီ ကျောက်ရေတွင်းကို လုပ်တဲ့လူက ဟိန္ဒူလူမျိုးတွေ၊ နွားတွေမွေးတယ်။ နွားနို့မလိုင်လုံးတွေလုပ်ပြီး ရောင်းတယ်။ အဲဒီ ဟိန္ဒူလူမျိုး မိသားစုဟာ သိပ်ပြီးချမ်းသာတယ်၊ ရေတွင်းတလဲ သူတို့ခြံဝင်းထဲမှာ လုပ်ထား တာပါ၊ ပထမတစ်ခါ ခေတ်ကြီးပျက်တော့ သူတို့ပိုင်တဲ့ ရွှေတွေကို ရေတွင်းထဲမှာ အိုးနဲ့ထည့်ပြီး ရေတွင်းကိုဖို့ပစ်ခဲ့ကြတာ၊ သူတို့လဲ ခေတ်ပျက်ကြီးထဲမှာ သေရော၊ ရွှေတွေလဲ မဖော်ဖြစ်တော့ဘူး။ ရေတွင်းကလဲ တဖြည်းဖြည်းနဲ့ ကျောက်ဘောင်တွေပြိုပြီး ရေတွင်းပါ တစ်ခါတည်း ပျောက်သွားခဲ့တာ၊ အဲဒီရေတွင်းက ဘယ်မှာမှတ်သလဲ"

"ပြောပါအုံးအမေ"ဟု မြကြီးက ဝင်၍ပြောလိုက်ရာ. . .



www.burmeseclassic.com

www.burmeseclassic.com



"အမေတို့အိမ်အောက်တည့်တည့်မှာပေါ့ကွယ်၊ အမေတို့မြေကွက်ကို ကြည့်ပါလား။ ပေလေးဆယ်၊ ခြောက်ဆယ်မြေကွက်မျိုးမဟုတ်ဘဲ ကြက်လျှာပုံကြီးဖြစ်နေတာ၊ အမှန်က ဒီမြေကွက်က ဟိန္ဒူတွေနေတုန်းက ခြံအစွန်းပိုင်းက မြေနေရာကွယ့်။ အမေလဲ အိမ်အောက်မှာ ရေတွင်းပျက်ရှိမှန်း မသိပါဘူးကွယ်။ ငါ့သားက အိမ်ပြင်ဖို့ ငွေပို့လိုက်တော့ အိမ်ဟောင်းကလေးကိုဖျက်ပြီး လက်သမားတွေ အိမ်အသစ်အတွက် ပန္နက်မရိုက်ခင်မှာ အမေက မြေကိုလိုက်ပြီး လှန်တာ ဂေါ်ပြားနဲ့ စတိသဘောလှန်တာပေါ့ကွယ်။ အဲဒီရေတွင်းဘောင်ကို ဂေါ်ပြားနဲ့ သွားပြီးကော်မိတာ အမေလဲ ဟိုက် ငါ့အိမ်အောက်မှာ ရေတွင်းဘောင်ကြီးနဲ့ပါလားလို့ အောက်မေ့မိတယ်။ ရေတွင်းဟောင်းအပေါ် ကနေ အိမ်မဆောက်ကောင်းဘူး မဟုတ်လားကွယ်. . ."

"အမေက ဘာဖြစ်လို့ မြေလှန်တာလဲ. . ."ဟု ရွှေရွှေက ဝင်၍ မေးမြန်း၏။

"ဒီလို သမီးရဲ့ ဗေဒင်ယာယီကလေး ဝါသနာပါတယ်ကွယ့်။ ဒါကြောင့် အဲဒီစာအုပ်တွေလဲ နည်းနည်းတော့ကြည့်တယ်။ အိမ်သစ်ဆောက်ခါနီးတော့မှာ ပန္နက်မရိုက်ခင် မြေကိုလှျောက်ပြီး လှန်ပစ်ရတယ်။ မြေမှာ အနိုက်မရှိအောင်ပေါ့ကွယ်။ ရှေးလူကြီးတွေက အဲဒီလို မလှန် အားလဲ ကြက်တောင်ပံ့ကို လွှတ်ပြီးထားတယ်။ ဒါလဲ မြေလှန်တဲ့ သဘောပါပဲ။ ကြက်တောင်ပံ့ဆိုတာက ကြက်ရဲ့အမွေးတွေ၊ အတောင်တွေဟာ လန်ပြီးနေတဲ့ ကြက်ကိုပြောတာကွယ့်. . ."ဟု ဒေါ်ရွှေရက ပြောပြီးနောက် လက်ဖက်ရည်ကြမ်းတစ်ခွက်ကို မော့ချလိုက်လေ၏။

"ပြောပါဦး ဒေါ်ရွှေရ၊ ခင်ဗျားဥစ္စာက ခပ်ဆန်းဆန်းပဲ. . ."ဟု ဦးနက်ကျော်က ပြောလိုက်လျှင် ဒေါ်ရွှေရက ပြောပြန်လေ၏။





"အဲဒီ. . . ရေတွင်းဘောင်ကြီးလဲတွေ့ရော. . . အမေလဲ ပုဆိန်နဲ့ဘောင်ကြီးကို လှျောက်ပြီးထုခဲ့တော့တာပေါ့။ အလယ်ကမြေတွေကို ကော်ထုတ်တော့တာပဲ။ အဲဒီမှာ အိုးတစ်လုံးကို ကော်မိတာနဲ့ပဲ အိုးကို ပုဆိန်နဲ့ထုတာ၊ အထဲက ရွှေဒင်္ဂါးတွေ ထွက်လာတော့တာပဲ။ အိုးကိုလဲ အင်္ဂတေမှုန်နဲ့ သရိုးကိုင်ပြီး ဖုံးထားခဲ့တာ။ နှစ်ကကြာတော့ အဖုံးနဲ့အိုးဟာ တစ်သားတည်းဖြစ်ပြီး မာနေတာပဲ။ ရွှေအိုးမှန်းလဲ သိရော အဒေါ်ကယူပြီး ဝှက်ထားတယ်။ နောက်တစ်အိုး ရလိုရငြား ဆိုပြီး နေ့တိုင်း ကိုယ့်ဘာသာကိုယ် နည်းနည်းခြင်းတူးတာ လေးလုံးတောင် ရခဲ့တယ်။ နောက်မှ ကျောက်ရေတွင်းလမ်းရဲ့ရာဇဝင်ကို သိချင်လို့ လှျောက်ပြီးမေးတာ၊ ဘယ်သူမှမသိပါဘူးတော်၊ နောက်ဆုံးမှ ကျောက်မြောင်းရပ်ကွက်၊ ကုသ္ဆာသယလမ်းမှာနေတဲ့ လူကြီးနဲ့တွေ့မှ အဲဒီရာဇဝင်ကို သိခဲ့ရတာ။ အဲဒီလူကြီးက ကျောက်မြောင်း တည်ကတည်းက နေလာခဲ့တဲ့လူကြီးဆိုတော့ အကုန်လုံးသိတာကိုး. . ."

ဒေါ်ရွှေရကြီး၏ စကားအဆုံး၌ အားလုံးက ဟာကနဲဖြစ်ကာ အံ့အားသင့်ကြ၊ ဝမ်းသာကြရလေတော့၏။

"အမေလဲ အဲဒီကတည်းက ချမ်းသာနေတာပါ။ ဒါပေမဲ့ အမေတစ်ယောက်တည်းဆိုတော့ ခပ်ကုတ်ကုတ်နေရတာပေါ့ကွယ်။ မင်းက လုမောင်အနေနဲ့ ငွေတွေပို့ပေးတဲ့အခါမှာ ငါ့သားကလေးကို ခေါ်မယ်လို့ စိတ်တော့ကူးပါတယ်ကွယ်။ ဒါပေမဲ့ မင်းစာမှာက လိပ်စာမပါဘဲ ကလား၊ အခုတော့ ဘာမှမပူတော့ပါဘူး" ဟု ပြောလေ၏။ ဦးနက် ကျော်လည်း ဆေးတံကို ဆေးဖြည့်ပြီးနောက် ဒေါ်ရွှေရကို ခေါင်းတ ညိတ်ညိတ်ဖြင့် သဘောကျနေလေ၏။

"ဒေါ်ရွှေရကတော့ နာမည်နဲ့လိုက်အောင် ရွှေတွေကို [illegible]တော့တာပဲ" ဟု ပြောဆိုရယ်မောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနက်ကျော်ကို ကျွန်မပြောချင်တာကတော့ သားနဲ့သမီးကို ရန်ကုန်ကို အလည်အပတ် ဘုရားဖူးခေါ်သွားချင်ပါတယ်" ဟု ဒေါ်ရွှေရက ပြောလိုက်ရာ ဦးနက်ကျော်က . . .

"ခေါ်ပါဗျာ. . ခေါ်ပါ၊ ခင်ဗျားသားတွေသမီးတွေကို ခေါ်ပြီး ကျေနပ်မှ ကျုပ်ဆီပြန်ပို့ပါ၊ အိမ်မှာတစ်ယောက်မှ မရှိတဲ့အခါမှာ ကျုပ်လဲ မမွှသုခကျောင်းကို သွားပြီး တရားလေးဘာလေး အားထုတ်ချင်တာနဲ့ အတော်ပါပဲ"ဟု ပြောရာ ဒေါ်ရွှေရက ရွှေရွှေ အား. . .

"ကဲ. . . သမီး သွားဆို မနက်ပဲသွားမယ်၊ ပြင်ပေတော့သမီး"ဟု ပြောလိုက်လေ၏။

ရွှေရွှေနှင့်ပအို့ကလေးသည် ရန်ကုန်သို့သွားရန်အတွက် ထုပ်ပိုး ပြင်ဆင်ကြလေတော့သတည်း။

꧁ ꧁ ꧁





# ပြည်ကြီးမလွှတ်ိုင် မောင်ပု

မြကြီးတို့လူစု ရန်ကုန်သို့ ရောက်လျှင်၊ လမ်းမှ လူများက လာရောက်၍ မေးမြန်းကြလေတော့၏။ မြကြီးကိုလည်း ထိုလမ်းမှလူများက "မြေကြီးက လှလို့ဝလို့ပါလား" ဟုပြောဆို နှုတ်ဆက်ကြလေ၏။ ဒေါ်ရွှေရကြီးကိုလည်း "အဒေါ်ကြီးကတော့ သားတစ်ယောက် အစားရတာပါပဲ" ဟု အားပေးကြလေ၏။ ရွှေရွှေကိုလည်း "လှလိုက်တဲ့ မိန်းကလေး" ဟု ချီးမွမ်းကြပြီးလျှင်၊ ပအို့ဝတ်စုံ ဝတ်၍ထားသော ပအို့ကလေးအားလည်း အထူးအဆန်းသဖွယ် ကြည့်ရှုကြသဖြင့် ပအို့ ကလေးမှာ ရှက်၍နေလေ၏။

"အစ်ကိုကြီး. . ရန်ကုန်က လူတွေရဲ့မျက်လုံးက သံချွန်ပါသလိုပဲ၊ သူတို့ဝိုင်းပြီး ကြည့်တာ ကျွန်တော်တော့ အနေရခက်တယ်" ဟု ပြောဆိုလေ၏။

မြကြီးရောက်လာပြီဟု ကြားလျှင်၊ သီတာလမ်း ဘုံဆိုင်ကြီးမှ သောက်ဖော် သောက်ဖက်တို့သည် မြကြီးထံသို့ ချီတက်၍လာလေတော့၏။

"မြေ. . မင်းကတော့ လူကောင်းဖြစ်သွားပြီ၊ လှလို့ဝလို့ ချမ်းသာလို့၊ ဘယ်ရမလဲကွ ငါတို့ကိုတော့ ဒီနေ့ တစ်ဝကြီးတိုက်ရမယ်"ဟု ပြောဆိုအကျပ်ကိုင်ကြလေတော့၏။

"အရက်ဟာ လူကို ဒုက္ခပေးပါတယ်ဗျာ"ဟု အစချီလျှင် သန်းမောင်က. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာဒုက္ခပေးရမှလဲ၊ မင်းအခုလိုကြီးပွားပြီး မိန်းမချောချောကလေးရတာကိုက အရက်သမားဖြစ်ခဲ့လို့ မဟုတ်လား"ဟု ပြောလေ၏။

ထို့နောက် အရက်ဆိုင်သို့ လိုက်ရမည်ဟုဆိုကာ မြကြီးအား အတင်းဆွဲကြသဖြင့် မြကြီးကသာမဟုတ်၊ ဒေါ်ရွှေရ၊ ရွှေရွှေနှင့် ပအို့ ကလေးတို့ပါ တောင်းပန်ရလေ၏။

"ငမြ တို့ကို အရက်တိုက်ရမယ်"ဟု ပူဆာပြန်၏။

"အရက်ကိုဖြတ်ကြပါတော့ဗျာ"ဟု မြကြီးကပြောလျှင် . . .

"သန်းမောင်က. . . ဘာဖြစ်လို့ ဖြတ်ရမှာလဲကွ၊ အရက်က သစ္စာရှိတယ်ကွ၊ မင်းလိုသူဌေးကပဲသောက်သောက်၊ ငါလို ဖွတ်ကြားကပဲ သောက်သောက်၊ မူးတာကျတော့ အတူတူပဲကွ၊ ဟား. . . ဟား"ဟု ပြောလိုက်လျှင် . . .

ကျန်သော အရက်သမားများကပါ၊ "ဝုတ်တယ်-ဝုတ်တယ် မောင်မြကြီး"ဟု ဝိုင်း၍ အော်ကြလေ၏။

**"WATER IS THE ONLY DRINK FOR A WISE MAN"**

"ပညာရှိသောက်ဖို့ ပစ္စည်းဟာ ရေပဲဖြစ်တယ်လို့ စကားပုံရှိတယ်"ဟု မြကြီးပြောလိုက်ရာ သန်းမောင်က. . .

"မင်းက စာကိုစုံအောင် မဖတ်ဘူးလို့ပါကွ. . . **"WHO LOVES NOT WOMEN, WINE AND SONG, REMAINS A FOOL HIS WHOLE LIFE LONG"** မိန်းမရယ်၊ သီချင်းရယ်၊ အရက်ရယ်ကို မချစ်တတ်တဲ့လူဟာ သူ့ဘဝတစ်လျှောက်လုံးမှာ အရူးလိုနေသွားရမယ်လို့လဲ စကားပုံက ရှိပြန်ရောကွ ငမြ"ဟု သန်းမောင်ကပြောလိုက်လျှင် အရက်သမားများက "ဝုတ်တယ်၊ ဝုတ်တယ်"ဟု အော်ဟစ်ကြပြန်၏။





ထိုအခါ မြကြီးက. . .

**"WHEN THE WINE IS IN, THE WIT IS OUT"** အရက်ဝင်တာနဲ့ အသိဉာဏ်က အပြင်ကို ထွက်သွားရောလို့ ဆိုထားတယ်" ဟု ပြောပြန်ရာ သန်းမောင်က . . .

**"DRINK TO-DAY, AND DROWN ALL SORROW; YOU SHALL PERHAPS NOT DO IT TOMORROW** ဒီနေ့အရက်သောက်၊ စိတ်ညစ်စရာတွေ အားလုံးပျောက်။ နက်ဖြန်ကျတော့ ရောက်ချင်မှရောက်လို့ ဆိုထားတယ်ကွ"ဟု ပြောလိုက်ပြန်ရာ အရက်သမားများက. . .

"ဝုတ်တယ်၊ ဝုတ်တယ်၊ ကုလားသန်းမောင်က အရက်သမားပညာရှိကွ"ဟု အားပေးကြပြန်၏။

မြကြီးလည်း ဆက်လက်ငြင်းခုံနေခြင်းဖြင့် အကျိုးမရှိသည့်အဖြစ်ကို သိရှိသဖြင့် အရက်သမားများအား ငွေတစ်ဆယ်ထုတ်၍ ပေးလိုက်လျှင် အရက်သမားများသည် အိမ်ရှေ့မြေကွက်လပ်၌ ကခုန်ကြလေတော့၏။

"ကဇော်သမား လူထွက် မြကြီး ကျန်းမာပါစေ"ဟု အော်ဟစ်ကာ အရက်ဆိုင်သို့ ပြေးကြလေတော့၏။

ထိုအချိန်တွင် စာတိုက်မှ တစ်ချိန်က စာပို့သမားစိန်ဝင်းသည် မြကြီးထံသို့ ရောက်ရှိလာပြီးလျှင် "ဟေ့. . . မြကြီး"ဟု အားရဝမ်းသာ နှုတ်ဆက်လိုက်လေ၏။

"ဟာ. . . ကိုစိန်ဝင်း၊ ခင်ဗျားလဲ ပြောင်ပြောင်ရောင်ရောင် ဝဝ ဖြိုးဖြိုးနဲ့ပါလား"ဟု မြကြီးက ပြောလိုက်ရာ. . .

"မင်း. . . ကျေးဇူးပေါ့ကွာ၊ မင်းက ထွက်သွားကာနီးမှာ ငါ့ကို မန်နီအော်ဒါပိုက်ဆံကို နောက်ပြီးယူသွားတော့ ငါမှာ ဒုက္ခရောက်နေတာ။ မင်းကယူသွားပြီး ဦးလေးမြိုင်ကို ပေးခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးမြိုင်က တောင်းတောင်းမပေးဘူးဟေ့။ အရက်ဖြတ်ရ
ပေးမယ်ဆိုလို့ ငါမှာ အရက်ဖြတ်လိုက်ရတယ်။ အရက်ဖြတ်ပြီးတာ
ငါလဲ စီးပွားရေး ချောင်လည်လာတယ်။ ဒီကြားထဲ
ညကျောင်းကလေး ဘာလေး တက်ပြီး အလုပ်စာမေးပွဲဖြေတာ အ
POST MASTER (စာတိုက်ဗိုလ်)ဖြစ်နေပြီကွ”ဟု စာတိုက်ဗိုလ်
မောင်စိန်ဝင်းက မြိန်ရည်ယှက်ရည် ပြောပြလေတော့၏။

မြကြီးလည်း လာရောက်နှုတ်ဆက်ကြသော မိတ်ဟောင်းဆွေ
ဟောင်းများကို စည့်ခံစကားပြောခြင်းဖြင့်သာလျှင် အချိန် ကုန်လေ
တော့၏ ဧည့်သည်များ စဲသွားသောအခါ၌ မြကြီးအား ဒေါ်ရွှေ
က . . .

“သားကြီးရေ. . . အလှူလေးဘာလေးလုပ်ရအောင်လား”ဟု
ပြောဆိုကာ သင်္ကြန်၌ အလှူတစ်ခုပြုလုပ်ရန် တိုင်ပင်လေ၏။ မြကြီး
ကလည်း သဘောတူလိုက်လေ၏။ ထို့နောက် နံနက် ထမင်းစားပြီး
သည့်အခါ၌ မြကြီးသည် အိမ်ရှေ့၌ ထိုင်လျက် ကျရောက်လ
သော သင်္ကြန်စာကိုဖတ်၍ နေလေတော့၏။

“ဤနှစ်ကား အာသံဌနှစ်တည်း၊ နှစ်ကို မကန်းစောင့်၏။ လ
ငါးစောင့်၏။ ရက်ကို ကျွဲမှာန်စောင့်၏။ တောင်ကို ယုန်စောင့်၏
မြကြီးသည် သင်္ကြန်စာကို အထက်ပါအတိုင်း အသံထွက်
ဖတ်နေစဉ်၌ပင် တစ်စုံတစ်ယောက်သည် ခြံဝင်းအတွင်းသို့ ဝင်လ
ပြီးလျှင် အရက်မူးသံကြီးနှင့် . . .

“နှစ်ကို မကန်းစောင့်၏။ လကို ငါးစောင့်၏။ အရက်ဆိုင်
မောင်ပုစောင့်၏။ ဟား. . . ဟား. . . ကိုမြကြီး ဘာတွေ လျှော
ပြောနေတာလဲ၊ အရက်ဖိုးပိုက်ဆံလေး ပေးစမ်းပါဗျ၊ ခင်ဗျာ
အရက်သမားသစ္စာဖောက်ကြီးပဲ”ဟု ပြောသဖြင့် ကြည့်လိုက်
မိမိ အရက်ဖြတ်သည့်နေ့ကမှ အရက်ကို စတင်သောက်ဖူးသေ





မောင်ပု ဆိုသည့် သူငယ်လေးဖြစ်ကြောင်း တွေ့မြင်လျှင် မြကြီးလည်း လွန်စွာ အံ့သြ၍ လွန်စွာမှလည်း စိတ်မကောင်းဖြစ်သည့်အလျောက် . . .

“မောင်ပုကလေးပါလား၊ အရက်စွဲသွားရှာပြီကိုး”ဟု တိုးတိုးကလေး ရေရွတ်လိုက်လျှင် . . .

“အရက်ကို သစ္စာဖောက်ပြီး အရက်ဖြတ်သွားတဲ့ကိုမြကြီး၊ ဘာတွေ တိုးတိုး တိုးတိုးနဲ့ ရွတ်နေတာလဲ၊ ပိုက်ဆံပေးပါဗျ”ဟု မောင်ပုက အော်ဟစ်လေတော့၏။

မြကြီးလည်း စိတ်မကောင်းဖြစ်၍ မောင်ပုကို မကြည့်တော့ဘဲ သင်္ကြန်စာကို ဆက်၍ဖတ်ပြန်၏။

“ငှက်တို့၏ အဓိပတိကာ ကျီးဖြစ်၏။
မြက်တို့၏ အဓိပတိကာ မြက်ခါးဖြစ်၏။
ဝါးတို့၏အဓိပတိကာ ကြသောင်းဖြစ်၏။”

“ဟိုး. . . အရက်ဆိုင်၏ အဓိပတိကား မောင်ပုဖြစ်၏။ ဒါကို ထပ်ဖြည့်လိုက်လေ၊ ဟား. . . ဟား. . . ဘာတွေလျှောက်ဆိုနေတာလဲ၊ ပိုက်ဆံတစ်မတ်လောက်ပေးစမ်းပါဗျ”ဟု မောင်ပုက အော်လေ၏။

မြကြီးလည်း မတတ်သာတော့သည့်အဆုံး၌ အိမ်အောက်သို့ ဆင်းသွား၍ မောင်ပုအား ငွေတစ်ကျပ်ပေးလိုက်လျှင် မောင်ပုက . . .

“ဒီလိုမှပေါ့ဗျ. . . . ကိုမြကြီးလိမ္မာလာပြီဟု ပြောဆိုလိုက်ပြီးနောက် အရက်သမားတို့၏ ထုံးစံအတိုင်း လူကောင်းသူကောင်းတို့အား စိတ်အနှောက်အယှက် ဖြစ်စေပြီးလျှင် ယိုင်တိယိုင်တိုင်နှင့် ထွက်သွားလေတော့၏။


မြကြီးလည်း မောင်ပု၏ ကျောကိုကြည့်၍ ကျန်ရစ်ခဲ့လေ၏။

www.burmeseclassic.com



"ငါ့ကိုလိမ္မာလာပြီတဲ့။ ဟုတ်ပါတယ် မောင်ပု၊ ငါကလိမ္မာပါပြီ၊ မင်းက တော့ မိုက်မဲတုန်းပဲကိုး၊ အရက်သောက်တာကို မကောင်းပါဘူးလို့ ဖြဟ္မာကုဋေက လျှာကဋေနဲ့လာပြီးပြောရင်တောင် အရက်သမား တွေကတော့ ဖြုံမှာမဟုတ်ပါဘူး၊ ဒါကိုလဲ ငါ့အနေနဲ့ ဘယ်လိုမှ စိတ်မထိခိုက်ပါဘူး၊ ဒါပေမယ့် မောင်ပု မင်းတို့လို လူငယ်ကလေး တွေဟာ တိုင်းပြည်ရဲ့ မဏ္ဍိုင်ပါ. . . ပြည်ကြီးမဏ္ဍိုင်ပေါ့၊ မင်းတို့ အနေနဲ့ မင်းတို့ရဲ့ နုနယ်တဲ့ နှလုံးသားကို အရက်တွေလောင်းချပြီး အရက်ခိုး အရက်ငွေ့တွေနဲ့ လောင်မြိုက်ပစ်နေတာကိုတော့ ငါ့အနေနဲ့ စိတ်မကောင်းဖြစ်မိပါတယ်"ဟု စိတ်တွင်းမှ လေးလေး နက်နက်ပြောရင်း ခေါင်းကို တဆတ်ဆတ်ညိတ်ကာ ကျန်ရစ်ခဲ့လေ တော့သတည်း။

BURMESE CLASSIC .com





# မျက်ပွင့်စာအုပ်တိုက်မှ
# စီစဉ်လျက်ရှိသည့် စာအုပ်များ

၁။ Dictionary of Synonyms and Antonyms — ဦးခင်မောင်သန်း-ရွှေဆောင်
အဓိပ္ပါယ်တူနှင့်ဆန့်ကျင်ဖက်စကားလုံးများ အဘိဓာန်

၂။ The Best Spoken English — ဦးခင်မောင်သန်း-ရွှေဆောင်
အကောင်းဆုံးအင်္ဂလိပ်စကားပြော

၃။ Simplest Spoken English — ဦးခင်မောင်သန်း-ရွှေဆောင်
အလွယ်ဆုံးအင်္ဂလိပ်စကားပြော

၄။ Moden American English Conversation — ဦးခင်မောင်သန်း-ရွှေဆောင်
မော်ဒန်အမေရိကန်အင်္ဂလိပ်စကားပြော

၅။ e-mail အသုံးပြုလမ်းညွှန် — မိုးသူရ

ဖြန့်ချိရေး - မျက်ပွင့်စာပေ
၃၆၇၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း
ဗိုလ်ဆွန်ပက်လမ်းထိပ်၊ ရန်ကုန်မြို့
ဖုန်း - ၇၀၀၅၇၉
အမှတ် ၆၁၀၊ ဘီ-၁၊ ပညာဒလလမ်း
ယုဇနပလာဇာအနီး တာမွေမြို့နယ်
ရန်ကုန်မြို့
openeyes@mail4U.com.mm

www.burmeseclassic.com